
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

■ **စာမူခွင့်ပြုချက်အမှတ်**

၅၀၁၀၉၄၁၀၁၀

■ **မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၅၀၀၀၆၃၀၁၁၁

■ **မျက်နှာဖုံးဒီဇိုင်း**

စောမင်းဝေ

■ **တမျက်နှာဖွဲ့စည်းမှု**

မြစ်ခွဲဇွစင်းကွန်ပျူတာ

■ **ထုတ်ဝေသူ**

ဦးကျော်ဆန်း(ရဲအောင်စာပေ)
အမှတ် (၂)၊ ရွှန်း (၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

■ **ပုံနှိပ်သူ**

ဦးကျင်ရင်(ရွှေခြသေ့်ပုံနှိပ်တိုက်)
(၃၂)လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်ခြင်း** – ပထမအကြိမ်
**ထုတ်ဝေခြင်း** – မတ်လ၊ ၂၀၁၁
**အုပ်ရေ** – ၅၀၀
**တန်ဖိုး** – ၁၇၀၀


၈၉၅.၈၃

ညီနောင်

အပျိုကြီးလာချော်ပြီ/ ညီနောင်။ ရန်ကုန် ၊
ရဲအောင်စာပေ၊ မတ်လ၊ ၂၀၁၁။
အမှ စာ၊ ၁၃ x ၂၀ စင်တီ။
(၁) အပျိုကြီးလာချော်ပြီ


www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

# ညိုထွန်း

# အပျိုကြီးလာချေပြီ

(၁၇)အုပ်မြောက် အချစ်... ဟာသ...

www.burmeseclassic.com

www.burmeseclassic.com

စာရေးဆရာ

# ညိုမှိုင်း

၏ ထွက်ရှိပြီး အချစ်ဟာသလုံးချင်းဝတ္ထုသစ်များ

၁။ မဟူရာရွှေခြေနင်းတစ်ရံ၏ ရင်ခုန်သံ
၂။ အားနာပါးနာချစ်သတဲ့လား
၃။ အောင်သွယ်တော် ဝဝဝတီ
၄။ ကျွန်တော်လည်း သတို့သား
၅။ ပါးကွက်ကျား
၆။ အိပ်မက်အကြွေကောက်သူ
၇။ ကြောင်ကလေးကြွက်ဖမ်း လက်ကလေးမောင်နမ်း
၈။ ရင်ငွေ့လှုံ့ဖွန့်ပန်းရုံ
၉။ လရောင်ကို ညကခိုးတယ်
၁၀။ ဒန်းပွင့်ယကြာ
၁၁။ ညီညီကလေး ညာ
၁၂။ ဆိတ်ကုလားလိဂ်
၁၃။ အပျိုရုံသတို့သမီး
၁၄။ မီးခြစ်
၁၅။ ချစ်ခြင်းနံ့ရုံကိုဖောက်ထွင်းတဲ့ ရယ်သံ
၁၆။ ပုဆိန်

ယခု....

အပျိုကြီးလာချေပြီ

ဆက်လက်၍.....

၁၆။ အရှုပ်ထုပ်
၁၇။ မှောင်ထဲကကြိုးသော မုန်ထဲကကြောင်

www.burmeseclassic.com

www.burmeseclassic.com

ဘီစီ (၆၀၀)ခန့်က တန်မင်းဆက်
ဘုရင်တစ်ပါးဟာ လိုတရမြေဖြူတောင့်ကို ရခဲ့တယ်
အလိုရှိရာ ရေးခြစ်လိုက်ရုံနဲ့
ဖြစ်မြောက်အောင်မြင်သလို
အပျိုကြီးမမ ပန်းပွင့်ဝေလက်ထဲကို
မြေဖြူတောင့်ရောက်လာတဲ့အခါမှာ...
?

... ... ... ...

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

ခြံဝမှ ဘဲလ်တီးသံက တစ်အိမ်လုံးကို ပဲ့တင်ထပ်မျှ ညံဆူသွားလေသည်။ ဒေါ်ပန်းပွင့်ဝေ ဖက်လက်စဂျာနယ်ကို ပစ်ချ၍ ကသုတ်ကရက် လုံချည်မလျှော်ကာ အိမ်အပြင်ထွက်ကြည့်လိုက်သည်။ ပါးစပ်မှလည်း ဂုဏ်မာန်တစ်ထောင် နဲ့မှုတ်သလို ဆူညံပွက်ပွက် မြည်တွန်တောက်တီးလိုက်သေးသည်။

'အလှူခံလား…၊ ဒါနရှင်လား မသိဘူး၊ မနက်ကပဲ မီးကင်းကြေး၊ ဘုံကထိန်ကြေး ဘာညာနဲ့ ငါ့အိမ်တော့ ဝေသန္တရာအိမ်ဖြစ်တော့မယ်'

ခြံဝမှ လူတစ်ယောက် ဖိတ်စာဟု ထင်ပုံရသော စာအိတ်ဖြူဖြူလေးကို ကိုင်ထားလျှက်သား တွေ့ရလေသည်။ အလှူလား၊ မင်္ဂလာဆောင်ပဲလား၊ ဆောင်ပဲတောင်နိုင်ကြတယ်။ ဒီလောက်အလျှဉ်မီအောင် တုန်းရှန်းရှာနေရတယ်။ ညည်းတွားပြီး မဆောင်ဘဲ မနေနိုင်ကြ ရှိရှိမရှိရှိ ဆောင်ကြတာပဲ။ မင်္ဂလာဆောင်တွေ ဘာပေါသလဲ မမေးနဲ့။

အပျိုကြီးပီပီ ကိုယ်ဆောင်ခွင့် မသာတိုင်း မနာလိုတိုရှည်စိတ်ဓာကြောင်ကာ သူများမင်္ဂလာဆောင်ကို အပြစ်တင် စိတ်ကွက်နေလိုက်သေးသည်။ ခြံတံခါးဝနားရောက်မှ မျက်နှာထားတင်းတင်းဖြင့် လေသံခပ်မာမာ မောင်းတင်ကာ မေးလိုက်သည်။

'ဘာကိစ္စလဲရှင့်၊ လူကြီးတွေ မရှိကြဘူး'

www.burmeseclassic.com

www.burmeseclassic.com



မတတ်နိုင်ဘူး။ နေထွက်နေဝင် အလှျူခံတွေနဲ့ နပန်းလုံးနေရတာလည်း ပါးစပ်က ဒီလိုပဲ အကျင့်ပါနေပြီ။

'လူကြီးတွေ… ဘယ်သွားကုန်လို့လဲ ခင်ဗျာ၊ အဒေါ်ရှိလည်း ရှာတာပဲ ဖြစ်ပါတယ်…'

သိပ်လေကြောရှည်တဲ့ ကောင်စုတ်လေးပဲ။ လူငယ်လေးဖြစ်မှံ တော့ရသည်။ အပျိုကြီးတို့ မာန်မာန ဂုဏ်ပုဒ်ထိန်းရင်း လူငယ်ကို စေ့စေ့မကြည့်ဘဲ တံခါးပေါက်ကိုသာကြည့်ပြီး ခပ်ရွဲ့ရွဲ့ ပြန်ဖြေလိုက် သည်။

'လူကြီးတွေလား… အဖေနဲ့အမေ သေကုန်ကြပြီလေ၊ ရေဝေး သွားကုန်ပြီ၊ ဘယ်အချိန်လဲဆို ထွက်သွားကြတာတောင် ဆုံးသွားတာ လေး၊ ငါး၊ ခြောက်နှစ်ရှိပြီ'

'အယ်…'

လူငယ် ကြောင်တက်တက်ဖြစ်ကာ အကျပ်ရိုက်သွားဟန် ညည်းတွားလေသေးသည်။ ပြီးမှ စာအိတ်ကို သံတံခါးကြားမှ လှမ်းကမ်း ကာပြောသည်။

'ရပါတယ်…၊ အန်တီကိုပဲ လာဖိတ်တာပါ၊ အန်တီက… ဒေါ်ပန်းပွင့်ဝေမို့လား'

'ဟင်…'

ဒေါ်ပန်းပွင့်ဝေ သူ့နာမည်ကို သိနေသဖြင့် အံ့ဩကြောင်ငေး ကာ လူငယ်ကို ကြည့်လိုက်သည်။ ကြည့်လိုက်မိကာမှ သူမ ကြက်သီး မွေးညင်းထ ပိုမိုလန့်ဖျတ် တုန်လှုပ်သွားရပြန်သည်။

'အောင်…၊ အောင်… အောင်နက်'

အထစ်ထစ် အငေါ့ငေါ့ဖြင့် မရွံ့မရဲ ဖိတ်စာကိုယူပြီး ရေရွတ် သည်။

'ကျွန်တော့်နာမည်… ထင်လင်းအောင်ပါခင်ဗျာ၊ အောင်… အောင် မဟုတ်ပါဘူး၊ ဘယ်သူမှလဲ အမြီးတပ်ပြီး အောင်နက်လို့ မခေါ်ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



ထင်လင်းအောင်ဟုဆိုသော လူငယ်က အကြောက်အကန် ငြင်း လေသည်။ ဟုတ်သားပဲ။ ဟုတ်မှာပါ။ ဘယ်လိုလုပ် လူငယ်က အောင်နက်ဖြစ်နိုင်မှာလဲ။ ရုပ်ချင်းဆင်လွန်းလို့ သူမမျက်လုံးတွေ မြာခေ ကာ အယောင်ယောင် အမှားမှား ရေရွတ်မိခြင်းဖြစ်သည်။ တကယ် တော့ သူ မသိကျွမ်းဘူးတဲ့လူ ဂျင်မီအောင်နက်ဆိုတာက ဆုံးသွားခဲ့တာ ကြာပြီ။ အဖေတို့ အမေတို့အရင် တမလွန်မှာ နေရာသွားဦးထားနှင့်ပြီ လေ။ အသိကို သတိနဲ့ထိန်းလိုက်ပြီး ဖိတ်စာကို ဖတ်ကြည့်လိုက်ရ သည်။

'ဂျင်မီ… အလွမ်းပြေ အမှတ်တရ သီချင်းများ ဖျော်ဖြေပွဲ'

လူငယ်ထံမှ အကျိုးအကြောင်း ပြေပြစ်ချိုသာစွာ ပြောသံသံ ကြားရလေသည်။

'ကျွန်တော်က… လေးလေးဂျင်မီရဲ့ကူပါ၊ မေမေ…စင်သီရဲ့ သားပါ၊ လေးလေး… သီချင်းဟောင်းတွေ ပြန်ဆိုကြမှာလေ၊ မေမေ က… အန်တီကို ဆက်ဆက်လာခဲ့ဖို့ မှာလိုက်တယ်၊ ဖုန်းနဲ့လည်း ထပ်ဖိတ်မယ်လို့ ပြောလိုက်ပါတယ်'

'သြော်… ဟုတ်လား'

ဒါကြောင့် သူမ အမြင်မှားခဲ့မိတာကိုး။ ဂျင်မီရဲ့တူတဲ့ ဂျင်မီ အောင်နက်ရဲ့ မျက်နှာပေါက်မျိုးပဲ။ သူမ သတိလက်လွတ် ရေရွတ် လိုက်မိတာပါ။ ဂျင်မီသာ သက်ရှိထင်ရှား ရှိနေသေးရင် သူမလိုပဲ ဦးလေး၊ အဒေါ်အရွယ် ရင့်ကျက်ခန့်ညားနေမှာပေါ့။ အခုလူငယ်က ပီဘိကလေးသာသာ ချောမောပျို့မျစ် နုသွယ်နေတာ။ ဂျင်မီငယ်ငယ်က အတိုင်းပဲ…

ငူငူငိုင်ငိုင်ဖြင့် အတွေးပွားနေမိသော သူမကို ကောင်လေးက နှုတ်ဆက်သည်။

'အန်တီ… သွားဦးမယ်နော်၊ ဆက်ဆက်လာခဲ့ပါ ခင်ဗျား'

'အေးကွယ်… စင်သီကို ပြောလိုက်ပါ လာခဲ့ပါ့မယ်လို့'

လူငယ်ကောင်ချောလေး လှည့်ထွက်သွားသည်။ ကောင်လေး

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ နောက်ကျောပြင်ကို ငေးကြည့်ရင်း ငှတ်တုတ်မေ့ကာ ကျန်ခဲ့သည်။ တကယ့် လမ်းလျှောက်ပုံကအစ ဂျင်မီအောင်နက်လား အောက်မေ့ရ သည်။ ကောင်လေးက သူမကို အန်တီလို့ခေါ်ပြီး နှုတ်ဆက်ကာ တရိတသေ ထွက်သွားခဲ့သည်။ သူ့အရွယ်က အန်တီတဲ့လား။ အဲဒီ အခေါ်အဝေါ်ကိုတော့ သူမ လုံးဝမကြိုက်ပါ။ မသကာ သူမဆီမှာ လက်ကျန်အဖြစ် ရှိနေသေးတဲ့ အလှအပ၊ ခန္ဓာကိုယ် အချိုးအဆစ်၊ ခန့်ညားထည်ဝါမှုတွေအရ မမကြီး၊ မမ စသည်ဖြင့်တော့ ခေါ်ဝေါ် သုံးနှုန်းသင့်တာပေါ့လေ။ မဟုတ်ဘူးလား။ ဇရာက ညာမရပါလား နော်။

အိမ်ထဲကို စိတ်မပါ၊ လက်မပါဝင်လာပြီး ကိုယ်လုံးပေါ်မှန် ရှေ့ရပ်ကာ ကြည့်လိုက်သည်။ မလုံမလဲဖြင့် မျက်နှာကိုကြည့်သည်။ ကိုယ့်ကိုယ်ကို နုပျိုလှပတုန်းပဲ ထင်နေဆဲ။ အတ္တကြီးတယ်လို့ပဲဆိုဆို သူမ အလှမပျက်သေးဘူး။ ဂျင်မီနဲ့ တွေ့စတုန်းကလိုပဲ အပျိုဖြန်းလေး တမျှ နုနယ်လန်းဆန်းတုန်းပင်။ ကိုယ်လုံးကို တစ်ပတ်လှည့်ကာ ကြည့် လိုက်မိပြန်သည်။ ငါအိုသွားပြီလား။ အို… ဘာလို့ အိုရမှာလဲ။ ငါက နုပျိုတုန်း။ လင်ရပြီးတော့လည်း မအိုဘူး။ အသက်ကြီးလို့လည်း မအိုဘူး။ အသက်ကြီးပေမယ့် မပျက်စီးသေးသလိုကို မအိုတာ။ လုံးဝအိုလည်း မအိုဘူး။ အိုဖို့မပြောနဲ့ ပီတွေကျုတွေတောင်မှ အနား သီပြီး မကျူဘူး။ အခုမှ အန်လ်အမ်အန်(န်)အဆင့်မှာပဲ ရှိသေးတာ။ အသက်နည်းနည်းရလို့ ခန့်သွား၊ တည်ကြည်သွားတာကိုများ ချာတိတ် လေးက အခေါ်၊ အန်တီတဲ့လား။ မှန်းစရာကောင်းလိုက်တာ။ အမြင် ကပ်စရာကောင်းတဲ့ ပါးစပ်သရဲလေး။

သူမ ပြုမူနေသော ဟန်ပန်တွေကို မေမေသာ သက်ရှိထင်ရှား ရှိနေပါက ဗျစ်တောက်ဗျစ်တောက် ပြောချေဦးမည်။ 'ဟဲ့… ကောင်မ ဘာအရူးထနေတာလဲ၊ မိန်းမက ဣန္ဒြေကို မရဘူး' ဟူသာ။

သက်ရှိထင်ရှား မရှိတော့ပေမယ့် ချစ်ကြောက်ရှိသေးရဆဲ မေမေ့အသံနဲ့ ဟန်ပန်ကို မြင်တွေ့ကြားယောင် လာရသမျှ ဇက်ကလေးပု

www.burmeseclassic.com

www.burmeseclassic.com



ပြီး မှန်ရှေ့မှာ ဝမ်းတွင်းအူရှုးနေတာကို ဘရိတ်အုပ်လိုက်ရသည်။ ညှိခန်းက ဆက်တီခုံမှာပြန်ထိုင်ပြီး ဖတ်လက်စ ဂျာနယ်ကို ပြန်ကောက်ကိုင်မိလေသည်။ မျက်နှာရှေ့မှ ဂျာနယ်ကိုကပ်ပြီး အပ်လိုက်ပေမယ့် မျက်လုံးအမြင်မှာ ဂျာနယ်စာလုံးတွေကို မမြင်တော့ပေ။

စိတ်နဲ့ကိုယ် မကပ်ချင်တော့ဘူး။ တိုက်ဆိုင်မှုက အမှတ်တရကို နှိုးဆွလေပြီ။ အသံမထွက်ဘဲ တီးတိုးရေရွတ်မိတော့သည်။

'အောင်··· အောင်···၊ အောင်··· အောင်ရယ်၊ ဘာလိုလို့ ဝေတို့ကို ခွဲသွားတာ (၁၀)နှစ်တောင် ရှိသွားပါလား'

ဂျာနယ်ကို ပစ်ချလိုက်ပြီး ဖိတ်စာကို ဖွင့်ဟဖတ်မိပြန်သည်။ တစ်ချိန်က လျှမ်းလျှမ်းတောက် အောင်မြင်ပြီး လူငယ်ထုရဲ့ ရင်ကို တိုင်လှုပ်ခဲ့သော သီချင်းတွေ။ အဲဒီ သီချင်းတွေထဲက သင့်နိုးရာကို ပြန်လည်ဂုဏ်ပြု သီဆိုကြမည်ဖြစ်သည်။

တစ်ချိန်က ဂျင်မီအဖြစ် နာမည်ကျော်ခဲ့သူ ဂျင်မီအောင်လတ် သူငယ်ချင်းတွေ(သူမအပါအဝင်) ဝိုင်းဝန်းလှောင်ပြောင် နာမည်ဖျက်၍ ဂျင်မီအောင်နက် ဖြစ်သွားရရှာသည်။ အချင်းချင်းတွေ့လျှင် ဂျင်မီဟာ ဘယ်တော့မှ အမြီးဖြတ်ခွင့် ဝှက်ခွင့်မရတော့ဘူး။ အမြဲတမ်း အောင်နက်ပဲ။

အဲဒီ ချစ်စနိုးနဲ့ အောင်နက်လို့ အမြဲတမ်းခေါ်ခဲ့ရသူ။ သူမ အဖျားဆွတ်ပြီး အမြတ်တနိုးနဲ့ 'အောင်'လို့ ခေါ်ခဲ့ရသူ။ 'အောင်'ပေါ့။ သူမ ပန်းပွင့်ဝေ၏ နှလုံးသည်းပွတ် ငယ်ချစ်ဟောင်း လူချောလေး အောင်ရယ်။ တစ်ခုသော သင်္ကြန်မှာ မဏ္ဍပ်တစ်ခုမှာ စင်တင်စတေ့ခ်ျ ရှိုးတစ်ပွဲ ဖျော်ဖြေပြီးအပြန် အပျော်ကျူး အမူးလွန်လာသော သူငယ်ချင်းတစ်ယောက် မောင်းလာသည့်ကားနှင့် လှည့်လည်ရင်း ယာဥ်မတော်တဆ တိမ်းမှောက်တဲ့အခါ ရုတ်တရက် ဂျင်မီကွယ်လွန်တဲ့ သတင်းက ဂျာနယ်တွေအတွက် အလုအယက် ရောင်းကောင်းစေတဲ့ ဟော့သတင်းတစ်ရပ် ဖြစ်သွားရတယ်။ ဂျင်မီဟာ အခင်းဖြစ်ရာမှာပင် ရုပ်ပျက်ဆင်းပျက် ပွဲချင်းပြီး ဆုံးခဲ့ရတယ်။ အော်လ်တာနေးတစ် ရှောခ်

www.burmeseclassic.com

www.burmeseclassic.com



ဂီတလောကရဲ့ သူ့ရဲ့ကောင်းတစ်ယောက် ရတ်တရက် ကြွေလွင့်ပေ
ကြယ်ပွင့်ကြွေလွင့်တဲ့ သတင်းဆိုးက ပုံ့လွင့်ပြီး ကံကောင်းထော
စွာ ဥပုသ်ကျောင်းမှာ မေမေနဲ့ ပြန်လာစဉ်မှာပဲ ကြားရတော့တာ

သူမ အသက်(၁၀)နှစ်လောက် ပြန်ငယ်သွားသလို ခံစားလို
ရသည်။ ပင်ကိုမူလစိတ်ကိုယ်က ငယ်ချင်နေရတဲ့ကြားထဲ အခု
အကျိုးသင့် အကြောင်းသင့် ထောက်ကူပံ့ပိုးသော အမှတ်တရဖိတ်
က လက်ဝယ်ရောက်ရှိနေတော့လည်း အတိတ်ကို ပြန်ရောက်သွ
သလို ငယ်ရွယ်သေးသိမ်သွားရသည်။

ဆောက်တည်ရာမဲ့ ကြေကွဲဆို့နစ်စွာ ခံစားလိုက်ရသည်
'ငယ်ငယ်ရွယ်ရွယ်နဲ့ ဖြစ်မှဖြစ်ရလေ အောင်ရယ်'။ မှော်လင့်ရည်မ
ထားတဲ့ အကြင်နာအိပ်မက်လေးတွေတောင် လွင့်ပြယ်ပေါ့။ အကြင်
တွေ ဝေမျှပေးပြီး အိုတောင် အိုမသွားလိုက်ရရှာဘူး။ ငှက်ပျောတုံး
သူမအစားဖက်ပြီး မာလကီးယားသွားရသူ။ မျက်ရည်ဖြေ မဆည်နို
အောင် ငိုကြွေးဝမ်းနည်းခဲ့ရပါသည်။ သူမ အဖြစ်အပျက်ကို အံ့
တုန်လှုပ်ခဲ့ရသည်။ အဲဒီတုန်းက သူတို့ စေ့စပ်ထားပြီးသား နှစ်ဖက်မိ
သဘောတူ မင်္ဂလာရက် သတ်မှတ်ထားပြီးကာမှ ပေါင်းရဖ်မပါ
အိုရကာနီးလေမှ စားရက်ကြံ့လို့ မှတ်ဆိတ်ပျားဆွဲပြီးကာမှ မုဆိုးကျေ
ဖိုးထော်က ပျားလာဖွပ်သွားတာ ခံလိုက်ရသလိုပင်။ နှုတ်ခမ်းဝရော
နေသော မုန့်ဆီကြော်ကို ပုတ်ထုတ်ခံလိုက်ရသလို မချင့်မရဲ ဖြစ်ခဲ့
သည်။ အဲဒီက အစပြုလို့ သူမဟာ ဘယ်လိုနည်းနဲ့မှ မအိုရကော့တာ
လုံးဝမအိုဘဲ ထာဝရ နုပျိုရှင်သန်လျက်။

အတိတ်ကို မြေလှန်ပြန်တွေးမိတော့ ရင်နင့်ရသည်။ ပါးပြ
မှာ မျက်ရည်တွေ စိုစွတ်စီးဖြာကျလာပြန်သည်။ မျက်ရည်များ
သုတ်သင်ပြီး မချိတရိ ပြုံးလိုက်မိသည်။ လူသာသေသွားသော သူ
ရင်ထဲ ထာဝရရှင်သန်သော ဂျင်မီပင်။

ယခု ဖိတ်စာလာပို့တဲ့ ချာတိတ်လေးကို သူမ စခါမှ မြ
ဖူးခဲ့ပေ။ ဂျင်မီဆုံးတုန်းကလည်း ဈာပနအခမ်းအနားမှာ မတွေ့ခဲ့ရပ

www.burmeseclassic.com

www.burmeseclassic.com



င်းသို့သားတောင် လူပျိုပေါက်ဖြစ်နေပါရောလား။' စင်သီက သူမနှင့် ုင်မီတို့ထက် (၅)နှစ်လောက်ကြီးသည်။ အခုလို ရုတ်တရက် ပြန်တွေ့ ိုက်ရတော့ တကယ့်ကို အရှင်လတ်လတ် တွေ့မြင်ရသလို ခံစားရ သည်။ ကြွက်သီးထ အံ့သြတုန်လှုပ်ရသည်။ သူ့နာမည်ကို ပြောသွား ိုက်တာက အောင်နက်မဟုတ်သော ထင်လင်းအောင်တဲ့လေ။ အောင် က် အသေးစားလေးပေါ့။

ကောလိပ်ဂျင် အသေးစားလေးက ရာဇာနေဝင်း ဖြစ်လာ တယ်။ ဒွေးအသေးစားလေးက ဖွဲ့နိုင်ဝင်းဖြစ်လာတယ်။ ဒီလိုနဲ့ အောင် က် အသေးစားလေးက ထင်လင်းအောင် ဖြစ်လာပေါ့။ ရင်ဖိုလှိုက် ာစိတ်ဖြင့် ဖိတ်စာလာပို့သော ကောင်လေးကိုတစ်လှည့်၊ အောင်နက် ရဲ့ သီချင်းဆိုဟန်၊ စကားပြောဟန်တွေကိုတစ်လှည့် အကြိမ်ကြိမ် အလှည့်လှည့် အထပ်ထပ် မြင်ယောင်နေမိတော့သည်။ နှိုင်းယှဉ်မြင် ယောင်ရင်းက ထင်လင်းအောင်ဆိုသော ချာတိတ်ငယ်လေးသာ အောင်နက် ဖြစ်လိုက်စေချင်တော့သည်။ 'ဖြစ်လိုက်ပါတော့'ဟု တမ်းတမ်းတတ ရွတ်မိသည်။ စိတ်ရိုင်းတို့ လှိုင်းထစီးနင်းကုန်လေပြီ။

ဟုတ်တယ်။ သူကလေးသာ အောင်နက်ဖြစ်လိုက်ရင် သိပ် ကောင်းမှာပဲ။ ချစ်ကောင်းသီချင်းလေးနဲ့ ကွက်တိပဲလေ။ ကြိုးနဲ့ဆွဲပြီး ခေါ်သွားလိုက်ရုံပဲ။ 'ခွေးကလေးကို ကြိုးနဲ့ဆွဲကာ ခေါ်သွားမလား၊ ိုယ်သွားရာ တကောက်ကောက် လိုက်နိုင်မလား ×××' ဒိုဘာမင်၊ အယ်လ်ဇေးရှင်းတို့နဲ့ နင်လား ငါလား ဖက်ကိုက်ခိုင်းလို့ရတယ်၊ လိမ်မာ ေခြားရှိပြီး ခိုင်းကောင်းတယ်။ ဟိုဒင်းလဲပေါ့တယ်။ ချောမှချောပဲ။ င်းလိပ်‑ချာနဲ့ မြက်ရှောက အဘခေါ် ဆလံသရလောက်အောင်ကို ျာတာ။ သူသာ အောင်နက်ဖြစ်သွားခဲ့ရင် သူမကို အဒေါ်အန်တီလို့လဲ ေါ်မှာ မဟုတ်ဘူး။ သူမရဲ့ ရင့်ကျက်ခန့်ညားခြင်းကို လက်ခံပြီး ိုလတ်ဆတ်မြဲဆိုတာ ကိုယ် သဘောပေါက်သွားမှာပါ။ အံ့ဩဖွယ် ောင်းစွာ သူမကို အပျိုဖြန်းလေးတစ်ယောက်လို ပစ်မိုးမှုမထင် င်နေဦးမှာ 'ပွင့်ဝေ' 'အောင်ကလေ' စသည်ဖြင့် ငယ်နုစဉ်က

www.burmeseclassic.com

www.burmeseclassic.com


အမြတ်တနိုး သုံးနှုန်းခဲ့သော အခေါ်အဝေါ် အသုံးအနှုန်းတွေ ရှန်းရှန်းဝေနေတော့မှာ။ နာဖျားသွေးမြေ့ပြီး မှိုတက်နေသော နှလုံးသားဝေးလည်း ပြန်လည်လန်းဆန်း အဖူးအပွင့် ဝေဆာတော့မှာ သေချာတယ်။

သူမအတွက် အောင်နှင့် စဘင်တွေ့ရှိ ဆုံစည်းကာ ချစ်သူရည်းစားဖြစ်ခဲ့ရသည့် အချိန်ကာလ ကလေးသည် အိပ်စပယ်ယာမဖြစ်သော မပုပ်မသိုးချိန်များ ဖော်မယ်လင်စိမ်ထားခံရသော ရုပ်ကြွင်းသစ်များပင်။ အောင်ကွယ်လွန်ကာ လစ်ဟာသွားခဲ့ရချိန် ရုတ်တရက်ဆုံးပါးကွယ်လွန်ပြီး လောကအလယ် သူမတစ်ယောက်တည်း အထီးကျန်အောင် ပစ်ခွာထားသွားခဲ့သည်မှ အစပြုကာ အချိန်ကာလတွေဟာ ပုတ်သိုးသော ပိုလျှံအမှိုက်များ ဖြစ်ခဲ့ရသည်။ ယခု ထင်လင်းအောင်နှင့် ပြန်တွေ့ရသော အခု နှလုံးသားတွေ ပြန်လည်လှုပ်နိုးထခဲ့ရပြန်ချေပြီ။ တစ်ဖန်နိုးကြွလာခဲ့ရသည်။

ယခင် ပုပ်သိုးသော အမှိုက်များဟာလည်း ယခုတော့ ကျန်ရစ်ခဲ့၊ စွန့်ပစ်ခဲ့သော အမှိုက်များ ဖြစ်ရပြန်ချေပြီ။ အခုတော့ တူသားမောင်အရွယ် နှလုံးသားရဲ့ ကျားသေလေး အသက်ပြန်သွင်းခံရသလို ရှင်သန်လာခဲ့ချေပြီ။ ဟုတ်တယ်။ အောင့်အစား ဒီချာတိတ်ကို သူပြန်ရလိုက်တာပဲ။ သူမ ဒီလိုပဲ မှတ်ထင်လိုက်ပါသည်။ ဒါဟာ အောင်အလျော်ပြန်ပေးလိုက်တဲ့ အောင့်ကိုယ်စားလေးပေါ့။ နှလုံးသားနဲ့ ရင်းပြီး အလျော်အစား လုပ်ခဲ့ကြတာပဲ။ ဒီလောက်တော့ ပြန်ရသင့်တာပေါ့လေ။

သူမ ဘာရှိသေးလို့လဲ။ ခန္ဓာကိုယ်လေး နည်းနည်းဝဖြိုးကာ ပြည့်တင်းတုတ်ခိုင်လာတာရယ်၊ မျက်လုံးမှုန်တာရယ်ကလွဲပြီး အရင်အတိုင်း အပျိုလေးပဲ။ အောင် တယုတယ ခေါ်နေကျ 'ပွင့်ဝေ'ပဲ။ သိသိသာသာကြီး အဖွားကြီးအိုရုပ် ပေါက်သွားတာမှ မဟုတ်တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဂျင်မီ အမှတ်တရတေးများ စုစည်းဖျော်ဖြေ တင်ဆက်ရာ ခန်းမသို့ သူမရောက်သွားတော့ စင်သီက ဖက်လှဲတကင်း ဝမ်းသာအားရဆီးကြိုသည်။ မတော်လိုက်ရတဲ့ ယောက်မလို့ထင်ပါရဲ့။ သူမကို အရမ်းခင်သည်။ သူသိပ်ချစ်သော မောင်ရဲ့ ဇနီးလောင်းမို့လည်း သူမကို အရမ်းချစ်ခင်ခဲ့တာ ဖြစ်မှာပေါ့လေ။

'ဝေဝေရယ်၊ ညည်းဝလာလိုက်တာ၊ ဝလို့လှလို့ပါလား၊ အလှမပျက်ဘူး အရင်အတိုင်းပဲ'

'ဟုတ်လား… ဝေက အတော်ကြည့်ရဆိုးပြီ ထင်နေတာ၊ စင်သီပဲကောင်းတယ်၊ ပင်ကိုယ်မူလ ဘော်ဒီကို ထိန်းထားနိုင်တုန်းပဲ'

စကားအဖြစ်သာ ပြောရတာ စင်သီက အမယ်အိုကြီးတစ်ယောက် ငါးကျည်းခြောက်လို ပိန်လှီနေပေပြီ။ မှန်ရာကို မပြောတော့ပါဘူး။ ခန်းမအပြင် မောင်းထုတ်ခံနေရမှာစိုးလို့။ သူမကတော့ ဒီနေ့ ဂျင်မီ အမှတ်တရအဖြစ် ပြင်ဆင်နေကျထက် ပိုမို အချိန်ပေးပြင်ဆင်လာခဲ့ရတာဆိုတော့ အပြောခံရမှာပေါ့။ လှတုန်းပတုန်း ဒီလိုပဲ ဖြစ်ရမယ်လေ။ သူမက အမယ်အိုကြီး မဟုတ်သော အပျိုဟိုင်းလေးမျှသာ။

သတ်မှတ်ထားသော ထိုင်ခုံနေရာမှာ ဝင်ထိုင်လိုက်မိပြီးမှ စကားလက်ဆုံကျနေသည်။ ဂျင်မီ မရှိတော့တဲ့ နောက်ပိုင်းမှာ လမ်းကြုံလို့ လမ်းမှာလောက်ပဲ ခဏတဖြုတ် ဆုံဖြစ်ခဲ့ကြသည်။ ယခုလို ပြန်မတွေ့ဖြစ်ကြသည်မှာ အတော်ပင်ကြာလေပြီ။ ရှေးဟောင်းနှင့် နှောင်းဖြစ်တွေ ပြောဖြစ်ကြသည်။

ခန်းမတစ်ခုလုံး စားပွဲများ အပြည့်ခင်းထားသည်။ ဒင်နာနှင့် အဖျော်ယမကာ မိမိနှစ်သက်ရာ သုံးဆောင်နိုင်အောင် စီစဉ်ပေးထားသည်။ ခန်းမရဲ့တစ်ဖက် စင်မြင့်ထက်မှာတော့ မီးလောင်ပြင် ကျပ်ခိုးစွဲနေဟန်ရှိသော တိုက်ခန်းဟောင်း နံရံပြတင်းပေါက် ဒီဇိုင်းမျိုး ပြင်ဆင်ထားသည်။

ဂျင်မီ၏ ကာသီလင်တနိုင်သော ဖိုသီဖတ်သီတေးများ ဒီဇိုင်းအပြင်အဆင် စာတန်းချိတ်ထားတဲ့လူက နာမည်ကြီးတစ်ယောက်ပဲ။

www.burmeseclassic.com

www.burmeseclassic.com


မသပ်မရပ်နဲ့ ဖြုပ်စဗျင်းတောင်း စတိုင်လ်ဖမ်းတာကိုက သူ့မှုပင်။ ဂျင်မီရဲ့ သီချင်းတွေကလည်း အဲဒီလိုပဲ။ ပြောင်စပ်စပ် ပျက်ချော်ချော်တွေချည်းပင်။ အပြုံးနဲ့ငိုရတဲ့ သီချင်းမျိုးတွေရှိသလို ဗရုတ်ကျ လှောင်ပြောင် သရော်သော သီချင်းတွေလည်းပါသည်။ အဲဒီ စိတ်ပျက်စရာကောင်းတာကြီးနဲ့ပဲ လူငယ်တွေက ပေါက်ကွဲချင်ကြတာလေ။ ခန်းမတစ်ခုလုံး မိုးပျံပူဖောင်း မဟုတ်သော ပူစီဖောင်းတွေက ကြမ်းပြင်မှာ ဟိုတစ်လုံး ဒီတစ်လုံး ပွပလဲနေသည်။ မြင်တွေ့နေကျ အပြင်အဆင်မျိုး မဟုတ်။ မိုးပျံပူဖောင်းတွေ၊ ဖဲကြိုးတွေ အပေါ်မှာ ချိတ်ဆွဲမထားပါ။ ခန်းမအနှံ့ ဖလက် TV တွေဆင်ထားပြီး TV အပေါ်မှာ ဂျင်မီ၏ ပုံရိပ်များ သီးချင်းများ၊ ဆိုဟန်များ၊ အင်တာဗျူးများကို လွှင့်ပေးထားသည်။

စင်ရှေ့မှ အနီးကပ်ဆုံး စားပွဲတိုင်းတွင်တော့ ထင်လင်းအောင်ကို ခေတ်ပေါ် လူငယ်အဆိုတော်တွေ တရုံးရုံး တပြုံးပြုံးနှင့် မြင်ရသည်။ ကြွလာသူအပေါင်းကို ဖော်ရွေစွာ လိုက်လံနှုတ်ဆက် ကြိုဆိုနေသည်။ ဂျင်မီမှဂျင်မီပဲ တကယ့် ဂျင်မီအစစ်အတိုင်းပဲ။ ဂျင်မီဝတ်နေကျ ဂျင်းပြာနဲ့ အော်လ်တာ ရှပ်အဖြူကွက်ကလေးကို ဝတ်ထားသည်။ အင်္ကျီမှာ ဂီတနုတ်သင်္ကေတ အပွင့်လေးတွေ ရိုက်ထားတဲ့ အင်္ကျီလေ။

အရယ်မရပ် ပါးစပ်တဖြဲဖြဲနဲ့ သွားအအေးပတ်လောက်အောင် ပြုံးဖြီးနှုတ်ဆက်ရင်းက သူမတို့ အနားသို့လာသည်။

'ဟာ… အန်တီဝေတောင် ရောက်နေပြီလား'

'အင်း…'

မအင်းချင် အင်းချင် အင်းကာ ခပ်တည်တည် လုပ်နေလိုက်ရသည်။ သူတို့ သားအမိချင်းလည်း ကျေနပ်ပီတိများဖြင့် အပြုံးချင်းဖလှယ်နေပြန်သေးသည်။ သူမ စိတ်ထဲမှာ ကိုယ့်ကိုယ်ကို လက်သည်းဖြင့် တဂျစ်ဂျစ်မြည်အောင် ကုပ်ခြစ်မိတော့သည်။ လူကိုများ အန်တီတဲ့။ သူ့အမေနဲ့ လယ်ဗယ်များ မှတ်နေသလား။ သူ့အမေထက် သူမက

www.burmeseclassic.com

www.burmeseclassic.com



(၅)နှစ်ကြီးများတောင် ငယ်တယ်။ နည်းသလား။ သူနဲ့လည်း ဘာကွာ တာလိုက်လို့။ (၁၅)နှစ်လောက်ပဲကွာတာ။ ဒီရုပ်ဒီရည်နဲ့ လျှော့လျှော့ ပေါ့ပေါ့ မမဝေလို့တော့ ခေါ်သင့်တာပေါ့။ သူမကို ဂျင်မီနဲ့ ရွယ်တူပဲ ဆိုတာ မသိခင်ကတည်းကကို အဒေါ်တဲ့၊ အန်တီတဲ့။ ကြားရတာ နားခါးလိုက်တာ။ ကြာရင် သူမအသက်ကို သေမင်းကြားပြီး လာခေါ် နေမှ မခက်လား။ ဒီချာတိတ် လုပ်ပေါက်နဲ့တော့ မြင်ပြင်းကိုကတ် တယ်။ ပြောင်စပ်စပ် ရယ်နေပုံကိုက အသဲထဲမှာ ယားကျိကျိနဲ့ ကျလိ ကျလိကိုဖြစ်လို့ အကို ခိုးကြောင်ခိုးဝှက်ကျိတ်ပြီး မျက်မှောင်ကုပ်ထား မိသည်။

'ဝေ... ညီမလေး၊ ဒါ... ကိုယ့်သားလေကွာ၊ ထင်လင်း အောင်တဲ့ မတော်တာတွေ့ရင် ဆုံးမသွန်သင်ပါဦးကွာ၊ သူ့... ဦးလေး လို အချိန်ပြည့် အဆိုတော်ဖြစ်ချင်တာလေ'

သူမ ဘာမှပြန်မပြောဘဲ ပြုံးပြလိုက်ကာ ကျေနပ်လောက် အောင် စကားတုံ့ပြန်ပြောလိုက်ရသည်။

'မရှိပါဘူး၊ လူငယ်ပဲ ပျော်ပျော်နေတတ်မှာပေါ့၊ သူက... ဖြစ်နိုင်ချေရှိပါတယ်'

စိတ်ထဲကတော့ တစ်မျိုးတမည်ပေါ့။ မတော်တာတော့ လုံးဝ အပိုးမကျိုး မသင့်တော်တာပဲ။ လူကို အသက်ကြီးအောင် အသက်ဂုဏ် လာဖော်နေတာလေ။ အသက်(၃၅)ကို ကြီးပြီလို့ သတ်မှတ်ရင် မှားမှာ ပေါ့။ အနောက်တိုင်းအယူအဆမှာ ခွင့်မသာလို့သာ မပြောတာ။ သူမ ဘ အသက်မကြီးသေးတဲ့ အပျိုကြီးဆိုတော့ ယောကျ်ားမရသေးရင် ကလေးပဲ။ 'သူများက ဟလေးပဲရှိသေးတယ်'လို့ ကောင်းကောင်းကြီး ချဲ့လို့ရသေးတယ်။ ဒီအသက် ဒီအရွယ်ထိ လာကမ်းလှမ်းသမျှ ဂျင်မီ ကလွဲပြီး 'ဘာတွေလာပြောနေကာလဲ၊ ကလေးပဲရှိသေးတယ်၊ အဲဒါ တွေ မစဉ်းစားသေးဘူး'လို့ ပြန်ငြင်းနေကျပဲ။

သူ့အမေနဲ့ မတိမ်းမယိမ်း အသက်(၅)နှစ်ကြီးများတောင် ကွာဟပြီး ငယ်နေတဲ့ဟာကို လူကို အရှိအသေ သိပ်သည်းအောင်

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုကြီးခေါ်ရသလား လူဆိုးလေးရယ်။ သူ့မအိမ်မှာဆိုလျှင် တစ်အိမ်လုံးက အလုပ်သမားတွေက မမလေးလို့ပဲ ခေါ်ကြတာ။ အဒေါ်အရွယ် ထမင်းချက် ဒေါ်အေးကြွေကတောင် မမလေးလို့ တရိုတသေခေါ်တယ်။ သူ့မကို 'မမလေး' လို့ အမှန်အတိုင်း အရှိအတိုင်း မခေါ်တာဆိုလို့ ဦးလေး(အဖေ့အကို) အဘဝင်းခိုင် တစ်ယောက်သာ မိဝေဟုခေါ်သည်။ 'မိဝေ' ဆိုတာ ပိုတောင်မိတယ် မိုက်တယ် ဖြစ်လိုက်သေး။ ငယ်ရွယ်နုပျိုလိုက်တဲ့ အမည်သညာ။ အသဲခိုက်အောင်ကြိုက်လို့ တရိုတသေ 'ရှင်' လို့ လိမ္မာစွာ ပြန်ထူးရတာအမော။ ဒီလို 'မမလေး၊ မိဝေ' တွေနဲ့ ဆယ်နှစ်လောက် ကျင်လည်လာခဲ့ပြီးမှ အန်တီဆိုတဲ့ အသုံးအနှုန်းကို စတင်ကြားရတာ နားထဲမှာ အော်ဂလီဆန်လိုက်တာ နားထဲ ကန့်လန့်ခံဝင်လာတယ်။ လုံးဝမကြားလိုဘူး။ 'ပန်းပွင့်ဝေမဖုရားမှာ မကြားလိုပါ××× မကြားလိုပါ' ဟု ထည့်သည်းရမလို ဖြစ်နေပြီ။ ကိုယ်တိုင် မွေထားချင်ဟန်ဆောင်နေတဲ့ ဇရာကို လာသတိရအောင် တပ်လှန့်နှိုးဆော်တာနဲ့ အဲတူတူပဲ။ အန်တီတဲ့။

ဘယ်စပယ်ယာ၊ ဒရိုင်ဘာမှ သူ့မကို အဲလိုမခေါ်ဖူးခဲ့ပါ။ (တက္ကစီ) ဒရိုင်ဘာတွေဆို သွားဖြဲကြီးနဲ့ ညီမငေးတဲ့ခေတ်ကာလ အခေါ်အဝေါ် အသုံးအနှုန်းက အဲဒီလို ဖြစ်ရမှာ။ နှိပျိုသစ်လွင် လိုက်လျောညီထွေ ဖြစ်ရမှာ။ တချို့များ ကိုယ့်မောင်အရွယ်တွေက ကိုယ့်ထက် ရပ်ရင့်ရင့် ညီမလေးပဲ။ ညီမလေးနဲ့ အိုပါး ကွက်တိပဲ။ လိုက်လျောညီထွေလို့ လုပ်ငန်းရှယ်ယာ ပါတနာတွေလည်း ညီမလေး။ 'အရမ်းရင်းနှီးသွားလို့ အသက်အမှန် သိသွားရင်တောင်မှ 'မဝေ' ပဲခေါ်ကြတယ်။ တခြား မပြောနဲ့ အခုသူနဲ့ သက်တူရွယ်တူလောက်ပဲရှိမယ့် အဆိုတော်ကောင်လေးတွေ၊ ကောင်မလေးတွေက အစ သူ့မကို မမဝေလို့ပဲ ခေါ်ကြတယ်။ မမဝေအဖြစ်ပဲ လူသိများတာ။ ရှူတိုရှိုးပွဲတွေမှာ သူ့မက အလျှဦးသင့်ရင် သင့်သလို တစ်ယောက်ဝင်ဝင်ပြီး ထိုးပေးရတယ်လေ။

အဲဒါတွေကလည်း ဂျင်မီ မရှိတော့တဲ့ နောက်ပိုင်းမှ သူ့မ

www.burmeseclassic.com

www.burmeseclassic.com



တယောသံတွေက ပိုမိုလွမ်းအောင် ကူခဲ့သွားတော့တာ။ ပိုမိုဆွေးရိပ် သန်းယောင် ဖြစ်လာတော့တာ။ သူမက အိမ်မှာ အလွမ်းပြေထိုးနေကျ အခုမှ တစစနဲ့ ကျယ်ပြန့်လာပြီး အကူအညီတောင်းတိုင်း ဝင်ကူညီ ပေးနေရတာ။

ဆိုတော့ အားလုံး မဝေလို့ သုံးနှုန်းနေတဲ့အချိန်မှာ သူတစ်ယောက်တည်းချွန်ပြီး အန်တီဆိုတဲ့ အခေါ်အဝေါ်ကြီး သုံးတာ။ အဲဒီ အန်တီကြီးရှေ့မှာ ဘုံးခနဲ ပြုတ်ကျလာသလို ခံစားရတာ။ အဘက်ဘက်ကကို ကြောက်လန့်တုန်လှုပ်ပြီး မကြိုက်တာ။ သူ့ကို အပြစ်တင် လို့ရယ် မဟုတ်ပါဘူး။ သူ့ဦးလေး ဂျင်မီကို သူလေးစားတဲ့အနေနဲ့ သူမကိုလည်း အန်တီခေါ်တာပဲပေါ့။

သူ့နှိုင်းဆချက်နဲ့ သူ့အတိုင်းအတာနဲ့ သူပဲလေ။ စိတ်ထဲက မနှစ်မြို့ရုံကလွဲပြီး အောင့်သက်သက် ဖြစ်နေရုံပါပဲ။ ဘာမှ မတတ်နိုင် ဘူး။ သူက တားလို့မရတဲ့ နတ်ဆိုးလေးပဲလေ။ သူက ဂျင်မီစိတ်နဲ့ လူဖြစ်လာတဲ့ ခန္ဓာကိုယ်မှ မဟုတ်တာ။ သူ့စိတ်နဲ့သူပဲ ပွင့်လင်းအောင် စိတ်နဲ့ ထင်လင်းအောင် ဖြစ်လာတာလေ။ ဒါကို သူမအနေနဲ့ ဘာများ သွားပြီး စောဒကတက် ပြုပြင်ယူလို့ရလေမလဲ။

တစ်ရက်လောက် အိမ်ကိုခေါ်ပြီး ပြရချေဦးမည်။ တစ်အိမ်သားလုံး သူမကို မမလေးလို့ခေါ်ပြီး ပြရချေဦးမည်။ တစ်အိမ်သားလုံး သူမကို မမလေးလို့ ခေါ်နေတဲ့အကြောင်း သူ သိစေရဦးမပေါ့။ ...န်းကလေးတွေ၊ ကြယ်ပွင့်ကလေးတွေ စကားပြောတတ်ရင်တောင်မှ သူမကို "မမဝေ"လို့ ခေါ်ကြမှာ အသေအချာပဲ။ ဒီလိုပဲ ဖြစ်ရမယ်လေ။ ...သဘာဝတရားကြီးက သင့်တော်လို့ ပေးအပ်ချီးမြှင့်ထားတဲ့ ဆုလာဘ်ကို ...ဆိုက်ထိုက်တန်တန် ရသင့်လို့ရထားတာပဲ။ မတော်မတရား ရယူပိုင် ...ဆိုင်းထားတာမှ မဟုတ်ဘဲ။

သူက အန်တီလို့ တစ်ချက်ခေါ်လိုက်တိုင်း သူမ ...ခံ့တွန့် ...သွားကာ ခေါင်းနပန်းကြီးရပါသည်။ ကြီးဒေါ်တို့ အမေကြီးတို့ မခေါ် ...တာပဲ တော်လှပြီမှတ်ရမယ်။ သူ့ရပ်က အားမနာ လှူမကျိုးခေါ်မယ့်

www.burmeseclassic.com



ရုပ်။ ခေတ်လူငယ်ဖြစ်ပြီးတော့ အခေါ်အဝေါ် အသုံးအနှုန်း သင့်တင့်အောင် နေရာမထားတတ်သေးဘူး။ သူ့အမေဖြစ်တဲ့ စင်သီကလည်း မလိမ်မိုး မလိမ်မာရှိရင် ဆုံးမဖို့ အပ်နေလေမှတော့။ ဒီချာတိတ်ကို ကောင်းကောင်းကြီး လက်ဆင်ပေးရမည်။ ထားဝယ်ကြိမ်ကလေးနဲ့ ရိုက်ရိုက်ပြီးတော့ 'ဘာ… အန်တီလဲ၊ မမဝေ၊ မမလေးလို့ ပြန်ပြင်ပြောစမ်း၊ ပြန်ပြင်ခေါ်စမ်း' စသည်ဖြင့် ဆုံးမပစ်ရမည်။

အတွေးနဲ့ လွင့်မျောနေစဉ်မှာပင် တစ်ခန်းလုံး အမှောင်ကျသွားသည်။ မီးပျက်သွားတာ မဟုတ်ပါ။ အာရုံစူးစိုက်မှုရအောင် တမင်မီးမှောင်ချလိုက်ခြင်းပင်။ စင်မြင့်ထက်မှာ မီးရောင်မှိန်မှိန်ကလေး ဖျတ်ခနဲလင်းလာသည်။ ဆလိုက်မီးများ ထွန်းညှိလိုက်သဖြင့် စင်မြင့်ထက်မှာ လင်းထိန်စူးရှသွားသည်။

အခမ်းအနား အစီအစဉ် စတင်ကြောင်း ကြေညာတော့ လက်ခုပ်သံတွေ ညံဝေသွားသည်။ အစီအစဉ် ဝင်ဆက်သူ လူရွှင်တော်နှင့် မော်ဒယ်ဂဲလ်တို့က အတိုင်းအဖောက် အတွဲအညီညီဖြင့် ဂျင်မီအမှတ်တရ တမ်းချင်းနဲ့ ဘိုင်အိုဂရပ်ဖီ အကျဉ်းကို ဖတ်ပြသည်။ ဂျင်မီသာ သက်ရှိထင်ရှား ရှိသေးလျှင် မြင်နိုင်သေးမယ်ဆိုရင် ဘယ်လောက် ဝမ်းသာကြည်နူးလိုက်မလဲ။

အမှတ်တရ အလွမ်းပြေသီချင်းများ သီဆိုတင်ဆက် ဖျော်ဖြေမှု အစီအစဉ် စတင်ပါသည်။ မူဟန်သွယ်သွယ်ဖြင့် ဆိုကြသည်။ မူရင်းသံစဉ်မပျက် အရသာ မယိုမယွင်း ဂရုစိုက်ထိန်းမတ်ရင်း တင်ဆက်ခဲ့ပါသည်။ သီချင်းဟောင်းတွေကတော့ ဒီလိုပါပဲ။ ပြန်ဆိုတေးလုပ်လိုက်ရင် ပိုကောင်းသွားတာ၊ ဆန်းသစ်သွားတာတွေ ရှိသလို ပျက်စီးသွားတာတွေလည်း ရှိကြတာပဲ။ ကောင်းတာတွေလည်း ကောင်းကြသလို ဆိုးတာတွေလည်း ဆိုးကြသပေါ့။ သူမစိတ်ထဲမှာတော့ ဂျင်မီ့သီချင်းတွေကို အဆိုရှင်အသစ်တွေနဲ့ လိုက်ဖက်သင့်လျော်မှု ရှိမရှိ နှိုင်းဆချိန်ထိုးနေမိသည်။ တစ်ချက်တစ်ချက် ဂျင်မီနဲ့ ထင်လင်း အောင် ယှဉ်တွဲချိန်ဆမိပြန်သည်။ ခြေရာနင်းနိုင်တာ ရှိသလို ခြေရာမမီတာ

www.burmeseclassic.com


တွေလည်း ရှိတာပါပဲ။ ဂျင်မီက ပေတေတေ ဂျစ်တစ်တစ်ဟန် ပေါက် သလောက် ထင်လင်းအောင်က နုနယ်ပျော့နှဲ့နေသည်။ သီချင်းဆိုတဲ့ နေရာမှာလည်း သူ့ဦးလေး ဂျင်မီလောက် အသံမဆွဲနိုင်။ အသံဆွဲအား ပါဝါမကောင်းပေ။ ဆွဲဆွဲငင်ငင်ဆိုလိုက်ရင် အသံယိုင်ထွက်ချင်သလို စေတည်မငြိမ် ရှိလှသည်။ ဆိုဟန်ဆိုပေါက်တွေမှာကျတော့ ဂျင်မီထက် ပိုကောင်းသွားပြန်သည်။ မှန်ပါတယ် ဆိုရမလား။ မြူးဇစ်စတိုင်လ် ကလည်း (၁၀)နှစ်တာအတွင်း အများကြီး ပြောင်းလဲဖွံ့ဖြိုးလာခဲ့သည် မဟုတ်လား။ အများကြီး ဆန်းသစ်နိုင်ခဲ့ကြသည်။ အားရစရာတော့ ကောင်းပါသည်။

ပရိသတ် အကြိုက်တွေ့သော ရှိုးပွဲတစ်ပွဲပင်။ ဘာပဲဖြစ်ဖြစ် ဂျင်မီ့ဇမမေနှင့် စင်သီတို့က အမှတ်တရလေးဖြစ်အောင် သူ့သီချင်းတွေ ပြန်လည်ဖော်ထုတ်ခွင့်ရရင် ကျေနပ်ပါပြီဟုဆိုသည်။

အဲဒီနေ့က ထင်လင်းအောင်က ဂျင်မီရဲ့ သီချင်းဟောင်းနှစ်ပုဒ်ရဲ့ သူ့ကိုယ်ပိုင်သီချင်းတစ်ပုဒ် ပေါင်းသုံးပုဒ်ဖျော်ဖြေသွားသည်။ လက်ခုပ် သံ အခိုင်အမာလည်း ရသွားခဲ့သည်။ ဂျင်မီဆိုခဲ့ဖူးတဲ့ 'အချစ်ရှူး' သီချင်းကို သူဆိုသွားခြင်းပင်။

*'ငါမှူးပြီ××× ငါရူးပြီ××× သီပ်လှတဲ့ မိန်းမလည်လေး ခင်းအတွက်နဲ့ ငါ့မှာလေ သစ်ရွက်တွေလိုကြွေ××× တိမ်တိုက်ဟာ ဆောင်အထက်မှာ××× ချစ်ခြင်းဖွဲ့ အမြင့်တက်လို့လေ××× ရက်စက် တဲ့ ဓားမှာလေ ငါ့သွေးတွေပေ'*

တညီတစ်ညာတည်း ပရိသတ်က လိုက်ဆိုညည်းပြီး အပေး အယူတည့်သွားသည်။ သူမလည်း ပရိတ်သတ်နဲ့ တစ်သားတည်းဖြစ် ဘာ ဂျင်မီသီဆိုခဲ့ဟန်ကို မြင်ယောင်ရင်း လိုက်ဆိုညည်းမိသည်။

လက်ခုပ်သံ ဖြောင်းဖြောင်းဖျဖျ ဆူညံစည်ဝေသွားရသည်။ ဂျင်မီကိုလည်း ပြန်လည်အမှတ်ရ မြင်ယောင်လာစေသည်။ အဲဒီမှာပဲ သူငယ်ချင်း ဇက်ဒီလည်း အမှတ်တရ သီချင်းလာဆိုပေးရင်း မျက် ရည်ကျမိသေးသည်။ သူ့သူငယ်ချင်း အောင်နက်ဂျင်မီကြီးကို သူပဲ

www.burmeseclassic.com

အစားထိုးမရတဲ့ ဆုံးရှုံးမှုအဖြစ်နဲ့ ဝမ်းနည်းရပါကြောင်း ရင်ဖွင့်သွားသေးသည်။ စည်စည်ကားကား အောင်အောင်မြင်မြင်ပင် ပြီးသွားခဲ့သည်။

ပွဲပြီးသွားတော့ စင်သို့ကိုနှုတ်ဆက်ပြီး သူမ ပြန်လာခဲ့သည်။ စိတ်ထဲမှာ သိပ်မလန်းချင်တော့ဘူး။ အဟောင်းတွေက အသစ်ဖြစ်လာလို့ ဖြေသိမ့်အလွမ်းနဲ့ နှစ်ဆတိုးကာ ရင်နင့်ရသည်ကို မနည်းမျိုသိပ်ဖျောက်ဖျက်နေရတော့သည်။ ထင်လင်းအောင်ကိုတော့ ကောင်မလေးတစ်ယောက်နဲ့ ရွှန်းရွှန်းဝေ သွားဖြီးဖြီးကြီးနဲ့ ဟီးနေလို့ နှုတ်မဆက်ဖြစ်ခဲ့ပါဘူး။ အေးလေ ဒီနေ့ဒီအချိန်ထိ သူမဟာ ဂျင်မီကို နှုတ်ဆက်ခဲ့မိတာမှ မဟုတ်ဘဲ။ ခွဲကွာ ကွဲကွာဖို့ နှုတ်ဆက်ရမှာကို သူမ အကြောက်ဆုံးပဲ။ ဒါကြောင့် တစ်သက်လုံး နှုတ်မဆက်ဖြစ်ခဲ့ဘူး။ ရင်ထဲမှာ ဂျင်မီက အမြဲတမ်း ခိုကပ်တွယ်ငြိ တည်ရှိနေပြီးသားပင်။

တစ်ခုပဲရှိတယ်။ ဂျင်မီကို သတိတရ စွဲလမ်းစိတ်ဖြစ်နေတာတွေဟာ ယောင်မှား ထင်ဟပ်နေတယ်။ ထင်လင်းအောင်လေး သွားလာလှုပ်ရှား သီချင်းဆိုဟန်တွေအားလုံး ဂျင်မီအဖြစ်နဲ့ ပြန်လည်ချဉ်းနင်းဝင်ရောက်လာတယ်။ အဲဒီချဉ်းနင်းမှုဟာ ဘယ်လို အဆုံးသတ်ပျက်ပြယ်လဲဆိုတော့ 'အန်တီ' လို့ခေါ်တဲ့ ထင်လင်းအောင်ရဲ့အသံကို ကြားယောင်ကာမှ လွင့်ပြယ်တော့သည်။

ဆ ဆ ဆ

မလွဲမသွေ အိပ်စက်ရန် အနားယူရန် လိုအပ်နေခဲ့သည်ကို သိရှိရဲ့သားနဲ့ လေးပင်ဖွင့်နွဲ့စွာ မျက်လုံးများ မှိတ်ချလိုက်ဖို့ ဝန်လေးနေမိပြန်သည်။ မျက်လုံးကြောင်တောင်နှင့် ဝေါ်စင်းစင်းဖြစ်ကာ ထွေရာလေးပါး အတွေးပွားနေမိသည်။ စိတ်ကူးလိုလို အိပ်မက်လိုလို အသိစိတ်မှာ စွဲကပ်ခိုတွယ်ငြိပါ ပျော်ဝင်နေသည်။ ဂျင်မီက ရှက်ရွံ့ဟန်ဖြင့် သူမအာရုံမြင်ကွင်းရှေ့ မပွင့်တပွင့်ပြုံးကာ ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com


သူမ ရင်ခုန်လိုက်မောကာ ငေးကြောင်ကြည့်မိနေစဉ် ဂျင်မီက ဆလံ သ၍ နှုတ်ဆက်သည်။ ချိုသောအပြုံးဖြင့် ရွတ်တီးရွတ်ပြာ 'ဟိုင်း တစ်တလာ' ဟုလည်း ရေရွတ်သေးသည်။ သူမ မျက်မှောင်ကုပ်ကာ နှုတ်ခမ်းစူပြီး ရန်တွေ့လိုက်သည်။ 'ဘာတွေ လာကြောင်နေတာလဲ' ဆိုတော့ သူက မျက်နှာပိုးသတ်လိုက်ရင်းက တိုးတိုးဖွဖွ ဆွဲဆွဲငင်ငင် ပြောပါသည်။ 'ပန်းပွင့်ဝေ' တွေ လာကြောင်တာတဲ့လေ။ ဟုတ်တယ် ဒါ သူ ကျွန်မကို နောက်နေကျစကားပဲ။

မွတ်သိပ်လိုက်မောစွာ သူ့မျက်နှာကို မမှိတ်မသုန် ကြည့်နေမိသည်။ အေးစက်စက် အမူအရာဖြင့် သူ့ပြောစကားတွေက ဘယ်လိုမှ အလွတ်ရုန်းမရအောင် ချည်နှောင်သည်။ သူ့အကြည့် စိမ်းတွေအောက်မှ နှလုံးသည်းပွတ်တိုက်သံအလား ကြားရသည်။

တစ်ချိန်က တမ်းတမ်းမက်မက် စွဲလမ်းချစ်ခဲ့ရသူတစ်ယောက် ၏ ရှုးကျားကျားဖြင့် ဝတ္ထုစာအုပ်ထဲက လေသံတွေ လာရွတ်နေသည်။

'ရင်မှာမျိုးသိပ်… အမြဲခံစား… ဝေသီလား… ထာဝစဉ် အချစ်တွေ ရင်မှာတိုးပွား ဝေ့ကိုချစ်စိတ် မျိုသိပ်နိုင် တိုး၍ချစ်နေဆဲ ပါကွယ်'

အပျိုဖော်ဝင်စ စိတ်ကြီးပုံနဲ့ဆို ပွဲကြီးပွဲကျယ်ပဲ။ ပျင်းစရာ ကောင်းသို့ (၁၀)ခါလောက် သမ်းပြီး ငါးခါလောက် ငိုက်ပြပြီးလောက် ပြီး အရင်စိတ်တွေ အများကြီးလျှော့ထားခဲ့ရတာ။

'အောင့်ကိုယ်စား… ထင်လင်းကို ဂရုစိုက်လိုက်ပါနော်၊ ထင် လင်းရဲ့… ရင်ဘတ်ထဲမှာ အောင်လေ အောင့်နှလုံးသားကို ထည့်ပေး ထားပါတယ် ပွင့်ဝေရယ်'

မျက်ရည်ကြည်တွေ ဝေ့ဝဲတွဲခိုနေသော မျက်ဝန်းဖြင့် ကရုဏာ သက်ဖွယ် မချိတင်ကဲ သူပြောသည်။ ဒီအဖြစ်ကို မလွန်ဆန်နိုင်တော့ လို့ နှစ်သိမ့်နေရပာန်ပန်မျိုး။ သူမ ဂျင်မီကိုကြည့်ပြီး ကြေကွဲဆို့နစ်ဘ ဖြစ်တယ်။ ဂျင်မီက သူမ လက်ဖဝါးလေးကို ဆုပ်ကိုင်ဖျစ်ညှစ်လိုက် ပြီး ခချိုပြုံးပြုံးသည်။ မျက်ရည်တွေ အလိုအလျောက် ပြုံဝေကျလာ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူမကို လက်ပြပြီး ဂျင်မီလွှင့်လျားဝေးကွာ ဆုတ်ဆိုင်းသွားသည်။

'အောင်··· အောင် ဘယ်သွားမှာလဲ၊ ကျွန်မကို မထားခဲ့နဲ့'

'အောင်··· နတ်ပြည်သွားတော့မယ်၊ ပွင့်ဝေထက်လှတဲ့ နတ်သမီးတွေ အလွှန်ပေါလို့ပါ ပွင့်ဝေရယ်၊ ပွင့်ဝေသာ နေခဲ့ပါတော့၊ အောင့်ဘဝ နစ်မွန်းချင် နစ်မွန်းသွားပါစေ၊ သွားပြီ'

သူမ အကြောက်အကန် ငြင်းဆန်၍ ဂျင်မီနောက်ကို အပြေးကလေး လိုက်သွားလေသည်။ သူမ ဘယ်လိုပင် အမောတကော အသော့နှင်၍ လိုက်သွားစေဦးတော့ ဂျင်မီကိုတော့ လိုက်၍မမှီ ခြေဖျားမမီ အနားမသီနိုင်တော့ပေ။ တဖြည်းဖြည်း ဝေးကွာဝေဝါး ပျောက်ကွယ်သွားလေသည်။

ဓားချွေးအရွှဲသားဖြင့် ငိုယိုမောပန်းနေသောအဖြစ်။ ထိုအခြင်းအရာကို လန့်ကြောက်တုန်လှုပ်စိတ်ဖြင့် ခေါင်းခါငြင်းဆန်မိမှ အတွေးလွန်သွားပြီမှန်း သတိပြုမိတော့သည်။ အတွေးရေယဉ်ကြောဖြင့် လိုက်မောကာ ရင်အစုံ တုန်ဟိုက်နွမ်းလျှချေပြီ။ အတွေးက သူမနှလုံးသည်းဆိုင်ကို ကိုင်လှုပ်လေသည်။ စိတ်ကူးလှိုင်းဂယက် အတွေးနှင့်အပြင်လောကမှာက ဘယ်လိုမှ မအပ်စပ်။ ဘာမဟုတ်တဲ့ တူသားအရွယ်၊ မောင်ငယ်ချာတိတ်လေးက ဘာကြောင့် ဝင်ရောက်နှောင့်ယှက်ရတာလဲ။ စိတ်အိုက်လှသဖြင့် ရေထသောက်မိသည်။ ဘယ်လို အစွဲအလမ်းကြောင့် စိတ်စေတသိတ်ကို ညှိုငင်ယူနိုင်စွမ်းတာလဲ အချစ်ရယ်။ သူမ ဘာကြောင့် မဖြစ်နိုင်တာကို ချစ်နိုင်ဖို့ကြိုးစားမိနေတာလဲ။ မဖြစ်နိုင်ဘူးဆိုတာကရော ကမ္ဘာမှာ ဘာရှိသေးလို့လဲ။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

ထင်လင်းအောင်ကို ယုဇနပလာဇာမှာ အမှတ်မထင် တွေ့လိုက်ရသည်။ Show ပွဲမှာတုန်းက တတွဲတွဲ လုပ်နေသော ကောင်မလေးနှင့်အတူတကွပင်။ သူက ထိုကောင်မလေးနှင့် သူမကို မိတ်ဆက်ပေးသည်။

'အန်တီဝေ… ဒါ ကျွန်တော့်သူငယ်ချင်း၊ ဖြူပြာဇွန်လေး၊ ဖြူပြာ… ဒါ မေမေ့သူငယ်ချင်း အန်တီပန်းပွင့်ဝေတဲ့'

သူမ ဝတ်ကျေတန်းကျေ မရိုင်းရာကျအောင် ပြုံးပြနှုတ်ဆက်ဖြစ်ပါသည်။ ငယ်ငယ်ချောချော ကောင်မလေးက ပေါ့ပါးချက်လက်စွာပင် အားတက်သရော ပြန်နှုတ်ဆက်ပါသည်။

'ဟုတ်… အန်တီဝေ၊ တွေ့ရတာ ဝမ်းသာပါတယ်၊ သမီးတို့လည်း ထင်လင်းလိုပဲ အသိအမှတ်ပြု ခင်မင်ပေးပါ'

'အေးပါကွယ်… ခင်ပါတယ်၊ မင်ပါတယ်၊ ကဲ… သွားစရာရှိတာ သွားကြ၊ အန်တီလည်း… အထဲဝင်လိုက်ဦးမယ်'

'ဟုတ်…'

တက်ကြွရွှင်မြူးစွာ နှစ်ယောက်သား ထွက်သွားကြသည်။ သူတို့ကျောပြင်ကိုငေးရင်းက မဆီမဆိုင် စိတ်ထဲမှာ စနိုးစနောင့်ဖြစ်ကျန်ရစ်သည်။ မဆီမဆိုင်ဆိုပေမယ့် ဆီဆီဆိုင်ဆိုင်လည်း ဖြစ်ချင်ဖြစ်မှာပေါ့။ ကိုယ်က မတော်မသင့်တဲ့ စိတ်ကွန်းခို ကျိတ်အောင်းနေမိ

www.burmeseclassic.com

www.burmeseclassic.com



တာလေ။ ကံမကောင်း အကြောင်းမလှတဲ့ သိမ်းပြီးသားဇာတ်ကို သူမဆက်က မိပြန်ပြီလား။ သေကွဲကွဲပြီးသား နှလုံးသားလေးဟာ ပြန်လည်ရှင်သန်မယ်မှ မကြံသေးဘူး။ ရှင်ကွဲကွဲဖို့ အကြောင်းတရားက ရှိနှင့်နေပြီ။

တစ်စစနှင့်သိလာရသည်မှာ ထင်လင်းအောင်နှင့် ထိုကလေးမဖြူပြာစွန်တို့သည် သူငယ်မက ချစ်သူရည်းစားမကျ အခြေအနေရောက်နေပြီဆိုတာပဲ။ ချစ်သူရည်းစားမကတော့လျှင်ကော့ မလွယ်ဌေးချေ။ ဒီတော့လည်း ဘာအရေးလဲ။ သူမအဖို့ရာက စိတ်ကူးဖြင့်သာ လေထဲတိုက်အိမ်ဆောက်ခွင့် ရခဲ့သည်။ လေထဲမှာပင် ဂယက်ထနစ်မြုပ်ပျက်ပြယ်ရပေဦးမည်။ နှလုံးသား သူရဲကောင်းဆိုတာ သေမြေကြီး ရှင်ရွှေထီးစိတ်ဓာတ် မွေးထားရမှာပေါ့။ ရဲရင့်ရမှာပေါ့။ ဘဝတစ်လျှောက်လုံး နိုင်သူတွေ စံလာခဲ့ကြတာချည်းပဲ။ ပြတ်သားဝံ့ရဲစွာ သူမ ရင်ခုန်မိခဲ့သည်။ သိပ်တုန်လှုပ်ဖွယ်ရာကောင်းစွာ သူမကိုယ်သူမ မယုံကြည်နိုင်လှစွာ အံ့သြဘနန်းဖြစ်ရသည်။ ဘာကိုမှမကြောက်ရွံ့ မတုန်လှုပ်ဘဲ လာမယ့်ဘေး ပြေးတွေ့လိုစိတ်ဖြင့်ပင် ချစ်မိခဲ့သည်။

လွန်ခဲ့သော ငယ်စိတ်တွေကို နှပျိုရှင်သန်ခဲ့သည်။ ရဲရင့်တည်ကြည်သွားသည်။ ရင်ခုန်လှုပ်ရှား လန်းဆန်းသွားရသည်။ ထင်လင်းအောင်ရဲ့ ပကတိ ရိုးသားစိတ်ဖြင့် ရပ်တည်လှုပ်ရှား လည်ပတ်နေပုံတွေကပင် သူမကို ပိုပြီး နှလုံးသားသက်ဝင် လွန့်လူးစေဖို့ စေ့ဆော်ထောက်ပံ့သလို ဖြစ်နေလေသည်။ ဘာမှ မသေချာတဲ့ဘဝကြီးမှာ မရေရာတဲ့ အချစ်နောက် မိုက်ရူးရဲစွာလိုက်မိတာ သူမအမှားလား။ ဒါဟာ သက်တောင့်သက်သာ ပုံစံမပျက် စီးဆင်းသွားခြင်းပဲဖြစ်မှာ။ မီးမှန်းသိရက်နဲ့ မှားမှန်းသိရက်နဲ့ တည့်တည့်တိုးမှားတယ် ဆိုရင်ဆိုပါစေ။ လူတိုင်းမှားယွင်းတတ်ကြတယ်။ မဖြစ်မနေ ဖြတ်ကျော်ရမယ့် အမှားအယွင်းက ပွဲကြီးပဲ။ သူမ ရဲရဲကြီး မှားယွင်းပစ်လိုက်ပါတယ်။ လူကြီးသူမတွေတောင် ဆက်ရက်ချိုးထင်၊ သမက် သူ့မိုးထင်ဖြီး ဘောက်လေးခွနဲ့ မှားယွင်းပစ်တယ်ဆိုလားပဲ။ ဒီလိုပဲ လေဖော်သေဖက်သို့ အမှုတွဲခေါ်ရတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



အချစ်မှာ မတရားတာ မရှိဘူးဆိုလို့ တယ်လီဖုန်းခွက်ကို လက်ကိုင်ပဝါအုပ်ပြီး ဖုန်းဆက်လိုက်ရသည်။ သူမကိုယ် သူမလည်း မှန်ထဲမှာ ထိုခဏပင် ပြန်မကြည့်ချင်ခဲ့ပေ။ သဘောကျ ဂုဏ်ယူဝင့်ကြွားလိုစိတ်ကတစ်လှည့် ရှက်ရွံ့တာကတစ်လှည့်စီပေါ့။ သီချင်းထဲက လိုတော့ ဖြစ်နေပါပြီ။ အသံဖျက်ပြီး ပိုပိုသာသာ ကုန်းချောစကားစင်သို့ဆီမှာ ဖွင့်ဟမိသည်။ သူမ သိထားရသလောက် ဖြူပြာစွန်ရဲ့အားနည်းချက်ကို အမိအရကိုင်ပြီး အထောက်အထား ခိုင်ခိုင်လုံလုံ အတင်းတုပ်ပစ်သည်။ ဘာရမလဲ မဖွားညွှန့်မြေးပဲ။ လူငယ်ဆိုတာ အမှားနဲ့ကင်းတယ်လို့မှ မရှိဘဲ။ စကိုင်းဘလူးလုပ်ရတာ သိပ်လွယ်တာပေါ့။ လူငယ်တွေရဲ့ အချိုးမပြေမှုဆိုတာ လူကြီးအမြင်နဲ့ ရှုမြင်လိုက်ရုံနဲ့တင် လုံလောက်နေပြီလေ။

လူတွေထဲက သူတစ်ထူးလူပဲလေ။ သိကြားမင်းက နွားချောင်ဖန်ဆင်းပြတာတောင်မှ ချိုထောင်၊ ချိုကုပ်၊ အမြီးတိုတယ်လို့ ကြေးများတဲ့လူပဲလေ။ ဒါဟာ ပထမအဆင့် မြိုင်ဘက်ကို သွေးတိုးစမ်းလိုက်တဲ့ သဘောပဲ။ လိုချင်တာရအောင်ယူဖို့ သူမ ဒီလိုပဲ ခေါင်းမာစွာ ချဉ်းကပ်ယူရမှာပဲ။ ဒါဟာ သူမရဲ့ ထက်သန်သော မေတ္တာစိတ်။ ကြီးကျယ်ခမ်းနားသည့် မြင့်မြတ်သိပ်သည်းဆ ပြင်းထန်သော အတ္တပင် ဖြစ်လေသည်။

ထင်လင်းအောင်ဘက်က လက်စလက်န လက်သည်ဖော်ရပေ။ သူမအပေါ် အမြင်ကြည်လင် ဖြူစင်နေဆဲ။ သူကတော့ သူ့အမေရဲ့ အရိပ်တကြည့်ကြည့်အောက်မှာ အနေကျုံ့သွားရသည်။ တရားသဖြင့် ကွာဟခြားနားမှုသည်ကား ဤမျှသော တရားသဖြင့် အကျောရယူပိုင်ခွင့် ရှိလိမ့်မည်ဟု သူမထင်သည်။ အစွမ်းကုန် ပိုမိုနှယ်စေမည့် အသွင်အပြင်အဆင်မျိုး ရွေးချယ်ဝတ်ဆင်၍ သူ့ဆီ ချဉ်းကပ် အရောက်သွားခဲ့ပါသည်။

သူဆိုသော သူ ထင်လင်းအောင်ကား သူမကို အပြစ်ကင်းဖြူစင်စွာ ခင်မင်နှစ်လိုခြင်း သက်သက်သာ။ ဒီထက်ပိုပြီး ဘာတစ်စွန်း

www.burmeseclassic.com

www.burmeseclassic.com



တစ်စမှ အကြည့်တစ်ချက် အမူအရာတစ်ခုတစ်လေမှ ရှိမလာသေး။

'ထင်လင်းအောင်ကို… မမဝေ ပြောပြစရာ စကားရှိနေတယ်'

'ဗျာ…'

သူရုတ်တရက် ကြောင်အသွားကာ အထူးအဆန်း သူမကို မော့ကြည့်သည်။ သူမ၏ ပြောစကားနှင့် အသုံးအနှုန်းကြောင့်ပင်။ ဘာကြောင့်လဲ၊ ဘာတွေများလဲ၊ အထူးတဆန်းဖြစ်စိတ်များနှင့် ဇဝေဇဝါဖြစ်သွားပုံလည်း ရလေသည်။

'ဘာများလဲ… အန်တီဝေ အဲ…'

ထင်လင်းအောင် ပါးစပ်မှ လွှတ်ခနဲ ထွက်သွားပြီးမှ အားတုံ့အားနာဟန်ဖြင့် နှုတ်ဆွံ့အသွားကာ နှိုင်းယှဉ်ချိန်ဆနေပြန်သည်။ သူမ အချက်ပိုင်ပိုင်ပင် စိတ်သက်သာရာရအောင် မာယာကြွယ်ဝစွာ ပြုံးလိုက်ပါသည်။

'မမဝေ… ညက စိတ်မှာ ထင်လင်းအောင်ကို ကြည့်ရတာ ဂျင်မီကို ကြည့်နေရသလိုပဲ၊ ပြီးတော့… မမဝေနားမှာ ဂျင်မီ့စကားတွေ အဲတိုင်းသား ကြားယောင်နေရတယ်'

'မမဝေအနေနဲ့တော့ ထူးခြားလွန်းလို့ အံ့ဩမှုဖြစ်ရလို့ ပြောပြတာပါ ထင်လင်းအောင်'

'ကျွန်တော်လည်း… အကုန်လုံးကို အံ့ဩရတာပါပဲ'

ပဋ္ဌခတ် အခြေအနေ အားလုံးကို အံ့ဩရမှာပေါ့။ မထင်ထားတဲ့ ထောင့်ချိုးက ကွေ့ဝိုက်ရောက်လာတဲ့ အချစ်သဘောက ဆိုက်ကပ်ဆွဲငင်လို့ ဥညအူနေလေပြီ။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

ဘီစီ(၆၀၀)ခန့်က တန်မင်းဆက် ဘုရင်တစ်ပါးဟာ လိုတရ မြေဖြူတောင့်ကို ရခဲ့တယ်။ အလိုရှိရာ ရေးခြစ်လိုက်ရုံနဲ့ ဖြစ်မြောက် အောင်မြင်သတဲ့။ မြေဖြူခဲကလည်း တော်ရုံလွယ်လင့်တကူ ရနိုင်တာ မဟုတ်ဘူး။ ရယူနိုင်ဖို့ ခဲယဉ်းသောအရာပင်။ အဖိုးထိုက်ရတနာ တစ်ပါးဖြစ်သော ထိုမြေဖြူတောင့်ကို ဝက်ပါမြို့ရိုးရဲ့ အတွင်းပိုင်း ဥပနာလိုဏ်ဂူမှာ သူတော်စင် လာမားဘုန်းကြီးက စောင့်ရှောက် သိမ်းသိမ်းထားတယ်။ တန်မင်းဆက်တစ်လျှောက် အကြိမ်ကြိမ်အဖါဖါ တိုက်ခိုက်ပြီး မြေဖြူတောင့်ကိုရယူဖို့ ဝက်ပါမြို့ရိုးကို ရင်ဆိုင်ခဲ့တယ်။ မြတ်ကျော်ခွင့်မသာဘဲ အရှုံးရှုံး အနိမ့်နိမ့် အလဲလဲအကွဲကွဲဖြစ်ရတယ်။ အောင်ဖျာလိပ်ပြီး ပြန်လာသမျှ ကျိတ်မနိုင် ခဲမရကြဲရာ မရကြပေ။ တန်မင်းဆက်ရဲ့ ပေါက်မြောက်အောင်မြင်သူ တစ်ပါးသောသူရဲကောင်း ဘုရင်ဟာ သူငယ်နာရောဂါရှိသည်လား။ သူငယ်ပြန်သည်လား၊ မိခင်နို့ မပြတ်သေးတာပဲလားတော့ မပြောတတ်ပေ။ လက်ညှိုးကို ပါးစပ်ထဲ ထည့်ပြီး စုပ်သတဲ့။ ပြီးတော့ မဆိုင်းမတွပင် ဝက်ပါမြို့ရိုးမြေပုံကို လက်ညှိုးနဲ့ ထောက်လိုက်သည်။ ယင်းသောအခါဝယ် မြို့ရိုးအလယ် ဗဟို လိုဏ်ဂူပေါက်တည့်တည့်သို့ ထောက်မိကာ တံတွေးစိုစွတ်နေသော လက်ညှိုးအစွမ်းဖြင့် မြေပုံစာရွက်မှာ ထုတ်ချင်းပေါက်လေတော့သည်။

တန်မင်းဆက်လည်း အကြံတစ်ခု ချက်ချင်းလက်ငင်း ဉာဏ် ပွင့်တာ မြို့ရိုးကို ထုတ်ချင်းပေါက် ဖောက်၍ ဝင်တိုးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤနည်းဖြင့် လူမိုက်ကံကောင်း မြေဖြူတောင့်ကို အချောင်ရလိုက်သည်။ မြေဖြူတောင့်ကိုရတော့ စကြာဝဠာအစိုးရသော မင်းအဖြစ်လောဘဇောတိုက်ပြီး ရေးခြစ်တောင့်တခွင့် မသာဘူး။ လုပ်ကြံသူကြောင့် သေအံ့ဆဲဆဲဖြစ်နေလို့။ ဒါနဲ့ပဲ တန်မင်းဆက်ဟာ အသက်ထွက်လုဆဲ တရုတ်သင်္ချိုင်းရောက်ကာနီး တည်းလည်းမှာပင် မအိုမနာမသေဖို့ ရေးခြစ်လိုက်တယ်။ မြေဖြူတောင့်ဟာ တစ်ကြိမ်ပဲ ရေးခြစ်ခွင့်ရသတဲ့။

အဲဒီလိုနဲ့ တန်မင်းဆက်ဟာ ယနေ့တိုင် သက်ရှိထင်ရှားအမှောင်နဲ့ အလင်းကမ္ဘာကြားမှာ ကူးလူးနပျိုရှင်သန်ဆဲ ရှိနေတာပေါ့။

သူမဘဝအတွက် ဒီအကြောင်းအရာဟာ ယောင်လို့တောင်မှ မတွေးမိခဲ့ဖူးပေ။ သက်ဆိုင်လာလိမ့်မည်လဲ မထင်ခဲ့ပါ။ အခုတော့ သက်ဆိုင်လာခဲ့ချေပြီ။ ထင်မထားတာတွေချည်းပဲ ဆက်တိုက်အံ့သြရအောင် ဖြစ်လာကြသည်။

မညီမျှခြင်းဖြင့် ကွာဟနေသော သူမနှင့် ထင်လင်းအောင်၏ အသက်အရွယ်၊ အပိုင်းအခြား၊ အကန့်အသက် အတိုင်းအတာများ ဒီလို ဝေးကွာခြားနားမှုတွေ အပြီးသတ် နီးစပ်သွားစေဖို့ သူမနှင့်ဂျင်မီတို့ ထပ်တူထပ်မျှ ဆန္ဒရှိနေသည်။ ထင်လင်းအောင်၏ အထင်တသေး၊ အမြင်သေး၊ ကြည်လင်မှု မရှိသော အတွေးခေါင်ခြင်းတွေအားလုံးကို အဆုံးသတ်ပစ်ရမည်။

နည်းလမ်းတစ်ခုပဲ ရှိတော့သည်။ ဂျင်မီက မြေဖြူတောင့်ယူလာ၍ သူမကိုပေးသည်။

'ဒါကြီးက… ဘာကြီးလဲ'

'မြေဖြူတောင့်လေ…'

'ဘာလဲ… လိုတရ မြေဖြူတောင့်ဆိုတာလား'

'မဟုတ်ဘူး… ပွေးပေါက်တဲ့ မြေဖြူတောင့်'

အောင့်သီးအောင့်သက်ဖြင့် သူပေးသော မြေဖြူတောင့်ကိုရွံရွံရှာရှာ နှာခေါင်းရှုံ့ကာ ဖျစ်ညှစ်၍ ကိုင်လိုက်သည်။ ထို့နောက်မသွဲမရှောင်သာ ရေးခြစ်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com


ဝမ်းသာကြည်နူးစွာ လက်ဖျောက်တစ်ချက်တီးပြီး လေချွန်မိလိုက်သေးသည်။ အာလုံးအိုကေမှာ စိုပြေပဲ။ ဒီလို လုပရှန်းစို နုပျိုမှုမျိုးနဲ့ဆို ထင်လင်းအောင်ရဲ့ နှလုံးသား တုန်လှုပ်သွားရမှာပေါ့။ ဘာသားထုထားလို့ မာကျောစွာ မတုန်မလှုပ်ဖြစ်ပြီး တင်းခံနိုင်မှာတဲ့လဲ။ ဟော့ ရှော့ဖြစ်လောက်အောင် အလှပြင်မိပြန်သည်။ နှုတ်ခမ်းဆိုးဆေးလေး ခြယ်သတို့ထိပြီးကာမှ ကိုယ့်အဖြစ်ကိုယ် သတိရပြီး ရယ်မိသေးသည်။

'အဟီး… ငါ ရေမချိုးရသေးဘူး'

လက်ကိုမြှောက်၍ မသိုးမသန့်စိတ်ဖြင့် ကိုယ့်ချိုင်းကိုယ် ပြန်နမ်းကြည့်ပြီး နှာခေါင်းရှုံ့ရသေးသည်။ စိတ်အိုက်ကိုယ်လှောင်ရှိလာသဖြင့် အဝတ်အစားများ အပုံလိုက်ပြန်ချွတ်ကာ ရေချိုးခန်းထဲ ကသောကမျော ဝင်မိလေသည်။ ရေမိုးချိုးရင်း တောင်တောင်အီအီ စဉ်းစားလိုက်သေးသည်။ အခုလို အသက်ကလေး ပြန်ငယ်သွားပြီဆိုတော့ အိုပယ်အဆင့် မရောက်တော့ဘူးပေါ့။ ဟိုလူ ဒီလူ ဝိုင်းကြောင်တာခံရဦးတော့မှာပဲ။ အရင်လို ဂျင်မီကို အားကိုးလို့ မရတော့ဘူးဆိုတော့ အားကိုးစရာဆိုလို့ လုလင်ငယ်သွေး မောင်ငယ်လေး ထင်လင်းအောင် တစ်ယောက်ပဲ ရှိတော့သည်။ ဒါတော့ မဆိုးလှဘူး။

ခက်တာက အသက်ပြန်ငယ်သွားတဲ့ သူမဟာ ကျောင်းတွေ သင်တန်းတွေ ပြန်တက်ရဦးမှာလား စဉ်းစားရကျပ်သွားပြန်သည်။ သူမတစ်ယောက်တည်း ခန္ဓာတစ်ခုပဲ ငယ်ရွယ်သွားရတာ။ ဦးနှောက်မှတ်ဉာဏ်နဲ့ ဂုဏ်ပုဒ်တွေ ကိုယ်ပိုင်အရည်အချင်းတွေတော့ ငယ်မသွားလောက်ဘူးထင်ပါရဲ့။ ရေချိုးလိုက်မှ စိတ်ကြည်လင် သန့်ပြန့်ပြီး လန်းဆန်းသွားရသည်။ အလှျှင်အမြန် ကမန်းကတန်း ပြင်ဆင်ခြယ်သရမည်။ ပြီးရင် ပဲများပြီးတော့ ထင်လင်းအောင် မြင်သာထင်သာ သတိထားမိအောင် သူမအလှကို သွားရောက်ကြွားဝါရချေဦးမည်။ ပါးစပ်အဟောင်းသားနဲ့ အံ့ဩတကြီးငေးမောကာ သူမရဲ့အလှမှာ ယစ်မူးသွားမှာကို မြင်ယောင်မိသေးတော့သည်။ ဆန္ဒတကယ်ပြင်းပြတော့လည်း စိတ်ကူးယဉ်အိပ်မက်တွေဟာ မယုံနိုင်စရာကောင်းလောက်အောင် တကယ့်လက်တွေ့ ဖြစ်မြောက်လာခဲ့တာပဲပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် အခုလို ပြန်လည်အသစ်တစ်ဖန် နုပျိုလန်းဆန်းခွင့် ရတာတွေအတွက် ဂျင်မီကို ကျေးဇူးတင်ရမည်။ မြေဖြူတောင့်ကလေးကိုလည်း စပါယ်ရှယ် သင်ခန်းလုပ်ရမည်။ မော်ကြွားသော အလှရှန့်ဖြင့် ချစ်သူထံပါးမှာ ပွင့်လန်းသွားပါမည်။

သူမကို ရုတ်တရက် မြင်လိုက်တော့ ထင်မှတ်ထားသည့် အတိုင်းပင် ထင်လင်းအောင် အယောင်ယောင်အမှားမှား ရေရွတ်သည်။

'ဟာ… အန်တီဝေ၊ အဲ… အဲ… ဘယ်လို'

သူမ ပိုင်ပိုင်နိုင်နိုင် အပြုံးပန်းတွေ ပွင့်ဝေပစ်လိုက်သည်။ 'ကဲ… မှတ်ပြီလား' လို့ စိတ်ထဲမှာ ကြုံးဝါးမိသေးသည်။ နာမည်နဲ့ လိုက်အောင် ပန်းပွင့်ဝေပစ်လိုက်တာလေ။ သီဝိမင်းကြီးက ဥမ္မာဒန္တီကို မြင်လိုက်ရသလို ရူးသွပ်ရချေပြီ။

'သိပ်အံ့သြနေသလား အောင်'

'ဟုတ်တယ်… ကျွန်တော် အမြင်အာရုံတွေ ချွတ်ယွင်းနေတာလား၊ ကျွန်တော့်စိတ်တွေ ဘယ်လိုဖြစ်သွားရတာလဲ'

'ဘယ်လိုမှ… မဖြစ်ပါဘူး၊ အခုဆိုရင် အောင်နဲ့မဝေက အသက်အရွယ် အတိမ်းမယိမ်း ပြန်ဖြစ်သွားပြီ'

'ဒီလိုကိစ္စတွေ ရှိသလား…'

သူက တရုတ်သိုင်းဇာတ်လမ်းတွဲထဲမှ ပေါင်ချိန်လေသံဖြင့် မယုံမရဲရှိလှစွာ ရေရွတ်လေသည်။

'ရှိလို့ အခု မျက်စိရှေ့မှာ တပ်အပ်တွေ့မြင်နေရပြီလေ'

'ဟာဗျာ… သွားပြီ၊ ကျွန်တော်… ခေတ်နောက်ကျသွားပြီ၊ အဲဒီဆေး ဖော်နေတာ မသိလိုက်ဘူး'

သူမ ပြေပြစ်ချိုသာစွာ ရယ်သွမ်းသွေးလိုက်မိသည်။ အချစ်ကြောင့် နုပျိုလာတဲ့ ဆေးစွမ်းကောင်းတစ်လက်ဆိုတာ ကောင်လေး နားမလည်သေးဘူး ထင်ပါရဲ့။ ဒီလိုပဲ ဖြစ်ရမှာပေါ့လေ သူ့ကိုယ် သူမတောင် အံ့သြလို့မဆုံး ဖြစ်ခဲ့ရသေးတာပဲ။ သူမ ကြုံရလိုက်တဲ့ ဖြစ်အင်ကို သူသိအောင် ရှင်းပြလိုက်ပါသည်။ မယုံနိုင်စရာ ရုပ်ရှင်

www.burmeseclassic.com

www.burmeseclassic.com



ပုံပြင်ဆန်နေတော့ သူ အင်တင်တင် မျက်နှာပေးနဲ့ မဖိုတ်မသုန်ကြည့်တယ်။ မကျေမချမ်း ကောင်ချက်ချ စကားလည်း ဆိုလိုက်ပြန်သေးတယ်။

'မဖြစ်နိုင်တာပဲ၊ ခင်ဗျား… မလိမ်နဲ့၊ ခင်ဗျားက… အန်တီဝေရဲ့သမီး၊ အဲ… အပျိုကြီးဆိုတော့ ဘူမပဲဖြစ်ရမယ်၊ ဟုတ်တယ်ဟုတ်'

'ဘယ်ကလာ… တို့က ဝေပါပဲ၊ မင်း… အန်တီဝေလို့ခေါ်ပြီး အဘွားကြီးစာရင်း အတင်းသွင်းနေတဲ့ ပန်းပွင့်ဝေမှ ပန်းပွင့်ဝေအစစ်ပါပဲ၊ တို့မှာ ရုပ်ချင်းဆင်တဲ့ အမြွှာညီအစ်မတွေ၊ တူမတွေလည်း မရှိပါဘူး အောင်ရယ်'

အူလည်လည်ဖြင့် ကောင်လေး ခေါင်းကုပ်ရှက်ဖြဲဖြဲ ရယ်လေသည်။ မတင်မကျစိတ်ဖြင့် လူငယ်ပီပီ စူးစမ်းဆင်ခြင်စိတ်ကလည်း အပြည့်အဝ ရှိနေပြန်သေးသည်။

'အေးဗျာ၊ အန်တီ… အဲ ခင်ဗျား ပြောလို့သာ ယုံရတာ၊ တကယ်ပဲ ကျွန်တော့်စိတ်ထဲမှာ တန်းတူရည်တူ မကွာဟသွားသလို ခံစားမှု ထိတွေ့ရပါတယ်'

'အောင်… မဝေကို လူကြီးတစ်ယောက်လို တရိုတသေ ဆက်ဆံဖို့ မလိုတော့ဘူးလေ၊ အဲဒါ… မကောင်းဘူးလား၊ သူငယ်ချင်းပေါင်းပေါင်းပြီး ပွင့်လင်းစွာပြောလို့ရပြီ'

ဂျင်မိုကိုယ်ပွားလေးကို ကျေမီလို ပြောခိုင်းလိုက်နိုင်ပြီ။ ပေါ့ပါးလွတ်လပ်သော တန်းတူရည်တူညီမျှမှုပင်။

'ကောင်းပါတယ်၊ အဟဲ… ကောင်းသားပဲ၊ တကယ်အံ့ဩလွန်းလို့ မယုံနိုင်ဖြစ်ရရုံပဲ ရှိတာပါဗျာ'

နှစ်ယောက်သား ချိုလွင်အေးမြစွာ ရယ်လိုက်မိကြသည်။ သူမက လက်သီးဆုပ်ကလေးထောင်ပြလိုက်တော့ မာန်ပါပါ ခေါ်ယူမှာယ် ရှိရှိပင် သူက လက်သီးဆုပ်ချင်း တော့ဆိုင်ထိုးလိုက်သည်။ ရင်းနှီးခင်မင်မှုသွေးကြောများ စီးဖြာသွားကာ နွေးထွေးသွားကြလေသည်။ ရယ်မော

www.burmeseclassic.com

www.burmeseclassic.com


ကြည်နူးစွာ သူက ရှုးစမ်းမေးမြန်းလေသည်။ တကယ့်ကို စပ်စုတဲ့ သတင်းထောက်မလေးတွေ အတိုင်းပဲ။ အမ်အာရဲ့ တီဗွီဖိုးက ကောင်မလေးတွေ နောက်ကောက်ကျသွားနိုင်လောက်သည်။

'အခုလို… အသက်လေး ပြန်ငယ်သွားပြီဆိုတော့၊ အိုမင်းရင့်ရော်မှု၊ အိုနာသေဘေးနဲ့ ဝေးသွားပြီလို့ ထင်ပါသလား'

'အိုခြင်းနာခြင်းနဲ့ ခဏဝေးသွားတာ အမှန်ပဲ၊ သေဘေးဆိုတာကတော့ ကံသေကံမ ပြောမရသေးပါဘူး၊ အရင်တုန်းက ကျော်ဖြတ်လာခဲ့တဲ့ 'သေမင်းစက်ကွင်းကို အခုတစ်ခါ ပြန်ဖြတ်ကျော်ရင် လွတ်မြောက်ချင်မှ လွတ်မြောက်တော့မှာလေ'

'ကျောချမ်းစရာပဲ၊ ငါးခြောက်လားကျလို့'

ကျောစိမ့်အောင် ချမ်းသွားတာကို ငါးခြောက်လှန်းဖို့ ကျောခြမ်းလိုက်တာနဲ့ရောပြီး အရွှန်းဖောက်လေသည်။

'ကဲပါ… အခုလို မြင်တွေ့ကြားသိရတဲ့အတွက် ခင်ဗျားကို လူငယ်တစ်ယောက်အနေနဲ့ ဝမ်းသာလိုက်လှဲစွာ ကြိုဆိုပါတယ်'

အသင့်အတင့် လက်ခံနှစ်ခြိုက်စွာ လက်ကမ်းနှုတ်ဆက်၍ နှစ်လိုကြည်နူးစွာ သူကြိုဆိုသည်။

'အသက်ပြန်ငယ်သွားပြီဆိုတော့ ခင်ဗျား၊ အဲ… မမဝေ ဘာလုပ်မယ် စိတ်ကူးလဲ'

ငယ်စဉ်တုန်းက မအောင်မြင်ဘဲ ကျော်လွှားခဲ့ရတဲ့ ရှောင်ဖယ်လက်လျှော့ခဲ့ရတဲ့ အခွင့်အလမ်းကို ပြန်ပြီးရယူ ကြိုးစားရမှာပေါ့။ 'ဇဝရက်တောင်ထိပ်ရောက်အောင် တစ်ဖန်ပြန်လည်ကြိုးစားပြီး တက်မှာပေါ့လို့'တော့ သူမ မဖြေဖြစ်ခဲ့ပါဘူး'

'ဘာလုပ်မယ် စိတ်ကူးလဲဆိုတော့ မေမေက မင်းလေးနဲ့ လက်ထပ်ပေးထားတာကို ဖျက်သိမ်းရမယ်'

'အယ်… တစ်မျိုးကြီးပါလား၊ ကိုယ်ပိုင်လွတ်လပ်ခွင့်ရပြီ'

'ပြီးရင်… ဝက်သားတုတ်ထိုး တဝကြီးစားမယ်'

'ကောင်းတယ်… အစားအသောက် လှနဲ့တည့်တယ်'

www.burmeseclassic.com

www.burmeseclassic.com



သူမ လက်မထောင်၍ ဂုဏ်ယူဝင့်ကြွားစွာ ထောက်ခံနေလိုက်သေးသည်။ အတိုင်အဖောက် ညီညာပြေပြစ်လို့ နောက်နောက်ပြောင်ပြောင် ရယ်မောကြည်သာနေပြန်သည်။

'ပြီးတော့··· ရည်စားထားမယ်'

လွတ်ခနဲ သူမပြောလိုက်တော့ မျက်ကလူးဆန်ပျာဖြင့် ခေါင်းကုတ်လေတော့သည်။ ရပ်ကိုက မအီမလည် ငါးချဉ်ရပ်။

ဆ ဆ ဆ

ကုန်းကျော်တံတားကို ယှဉ်လျက် လျှောက်လာရင်း ဘာစိတ်ကူးပေါက်သည် မသိပေ။ ထင်လင်းအောင်က ရှုတ်တီးရှုတ်နောက် စကားဆိုလေသည်။

'မမဝေ··· ကျွန်တော့်ကို အကုန်အကျခံပြီး ပေါင်းကြည့်ပါလား၊ အအိပ်နဲ့ အစားငှားလိုက်တယ်လေ'

သူမ မျက်စောင်းလေး အမူပိုစွာ ဝေ့ဝဲထိုးပစ်လိုက်တော့ ထင်လင်းအောင် နှစ်ထောင်းအားရ ပြုံးပါသည်။

'လာမယ့်ဘေး··· ပြေးတွေ့ပါစေတော်၊ ပေတရာလင်းတလေး'

သာမောတင့်လှစွာ သူမတို့နှစ်ယောက် လိုက်ဖက်ညီအတွဲဖြစ်နေသည်။ မြင်သူငေးယူ အားကျလောက်သော ညီမျှမှုကို အခုတော့ လက်ဆုပ်လက်ကိုင် အမိအရ ဖမ်းယူနိုင်ခဲ့ချေပြီ။

'ကျွန်တော်··· မမဝေအတွက် အင်္ကျီတစ်ထည် ဝယ်ပေးမယ် ပြီးရင် မမဝေ ဘယ်သွားချင်လဲ သွားချင်တဲ့ နေရာလိုက်ပေးမယ်'

အခုလို ကျပြန်တော့လည်း သူမက မကမ်းဘဲ လှမ်းလာနေပြီ။ မမျှော်မခေါ်ဘဲ အသင့်ရောက်လာ ချဉ်းကပ်နေချေပြီ။ သူ့စိတ်ကိုတစားခဲ့သော ဖြူပြာရွှန်အကြောင်းပင် ယောင်လို့တောင်မှ မတော့ဆ။ ကောင်းလေစွပါတကား။

www.burmeseclassic.com

www.burmeseclassic.com



သူမဖြစ်အင်ကို စင်သီကလည်း မယုံနိုင်စွာ နားမလည်ဖြစ်ရလေသည်။ သူမ တစ်အိမ်လုံးက အံ့ဩတုန်လှုပ်ရသည်။ အရှင်လတ်လတ် ဝိညာဉ်တစ္ဆေတစ်ကောင်ကို တွေ့မြင်ရသလို ချောက်ချားထိတ်လန့်နေကြသည်။ သူမကတော့ အရာရာကို အောင်နိုင်သူတစ်ယောက်ပမာ ပြေပြေပြစ်ပြစ် ဆီးမိုးပြုံးပစ်နိုင်လိုက်ပြီဖြစ်သည်။ သိမ်ငယ်ညှိုးနွမ်းခဲ့ရသမျှ အစားပြန်ရသလို ရင်ကော့ခေါင်းမော့လို့ မော်ကြွားခွင့်သာခဲ့လေပြီ။

ဖက်ရှင်ဆိုင်ထဲက ထွက်လာတော့ တိုင်ပင်မထားဘဲ နှစ်ဦးသား ပန်းခြံဘက် ခြေဦးလှည့်မိကြသည်။ ချာကိုတ်လေးက မသိမမီလိုက်တဲ့ နေ့စွဲတွေအကြောင်း မေးမြန်းသည်။

'လေးလေးနဲ့… ဒီနေရာကို ရောက်ဖူးသေးလား'

'ဟင့်အင်း… အဲဒီတုန်းက တို့နှစ်ယောက်လုံး အချစ်အကြောင်း ကောင်းကောင်းကြီး နှံ့နှံ့စပ်စပ် သိကြသေးတာ မဟုတ်ဘူးကွ၊ နားစွန်နားဖျားလောက်ပဲ ကြားဖူးထားကြတာ'

ရိုးသားသော မျက်ဝန်းအရိပ်အယောင်ဖြင့် သူမ ခေါင်းခါငြင်းဆန်လိုက်ပါသည်။ အချစ်နှင့် မသင့်မတင့်ပေမယ့် သင့်တင့်ခဲ့သော ငြိမ်းချမ်းအေးမြရာကို သူလွတ်အောင်သာ ပြေးပေတော့။ သူနှလုံးသား အချစ်ရဲ့ အချုပ်အနှောင်ခံမှ ရုန်းထွက်ရှင်သန်ဖို့ပဲ။

'မမဝေ… အခုလို ပြောင်း ဲဖြစ်တည်မှု အခြေအနေ အခါသမယမှာ ဘယ်လိုနားလည်သိရှိထားလဲ'

'ဟောင်းနွမ်းမှုအားလုံး အသစ်က ပြန်စရသလိုပဲ သစ်လွင်တဲ့ရင်ခုန်မှုရှိနေတယ်'

အရာရာဟာ သူမန်ဘေးမှာ စိမ်းလန်းလှို့ဝှက်စွာ စုစည်းကပ်ငြိလို့နေလေပြီ။ ဘဝမှာ ဘယ်လိုမှ မျှော်လင့်မထားမိသော စကားလုံးများနှင့် ဆော့ကစားခွင့် ကြုံနေရသည်။ အဖြစ်အပျက် အတွေ့အကြုံဆန်းများ ပြည့်သိပ်စွာ ရင်ဆိုင်နေရပြီ။

'မမဝေ… အသိနဲ့ယှဉ်ပြီး အချစ်ကို ဘယ်လိုအဓိပ္ပာယ်ဖွင့်ချင်သလဲ၊ ပြောစမ်းပါဦး… ဗဟုသုတ'

www.burmeseclassic.com

www.burmeseclassic.com



'အချစ်ဆိုတာ... ဖြစ်သင့်ဖြစ်ထိုက်ရင် ထွက်ပေါ်လာတဲ့ နောက်ဆုံးပေါ် နေတစ်စင်းပဲ၊ သူ့မှာ... အသက်အရွယ်၊ အခြေအနေ၊ အချိန်အခါ ဘာအကြောင်းပြချက် တစ်ခုမှမရှိဘူး'

'ပကတိဖြူစင်မှု မရှိပေမယ့် တပ်မက်စွဲလမ်းမှုတော့ ရှိမယ်လို့ ကျွန်တော်ထင်တယ်'

'ဖြစ်နိုင်ပါတယ်၊ လိုအင်ဆန္ဒရှိလျက်နဲ့ မရှိဟန်ဆောင်နေရတာကလည်း အချစ်ဖြစ်စေတာပဲ'

အတတ်နိုင်ဆုံးတော့ ရင်ခုန်သံ ဘက်တူညီအောင် ပဟေဠိအဖြေညှိပစ်ခဲ့ပါသည်။ သဘောထားတိုက်ဆိုင်တူညီမျှမှုကသာ ဆွဲဆောင်ပြင်းပြသော မေတ္တာလမ်းကလေးကို ညွှန်ပြနိုင်မှာမို့ပဲ။ ဒီအခြေအနေထိရောက်အောင် ချဉ်းကပ်လာခဲ့ပြီးမှ သူမက သူ့ဆန္ဒကျင်ရာကို ဘာလို့ မိုက်မိုက်မဲမဲ လျှောက်ဝံ့တော့မှာလဲ။

'မမဝေကို... လေးလေးက ဘယ်လိုတင်စား ဖွဲ့နွဲ့ခဲ့သလဲ'

'မင်းအမေက... မင်းအဖေထက် ပိုပိုသာသာ မင်းကို တင်စား ဖွဲ့နွဲ့သလိုပါပဲကွယ်'

ပန်းခြံတစ်ခုလုံး ကျေနပ်ကြည်နူးစွာ လန်းဆန်းလင်းပွင့်သွားလေပြီ။ ဘယ်တော့မှ မညှိုးမနွမ်း ထာဝရ ပွင့်ဝေနေသော ပန်းကလေးသူမ ဖြစ်ခဲ့ဖူးသည်။ ယခုလည်း ထိုသို့သော ချစ်စဖွယ် နှပျိုစိုလက်ပန်းကလေး ဖြစ်နေဆဲပင်။

'ကျွန်တော်... မမဝေကို ကြည့်ပြီးတော့ အသည်းတွေ ကလိတာလိနဲ့ ယားလာပြီ'

'ဘယ်သူ... ကလိထိုးလိုက်တာလဲ၊ တို့လက်ချက် မဟုတ်ဘူးနော်၊ ခွေးလေးယားသီဆို ဝင်္ဂလည်ပြီး ဝဲပေါက်မှာကြောက်လို့ တို့ မသုံးဘူး'

လူချောလေးက ရှက်ရွံ့ပြုံးတုံ့စွာ ရယ်လေသည်။ သူမရဲ့ ရင်ခုန်သံတွေလည်း ရှက်ရိပ်ဖြာဝေရတာပါပဲ။ အခုမှ ပြန်အလှန်ဘာစ်လှည့်စီ သရေကျသွားတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



'မမဝေ အကြောင်းကို လျှပ်တစ်ပြက်ဂျာနယ်မှာ ထည့်လိုက်ချင်တာကို ပြောတာပါ၊ စောင်ရေ တစ်မုဟုတ်ချင်းတက်ပြီး ရောင်းမလောက်ဖြစ်သွားနိုင်တယ်လေ'

'ဟွန်း… ရက်စရာကြီး၊ ခွေးနှစ်ကောင်ကိုက်တာတောင် ဝိုင်းပြီး ခေါင်းထောင်ကြည့် စပ်စုတဲ့လူတွေက ထူးဆန်းသော သဘ္ဘာဝကြီးအဖြစ် ဝိုင်းကြည့်ကုန်မှာပေါ့'

လူချောလေး သူ့မအပြောကြောင့် ညစ်ကျယ်ကျယ်ပြုံးပြီး မခံချိမခံသာဖြစ်အောင် အစအနောက်သန်ပြပါသည်။

'ကောင်းတာပေါ့၊ မမဝေကလည်း အဲဒီအခါကျရင် ကျွန်တော်က ထူးဆန်းသော နတ်မိမယ်ဆိုပြီး ရုံသွင်းပြစားမှာပေါ့'

'သွားသေလိုက်ပါတော့… ကျားငမိုက်ရယ်'

လူကိုများ ရက်ရက်စက်စက် သူ့ရုံသွင်းပြစားဖို့ အသက်အရွယ်ပြန်ငယ်ပေးရသလို ဖြစ်နေပြီ။ တကယ်တမ်းက အရေးပါသော အဖော်မွန်ဖြစ်ဖို့ ပြန်လည်နုပျိုလန်းဆန်း ပေးရတာကိုပဲ သူမို့ပြောရက်လေခြင်း။ မြင်ပြင်းကပ်လှအောင် ရယ်ဖြဲဖြဲလုပ်နေ၍ လက်မောင်းကို ဆွဲဆိတ်ပစ်လိုက်သည်။

'အား… နာတယ် မမဝေရဲ့၊ အဲဒါမှ လက်စားပြန်ချေလို့ရမှာ၊ လူအရိုးခြောက်ဆိုပြီး ဆယ့်နှစ်ပွဲဈေးမှာ ပြစားမှာပေါ့'

ကိုယ့်စကားနဲ့ကိုယ် လိမ့်ပန့်၍ ပြန်ခံရသောအခါ ချာတိတ်လေး မချိတရိပြုံးလေသည်။ သူ့အပြုံးတွေနဲ့ နုံးနုံးချိချိ ရှုံးငြိနေရတာ သေချာသည်။

'မမဝေကို… လူခန္ဓာကိုယ်ပဲ ငယ်ရွယ်နုပျိုပြီး စိတ်ဓာတ်ဟန်ပန်တွေက ရင့်အိုဟောင်းနွမ်းနေမယ် ထင်ခဲ့တာ မှားတာပဲ'

'ဘာဖြစ်လို့လဲ…'

'လန်းလန်းမြမြ ရှိလို့ပဲ၊ အစစအရာရာ ပြောင်းပြသစ်လွင်နေတာ ကြုံရတာပဲ၊ ထင်ထားတာထက်ကို ပိုပြီး လက်လပ်ပွင့်လင်းဘယ်၊ ကျွန်တော်နဲ့ ထိထိဝင်ဝင် သဘောထားကိုက်ဆိုင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ သူမရဲ့ရင်ခွင်မှာ သူ တဖြည်းဖြည်း အလိမ္မာတုံးလေး ဖြစ်ရမှာပဲ။ ညွှတ်ဆင်းခွေကျ ယစ်မူးရမှာပဲ။ ကြီးမားပြင်းပြသော မေတ္တာမီးအိမ်လေးတစ်လုံးကို သူ့အတွက် သီးသန့်ရည်ရွယ်ကာ သူမ ဆောက်လုပ်ပေးထားတယ်လေ။

'မမဝေကို ကြည့်ရတာ ကျွန်တော် တကယ်အံ့သြတယ်ဗျာ သိလား၊ နားလည်ရတာလဲ တော်တော်ခက်သား'

'နားမှာ မော်တာမှ တပ်လို့မရတာ၊ ဘာဖြစ်လို့... အံ့သြလဲ'

အံ့တွေသြတယ်ဆိုရင်လည်း ခြေခြေမြစ်မြစ်တော့ အံ့သြမှ ဖြစ်မှာပေါ့။ ဥသြတောင်မှ အဖော်ကွဲလို့ တစ်ကောင်တည်း သြရသေးတာပဲ။ ဘာကြောင့် ရှုးနှမ်းနေတာကိုလာပြီး ထူးဆန်းနေတာလဲ။

'လူ့အဖြစ်ကို မငြီးငွေ့နိုင်ဘဲ သတ္တိရှိရှိ အသက်ကိုဆွဲဆန့်လို့ အံ့သြတာလေ၊ ကျွန်တော်သာဆို တခြားလိုအင်ဆန္ဒတစ်ခုခုပဲ မြေဖြူတောင့်နဲ့ ရေးခြစ်လိုက်မှာ'

'ဒါကတော့... ဒီလိုရှိတယ်လေကွာ၊ သာယာခြင်းတွေက သာယာခြင်းတွေအပေါ် ပိုမိုလွှမ်းမိုးနိုင်တဲ့ ဘဝမျိုးဆိုရင် သက်တမ်းကို ဆွဲဆန့်ချင်ကြတာချည်းပဲ၊ ဒါကြောင့်... သေခါနီး လူတွေဟာ ဘယ်လောက်ပဲ ငြီးငွေ့ပါစေ သေရမှာ စိုးရွံ့ထိတ်လန့်တတ်တာပေါ့'

အမှန်ကို ဖွင့်ဆိုပြလိုက်သည်နှင့် ကြုံရသူပမာ အသိတရား ပြီး ခေါင်းတဆတ်ဆတ် ညိတ်လေတော့သည်။

'ဟုတ်သလိုလိုတော့ရှိသား၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ကြွေလွင့်ခဲ့ရတဲ့ ပါရမီရှင်တွေ၊ အနုပညာကြယ်ပွင့်တွေ မမဝေလို အခွင့်အရေးမျိုး ရသင့်တယ်နော်၊ ဒါမှ... အနုပညာတွေ တနင့်တပိုးဆက်ပြီး ဖန်တီးတီထွင်သွားနိုင်မှာ'

လမ်းတစ်ဝက်မှာတင် ပျက်ပြယ်ခဲ့ရသော မကြွေသင့်ဘဲ ခြွေချင့်ခံရသည့် မျှော်လင့်ခြင်း အိပ်မက်များစွာ ရှိခဲ့ဖူးပါသည်။ အဲ့ဒီအိပ်မက်တွေ အကောင်အထည်ပေါ်ဖို့ အထူးလိုအပ်တာ အမှန်ပင်။ အရေးပေါ်ဆေးရုံမှာ မြေဖြူတောင့်ကလေးကို လုံခြုံစွာ သိုမှတ်ထားသင့်သည်ဟုပင် ကြံကြီးစီရာ တွေးမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'နေပါဦး… အောင်သာ အဲဒီမြေဖြူတောင်ကို လက်ခံရရှိမယ် ဆိုရင် ဘာရေးမှာလဲ'

သူမ သိလိုဇောဖြင့် ကောင်ချောလေးရဲ့ အနာဂတ်ရွှေရောင် အိပ်မက်ကို အကဲခတ် လှမ်းကြည့်လိုက်သည်။

'သစ်သားကုလားထိုင်မှာ မှန်စာနဲ့ နှစ်ကျပ်(၅/-)လို့ ရေးမယ် ဗျာ၊ ပြီးရင် တွေ့သမျှလူ အကုန်တက်ထိုင်ခိုင်းမယ်'

(နှစ်ကျပ်)လို့ရေးပြီး ချောက်ချမယ့်အတွေးနဲ့ မြင်ပြင်းကတ် သမျှလူကို တက်ထိုင်ခိုင်းမတဲ့လား။ ထသွားရင် တင်ပါးမှာ နှစ်ကျပ် ဆိုတာကြီး ပေကျံလို့ ထင်နေတော့မှာပေါ့။ တကယ့်ကို ကလေးစိတ် (ကျပ်စိတ်မပျောက်သေးသော ပြောင်ရွှတ်ရွှတ် ငပေလေးပင်။ ကြဲကြဲ စည်ရာ ဘဝအာမခံချက်ဖြစ်သော မြေဖြူကို အသုံးချပြီး လူသ တကာကို ချွန်တွန်းလုပ်ချင်နေသေးသည်။ သူကိုယ်တိုင် နှစ်ကျပ်တ ကြီးဖြစ်နေမှာကို နည်းနည်းလေးမှ မတွေးမိချေဘူးလား။ ကလိမ်ေ ငြိမ်းဆင်ပြီး ရယ်ရွှန်းတောက်ပအောင် နိုက်နိုက်ချွတ်ချွတ် ပြော ပြောတတ်သည်။ အဲဒါတွေကြောင့်လည်း သူရဲ့ နှလုံးဟာဒယ သာမောနှစ်ခြိုက် သဘောကျနေတော့တာ။

'အောင်ရယ်… နင်ဟာလေ အရာရာကို ဟာသအဖြစ် မြ တတ်လိုက်တာ၊ ဒုံးပေါ်ဦးကျနေတာပဲ၊ တရုတ်ပြည်က… ကိုကု အတိုင်းပဲ ပေါက်ပေါက်ရှာရှာ သိပ်ပြောတာပဲ'

'ကျွန်တော်လည်း အဲဒါကိုပဲ အံ့သြနေတာ၊ အရင်က စိတ် တွေ အဲဟောက် ရွှင်ပျမှု မရှိခဲ့ဘူး၊ အခုမှ မမဝေနဲ့တွေ့ပြီး ဘာဖြစ် နပျိုလန်းဆန်းနေလဲ မသိဘူး၊ အရာရာကို လက်မှိုင်ချ အံ့သြ မတတ်သာတော့ဟန်နဲ့ ချာလီချက်ပလင်လိုပဲ မြင်တော့တာ'

လောကဓမ္မတာအရ ကြုံရသမျှ ဘုံဘဝမှာ ဟာသတွေချည် ဖြစ်လို့နေပြီတဲ့လား။ သူ့အတွက်ဆို သူမဟာလည်း ဟာသပိကာတွေ ရုပ်တစ်ရုပ်ပဲလား။ ဟုတ်မှာပါ။ သူကြည့်ရှုရယ်မောလှောင်ပြော ပစ်ရမဲ့ ကာတွန်းရုပ်ပဲ ဖြစ်မှာပါ။ သူမစိတ်တွေ သိမ်ငယ်ဆွံ့အ

www.burmeseclassic.com

www.burmeseclassic.com



လိုလိုဖြစ်သွားရသည်။ စိတ်ကိုပြန်လည်တင်းမာလိုက်ပြီး တည်ကြည်စွာ ခေါင်းမော့ပြုံးဝေထားလိုက်ရသည်။ ဘာပဲဖြစ်ဖြစ် သူ့အပျော်တွေ ဆုံးစက်အောင် ဖန်တီးပေးနိုင်ရင် သူမကျေနပ်ရပါပြီ။ ပျော်ရွှင်ခြင်းဆိုသာ စိတ်အစဉ်ကို ချင်းနင်းဖြည့်စွမ်းပေးသော အချစ်စွက်ဖက်တဲ့ ဆက်ဆောင်ဖြစ်သောကြောင့်ပင်။ ချာတိတ်လေးရယ် ဒါတွေနင်သိဖို့ ကောင်းနေပါပြီ။ အချိန်အခါ သင့်တင့်နေပါပြီ။ ဒီလိုအချိန်မှာမှ တို့ နှစ်ယောက်ဟာ အချစ်ကို လက်ယက်ခေါ် ဧည့်သည်အဖြစ် မကြိုဆိုနိုင်ခဲ့ရင် ဘယ်အချိန်မှာသွားပြီး အိမ်ရှင်ဧည့်ဝတ်ကျေတော့မယ်။

တပေါင်းလဆန်းနယ်နိမိတ် အစွန်အဖျားကို ခြေချမိသလို နေမှု ရင်ဆိုင်ဖြတ်သန်းရပါသည်။ နေပူလို့ ညချမ်းနေရသည်။ မညီမျှတင့်တယ်သော နေ့စွဲတွေထဲမှာ နေ့လည်နေက အိုက်လောင်ပူစပ်ခဲ့ခက်လှသည်။ လိုက်လျောညီထွေ နှစ်ခြိုက်ဖွယ် အေးတမြမြ အရောင်အောက်က ညချမ်းအချိန်အခါတွေ ကျတော့လည်း လခြမ်း အရောင်ဝါဖြာဖြာအောက်မှ အေးစက်တုန်ယင်ခဲ့ရသည်။

သင့်တော်လျှောက်ပတ်သော အပေးအယူ အချိတ်အဆက်ကို ဘာမရှည်စွာ စောင့်ဆိုင်းနေရသူလို။ အခုမှ တကယ့်ကို ဘက်စ်ကား တိုင်ရောက်နေသလား အောက်မေ့ရသည်။ ဝက်ဝက်ကွဲ အရုံးကြီး ဘာ ခြေရှုံးထတာလေးတွေ ပျောက်နေသော အစွမ်းအစမဲ့ ဘောလုံး သင်းကိုမှ အားမလိုအားမရ တက်တခေါက်ခေါက် ကြည့်ရသလို နေချေပြီ။

'လောကကြီးက ဒီလိုကျတော့သဲ ပျော်စရာ ကောင်းသားဗျ။ ရောင်မမကိုကြည့်ပြီး ကောင်လေးတွေက လူဖြစ်နောက်ကျတယ်လို့ ည်းတွားဖူးတယ်လေ'

'ဘာလဲ… အောင်က သူတို့ကို မြေဖြူလမ်းညွှန် လုပ်ချင် သေးလို့လား'

ခက်ကုန်တော့မှာပဲ။ ကောင်စုတ်ပလုတ်လေး လုပ်ပုံတော့။ ရောင်ရန်ကုန်လမ်းညွှန်ကို နောက်ကောက်ချထားပစ်ခဲ့အဖြူရောင်

www.burmeseclassic.com

www.burmeseclassic.com



မြေဖြူလမ်းညွှန်ဆိုပြီး ဟိုလေးတကြော်ကြော် ဖြစ်ကုန်တော့မှာပဲ။ လောကထဲမှာ လူ့ပြည်ရွာမှာ မမ၊ မွမွနဲ့ တမတည်းမပြီး တမွတည်းမွ နေကြတာတွေက နည်းမှမနည်းပဲ။ ရိုက်သတ်၊ ချက်စားပြီး အရည်ကျို သောက်ရင်တောင်မှ ကျန်မှာမဟုတ်ဘူး။ အဆိုတော် အဲလက်စ်က အဆိုးဆုံးပဲဖြစ်မှာ၊ ရှေ့ဆုံးကနေပေါလာမှာ သေချာတယ်၊ ကျွန်တော့် ဘဝလေးဟာ မ လက်ထဲမှာပဲတွေ၊ မ မချစ်လို့တော့ သေနိုင်တယ်တွေ လုပ်နေတာလေ။

'ဒါကတော့… မမဝေရယ် အစားကောင်းစားရရင် မိတ်ဆွေ ကောင်းကို သတိရတယ်ဆိုတာ လူ့သဘာဝပဲလေ'

လှည်းနေ၊ လှေအောင်း၊ မြင်းစောင်းမကျန်၊ ကျူပင်ခုတ် ကျူငုတ်မကျန်လောက်အောင် အတိအကျရှင်းမှ ကုန်နိုင်မည်ဖြစ်သော လူအထွေထွေကို အရေးထဲမှာ ကောင်စုတ်လေးက ဦးစားပေးတွေးတော နေပြန်သေးသည်။ သူမဟာ မှားယွင်းသော ဝိညာဉ်အဖြစ် ကပ္ပလမ်းမ ပေါ် လွဲမှားချို့ယွင်းစွာ ရောက်ရှိနေသလို ခံစားလိုက်ရသည်။

'သူ့ရှိယူစား ကိုယ့်ရှိဝှက်ထား…၊ အိုင်တီခေတ်လေ'

သူ့နှလုံးသားလေး ရှိလျက်နဲ့ ချမ်းသာစင်ကြယ်စွာ ရက်ရက် ရောရောမပေးတာကိုတော့ ထည့်မပြောဘူး။ ဘယ်မှာလာပြီး အပြော အလုပ်ညီတဲ့ သူဝ-ှူးလူ ဖြစ်မှာတဲ့လေ။ သူစဉ်းစား တွေဝေသွား တယ်။ အရာရာဟာ မနေ့ကလို၊ မနက်ကလို၊ မနှစ်ကလို ချားရဟတ် တစ်ပတ်လည်ခဲ့ပြီ။ အသစ်တစ်ဖန် ပြန်လည် လန်းဆန်း၍ အဟောင်း အိုမင်းခြင်းကိုပင် အမှတ်မထင်အထူးအဆန်းသဖွယ် ပြန်လည်ကြုံဆုံ ရပေဦးမည်။ ချစ်အနမ်းဖြင့် လန်းဆန်းတင့်ဝေသော ပန်းတွေကတော့ ရင်ဂိုနန်းတောတန်းလေးမှာ သာမောစွာ စီရီပွင့်ပြသည်။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

အခိုင်အမာ တွယ်နှောင်ရစ်ငင်တတ်သော သံယောစဉ်နှောင်ကြိုးတွေအကြောင်း တစ်စတစ်စနဲ့ သူသိရှိရိပ်မိလာခဲ့ပြီ။ ခြေသံဖော့ဖွဖွဖြင့် တိတ်တဆိတ်ချဉ်းနင်းကာ သူ့မဝင်ရောက်ခဲ့ပါသည်။ ရုန်းမလွတ်နိုင်သော ချည်နှောင်မှုက သူ့နှလုံးသားကို အနာတရ မှတ်ယူစေကာ အဖျားကြီး ဖျားစေလေပြီ။

သူ့အနားမှာ အမြဲလိုလို ရစ်ဝဲဝေ့သီနေတာ တွေ့ရဖန်များလာတော့ ဖြူပြာစွန်ဘက်က အလိုလို နောက်ဆုတ်သွားသည်။ သူတို့နှစ်ယောက်၏ အသိုင်းအဝိုင်းနှောင်ငင်မှုဟာ အေးခဲကိတ်ဆိတ်လို့ ပျက်ပြယ်လွင့်လျားသွားလေပြီ။ ထင်မှတ်ထားသည်ထိ ပိုမိုထိရှလာသော နောက်ဖြန်များတစ်ခုပြီးတစ်ခု လက်ဝယ်ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်လာမိခဲ့ချေပြီ။ အရာခပ်သိမ်း သိမ်မွေ့ညက်ညောစွာ နုပျိုသစ်လွင်လို့။ အချစ်ဟာ အထူးတလည် ပုံရိပ်တွေ ပြောင်းလဲပြီး လှည့်စား ညှို့ငင်တတ်သည်ကိုဆိုတာကို သူလက်ခံယုံကြည်ရတော့မည်။

သူ့ဘဝမှာ တစ်ခါဖူးမျှ မတွေးမိသော အတွေးကို ကြံကြီးစည်စည် စပ်ဆက်ပြီး တွေးမိသွားသည်။ ကမ္ဘာပေါ်မှာ ရှိနေသမျှသော ထူးတာလပ်သည့် အပျိုစင်တိုင်းဟာ သူ့ရည်းစားဖြစ်ခွင့်ရှိနေတာပဲ။ ဒီတော့ ဟောဒီ ဘာဖြစ်လို့ သူချစ်ရမဲ့လူ မဖြစ်နိုင်ရမှာလဲ။ ထင်လင်း ချောင် ယခုမှ ရေရေရာရာ တွေးတော သတိပြုမိသည်။ ဖြစ်သင့်တာ ဖြစ်နိုင်တာပေါ့။ ဒါကိုသူ သတိမမူ ဂူမမြင်ခဲ့လို့ ရုတ်ခြည်း သူမ

www.burmeseclassic.com

www.burmeseclassic.com



အသက်ပြန်ငယ်ကာ လူကြီးရုပ်ပျောက်ပြီး လူငယ်ရုပ်ပေါက်တာပဲလား။ မမဝေရဲ့ အလှတွေကို တရင်းတနှီး ရှုစားလိုက်တော့ ဘယ်သူနဲ့မှ မတူသော ဘာနဲ့မှ မလဲလှယ်နိုင်သော အလှနတ်သမီးတစ်ပါး ဖြစ်နေတာကို တွေ့ရှိလိုက်ရတယ်။

'မမဝေ… အရင်တုန်းက အခုလိုအသက်အရွယ်မှာ ဘာတွေ လွဲချော်ပြီး ကမောက်ကမ ဖြစ်ခဲ့ရသလဲ'

'အများကြီးပဲ၊ လူ့ဘဝဟာ… ဂိမ်းကစားပွဲလို အဆင့်ဆင့် ဖြတ်ကျော်ပြီးမှ ရင့်ကျက်သက်တမ်းကြီးလာတာ'

'ဒါဆိုရင်… ဘာတွေ ရှုံးနိမ့်သိမ်ငယ်ခဲ့ရဖူးသလဲ၊ အခုအချိန်မှာ ပြန်ပြီး အနိုင်ယူဖို့ အခွင့်သာနေပြီလေ၊ ကျွန်တော် ကူညီပြီး ဖြေရှင်းပေးမှာပေါ့'

သူ ဒီလို အားတက်သရော လောကွက်ချော်ပေမဲ့ မမဝေ အတွက် နှစ်ထောင်းအားရ ကျေနပ်ခြင်း မရှိလှပြန်ဘူး။

'ဟင်အင်း… အခုချိန်မှာ မှားခဲ့တဲ့အမှားကို ပြန်ပြင်ဆင် ခွင့်ရပေမယ့် ကိုယ်နဲ့ ပြိုင်ဘက်ကောင်းတွေက မရှိတော့ဘူး၊ အိုမင်း ရင့်ရော်ပြီး အဖက်မလုပ်တော့ဘူး'

'ဟုတ်သားပဲဗျ၊ တစ်ယောက်တည်း ပြိုင်သလိုဖြစ်နေတော့ မှာ ပေါ့နော်'

သူမ လှပရွှန်းဝေစွာ သပ်သပ်ရပ်ရပ်ပြုံးပါသည်။ အဲ့ဒီအပြုံး ကိုပဲ မက်မောစွာ ငေးယူရင်း အသက်ရှူဖို့ မေ့မောရပ်တန့် နေမိသေး သည်။ မမဝေနှင့်စကားပြောနေရတာ သာယာသလိုလိုရှိပေမဲ့ တစ်ခါ တလေတော့ ငြီးငွေ့စရာတွေ ကြုံရတတ်သည်။

'မမဝေ… ကျွန်တော်တို့ ရေလျှာလျှော သွားစီးရအောင်ဗျာ၊ အပျင်းကြောလေး ဆန့်ချင်လို့'

'ဟင့်အင်း… ကလေးကလားနဲ့၊ ရှက်စရာလည်းကောင်းသေး တယ်၊ အဲ့ဒီပေါက်တောတော အလုပ်တွေ အလုပ်ချင်တော့ဘူး၊ အရင် တုန်းက လုပ်ခဲ့ပြီးပြီ'

www.burmeseclassic.com

www.burmeseclassic.com



သူ့အကျပ်ရိုက်ကာ ခေါင်းကုပ်ရပါသည်။ သူ့သဘာဝက လူငယ်ပီပီ လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါးပဲ အချိန်တွေကို ကုန်ဆုံးပစ်ချင်တာ။ မမဝေက လူကြီးဆန်ချင်စိတ်တွေ ငုတ်ကောင်အဖြစ် တိမ်မြုပ်နေရာမှ တစ်ချက်တစ်ချက် ထွက်ပြူလာသည်။

'မမဝေအားကိုးနဲ့ ကျွန်တော်က မိုက်နေရတာဗျ၊ မေမေကဆို လေးလေးလိုဖြစ်မှာစိုးလို့ ဟိုမသွားရ၊ ဒီမလာရ သိပ်ချုပ်ချယ်တာ အခုမှ နည်းနည်းစိတ်အေးသွားပုံရတာ'

'ဟုတ်လား… အောင်က မမဝေကို လူမိုက်ငှားတာပေါ့'

ရှက်စနိုးဖြင့် ပြုံးရင်း ဝန်ခံလိုက်ရသည်။ မမဝေက သူ့အတွက်တော့ ပြည်သူ့တရားရှင်ထဲက ကျန်ကျောင်းပင်။ သူ့အတွက် ကျန်ကျောင်းလို သူရဲကောင်းတစ်ယောက်ပေါ့။ ကြံချောင်း လုံးဝမဟုတ်ပေ။ ကြံချောင်းဆိုရင် အရင်းချိုပြီး အဖျားရှူးကာ ပေါ့သွားဦးမည်။ အခုဟာက တစ်ချောင်းလုံး ပစ်ရက်စရာမရှိသော ရေခဲချောင်းကြီးပင်။ ပလတ်စတစ်ကာဘာ အထုပ်စကတော့ ခွင်းချက်ပေါ့။ မျောက်တွေတောင် ငှက်ပျောခွံနွာရကောင်းမှန်း သိကုန်ပြီ။ မယုံရင် တိရစ္ဆာန်ရုံသွားကြည့်ပေတော့။

'ဆင်ဖြူတော်မိပြီး ငရုတ်သီးမဆလာ စားတာပါ'

'ကဲ… သဘောရှိ ကိုယ်တော်လေး ကြွချင်ရာကြွ စိတ်မပါပေမယ့် ခေါင်းကြီးအောင် အယုံအကြည် ခုတုံးလုပ်ခံထားရတာမို့ စိုးထိတ်ထိတ်နဲ့ပဲ လိုက်ရတော့မှာပေါ့'

အပျိုကြီးမမကတော့ အင်တင်တင်လေသံနဲ့ ပဲများလိုက်ရမှ စားဝင်အိပ်ပျော်တော့တာပဲ။ ကြောင်သူတော်အတွင်းစိတ်ရှိနေတာကို များ ဖုံးဖိဟန်ဆောင်နေသေးသည်။

'မမဝေကလဲ၊ ကိုယ်တော်လေး… ကြွချင်ရာကြွ မလုပ်ပါနဲ့၊ တော်နေကြာ ကျွန်တော့်ကို နတ်ကတော် ထင်ပြီး လာပင့်နေဦးမယ်၊ ကိုကြီးကျော်လောက်ပဲ ကချင်တာ၊ သိလား'

'သိပါတယ်… အောင့်ဦးလေးလဲ၊ အဲဒီအရက်ကြောင့် ဒုက္ခရောက်ပြီး ဘဝဆုံးခဲ့ရတာ'

www.burmeseclassic.com

အကြောင်းအရာ တော်တော်များများဟာ တူမယောင်နဲ့ကွဲပြီး၊ မကွဲသယောင်နဲ့ တူသည့်အကြောင်း သူ သက်သေပြချင်လာသည်။ သူက ကြုံလာသမျှကို ရင်ကော့ခေါင်းမော့ပြီး ဖြတ်ကျော် အောင်မြင်သွားချင်သူပင်။ အစိုးအရိမ်ကြီးကာ အချစ်ပိုတဲ့ နေရာမှာတော့ မိန်းမသားတွေကို လိုက်မမီနိုင်သေးပေ။ ပခုံးလေးအသာအယာ ကျုံ့လိုက်ပြီး မချိပြုံး ပြုံးရုံကလွဲလို့ သူဘာများ စောဒကတတက်နိုင်ဦးမှာလဲ။

'မမဝေ··· ငယ်ငယ်တုန်းက မေမေနဲ့တစ်ခါ စိတ်ကောက်ဖူးတယ်၊ ကျိုက်ထီးရိုးဘုရားကို သူငယ်ချင်းတွေက ခေါ်တာ မလိုက်ရလို့လေ၊ မေမေက စိတ်မချလို့ မလွှတ်ခဲ့ဘူး'

'အဲဒါတွေ အတိုးချပြီး အခုကျွန်တော့်ကို ဖိသိပ်လက်စားချေနေတယ်ပေါ့··· ဒီလိုလား'

ဂိုမ်းစ်ဘွန်းက ပြိုင်ဘက်ကို စိန်ခေါ်ခွန်းတုံ့မေးတဲ့ လေသံမျိုးများပေါက်သွားလားပဲ။ အဲဒီလိုပဲ ကျော်ကြားသူအတော်များများက သူ့အမူအရာ အကျင့်တွေ အတုခိုးနေရတာလေ။ သူမရဲ့မျက်ဝန်းထဲမှာ ကျွန်တော်ဟာ ကမ္ဘာကျော်မင်းသားပဲ။

'မဟုတ်ပါဘူး··· စကားကြုံလို့ ပြောပြတာပါ၊ အဲဒီတုန်းက ကျိုက်ထီးရိုးမသွားရလို့ မမဝေ ဘာလုပ်လိုက်လဲ သိလား'

'ဟင့်အင်း··· မသိဘူးလေ၊ ဘာလုပ်လိုက်သလဲ၊ ရေမရှိတဲ့ ချောင်းမှာ နှာခေါင်းဖော်ပြီး မျက်ရည်မထွက်ဘဲ ငိုပြလိုက်သလား'

'အခန်းထဲက အပြင်မထွက်ဘဲ (၁၀)ရက်လောက် ကျိုက်ထီးရိုးဘုရားပုံတော်ကပ်ပြီး တရားထိုင်ပစ်လိုက်တယ်'

'ဟား··· ဟား··· မမဝေက တော်တော် စိတ်ကြီးတာပဲ၊ ကြံကြီးစည်ရာ အရွဲ့တိုက်စရာ ရှားလို့ဗျာ'

သူသဘောကျ ရယ်ပြီး မှတ်ချက်ပေးလိုက်တော့ သူမ မပွင့်တပွင့် ပြုံးပါသည်။ ငယ်ကျိုးငယ်နာ ပြန်ဖော်လိုက်ရလို့ မျက်စိရှုံ့ငယ်နားသူငယ် အရုက်ရနေပုံမျိုး။

ရှက်စနိုး မျက်ဝန်းရိပ်တွေ ဝေ့ဝဲနေသည်။ ဆိုးပေခဲ့ပေါ့ အားပါး

www.burmeseclassic.com

www.burmeseclassic.com


ရ ခြေနှစ်ဖက်လုံး သိမ်းတင်ထိုင်လိုက်ပြီး သူမရဲ့ ငယ်ငယ်က ကြောင်ကွက်တွေ ထပ်မံစပ်စုကာ ရှာဖွေကြည့်မိပြန်သည်။

'အဲဒါနဲ့… မမဝေ မာမီကပဲ အလျှော့ပေးရတာ မဟုတ်လား၊ ဘက အမြဲတမ်း လျှော့ရတာလေ၊ ရုပ်ရှင်တွေထဲမှာ ဒီအတိုင်းကြည့် ာယ်'

'ပထမတော့ မေမေက တင်းမာနေတုန်းပဲကွ၊ နောက်မှ ဖြည်းဖြည်းသနားပြီး သူကိုယ်တိုင်လိုက်ပို့မယ်၊ မိသားစုနဲ့အတူ ားမယ် ဖြစ်သွားတာ၊ မမဝေကလည်း ဇွတ်ပဲ လိုချင်ပြီဆိုရင် မရ အောင်ယူတတ်တာ၊ ဒါဆို ဒါပဲ ခေါင်းမာခဲ့တာလေ'

သူ ခေါင်းတဆတ်ဆတ်ညိတ်ပြီး ထောက်ခံစကားကို အလု ယက် ဆိုလိုက်ပါသည်။

'ဖြစ်ရမယ်၊ မမဝေပုံစံကို ကျွန်တော်မြင်စက အသိခေါက် ာ် အဝင်နက်မယ့် ပုံစံကြီးပါလား၊ ငါးဖယ်ခေါင်းလို့ မြင်ခဲ့တာ'

'တော်သေးတာပေါ့… ဒဿဂီရိခေါင်းမဖြစ်ရင် ပြီးတာပဲ'

သူမကို ကြက်ခေါင်းကြီးလို့တော့ မနောက်ဖြစ်ပါ။ ရိုင်းရာကျ ားမှာ စိုးလို့။ ကြက်ခေါင်းဆိတ် မခံတတ်တာကလည်း လူတွေထဲက သဘာဝပဲ မဟုတ်လား။ တကယ်တော့ သူမက မျက်နှာမများပေ ည့် နှလုံးသားများနေရင် မခက်ဘူးလား။

'မမဝေ… (၁၀)ရက်ကြီးများတောင် အစာမစားဘဲ အခန်း အောင်းရတယ်လို့ ပေါကြောင်ကြောင်နိုင်လိုက်တာ'

'ဘယ်ဟုတ်မလဲ… တို့အတွက် မုန့်တွေဘာတွေ အိမ်ဖော် ာင်မလေးနဲ့ တိတ်တိတ်ကျိတ်မှာပြီး မှောင်ခိုတင်သွင်းနေတာ ခပ်ထဲကို'

'ဟား… ဟား… မမဝေ ကလိမ်ကျတာပဲ၊ လူကြီးကို'

'ကလေးပဲ… ကလိမ်ကျမှာပေါ့၊ ဘာဖြစ်လဲ'

မျက်စကလေး ပစ်ပြီး မကျေမချမ်း ရန်တွေ့ဟန်ဖြင့် သူမ ပြောပါသည်။ အဲ့ဒီလို ရှုတည်တည်နဲ့ အကျပ်အတည်း လူတစ်

www.burmeseclassic.com

www.burmeseclassic.com



ဖက်သားရောက်နေတာကို မြင်ရင် သူကတော့ လျှောင်ပြောင်မိတာပဲ။ လုပ်ဇာတ်ခင်းပြီး လိမ်လည်ညစ်ကျယ်တာကို ဘာလို့ လေးစားပြီး အတုခိုးရမှာလဲ။ အားကျချီးကျူးရမှာလဲ။ ကလေးက ကလေးလို မဖြူစင်ဘဲ လူကြီးလုပ်လွန်းရင် သူကြည့်မရချင်ပေ။ ပြောမယ့်သာ ပြောရတာ မသိ နားမလည်ခင်က သူလည်း ကလေးဝိဘိ လိမ်လည်ဖိုးတွမ်တီးခဲ့ဖူးသည်။

'သူများကို မလှောင်ပါနဲ့၊ အောင်လည်း… အဲဒီလို ကလိမ်ကျပြီး မိဘကို လိမ်ခဲ့ဖူးမှာပဲ မဟုတ်လား'

မြားဦးက သူ့ဘက်တော့ လှည့်လာပြီ။ ဗုံလုံတစ်လှည့်၊ ငါးပျံတစ်လှည့်ပေါ့လေ၊ အလှည့်ကျရင် မနွဲ့စတမ်း မှန်ရာကို သစ္စာဆိုလို့ ဝန်ခံရပေတော့မည်။

'အင်း… ဟုတ်တယ်၊ ကျွန်တော့်အဖြစ်ကလည်း မမဝေနဲ့ ခပ်ဆင်ဆင်တူတာပဲ'

'ဘယ်လို… တူတာလဲ၊ ဘုရားမသွားရလို့ ဖဲဝိုင်းသွားတာ မျိုးကြီးလား၊ အတုမရှိ ဖဲတော်ကြီးလေ'

ပေါက်တတ်ကရ သူမပြောတော့ ရယ်ရပါသေးသည်။

အန်တီမမတွေရဲ့ ပိုကာဝိုင်းက အသုံးအနှုန်းတွေ ထွက်လို့ပါလား။

'ကျွန်တော်… ငယ်ငယ်က ဘော်ဘော်တစ်ယောက်က ကျောင်းပိတ်ရက်မှာ ဥက္ကံဘုရားသွားဖို့ ခေါ်တယ်'

'ဟုတ်လား… ဘုရားပွဲမှာ တအားနွဲ့ချင်တာပေါ့'

'အဲ့ဒါကို… ကျွန်တော့်သူငယ်ချင်း မျှဝေ(ဥက္ကံ)ကလည်း ခေါ်နေပြီ၊ ကျွန်တော်ကလည်း အရမ်းသွားချင်နေပြီ'

'သွားချင်နေတာ ချဉ်ဖတ်၊ သရက်သီးကိုက်လို့ နေမှာပေါ့'

ဟုတော့ စကားအရှိန်တန့်အောင် ဝင်မနှောက်ပါ။ ခေါင်းညိတ်ပြသော အသာတကြည့် စိတ်ဝင်တစား နားထောင်နေလေသည်။

'ဘုရားပွဲကလည်း ဘာစည်သလဲမမေးနဲ့၊ ပွဲတွေကို အဆက်ခပြတ် ဆက်တိုက်ရှိသွင်းတာလေ'

www.burmeseclassic.com

www.burmeseclassic.com

'ဩော်… သူတို့လည်း ရုံသွင်းပြီး ပြစားခံရသူတွေထဲမှာ ပါတာပေါ့နော်၊ ထူးဆန်းသော သတ္တဝါကြီးတွေ'

မျက်လုံးထဲမှာ ဇာတ်မင်းသား၊ မင်းသမီး၊ လူရွှင်တော်တွေကို ထူးဆန်းသော သတ္တဝါကြီးတွေအဖြစ် မြင်ယောင်ရင်း ကိုယ့်အတွေးနဲ့ ကိုယ် ရယ်ဖြစ်သေးသည်။

'အဲဒါကို… မေမေက ခွင့်မပြုဘူး၊ မလိုက်နိုင်ဘူးဗျာ၊ တလေးဆိုတော့ ဘာသိမှာလဲ၊ ပျော်ချင် ပါးချင်တာပဲ သိတာလေ'

'အေးပေါ့လေ… မိုးကြိုးငှက်ငယ်ပွဲလည်း ရှိနေတော့ ပေါ်ချင် ပြားချင်မှာပေါ့၊ ဟင်း… ဟင်း…'

'ဟာဗျာ… ကြံကြီးစည်ရာ ဘယ်နဲ့က ပေါ်ပြားရမှာလဲ၊ ကျွန်တော် ဂေါ်ကျားအစစ်'

'အလကား… နောက်တာပါ ဂေါ်ကုလားရယ်၊ ဆက်ပါဦး'

'ဆက်ပါဦး'ဆိုလို့ ဖုန်းခလုပ်ကို ယောင်ပြီး ကောက်နှိပ်လိုက်မိသေးသည်။ ဘယ်ရမလဲ၊ သူမချည်းပဲထိုင်ပြီး တရစပ်လျှောင်နေတာ ဒီတစ်ခါ ရပ်တည်နဲ့ ပြန်လျှောင်တာပေါ့။

'အဲဒါ… မေမေကလည်း မလွှတ်၊ သွားတာကလည်း သွားချင်၊ ဟို ဘော်ဘော် မျှဝေကြီးကလည်း အသေညွှန်းတာပေါ့၊ ပဲခူးရိုးမဘ ဆင်ရိုင်းဇေ ဘုရားလာဖူး အဲ့ဒါမျိုးတွေ၊ ဝတ္ထုဇာတ်ညွှန်းတွေ ဝါသနာပါတော့ အသေအကြေ ညွှန်းမှာပေါ့'

'ဟုတ်လား… အဲဒီ ဆင်ရိုင်းတွေက ကန္တာရကတာတွေ၊ နာဋ္ဌဂီရိဂိုဏ်းဖွဲ့တာတွေ မလုပ်ဘူးလား'

'မုဆိုးတစ်ပိုင်းပဲ… ဘယ်ရမလဲ၊ ဆင်ရိုင်းပါတီတွေတောင် လုပ်လိုက်သေးတယ်၊ ဆင်ကျည်စားရာ ပွဲခင်းမခံသာ ပြားပြားဝပ်တာပေါ့'

ခပ်ရွှဲရွှဲ ပြန်ပြောလိုက်မှ အမိသူမ ဒေါပန်းပွင့် ရေငုံနှုတ်ပိတ်သွားတော့သည်။ ဘယ်လိုဉာဏ်မျိုးနဲ့ စကားစစ်ထိုးဖို့ ကြိုးစားနေတယ်ပါလိမ့်။ ချစ်သူပန်ယူ ကောက်နမ်းဆင်မြန်းဖို့ စကားပွင့်လေးတွေ အစီအရီ ပွင့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'နောက်ဆုံးတော့ ဆင်ကြံကြံရတာပေါ့၊ အေးလေ၊ ကျွန်တော်
ကလည်း ရိုးမကနေ ဥက္ကံဘုရားပွဲ ဆင်ရိုင်းတွေကို စိတ်ဝင်စားနေမိတာ
ကိုး၊ ဆင်ခန္ဓာ ဝက်ကိုယ်လုံးလေး ဘာလေးတွေ့လိုတွေ့ငြား'

မမဝေက နှုတ်ခမ်းရွဲ့ပြ၍ လှောင်ပါသေးသည်။ အသွား
မလွတ် အနှောင့်မလွတ် ရိသဲ့သဲ့ ဣတ္ထိယအကြောင်းကို မိန်းမတွေ
ရှေ့မှာ ပြောရတာလည်း အရသာပဲ။ လျှာဖျားမှာစွဲ လျှာပေါ်ဝဲ။

'အဲဒါ... မေမေ့ကို သား အုတ်ကန်မှာ ရေသွားချိုးလိုက်ဦး
မယ်လို့ ပြောပြီး ထွက်လာလိုက်တာ၊ ဥက္ကံဘုရားပွဲ ရောက်မှပဲ ရေချိုး
ဖြစ်တော့တယ်၊ ခွီး... ခွီး... ဥက္ကံတော့ ဥက္ကံပါပဲ'

'မင်းက... မမဝေထက် ပိုပြီး ကလိမ်ကျတာပေါ့၊ သံတူ
ကြောင်းကွဲကို အသုံးချသွားတာလေ၊ လူကြီးကို နှစ်ပေါက်တစ်ပေါက်
ရိုက်ပြီး မလိုမ့်တပတ်နဲ့ ကန်ချင်းသွားတာ'

'အဲဒါ... မဟာပညာရှိတွေမှ အဲဒီလို ပါရမီမျိုးရှိတာ
တချို့ကျတော့ အစာငတ်ခံရတာနဲ့၊ မုန့်ခိုးစားရတာနဲ့၊ ဟဲ... ဟဲ'

'အောင်မယ်... အတူတူနဲ့ အနူနူပဲ၊ မမဝေက အတူတူ
အောင်က အနူနူ၊ နူရာမှာတောင် ဝဲစွဲသေးတယ်'

ဗုဒ္ဓေါမြတ်စွာ... ဇာတ်ကလည်း ချက်ချင်းကို တန်ပိုမြင့်ပြီး
နာသွားရပါလား။ မမဝေနဲ့သူ အဲ့ဒီလိုပဲ အငြင်းတွေနဲ့ လေ့ကျင့်ခဲ့ကြ
သည်။ သူတင်းလာရင် မမဝေက လျှော့ပေးလိုက်၊ မမဝေစိတ်ကောက်
လာတော့ သူက ချော့မော့လိုက်ပေါ့။ အပြန်အလှည့် တစ်ဖန်တစ်လှည့်
ပင်။ ဖေးမတွဲကူလို့ ပျော်ပျော်ပါးပါး မော်တော်ကားနဲ့ ပင်လယ်ထဲမှာ
လှော်ခတ်သွားရဆဲပင်။

မနက်ဖြန်ရဲ့ လမ်းတွေဟာ မျှော်လင့်မထားသော အထိအတွေ့
ကို လတ်ဆတ်ချိုအီခြင်းအဖြစ် ပေးကမ်းသည်။ အားကိုးတကြီး
ဆုပ်ကိုင်မိသော သူမလက်တွေကို ဘယ်လိုနည်းနဲ့မှ မလွတ်နိုင်တော့
လောက်အောင် တိမ်းမူးလိုအပ်ခဲ့ချေပြီ။ အချစ်ဟာ ဆန်းကြွယ်လှန်းပြီး
တစ်ခါတစ်ရံ စွပ်ကျယ် ဖြစ်သွားပြန်တော့သည်။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

အောင်ရောက်လာတယ်ဆိုရင်ပဲ သူမ ကိုယ်ရှိန်တန့်သွားကာ အော်တော်မတ်တစ် ရှိုးတိုးရှန့်တန်း ဖြစ်သွားရလေသည်။ ရဲတင်းပွင့်လင်းသော လူငယ်လေးပီပီ သူမအလိုလိုက်ခဲ့မိသမျှ သွက်လက်စွာ လက်ပွန်းတတီး ချဉ်းကပ်လာသည်။

'ဘာလာလုပ်တာလဲ၊ ဘာမှလဲ ကြိုမပြောထားဘဲနဲ့၊ မမဝေဒီနေ့ အပြင်မထွက်တော့ဘူး၊ အကြောင်းကိစ္စ ကြီးငယ်လည်း မရှိဘူး'

'မမဝေမှာ… ကြီးငယ်မရှိပေမယ့် ကျွန်တော့်မှာ ကြီးကြီး၊ ကြီးလတ်တွေပါ ရှိတယ်လေ၊ အလှည့်ကျရင် မနွဲ့စတမ်း၊ သူ့အလှည့်ကျတော့ လိုက်ပေးရပြီးတော့ ဒီလိုပုန်းလို့ လွတ်မှာလား'

ကိုလူချောကတော့ သပ်သပ်ရပ်ရပ် အလိမ္မာနည်းနဲ့ ဆွဲဆောင်မှုပြင်းပြလို့။ သူ့နှုတ်ခမ်းတွေက ပြင်းရှရှ အပြုံးကိုဆင်မြန်းထားသည်။ ပိုင်နိုင်သေသပ်သော ဥပမိအသွင်နဲ့ မျက်ဝန်းတွေက ယုံကြည်ရဲရင့်မှုအရောင် ပြည့်လျှမ်းနေပါသည်။

'ဘာတွေအရေးကြီးကိစ္စ ပေါ်လာရတာလဲ၊ မမဝေတော့… ကူညီနိုင်မယ် မထင်ဘူး'

'ကူညီနိုင်မှာပါ၊ မမဝေက… လမ်းလဲပြတတ်တယ်၊ ခေါ်လဲ ခေါ်တတ်တယ်၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းလည်း နားလည်တယ်'

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးထဲမှာ ကိုယ့်ကိုယ်ကို ကျက်သရေရှိသော အ
အပြာဝတ်စုံ မမအဖြစ် မြင်ယောင်မိသေးသည်။ တို့လုံမေ မခင်မြ
လား၊ တင်စားစရာရှားလို့။ လမ်းမကြီးမှာ နေကပူ၊ ကားတစီ
မျက်စေ့ဒေါက်ထောက်ကြည့်၊ နာကလည်း ညည်းရသေး။ စပါယ်
ကလည်း ခေါ်တောနဲ့ ကြည့်ခံရသေးတဲ့ ကူညီပါရစေတော့ မမ
ပါရစေနဲ့။

'အရေးကြီးတယ်··· မမဝေ၊ အရည်းကြီးတာမှ ပုဂံခေတ်
ပြန်ရောက်နေသလို အရည်းကြီး အရည်းလေး စုံနေတာပဲ'

စကားအရာနဲ့ အမျိုးမျိုး လှည့်ပတ်ဆွဲခေါ်ပြီး သူလိုချင်
အခွင့်သာအောင် ထောင်ချောက်ဆင်ဖမ်းနေတာ။ ဒါကိုသိလို့ သူမ
လည်း အမျိုးမျိုး လှည့်ပတ်တိမ်းရှောင်ပြီး စကားမကျွံရအောင် ထိ
သိမ်းဆင်ခြင်ရတာ။

'အဲဒါများခက်လို့ ဘကြီးခိုင်ဆီမှာ အကူအညီ အကြံဉာ
တောင်းကြည့်လေ၊ လိုအပ်ရင် အောင့်သူငယ်ချင်း မျှဝေကိုပါ လ
ခေါ်'

'ဟာ··· အဲဒီလို မရဘူးဗျ၊ မမကိုယ်တိုင် ကူညီမှ
ယောကျ်ားကတော့ ကန့်ကလျဆိုရင် ကျွန်တော်ပဲ တစ်ပန်းရှုံးမှာ'

'ခစ်··· ခစ်···'

အကျပ်အတည်း ဆိုက်ရောက်ကာ ခေါင်းကုတ်သွားရှာ
သူ့အဖြစ်နဲ့ ညည်းတွားသံကြောင့် သူမ ရယ်မိတော့သည်။

'ကဲပါ··· ဆင်ဖွေ့ရန်ရှောင်တွေ လုပ်မနေပါနဲ့၊ ကျွန်
အတွက် အသက်တမျှ အရေးပါတဲ့ အရာကို အနှေးနဲ့အမြန် တပ်
စွာ လိုချင်နေလို့ လာခဲ့တာပဲ၊ မမဝေ··· သဘောပေါက်မှာပါ'

သူမ ခေါင်းခါငြင်းကာ အသိကျိုးကျွံဟန် ပြုလိုက်သ
စကားပုံထဲက အတိုင်းလေ။ ဘူးတစ်လုံးဆောင် အိုတောင်မဆင်းရဲ
အခုခေတ်ဆို ပိုတောင်မှန်သေးတယ်။ ဘူးတစ်လုံးဆောင်ထားရင်
ဖြစ်ဖြစ်၊ ရေချမ်းစင်က သောက်ရေဖြစ်ဖြစ် ထည့်သောက်လို့ ရ

www.burmeseclassic.com

www.burmeseclassic.com



ချို့ဆို မရှိမဖြစ် ခေါင်းမူးတတ်လို့ ရှုဘူးတွေတောင် ဆောင်ထား တတ်ကြသေးတယ်။ များသောအားဖြင့် အဲဒီလူတွေဟာ နှာဒီဂရီ တက်ပြီး ခေါင်းမူး၊ ခေါင်းကိုက်ကြတာလေ။ အဲဒီလူတွေဟာ တစ်လုံးဆောင်လို့ နှာဘူးတာတောင် လူမသိဘူးဆိုတာတွေ။

သူက ခပ်ဟာဟာလေးရယ်ပြီး ရက်ရှိနေတဲ့ သူမကို စိတ်လက် ပါးအောင် စွမ်းဆောင်ပါတယ်။ လှောင်သလိုလို ပြုံးတဲ့အောင် ကြောင်ဟု ထအရွဲ့တိုက် အော်ဟစ်ပစ်ရမှာ။ စိတ်ထဲမှာ ဖြစ်တည်ပြီး စိတ်ထဲမှာပဲ ပျက်ပြယ်သွားရပါသည်။ မအော်ဖြစ်ပါ။ နည်းနည်းလည်း အော်ဖြစ်ပါ။ ပထမဆုလည်း မရယူပါ။

'တတ်ပြားဟောင်းကြီး ပြန်ဖွင့်မလို့ မမဝေရယ်၊ ကျွန်တော့် ပြန်ချစ်ပါတော့၊ လူပျိုစစ်စစ် ရေမရောပါဘူး၊ ကလေးအဖေ တ်ပေမယ့် အတိုးရောအရင်းပါ ကြီးပွားအောင် မေတ္တာတွေ မျှဝေ ပါ'

မျှဝေသော အနားမှာရှိရင် သူစားချင်တာတွေ ကောက်မှာနေ ကို မြင်ယောင်လိုက်သေးသည်။

'မသိပါဘူး၊ မမဝေက··· အောင် မျက်ကလူးဆန်ပျာနဲ့ ကြီးတယ်ဆိုတော့ ပိုက်ဆံချေးမလို့များလားလို့'

'ဟုတ်တယ်··· ချေးရမယ်၊ ကျွန်တော်··· မမဝေဆီက နဲ့ (၁၅၀၀)၊ အဲ··· နှလုံးသားထဲမှာ သိမ်းထားတဲ့ မေတ္တာ ၀၀)တန်ဖိုးကို ချေးငှားမှာပါ မမဝေရယ်'

'လူကို··· ချစ်တီးကုလားများ မှတ်နေလား၊ သွား··· မသိ

မိန်းကလေးတစ်ယောက်အနေနဲ့ ဒီအချိန်လေးပဲ နိုင်ကွက်ရ တာ။ ချစ်မိပြီဆိုတဲ့ နေ့ကစလို့ အရှုံးတွေပေးရတော့မှာ။ အခု မထိုင်ခင်ကတည်းက ရှုံးနိမ့်ပြီးသားပါ။ ဒါပေမယ့် ဒီအချိန် လေး ညှဉ်းဆဲခွင့် အသာစီးရတာမို့လား။ ကြိုးရှည်ရှည်နဲ့ လွှန် ပြီး မူတာများသွားပြန်ရင်လည်း ဂေါ်မစွံဖြစ်ရတာကို သူမ လက်

www.burmeseclassic.com

www.burmeseclassic.com



တွေ့သိရှိထားပြီးသားပင်။ တကယ်တော့ အောင်ကသာ သူမအတွက် နောက်ဆုံးလက်ကျန် ဖမ်းဆီးခွင့်ရတဲ့ သားကောင်ဖြစ်လို့ နေပါသည်။

အရေးထဲ ဇာတ်ရှိန်တက်ကာ အချစ်ဖီလင်တွေ မျိုးတိုးမျက်တက် ခံစားနေရချိန် အိမ်ပေါ်မှ ဘကြီးခိုင်ဆင်းလာပြီး ဝင်နှောင့်လို့ ချော်လဲရောထိုင်နေကြရသေးသည်။

'ဟာ… ဟိုတလောကလာတဲ့ ဆရာကြီးရဲ့သားလား'

'ဗျာ… ဪ ဟုတ်ကဲ့၊ ဘကြီး… ဒါ… ထင်လင်းအောင်လေ'

ဘကြီးက ပြုံးရွှင်ရွှင် နှုတ်ခမ်းမွေးကော့ထောင်ပြီး အကဲခတ်သည့်အမူအရာဖြင့် ကြည့်သည်။ ခေါင်းတဆတ်ဆတ်ညိတ်ပြီး ကြည်ကြည်သာသာ မှတ်ချက်ပြုသည်။

'မဆိုးပါဘူး၊ ကဲ… ကဲ… မင်းတို့သူငယ်ချင်း လူငယ်ချင်းပဲ၊ လွတ်လွတ်လပ်လပ် အေးဆေးနေကြ၊ ဘကြီးက… ခေတ်အမြင်ရှိပါတယ်ကွ၊ ဟဲ… ဟဲ(ဟီ)… ခေတ်ရဲ့ ဘကြီးပဲ၊ သမီးရေ… မဝေ ဘကြီးခမ္မာရုံ သွားလိုက်ဦးမယ်'

'ဟုတ်… ဘကြီး'

သူ့ကိုယ်သူများ ဘကြီးက (ဝီး)ခေတ်ရဲ့ ဘကြီးတဲ့။ ဒီအလုံးတွေ ဘယ်လိုလုပ်ပြီး ခံတွင်းတွေ့သွားရတာပါလိမ့်။ သကြားလုံးလည်း မဟုတ်ဘဲနဲ့။ (ဝီ)ဆိုတာ ဘကြီးအတွက် ဝီစကီခေတ်ကို ဆိုလိုတာများလား။ မသိတာကြလို့ ခမ္မာရုံသွားပြီး ဆိုက်ဘာကဖေး အတွင်းခန်းထဲ ဝင်ထိုင်ဦးမှာများ။

အရေးကောင်း ဒိန်းဒေါင်းဖျက် ခံလိုက်ရတော့ အရှိန်တွေတောင် ပျက်ကုန်တယ်။ ရေဆင်းစိမ်တဲ့ မင်းသမီးက ကုန်းပေါ်အတက် ကင်မရာရှေ့ ရထားကြီး ဖြတ်မောင်းသွားတာ ခံလိုက်ရသလိုပါပဲ။

'ကဲ… ပြောပါဦး မမဝေရယ်၊ ကျွန်တော့်ကို… ချစ်တယ် မဟုတ်လား၊ အရမ်းသိချင်လို့၊ အရမ်းလိုအပ်လို့ပါ'

သူမ သက်ပြင်းတစ်ချက် ချလိုက်ရသည်။ ကြင်နာတတ်

www.burmeseclassic.com

www.burmeseclassic.com


သော မျက်ဝန်းနဲ့ထိတွေ့သောအခါ သူမစိတ်တွေ အရည်ပျော်လာရသည်။ ကရုဏာမျက်ဝန်း ဘာသာနဲ့ နှလုံးနံရံမှာ မေတ္တာကို ရေးခြစ်လိုက်ပါသည်။ သူ့ထက်အရင်ဆုံး ကိုယ်က ချစ်နေမိခဲ့တာ မဟုတ်လား။

'အောင်က… မမဝေကို ချစ်နေတယ်မို့လား'

'အင်းလေ… ဟုတ်တယ်လေ၊ အဲဒီတော့… မမဝေကလည်း ပြန်ချစ်လိုက်ပေါ့၊ ဘာအပန်းကြီးလို့လဲ အလကားမတ်တင်း ချစ်ရတာ'

'မမဝေ… မင်းကို မချစ်ဘူး'

'ဗျာ…'

ရုတ်တရက် ကောက်ကာငင်ကာ ပြောလိုက်တဲ့ သူမစကားကြောင့် သူ အထိတ်တလန့် ရေရွတ်ပါသည်။ မျက်ဝန်းသူငယ်အိမ်လေး တုန်လှုပ်ပြီး ဆွေးမြေ့ရီဝေသွားသည်။ မျက်နှာလေးနီရဲပြီး ကြေကွဲညှိုးငယ်သွားရတာ မြင်တော့ ချက်ချင်း သနားသွားသည်။ သူမအပေါ် တကယ်ချစ်တာလား၊ ရုက်လို့ နှာသာခံခက် အငြင်းပယ်ဒဏ်ကို ထိရှခံစားတာလား။ ဘာပဲဖြစ်ဖြစ် သူမ ချစ်ပစ်လိုက်ဖို့ ကြိုးစားခဲ့ပါသည်။ ကြိုးစားရဦးမည်။

'မမဝေ… အောင့်ကိုပဲချစ်တယ်'

မျက်မှောင်ကုပ်ကာ တွေဝေပြီး သူစဉ်းစားသည်။ သဘောပေါက်နားလည်သွားကာမှ သူ့မျက်နှာ ပြုံးရွှင်လာနိုင်သည်။ သက်ပြင်းတစ်ချက် မသိမသာရှောချပြီး တိုးတိုးသက်သက်ရယ်သည်။

'မမဝေ… တကယ်ပြောတာလားဟင်၊ ဝမ်းသာလိုက်တာ မမဝေရယ်၊ ပျော်လိုက်တာ၊ အား… အခုမှပဲ ဆန္ဒတွေပြည့်ဝတော့တယ်ဗျာ၊ အဲဒီ… အသံပဲ ကြားချင်နေတာ'

သူ ကြားချင်နေတာကြီးကို တစ်လုံးတစ်ဝရသွားလို့ ကျေနပ်ခြင်းဆည်တော့ဘဲ သူကို သိမ်းကျုံးဖက်ပါသည်။

'အို… ဘာလုပ်တာလဲ လွှတ်စမ်းပါ၊ အဲဒီလိုကဲချင် ပြန်ရုပ်သိမ်းလိုက်မှာနော်'

www.burmeseclassic.com

www.burmeseclassic.com



'ဆောရီးဗျာ၊ ဟဲ··· ဟဲ··· ကျွန်တော် အရမ်းပျော်သွားလို့ပါ'

ကိုယ်ရှိန်သတ်လိုက်ပြီး ခပ်ချာချာ ဣန္ဒြေရရ ရှက်ရယ်ရယ်ရင်း သူပြန်ထိုင်ပါသည်။ သူမ တည်တည်တံ့တံ့ မျက်နှာထားတင်းလိုက်ပြီး မျက်နှာသာ မပေးလေဟန် ကြည့်နေရပါသည်။ အချစ်၊ အသည်း၊ နှလုံး၊ မေတ္တာပေးထားရသူ ဘဝတစ်ခုလုံး ပုံမပေးရဖို့တော့ လိုသည်။ တော်တော်များများ မျက်နှာသာပေးလိုက်တာနဲ့ ရွှေရေးပန်းကန်တက်ပြီး လာကြသည်။ အချစ်ရဆုံးကို အဆုံးစွန်ထိ ချစ်ပိုက်ဖို့လိုသည်။ ဘဝသခင်ကို စိတ်ချလက်ချ အပ်နှံပေးဆပ်ရမည်။ အချစ်နဲ့ဘဝဆိုတာ တစ်ထပ်တည်း ကျချင်မှကျတာ။ ဘဝပေးပြီး ချစ်နိုင်ဖို့ လိုသလို၊ အချစ်ပေးပြီး ဘဝတည်ဆောက်ဖို့လည်း လိုပါသည်။ ရံဖန်ရံခါတော့ ဘဝပေးပြီး မချစ်နိုင်ရင် ပျက်ပြယ်မှေးမှိန်သွားရတဲ့ အချစ်တွေရှိသလို အချစ်ပေးပြီး ဘဝပါပေးပြီး မတည်ဆောက်နိုင်ရင်လည်း ပျက်ပြယ်ရတာတွေ ရှိတာပဲ။ သူမဘဝပါပေးပြီး အချစ်ကို အောင်နဲ့တည်ဆောက်ဖို့ ဝန်လေးသူတော့ မဟုတ်ပါ။ မြန်မြန်ကြီး၊ မြန်မြန်သီး ခေတ်ထဲမှာ ခဏတဖြုတ် မျက်နှာသာ မပေးခြင်းသာ ဖြစ်ပါသည်။

လမ်းထိပ်က ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်နဲ့တော့ ကွာပါသေးသည်။ သူကတော့ မျက်နှာသာမပေးတာ၊ ကျန်တာတွေ ရက်ရောပါသည်။

'မမဝေနဲ့··· ကျွန်တော် ချစ်သူတွေ ဖြစ်သွားပြီဆိုတော့ ဟိုနေရာ သွားရအောင်၊ လူပြောသူပြောများတယ်'

'ဘာလဲ··· ရွှေတိဂုံလား၊ ကမ္ဘာအေးလား၊ ဘုရားပေါ်မှာ မသင့်တော်ပါဘူး၊ ပြီး··· သတိပေးစာတွေကလည်း ရှိသေးတယ်၊ အဲလောက်ကြီး မျက်နှာပြောင် မတိုက်ချင်စမ်းပါနဲ့'

'ဘယ်ကလာ··· မမဝေကလည်း ဒေဝဥယျာဉ်ထဲကို သွားမယ်လို့ပြောတာ၊ ဟိုလေ··· မြကျွန်းသာ'

'အဲဒီ··· ဘော်ဒါမှာ စာသင်ပြီး စာမေးပွဲဖြေမလို့လား'

www.burmeseclassic.com

www.burmeseclassic.com


'ဟာဗျာ… မြိုင်ဟောဝန် သွားမယ်ဗျာ ဒါဆိုလဲ'

'တောကြီးမျက်မည်းထဲမှာ သားရဲကပေါပါဘိသနဲ့၊ ရေကို ကျိုချက်မသောက်ရင် ငှက်ဖျားက မိဦးမယ်'

အကျပ်တွေ့အောင် စကားကို လိုက်ကပ်ပြီးပြောနေတာ။ ဒါ တောင် သူ့တောထဲကို မျှဝေဆိုတဲ့ သူ့ သူငယ်ချင်း ထည့်မပေးရသေး ဘူး။ ပညာကုန်မဟုတ်ဘူး။ သူကတော့ ပေစောင်းစောင်းနဲ့ မ်ကြည် ကြည့်ကြည့်ကာ အညစ်ခံနေရပါတယ်။ အခုမှ စက်ဘီးပူကွင်းထဲ ရောက် နေဘောလုံးအသင်းလို ဒိုင်ညစ်တာ ခံနေရတာပဲ။

'ဒါဆိုလည်း… ရတယ်လေ၊ လှော်ကားဥယျာဉ်ပဲ သွားတော့ မယ်'

'ဘာသွားလုပ်မှာလဲ၊ ဥယျာဉ်တွေ တော်တော်စိတ်ဝင်စားနေ၊ ဥရိုင်းကော စိတ်မဝင်စားဘူးလား၊ ဟိုက… ချုံထဲက အကောင် ဇလောင်တွေထွက်လာရင် အချောင်သက်သက် ကိုယ့်ခြေထောက်နဲ့ တိုယ် ထပြေးနေရဦးမယ်'

သူသိအောင် ပြောပြလိုက်ရပါသည်။ သောကတွေအကြောင်း ဇန်းခြံတွေဟာ ကိုယ့်ထင်ကြေးနဲ့ကိုယ် ပုရွက်ဆိတ်ကိုက်ခံရ၊ အတွဲ ချောင်းခံရ၊ တောတိုးရ၊ လူအထင်သေးခံရသော နေရာများပင်ဖြစ် သည်။ လူငယ်တော်တော်များများက အာဒံနဲ့ဧဝတောထဲမှာ ဘယ်လို နေထိုင်လဲ သိချင်လို့ တောတိုးပြီး စူးစမ်းကြတာ။ တကယ်က ဘာမှ ထူးဆန်းဘူး မြို့ပြခေတ်မှာ မြို့တိုးပြီး စူးစမ်းလည်း အချစ်ကို တွေ့မှာပဲ။ တောနဲ့တောင်စွယ်၊ ကျွဲနဲ့လယ် မမြင်ဖူးတဲ့မြို့သားတွေဆိုတာ သိပ်ပြီးခေတ်နောက်ကျတာပဲ။ တောပြောင်းပြီး ဆန်ကောရောင်းစရာ၊ ကျွဲကျောင်းစရာ မြေမရှိဘူး။ မြို့သားတွေ လူတတ်ကြီးလုပ်ပြီး စတားနေကြတာ သေရင် မြေမြှုပ်စရာနေရာတောင် ရှိရှာတာမဟုတ် ဘူး။ မြို့သူတွေ ခေတ်မီတယ်ဆိုပြီး ခေတ်နောက်လိုက် စကတ်တိုဝတ် နေတာ။ တောသူတွေ မမီဘူး။ တောသူတွေ ခေတ်ရှေ့ပြေးပြီး ဘောက်စိုက်သမ လယ်ထဲဆင်းလာတာ ကြာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါဖြင့်ရင်… ဘာလုပ်မှာလဲ၊ ဘယ်သွားမှာလဲ၊ ချစ်တယ်ဆိုတာ ဘာအတွက် အဓိပ္ပာယ်ရှိတော့မှာလဲ'

'သိပ်ရှိတာပေါ့… အောင်ရယ်၊ အခုလို အနားကပ်ပြီး တိတ်တဆိတ် ရင်ခုန်သံကို ငြိမ်သက်အေးချမ်းစွာ နားထောင်နေရတဲ့ဘဝလောက် ရှင်းသန့်လှပတာ ဘာရှိဦးမှာလဲ'

သူမ အနားကပ်ကာ ပခုံးလေးပေါ်မှီနဲ့ ခေါင်းတင်ထားလိုက်ပါသည်။ အလိုက်သင့်ပင် သူက နောက်ကျောမှာ သိုင်းဖက်တင်မိနဲ့ပါသည်။ မြတ်နိုးယုယစွာ ဖျော့လင့်ပြီး စောင့်စားခဲ့ရသော အချိန်တဒင်္ဂလေးမှာ သာယာမိန်းမောလို့ နေကြပါသည်။

'ချစ်သူတို့သဘာဝ ဟိုဟိုဒီဒီ လျှောက်သွား၊ လျှောက်လည်ချင်တဲ့ သဘောပါ မမဝေရယ်'

'အခု… ရေတွင်းတူးပြီး၊ အခု… ရေကြည်သောက်ချင်လို့တော့ ဘယ်ရမလဲ ကိုယ်တော်ချော နည်းနည်းပါးပါးတော့ မမဝေဘက်က စျေးကိုင်ထားဦးမှာပေါ့'

သူမ အပေါ်စား မဆန်ကြောင်း သူသိထားဖို့ အထူးလိုအပ်ပါသည်။ သူ့အတွက်ဆို ဘာပဲဖြစ်ဖြစ် လိုက်လျောဖို့ ဆန္ဒဆုံးဖြတ်ချက် ရှိထားပြီးသားဆိုပေမယ့် အညာလွယ်၊ မဆွတ်ခင်က ညွတ်ချင်နေပေမယ့် အပေါစား တန်ဖိုးမဲ့မဟုတ်တာ သူသိဖို့တော့ လိုအပ်တာပါပဲ။ တစ်ဆင့်ပြီးမှ တစ်ဆင့်သွားကြရုံပဲ ရှိတာလေ။

'မမဝေ… ဘာပဲပြောပြော ဘာပဲလုပ်လုပ် အထင်မြင်တသေး တန်ဖိုးမဲ့တာ မရှိပါဘူး၊ ကျွန်တော့်… ရင်ထဲမှာ ချစ်တဲ့စိတ်တွေနဲ့ ထာဝရတန်ဖိုး အနှိုင်းမဲ့မြင့်မားပြီးသား'

'အပြောနဲ့ အလုပ်နဲ့ညီအောင် မမဝေက နေရမှာလေ'

သူ ပြုမူနေကျ အမူအရာအတိုင်း ရယ်ပြန်ပါသည်။ အဲဒီလူကို ရူးအောင်ဖမ်းစားတဲ့ အပြုံးကိုပဲ မြင်ပြင်းကပ်လှပါပြီ။

'မမဝေရယ်… အရာရာကို ရင့်ကျက်တဲ့ ပုဂ္ဂိုလ်ကြီးစံနှုန်း…ကြီးသဘောနဲ့ မမြင်စမ်းပါနဲ့ ရိပ်ရှင်အတူကြည့်ရအောင်'

www.burmeseclassic.com

www.burmeseclassic.com



'ဖြည်းဖြည်းပေါ့လို့ ပြောထားတယ်လေ၊ ပြောမရရင် မမဝေ ဆိပ်ကို တူနဲ့ထုမှာနော်'

'အဟီး… မမဝေက သိပ်ရယ်ရတာပဲ၊ ချစ်ဖို့လည်း ကောင်းတယ်၊ ကျွန်တော်… အသည်းယားလာပြီ'

အဲဒီလောက်တောင် အသည်းယားတတ်ရင်လည်း ပဲစားပြီး အူသွား သွားလိုက်တော့ပေါ့။ နေရာတကာ သူ့စိတ်ချည်းပဲ။ ဘယ်လို သူဆိုးလေးကိုမှ သူမဲ ထူးဆန်းစွာ ချစ်မိသွားတာလဲ။ ဒါတွေဟာ ရှင်မီအောင်နက်ရဲ့ ဆိုးမွေတွေတဲ့လား။ ဒီလိုပဲ ချောမောလှပအောင် မြှင့်သွင်းယူမှ အချစ်ပန်းပုရုပ်လေးဟာ သေသပ်နှစ်လိုဖွယ်ရာ ရုပ်ကြွလာမှာလေ။

* * *

အခုတော့လည်း ချစ်သူတို့လျှောက်သော လမ်းကလေးဟာ သာယာကြည်မွေ့ဖွယ် အပြည့်နဲ့ လှပသပ်ရပ်နေပါသည်။ အစပိုင်းတော့ လွယ်မယောင်နဲ့ခက် တိမ်မယောင်နဲ့ နက်တာပေါ့။ စင်သီက သူမနဲ့ ရည်ငံနေတဲ့အကြောင်းကို သိသွားတော့ အမှုအရာ ပျက်ယွင်းသွားတာပေါ့။ အရုပ်ကျိုးပြတ် လဲကျမသွားရုံတမယ်ပဲ။ အံ့သြတုန်လှုပ်တာလေ။ သူ့သားကို ငယ်ငယ်ချောချော မျှော်လင့်ချက် အိပ်မက်လှလှများ လေးတွေနဲ့ပဲ ရည်မှန်းထားပုံရတယ်။ ထင်မှတ်မထားတာတွေ ကြုံတွေ့ကြားသိရတော့ လက်မခံချင်ဘဲ အင်တင်တင် ဖြစ်သေးတာပေါ့။

နောက်တော့လည်း ချော့မော့ဖျောင်းဖျလိုက်တာ အဆင်ပြေသွားတာပါပဲ။ ရှိရင်းစွဲ သံယောဇဉ် မကင်းရာ မကင်းကြောင်း အားတုံ့အားနာသမှု၊ သားကိုချစ်တဲ့ဇောတွေနဲ့ ကြည်ဖြူလက်ခံ သဘောတူလိုက်တယ်။ ဘဝက အခုမှ လသာသောညရဲ့ အကောင်းဘက်အခြမ်းကို ရောက်တော့တာပဲ။

www.burmeseclassic.com

www.burmeseclassic.com


'မမဝေက… တကယ်တော့ ကျွန်တော့်ကို လေးလေးနဲ့တူလို့ ချစ်ခဲ့တာလား'

'အဲဒါက… အစပြုတယ်လို့တော့ ပြောလို့ရပါတယ်၊ ဒါပေမဲ့ အစားထိုး ဖြည့်ဆည်းတဲ့ သဘောတော့ မသက်ရောက်ပါဘူး'

'ကျွန်တော်… သိပါတယ် မမဝေ၊ တကယ်… ချစ်တာမှ မဟုတ်ဘဲ၊ မမဝေ… အချစ်က လေးလေးဆီမှာ ကုန်သွားပြီ'

ငေးငိုင်ပြီး မျက်နှာလေးငယ်သွားပါသည်။ တစ်ခါတလေ တော့လည်း ဘာမဆိုင်တဲ့ အကြောင်းအရာကို သူက အတွေးလွန်ပြီး အစိုးရိမ် ကြီးနေတတ်ပြန်သည်။

'ပြဿနာမရှာစမ်းပါနဲ့ကွာ၊ မဆီမဆိုင် ကွဲကွဲပြားပြား အသိ ရှိလို့ ချစ်မိတာကို အောင် မယုံဘူးလား'

'ညာတယ်… မမဝေ ညာပြောတာ မဟုတ်လား'

'မမဝေ… ကြိုန်ပြောရဲတယ်၊ အရင်က… ချစ်ခဲ့ဖူးတယ်၊ ချစ်နေဆဲပါ၊ အခုမှ… အောင်က ဒီလိုပြောလိုက်တဲ့အတွက် မမဝေ အဲဒီအချစ်ကို အဆုံးသတ်လိုက်ပြီ၊ အခုချိန်ကစပြီး အောင်တစ်ယောက် တည်းကိုပဲ ချစ်တော့မယ်'

မကြည်မသာ အီလည်လည်နဲ့ စိတ်ကောက်ချင်နေတုန်းပဲ။ ယောကျ်ားတန်မဲ့ ရုပ်ကြမ်းကြီးနဲ့ နွဲ့လို့။ သူမ စိတ်ပြန်ကောက်ဖို့ တောင်မှ အလှည့်မပေးဘူး။ အနိုင်ယူတတ်သော ကောင်စုတ်လေးကို သူမက ချစ်နေမိတာလေ။ မဖြစ်သင့်တာနဲ့ မချစ်သင့်တာ ရောထွေး နေတဲ့ ပုတီးကုန်းမြို့လေးကို ဘူတာရုံနဲ့ လက်ဖက်ရည်ဆိုင်နဲ့၊ ဗွီဒီယိုရုံနဲ့ အရက်ဆိုင် ရောသမရှုပ်ထွေးပေါ့။

'မမဝေက… မိန်းမ ပီသပါတယ်၊ ဗလောင်းဗလဲ ပြောတတ်လား'

'အောင်… ယုံချင်ယုံ မယုံချင်နေ၊ မမဝေကို အမြင်အမြင် သေးတယ်ဆိုရင်တော့ မမဝေ စိတ်ဆင်းရဲရတာပဲ'

စိတ်မကောင်းဖြစ်ပြီး ဝမ်းနည်းရပါသည်။ ကိုယ်က ချစ်

www.burmeseclassic.com

www.burmeseclassic.com


လောက် ကိုယ့်ကို ပြန်ချစ်တာ မခံရရင် အခုလို သောကရောက်ရ ည်းပဲ။ သူမ ထင်လင်းအောင်ကို သိပ်ချစ်တဲ့အကြောင်း သက်သေ ပြရမည်။ ဝမ်းနည်းအားငယ်သွားပုံဖြင့် မသက်မသာ မျက်နှာအမူအရာ ကိုကြည့်ပြီး သူ ရယ်ဖြဲဖြဲဖြင့် စိတ်ပြန်လျှော့ချသည်။

'အလကား… နောက်တာပါ မမဝေရယ်၊ ချစ်လို့စတာပါ'

မမဝေရင်ထဲမှာ ဘာပဲရှိရှိ ဘာပဲဖြစ်ဖြစ် ကျွန်တော်က ချစ် ပြီးသား'

သူမ အမြင်ကတ်ကတ်ဖြင့် မျက်စောင်းထိုးပစ်လိုက်မိသည်။ အတည်ပေါက်ကြီးနဲ့ နောက်ပြောင်ကျီစယ်ရက်ပလေတယ်။ သူနဲ့အတူ ရှိနေရတာဟာ အရူးကို ရည်းစားလုပ်ရသလိုပဲ။ အရူးပါးဝပြီး ဒုက္ခ ဆေးသမျှကို လူတွေက ခံကြရတာလေ။ စိတ်မနှံ့တဲ့ လူရဲ့ တန်ပြန်ရိုက် ချက်ကြောင့် အရူးလုပ်ခံနေရတာမျိုး။

'အောင်က… မမဝေကို အရမ်းအနိုင်ကျင့်တာပဲ၊ အဲဒီလို အထိတ်တလန့်ဖြစ်လောက်အောင် အတည်မနောက်စမ်းပါနဲ့'

'ကျွန်တော်… အဲဒီလို နောက်တတ်လို့ ဒုက္ခရောက်ဖူးတယ်၊ ထုမုန်းခံရတယ်ဗျ၊ ဒါပေမယ့်… အတန်တန် ဆင်ခြင်နေတဲ့ ကြားထဲ ကပဲ မနေနိုင်လို့ နောက်မိပြန်ရော'

မောင်လေးရဲ့ နောင်ရေးက စိတ်မအေးစရာကြီးပါလားနော်။ ကြာရင် သူမလည်း နှလုံးရောဂါ ရနိုင်လောက်သည်။ သူမ စိတ်ပြေ လျော့ ထွေးပွေ့ပြီး အနမ်းနဲ့ ချော့မော့ပါသည်။ ထိပ်ပုတ်ပြီးမှ ထိုင် ထန်တော့နေတာ။ မကျေမချမ်းဖြင့် သူ့ရင်ခွင်ထဲမှာ မြင်းကတ်တစ် ဖြစ်မုန်းမသိ ဖြစ်လို့နေသည်။ ပေစောင်းတေကတ်နေမိတာပေါ့။

'မမဝေလေ… အရင်ကသာ ဂျင်မီကို ချစ်ရင်ချစ်ခဲ့မယ်၊ ကာလံဒေသံ အခြေအနေ အချိန်အခါအရ အခုချိန်မှာတော့ လုံးဝ ပြောင်းလဲသွားပြီး ကမ္ဘာလောကတစ်ခုလုံးမှာ အောင့်ကို အချစ်ဆုံးပဲ ဆိုတာ နှလုံးသွင်းပြီး မှတ်ထားစမ်းပါ'

တီတာချိုသာစွာ ချွဲနွဲ့ ပိုမိုပြီးပြောလိုက်ပါသည်။ ချစ်အနမ်းလို

www.burmeseclassic.com

www.burmeseclassic.com



ချိုသော ချစ်နှုတ်ခမ်းနဲ့ပြောသည့် အပြောလေးတွေ ချိုသည့် အပျို
ဆိုတာ ဒေါင်ဒေါင်မြည်ပဲ။ ပိုင်ပိုင်နိုင်နိုင် နှလုံးသည်းတိုင် ထိရှအော
ပြောတတ်ရမှာပေါ့။

'တကယ်ပြောတာနော်၊ ပြီးမှ··· ဘာဖြစ်တယ်၊ ညာဖြ
တယ် အသံတွေ မကြားချင်ဘူး'

'တကယ်ပေါ့··· အောင်ရယ်၊ အသေအချာ ယုံလိုက်တော့'

'ယုန်လိုက်ရင် တောထဲသွားနေရမှာပေါ့၊ မျှဝေနဲ့တော့ အတ
မနေပါရစေနဲ့၊ ကျွန်တော်··· အတူနေချင်တာက မမဝေနဲ့ပါ'

'မနေချင်ပါဘူး၊ ရာသီဥတုက ပူရတဲ့ကြားထဲ အစအနောက်
ကလည်း သန်သေးတယ်၊ ကပ်တီးမှုးလဲ လုပ်ဦးမှာ'

သူ့ရင်ဘတ်ကို ခပ်ဖွဖွလေးတွန်းပြီး ရန်တွေ့ဟန်ပြောက
နှုတ်ခမ်းစူထားလိုက်မိသည်။ သူက သဘောတကျရှိလှစွာ ရယ်မော
နေပါတော့သည်။ ဘယ်တော့မှ အရယ်အပြုံး မပျက်ဘဲ လူတစ်ဖက
သား ဒုက္ခရောက်အောင် ဘယ်လိုချောက်ချရမလဲ။ ဒါပဲ တွေးနေတတ
တာလေ၊ ကူလီကူမာ ရုပ်ကလေး ကူလီကူကြာရုပ် မဟုတ်လို့ ချစ်
နေတာပဲလား။ ကြုံဆုံဖြစ်ပျက်ရသမျှကို အဆန်းတကြယ် ငေး
လိုက်ရုံကလွဲပြီး ဘာမှ မတတ်နိုင်ဘူး။

'မမဝေနဲ့··· ကျွန်တော် ဒီလို ချစ်လာခွင့်ရတာ သိပ်အံ့ဩ
တာပဲ၊ ဥစ္စာစောင့်မလေးနဲ့ ချစ်ရသလို ဆန်းကြယ်တယ်'

'မမဝေက··· ဥစ္စာစောင့်လား၊ အဲဒါဆိုရင်တော့··· အောင့်
လိပ်ပြာကို နှုတ်လိုက်မှာနော်'

'နှုတ်ချင်နှုတ်ပေါ့၊ လိပ်ပြာပဲ··· နှုတ်ရမှာနော်'

အစိုးရိမ်ကြီးဟန်ဖြင့် မျက်ကလူးဆန်ပြာ သူက သတိပေး
ပြောလာသဖြင့် ရယ်မိသည်။

'ဘာလဲ··· လိပ်ပြာမနှုတ်လို့ ဘာတွေနုတ်ရဦးမှာလဲ'

'ဘာမှ··· မဟုတ်ပါဘူး၊ မုတ်ဆိတ်၊ ဆံပင်ပေါ့ အောင်
သေရင် ကတုံးပြောင်၊ မုတ်ဆိတ်ရှင်းရှင်းကြီးနဲ့ မခန့်မညီ မသေ
ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



သူမ ရှက်ဝဲဝဲလေးရယ်လိုက်ပြီး သက်မချလိုက်နိုင်တော့ ည်။ မှတ်ဆိတ်၊ နှုတ်ခမ်းမွေးတွေ ကယ်ပေလို့ပဲ။

'စဉ်းစားကြည့်လေ၊ မမဝေက… ရုတ်တရက်ကြီး ကောက် ာင်ကာ ကြီးရာက ငယ်သွားတယ်၊ ပြီးတော့… ကျွန်တော့်ကို လေးလို့ အရပ်လာတိုင်းတယ်၊ အဲဒါနဲ့… ကြည့်မရလို့ ကပ်နမ်း က်တာ ချစ်သူတွေဖြစ်သွားရော'

'ဟင်… အောင်ပြောပုံအရဆိုရင် မဆီမဆိုင်ကြီး ဖြစ်နေပြီ၊ က်ဆိုင်လို့ ချစ်မိကြတာပဲ မဟုတ်လား'

'မဟုတ်ပါဘူးလေ၊ မင်းသမီးလေးက… လိုတရ မြေဖြူ တောင့်နဲ့ ငယ်အောင်ဖန်ဆင်းလိုက်တယ်၊ အဲဒီလိုဖြစ်အောင် မင်းသား လေးက ညှို့ပြီး ရှားပါးရတနာ မြေဖြူတောင့်ကို ပေးလိုက်တာပဲလေ'

'ဖြစ်ရလေ… သူကပဲ ညှို့အားပြင်းသတဲ့၊ ဘာလဲ…'

သူငယ်ချင်း စာရေးဆရာမကြီးဆီ သွားပြီး လက်တို့ဦးမှပဲ။ ဆန်းကြယ်တဲ့ သူတို့ အချစ်ပုံပြင်လေးကို ဂမ္ဘီရဝတ္ထုရေးဖို့ ကုန်ကြမ်း သွားပေးရမယ်။

'အဲဒါဆို… နေပါဦး မမဝေရဲ့၊ ဂမ္ဘီရဆန်နေတဲ့ ကျွန်တော် တို့ အဖြစ်ကို ဝတ္ထုရေးရင် အလုပ်ဖြစ်မှာပေါ့'

'အံ့သြတကြီး လိုက်ငေးပြီး အဆန်းတကြယ် ကြည့်မှာတော့ ဟုတ်ဘူး၊ မဖြစ်နိုင်တာတွေ စိတ်ကူးယဉ်ပြီး လျှောက်ဖြီးတယ်လို့ တော့ သြဘာပေးမှာ'

'ဘယ်ကလာ… မမဝေကလည်း ကိုအချစ်ဟာသတွေ ရေး နေရာက ဂမ္ဘီရဘက် လှိုင်းပြောင်းပြီး ရေးလိုက်တဲ့ ညီနောင်ဆိုကြည့် ပါလား တစ်အုပ်တည်းနဲ့ အုပ်ရေကိုးသန်းဆိုလား'

'ဟုတ်လား… မကြားလိုက်မိပါဘူး၊ နာမည်ကြီးသွားတာပဲ ပေါ့၊ ဝတ္ထုနာမည်က… ဘာတဲ့လဲ'

'နှစ်ဆယ့်တစ်ရာစု ဆန်ကျူလီဖော့ ကုမ္ပဏီကတောင် ရုပ် ခင်းကို လာဝယ်သွားသေးတယ် '*တွံတေးတောတန်းက ထန်းရည်စိမ် င်းသားလေး*' ဆိုတာလေ'

www.burmeseclassic.com

www.burmeseclassic.com


'ဩော်... အဲဒါလား အမေရိကန်နဲ့ အီရက် ဖက်စပ်ချ
ကြည်ရေးလုပ်ပြီး ရိုက်မယ့်ကားလေ'
'ဟုတ်တယ်... အဲဒီဝတ္ထုကို ပြောနေတာပဲ'
'အဲဒါ... လာဝယ်တာပဲ သိလိုက်ရတယ်၊ ခရေစေ့တွင်းကျ
တော့ မသိဘူးလေ'
'ဒီက... ကင်မရာတွေတောင် မသုံးတော့ဘူး၊ အဆင့်မြင့်
မြင့် ဂမ္ဘီရ ရုပ်ရှင်ကားကြီး ကြည့်ရဦးမှာ'
အားပါးတရ ဂုဏ်ယူမှုဒီတာပွားလေဟန်ဖြင့် သူကပြော
လေသည်။ စကားအရှိန်တန့်သွားအောင် တခ်ဏပွတ္တိဉာဏ်ရှင်ရှင်
တစ်ချက်လှန်ခွပ်လိုက်မိတော့သည်။
'နေပါဦး... သူများ အလုပ်ဖြစ်တိုင်း လိုက်လုပ်ရအောင်
ဟိုလူ မစင်ခြောက် ကောက်စားတိုင်း အောင်က လိုက်စားမှာလား'
'ဟာဗျာ...'
အီလည်လည် မျက်နှာဖြင့် ကျောကုပ်ခေါင်းကုတ် ဖြစ်နေ
တော့သည်။ သူ့ကိုကြည့်ပြီး တသိမ့်သိမ့် တုန်လှိုက်ကာ ရယ်မော
ကြည်နူးရပြန်သည်။ အဲဒီလို စိတ်ချမ်းမြေ့အောင်လည်း သူက သရု
ဆောင် ကောင်းနေပြန်ပါသည်။
'ငါးပွက်ရာ... ငါးစာချတဲ့ သဘောတော့ မဟုတ်ဘူးပေါ့
မမဝေရာ၊ ရေ့မှာ ရှုပြီးသား ရှိနှင့်တာထက် ပိုကောင်းအောင် ထ
ဆင့်ပြီး သစ်သ... ကသစ်အောင် တီထွင်တဲ့သဘောပါ'
'မြူးဇစ် စတိုင်တွေလိုပေါ့ ပိုပြီး ဆူတာ၊ ပိုမိုငြိမ့်ညောင်း
တာ၊ မဆူမညံတာနဲ့ ရောနှောတာတွေ ထွင်သွားနိုင်မှ ကိုယ့်လမ်းကိုယ်
ဖြစ်တော့မပေါ့'
ဒီတစ်ခါတော့ သူ့စကားဟာ မှန်ကန်သင့်တင့်နေလို့ အနေ
အယုက်ပေးပြီး ငြင်းဆန်ကန့်လန့်တိုက်ဖို့ အကြိုးစားတော့ပါဘူး
ရောင်းသူ ဝယ်သူ အသံတူ တိုင်ပင်လိုက်ပါတယ်။ ကောင်းရာကောင်း
ကြောင်း ပြောကြတာပဲ။ ဆွေးနွေးညှိနှိုင်းမှ နည်းမှန်မြမ်းမှန်ကိုရပြီး
တိုးတက်မှာလေ။

www.burmeseclassic.com

www.burmeseclassic.com



'အိုင်ဒီယာကောင်းတော့ ရှိပါတယ်၊ ခွဲလေးက… မရှိ၊ ခွဲသေးတော့ ထားပါရဲ့၊ ကံက… မလိုက်ဖြစ်နေလို့ပါ၊ ထင်လင်းအောင်တို့က… မလုပ်ချင်သေးလို့ ကြည့်နေတာ ပိုင်ပါတယ်'

'မင်းဟာကလည်း… ဟိုမင်းသားလေးကျနေတာပဲ၊ ကတော့ အချင်ပါရဲ့၊ ကျန်းမာရေး မကောင်း၊ ကျန်မာရေး ကောင်းနေပြန်တော့လည်း မကချင်ဆိုတာမျိုးကြီးလား'

ပြုံးစစ နှုတ်ခမ်းမွေး ကျိုးတိုးကျဲတဲနဲ့ ရယ်ပါတော့သည်။ ပြေးကြည့်မှ ဒီချစ်သူနှစ်ယောက်ပဲ ရှိတာလေ။ ကြည်ဖြူလိုက်သတော့လိုက်၊ ကန့်လန့်တိုက်လိုက် ခေါင်းညိတ်လိုက်ပေါ့။ ကပ်ဖွဲ့ရပ်ဖွဲ့ ရေတစိုက် လုပ်စရာဆိုလို့ ဒီလူနဲ့ ဒီလူမပဲရှိတာလေ။ ဒီနှစ်ယောက်ကသည်း ရန်ဖြစ်လိုက် ပြန်ချစ်လိုက် မလုပ်လို့ ဘယ်နှယောက်နဲ့များ သွားချစ်နေရမှာလဲ။

'ကျွန်တော်… စဉ်းစားမိတာက ဂမ္ဘီရ သဘောသဘာဝတွေပါတဲ့ သီချင်းမျိုးကို ဖန်တီးချင်တာ'

'ဟယ်ရီလင်းရဲ့… ဂမ္ဘီရပိညာဉ်မျိုးလား၊ ဘီတဲလ်ရဲ့ အိန္ဒိယတိုင်လ်လား၊ ဂန္ဓာရီလိုမျိုးလား'

'ဟုတ်တယ်… အဲဒီလို သီချင်းမျိုး ပိုပြီးတော့ ဆန်းသစ်တဲ့ တော်နည်းသိပ်သည်းမှု ထည့်ချင်တာ'

'လုပ်ထားကွ… ထင်လင်းအောင်ကွ၊ ရှုးနိုင်မှ ထူးတာ၊ သိတဲ့လူ ကြောင်တာ မတတ်တဲ့လူက အားပေးရမှာပေါ့'

သူ့ကိုယ်ပေါ် မှီနွဲ့နေရာမှ ရုန်းထွက်လိုက်ပြီး အားပါးတရ လက်ခုပ်တီးကာ မြှောက်ပင့်ပြီး ရိုက်ချ ဘောလီဘောပုတ်လိုက်ပါသည်။ ဟုတ်တော့မလိုလိုနဲ့ အဖျားရှူးသွားတော့ သူ့မျက်နှာကြီးက ဆယ်ဘီးကား တက်ကျိတ်ခံရတဲ့ ခရမ်းချဉ်သီးလို ပြဲကွဲပျော့ရွဲသွားသည်။

'မမဝေ… အားပေးအားမြှောက် လုပ်တာနော်၊ မသိတဲ့ ကျွန်တော် ပေါက်ကရလုပ်တာကို မတတ်ဘဲနဲ့ လက်ခုပ်တီးတာ'

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရှုးကိုယ်ပတ် စားကောက်နဲ့ ပစ်မိတဲ့အခါလည်း ရှိ မပေါ့။ ကိုယ့်အတွက်နဲ့ ကိုယ်စုးရတာလေ။ ကိုယ့်နှုတ်ခမ်းကို ဖွဖွလေး ဖိကိုက်မိလိုက်သည်။ ဒီပါးစပ်နဲ့ ဒီလေကြောကိုက အငြိ မနေ သွားရှည်လိုက်မိတာ။ အခုတော့ အသွားမလွတ် အနှောင့်မလွ ကိုယ်ပါ ပြန်ခံရတာပဲ အဖတ်တင်တယ်။ တော်တော်လှောင်တဲ့ ထ လင်းအောင်နဲ့ တော်တော်မွှေတဲ့ ပန်းပွင့်ဝေတို့ တွေ့ကြတာလေ ခြေမြင်သော မြွေချင်း ကျောက်ကျောက်ချင်းထိတော့ မီးပွင့်လေ ပေါ့။

'မမဝေ…'

'ဟေ…'

'မမပန်း…၊ မမပွင့်…'

'လန်း…၊ လွင့်…'

'ဒါကျတော့ ဟမ်းတွေ၊ ဟွင့်တွေ မအော်ဘူး၊ ဒီက… ထန်းလျက်ခဲကျွေးပြီး ဘော်ဒါဖွဲ့ အမြီးနှံ့ခိုင်းမလို့'

'ကြည့်စမ်း… ကောင်စုတ်လေး၊ လူကို ခွေးနဲ့နှိုင်းတယ်ပေါ့ သွား… မခေါ်တော့ဘူး'

သူ ရင်အုပ်သားပေါ်ကို လက်သီးဆုပ်လေးများဖြင့် ပတ်မကြ တီးသလို တဗုန်းဗုန်းထုပစ်လိုက်ပါသည်။ ကြင်နာစိတ်ကောက်ဟန်ဖြ ညင်ညင်သာ အစွမ်းကုန် တဒိုးဒိုးထုလိုက်တာ အင်္ကျီမှာကပ်နေတဲ့ ဖုန်တွေတောင် ဝေ့ဝဲထွက်ပျံလာသည် အထိပင်။

'သိပ်ညစ်စုပ်တာပဲ၊ မမဝေသာ ခွေးတယ်နီယာမလေးဆိုရ မင်းဟာ ခွေးအစုတ်မလုပ် ဖုန်လူးကောင်လေးပဲ'

'မမဝေ… လက်မပါနဲ့လေ၊ ကျွန်တော်လည်း… နှာခေါင် ပါလာမယ်နော်၊ ဘာမှတ်လဲ'

သူ နှာခေါင်းပါမှက အသားလိုလို အရိုးတောင်းကြာ သူမ ပါးပြင်လေး ရွတ်ခနဲ နွေးအောင်လှည့်စားဖို့ပင်။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

တကယ်တမ်းကျတော့ ခွေးဖြစ်တာမှ ကောင်းပါသေးတယ်။ ခွေးက ရောင်းစားလို့ရသေးတယ်။ အိမ်မှာ မွေးကျွေးထားရင်လည်း ဟောင်ဖော်ရသေးတယ်။ လူကတော့ ဘယ်သူ့သွားရောင်းရောင်း အကုန်အကျခံပြီး ဝယ်မှာမဟုတ်ဘူး။ ငွေကြေးနဲ့ တင်တောင်းတာတွေ၊ ခန္ဓာကိုယ် ရောင်းစားတာတွေဆိုတော့လည်း လူမဟုတ်တော့လို့ပေါ့။ သူထက်ပိုပီသတဲ့ လူဖြစ်လို့ တန်ရာတန်ကြေး သတ်မှတ်တာနေမှာပေါ့။ သူမကတော့ အဖိုးဖြတ်လို့ မရသော တန်ကြေးဖြင့်သာ အချစ်မေတ္တာကို အလိုရှိခဲ့ပါသည်။ တန်ဘိုးသတ်မှတ်မထားဘဲ အမြတ်တနိုးချစ်မိတဲ့ အချစ်ကိုမှ သူက အလွဲသုံးစားလုပ်လာရင် မခက်ချေဘူးလား။ စိုးရိမ်မကင်းစွာ သူ့ကို မေးမြန်းအကဲစမ်းကြည့်ရသည်။

'အောင်… အခုတလော ဘာတွေလုပ်နေတာလဲ၊ အိမ်မှာ… ဖုန်းဆက်ကြည့်တော့ မမဝေဆီသွားတယ်လို့ ပြောတယ်၊ ပြီးရင်… ဒီကိုလည်း ရောက်မလာဘဲ ဘယ်လျှောက်သွားနေတာလဲ'

'ဘယ်မှမသွားပါဘူး မမဝေရယ်၊ အေအိုင်ဒီအက်စ်ဝေဒနာရှင်တွေအတွက် ကရုဏာရန်ပုံငွေပွဲအတွက် သီချင်းတိုက်နေရလို့ပါ၊ ရှိပါတယ်၊ ကျော်ဇင်ကိုကိုတို့နဲ့ နေ့တိုင်းသီချင်းတိုက်နေတာပါ'

'မှန်မှန်ပြောနော်… လိမ်မိဖို့မကြိုးစားနဲ့၊ ကိုကျော်ဇင်ကို… မ လှမ်းမေးမှာ'

www.burmeseclassic.com

www.burmeseclassic.com



'မေးပါ… ရပါတယ်၊ ဟိုက… ပြန်ဖြေမှာပေါ့၊ သီချင်း တိုက်ရင်း ဖန်ခွက်တိုက် ဖဲရိုက်ရုံလောက်ပါပဲ'

ကဲ ကြည့်ဦးတော့။ နှစ်ခါရိုက်မစစ်ရဘူး။ အိုးမလုံတော့ အံ့ပွင့်လာတာပဲ။ ဒီလောက်တော့ ပါးစပ်ဟလိုက်တာနဲ့ အူဘယ်နှခွေ ရှိတယ်ဆိုတာ ဗိုက်ခွဲကြည့်မှသိတာ။ စောဖေတို့က နောကျေပြီးသား။ ပန်းပွင့်ဝေအဖို့တော့ ပြန်လှန်သင်ခန်းစာနဲ့ လေ့ကျင့်ပြီး နွေးနေစရာကို မလိုဘူး။ အကင်းလည်း ပါးပြီးသား။

'မမဝေကလေ… ဗိုက်ခေါက်ထူသလောက် သိပ်အကင်းပါး တာပဲ၊ မမဝေကို မလိမ်ရဲပါဘူး'

'လိမ်လည်းလိမ်တယ်၊ မာလည်းမာတယ်ပေါ့လေ၊ ပြုံးအလှ ပိုင်ရှင် စိတ်တာလေးတွေရော ပါသေးလား'

'မပါဘူး၊ အဲဒါတော့ စိတ်ချ၊ ဗိုင်းရပ်စ်တွေ ပါဆယ်ထုပ်လာ မှာစိုးလို့'

'ဒါဖြင့်ရင်… ဖြူပြာဖွန်နဲ့ လည်ချင်းယှက်ပြီး စုံတွဲသီချင်း တော့ ဆိုဖြစ်မှာပေါ့'

'အလုပ်သဘောအရပါ၊ ဟဲ… ဟဲ… အလကားနောက်တာ၊ လည်ချင်းမယှက်ပါဘူး မမဝေရယ်၊ ဥစ္စာခြောက်မနေပါနဲ့နော်၊ ကျွန်တော်က… မမဝေနဲ့ စုံတွဲဆိုပြီး လက်ထပ်မင်္ဂလာ စီးရီးလုပ်ချင် ဘာ'

'အရှုးပဲ၊ သိပ်စကားတတ်တာ၊ ယုံအောင်လည်း ပြောတတ် တယ်၊ ချစ်အောင်လည်း ချွဲတတ်တယ်၊ မရိပ်မိအောင်လည်း ဖြီးတတ် တယ်၊ လျှာအရိုးမရှိတဲ့ ထင်လင်းအောင်လေး'

သူ့နားထင်ကို လက်ညှိုးနဲ့ ငေါက်ဆတ်ဆတ် ပေါက်ပြီး ဘွဲ့ထူးတွေ တပ်ပေးလိုက်တယ်။ သူက မဖြုံလေဟန်ဖြင့် ထပ်မံဖြည့် ဆည်းလိုက်သေးတယ်။

'စာနာအောင်လည်း ညာတာပါတေး လုပ်တတ်သေးတယ်'

'သိပါတယ်၊ အောင်က… လူကြီးတွေကို အဲဒီအပြောတွေနဲ့ ပဲ ညာစားပြီး ကြီးပြင်းလာတယ်ဆိုတာ'

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာထိ မျက်နှာထားဖြင့် မဲ့ကာရွဲ့ကာ ပြောလိုက်တော့ ရက်ဖြဲဖြဲ ရယ်တော့တာပေါ့။

'ယုံစမ်းပါ… မမဝေရယ်၊ အောင်က… တစ်ယောက်သော ချစ်သူကိုပဲ သစ္စာရှိရှိ ချစ်မယ့်ကောင်ပါ'

'ယုံဝယ်ပေးလေ၊ ယုံစမ်းရအောင်'

'မမဝေကိုသာ… ကျွန်တော် စိတ်မချရတာ၊ နပျိုရှင်သန်ရေး အတွက် အစ်ကိုကြီးတွေ၊ အန်ကယ်ကြီးတွေက မမဝေရဲ့ အလှအပကို ရက်စိကျနေတာ'

'မမဝေက… ကိုယ့်ကိုယ်ကို ယုံပြီးသား၊ စိတ်သန့်တယ်၊ အောင့်ကိုပဲ စိတ်မချတာ'

'စိတ်ချချင်ရင် ကျွန်တော်နဲ့ အခုပဲလက်ထပ်လိုက်လေ၊ မမ ဝေနဲ့… အတူနေချင်ပြီဗျ၊ သိလား'

အကဲပိုစွာ လေသံကြားရုံလောက်ဖြင့် ချွဲချွဲနွဲ့နွဲ့ သူကပြော လေသည်။ အခုဆို အခု ဖွတ်တရွတ်ကြီးပဲဆိုတဲ့ လူငယ်ကောင်ချော လေး။

'ဟင့်အင်း… အောင် အခုစီစဉ်ထားတဲ့ စီးရီးထွက်ပြီးမှ ကြည့်ကျက်ပြီး လက်ထပ်ဖို့ စီမံချင်တာ၊ ဖြစ်နိုင်ရင် အောင့်ကိုလည်း စီးတီးအက်ဖ်အမ် ဆုလေးရပြီးကာမှ လက်ထပ်စေချင်တယ်'

'အဲဒါတွေက… အလကားပါ မမဝေရယ်၊ ရုပ်ရှင်မင်းသားမှ မဟုတ်တာ၊ အကယ်ဒမီရပြီးမှ လက်ထပ်ရအောင်'

'ဘာပဲဖြစ်ဖြစ်… အဲလို့ တင့်တင့်တယ်တယ်ဆိုတော့ ပို ကောင်းဘူးလား'

သူမ မျက်နှာကို စေ့စေ့ကြည့်တယ်၊ သူ့မျက်ဝန်းမှာ သကော ကောင်းဟန် အရိပ်အယောင် ဖြတ်သန်းသွားသည်။

'သိပါတယ်… တကယ်တော့ မမဝေက ကျွန်တော့်ကို ချစ်လို့ လက်ထပ်ချင်တာမှ မဟုတ်ဘဲ၊ အဲဒီ… ဂုဏ်ပုဒ်တွေ ဆုကြေး တွေကို မက်မောလို့ မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



သူမ ခေါင်းတွင်တွင်ခါပြီး ငြင်းဆန်ပစ်လိုက်ပါသည်။ ကဗ်
သီးကပ်သပ် စကားတွေပြောပြီး အပစ်တော်တင်ကာ အထင်အမြင်
လွဲချင်နေမိကြတာက မေတ္တာလမ်းလား အဆီအငေါ်မတည့် အထင်
တလွဲ အမြင်တွေမွဲလိုက်တာ။

'အဲဒီလိုထင်ရင်… အောင် မှားသွားမှာပေါ့ကွာ၊ သာဒွန်း…
ဘိန်းစားလို့ သာဒွန်းမိန်းမက ဘိန်စားမိန်းမ ဖြစ်သွားတာမှ မဟုတ်ဘဲနဲ့
အောင့်မှာ… ဘာမှရှိမနေရင်တောင်မှ မပစ်ပယ်ရက်ပါဘူးကွယ်'

ဒီလိုဆို လွန်လွန်းတာပေါ့။ သူမရဲ့ ချစ်မြတ်နိုးမှုက ဤမျှ
ဤမျှ သူ့အပေါ်ကြီးမားခဲ့ပါသည်။ ဒါကိုပင် သူက အငမ်းမရ နည်း
သေးတယ် ထင်နေသည်။ ရထားပေါ်က ဈေးသည်လို နည်းသေးလား
စုံစီနဖာရောင်းရမယ့်ပုံစံ ပေါက်နေသည်။

လွယ်ဗန်းကလေးနဲ့ အနမ်းလေးတွေချိတ်ထား၊ ဘဝလေးကို
တင် ဆံနွယ်လေးတွေဖြန့်ခင်း၊ အသည်းနှလုံးကို ပါကင်ထုပ်၊ နှုတ်ခမ်း
လေးတွေ တစ်လိမ့်ပြီးတစ်လိမ့်၊ အကြင်နာမေတ္တာစကားလုံးတွေ
ယာစပ်ပြီး သူ့ကိုရောင်းပေးရမည်။ ဖောဖောသီသီ ပေါချောင်ကောင်း
ရက်ရက်ရောရော အော်ရောင်းရမည်။

'အနမ်းလေးတွေက… ၁၀၀ ဖိုး သုံးကစ် နည်းသေးလား၊
ဆံနွယ်လေးတွေက တစ်လက်မတစ်ဆုပ် နည်းသေးလား၊ နှုတ်ခမ်း
လေးတွေက အလိပ်လိုက် အထပ်ထပ် နည်းသေးလား၊ နှလုံးသားပါကင်
လေးတစ်ထုပ်'လို့ အော်ဟစ်ပြလိုက်ရမှာ၊ ဒါမှ မနည်းမှန်း ကိုယ်တော်
ချော သိရှိနိုင်မှာ။

'ထင်မြင်ယူဆတယ်ဆိုတာ ချစ်လို့၊ အစိုးရိမ်ကြီးပြီး ပြော
တာပါ မမဝေရယ်၊ မချစ်ဘဲနဲ့ ဘယ်သူက လေကုန်ခံပြီး ပြောနေမှာ
လဲ'

'ကဲပါ… တော်ပါပြီ၊ လုံလောက်ပြီ၊ ဓာချွဲမနေနဲ့တော့'

နှုတ်ပိတ်လိုက်လို့သာ ရေငုံသွားရတာ။ သူ့မျက်နှာကြည့်ရတာ
သိပ်ကြေလည်သေးပုံ မရပေ။ သူမတို့နှစ်ယောက်ဟာ ဘာမဟုတ်တာ

www.burmeseclassic.com

www.burmeseclassic.com



လေးတွေနဲ့ အစိုပ်တကြည့်ကြည့် အငြင်းပွားမိကြသည်။ ဒီအငြင်းပွား တာတဲ့ ဆူးခြောင့်မျိုးဆိုတာ ထွင်နိုင်မှတော်ကာကျတာ။ တစ်စတစ်စနဲ့ ကြီးထွားလာရင် ထိန်းမနိုင်သိမ်းမရ မီးတောက်ကြီး ဖြစ်လာနိုင်သည်။

'ဟုတ်ပါတယ်၊ တကယ်တော့... ကျွန်တော်နဲ့ မမဝေက သူချစ်တယ်၊ ငါချစ်တယ်နဲ့ အချစ်ပြိုင်နေမိကြတာပဲ'

'အချစ်ပြိုင်ပြီး အချစ်ကြီးတဲ့အခါမှာ အမျက်ကြီးတာလည်း ဖြစ်တတ်တာပဲ'

သူ ခေါင်းတဆတ်ဆတ်ညိတ်ပြီး သူမကို စူးစူးရဲရဲကြည့်ပါသည်။ ပြတ်သားစွာ တစ်ထစ်ချစကားကို ဆိုသည်။

'ကျွန်တော်... မမဝေကို မပေးရဲဘူး၊ ပေးရမှာ ကြောက်တယ်'

'မပြောပါနဲ့၊ ပေးရမယ့်စကား... မပြောပါနဲ့ အောင်ရယ်၊ သိတ်မရှိ နမာမရှိ အောင်က မမဝေကို တစ်ယောက်တည်းထားခဲ့ရင် ဖြစ်စေ၊ မမဝေက အောင့်ကို ထားခဲ့ရသည်ဖြစ်စေ၊ ရှင်လျက်နဲ့ဖြစ် စေ ဘယ်လိုအကြောင်းနဲ့မှ ကွဲကွာဖို့ စိတ်မရဲဘူး'

နုနယ်သော နှလုံးသားက မခံစားရဲလို့ သိမ်ငယ်စွာ တီးတိုး တောင်းပန်နေသယောင်ပင်။

'မမဝေမှာ... တူမရှိရင် ကောင်းမယ်နော်'

စကားအကောင်းပြောပြီး အရသာတွေ့နေစဉ်မှာပဲ ကောင်စုတ် လေးက ဖောက်လာသည်။

'ဘာဆိုင်လို့လဲ၊ လက်တိုလက်တောင်း ခိုင်းဖို့လား၊ ရှိတော့ ရှိတယ်၊ သူငယ်တန်း... အရွယ်လေး ခိုင်းလို့မရသေးဘူး'

'မဟုတ်ပါဘူး၊ ဟီး... ဟီး...'

ရယ်လိုက်တဲ့ လေသံကိုက အကြံခပ်ကြီးကြီးရှိထားပုံ ရလေ သည်။ မသိုးမသန့်နဲ့ ကူလီကူမာ ရယ်သံကြီး။

'သိပြီ၊ အသက်အရွယ်ချင်း အတူတူ တင်တင်စီးစီး သွားဖြီး ကြီးနဲ့ ငါ့တူမလို့ ခေါ်ချင်သေးတာလား'

www.burmeseclassic.com

www.burmeseclassic.com



'ဒါလည်း… မဟုတ်ပါဘူး၊ အလကားရတဲ့နွား သွားဖြဲ မကြည့်ရဘူး၊ မမဝေသာ… တူမရှိရင် ကျွန်တော်လည်း မြေ တောင့်ရေးပြီး တူမအဒေါ်ကြီး လုပ်နိုင်းမလို့'

'ဘာမှ… မဆိုင်ဘူး၊ အောင်… တကယ် လုပ်ချင်တာ မမဝေရဲ့ ရင်ခွင်ပိုက်အရွယ် အသက်ကွာဟပါစေ လုပ်ချင်တာ မဟု ဘူး၊ အဲဒါမှ… ဟိုသူငယ်တန်းမလေးနဲ့ သိပ်မကွာတော့ အိစ်ကယ် လုပ်လို့ရမှာပေါ့'

'မဟုတ်ပါဘူး… မမဝေရယ်၊ ကျွန်တော့်မှာ… အဲဒီစိတ်မျိုး မရှိပါဘူး၊ လိမ်ပြောတာပါ၊ တကယ်… ညာပြောတာပါ၊ တူမရှိ တူမပြီး သံရိုက်ချင်လို့ပါ'

တောင်စဉ်ရေမရ ပေါက်တက်ကရ စကားတွေ သူ့ပါးစပ် ထွက်ပဲထွက်နိုင်လွန်းသည်။ မရယ်ရတဲ့ ဟာသကား ကြည့်ရသ ပေါကြောင်ကြောင် အမူအရာမျိုးကိုလည်း ချစ်သူက သရုပ်ဆော ကျွမ်းကျင်လှပါသည်။

'ပျင်းလိုက်တာ… မမဝေရယ်၊ ကျွန်တော့်ကို… ကပြ လား'

'လမ်းထိပ်က… တက်စီကားသမားတွေတော့ အားတယ် ပြောတာပဲ၊ ဆိုင်ကယ်ကယ်ရီတွေလည်း အားနေကြတယ်၊ သွားကနိုင် လိုက်ပါလား'

'မမဝေကလည်း ရိုက်ပေါက်ကြီး လုပ်စမ်းပါ၊ သကြိန်ယိမ်း လေး၊ ကျွန်တော်… မြန်နန္ဒာဆိုပေးမယ်'

'ပျင်းရမှာတောင်… ပျင်းလာပြီ၊ တော်တော် တရားကျ ကောင်းတယ်၊ အောင်… ပျော်ရအောင် တို့ကပဲ အရှက်မရှိ ကပြ လား'

ခနဲ့တဲ့တဲ့ ပြန်ပြောလိုက်မှ သူ့ပါးစပ်ပိတ်သွားတော့သည် ကြာကြာတော့ ရေငုံနှုတ်ပိတ်သွားတာ မဟုတ်ပါဘူး။ ဆင်ကြံ့ထပ် ပြီး စကားလမ်းကြောင်း အစပြန်ရှာနေခြင်းသာ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

'အဲဒါဆိုလည်း… ရုပ်ရှင်သွားကြည့်ရအောင်၊ နေပြည်တော်မှာ ဇာတ်ကားကောင်းတယ်တဲ့'

'မကြည့်ချင်ဘူး… အင်္ဂလိပ်ကားကြီး'

'ကမ္ဘာ့ပြတင်းပေါက်ကြီးကို အဲလို ချေး(ဂျီး)မများချင်ပါနဲ့၊ င်မှာပါတယ် မမဝေရယ်၊ အဝတ်အစားလဲလိုက်ပါ၊ သွားမယ်'

'မသွားရပါဘူး၊ ရှုပ်ရှုပ်ယှက်ယှက် မနေတတ်ဘူး၊ စိတ်အိုက်ယ်၊ ရုံထဲမှာ မှောင်မဲမဲနဲ့ အနေကျပ်တယ်'

အမှောင်ကိုကြောက်တဲ့ လူသားဟာ အလင်းမှာ ပျော်မွေ့ယ်။ အဲဒီလူသားတွေထဲမှာ သူမလည်းပါတယ်။ အမှောင်ထဲမှာ င်သူက တပူပူတဆာဆာနဲ့ အခွင့်အရေး ယူဦးမှာ။

'အဲဒါတွေ… ခက်တာပဲ လာပါ၊ ကျွန်တော်… အဝတ်စားလဲပေးရမှာလား၊ ကိုယ်တိုင်… လဲမှာလား'

'လဲလည်း… မလဲဘူး၊ လိုက်လည်း… မလိုက်ဘူး'

'တကယ်လား၊ အဲဒါဆို… ဖြူပြာနဲ့ အတူသွားကြည့်လိုက်နော်၊ ကျွန်တော်စိတ်ကို… 'မမ လာမစမ်းနဲ့'

လက်ညှိုးထိုးပြီး သတိပေး ခြိမ်းခြောက်စကားကို ပြောည်။ နားမဆံ့အောင် ကြားရပြီး ရင်ထိတ် နှလုံးလိပ်ပြာ လန့်ရသည်။ တကယ် စိတ်ပါလက်ပါ ပြောနေပုံရသည်။

'သွားချင်လည်း သွားပေါ့၊ မမဝေက… နေမကောင်းလို့ င်းကိုက်ချင်သလိုလို ငြီးစီစီဖြစ်နေလို့ ပြောတာကို အခွင့်ကောင်းပြီး အရွဲ့တိုက်ချင်လည်း ရပါတယ်'

သူ သက်ပြင်းချပြီး မျက်နှာလွှဲရပါသည်။ စိတ်ထဲမှာ စနိုးနောင့်ဖြစ်ကာ အနေရခက်သွားဟန်ပင်။

'မမဝေတို့… အဲဒါ ခက်တာပေါ့၊ လူငယ်ပီပီ… စိတ်ကိုတ်လွှတ်လပ်လပ် ပေါ့ပေါ့ပါးပါး ထားစမ်းပါ ဘာဖြစ်လဲ၊ ဟိုဟာ ဒီဟာစိုးရိမ်နဲ့ ကြောင့်ကြမနေစမ်းပါနဲ့'

'ကြောင့်ကြတာ မဟုတ်ဘူးအောင်၊ မိုးပြိုမှာကို ချေးကြောက်

www.burmeseclassic.com

www.burmeseclassic.com



တာ မဟုတ်ဘူး၊ မဖြစ်ခင်ကြိုတင်ပြီး နည်းလမ်းတကျ ကာကွယ်ရ သဘောမျိုးပါ'

အချိုသတ်ပြီး နားလည်အောင် ပြောရတော့တယ်။ လူငယ် လူကြီးဟာ ဒီလိုပဲ အမြင်ကွာဟတာပေါ့။ ရုပ်ပိုင်းဆိုင်ရာကို သိသိ သာသာ ပြောင်းလဲနိုင်ပေမယ့် စိတ်ပိုင်းဆိုင်ရာကတော့ ပြောင်းလဲ မရပေ။ အသွင်မတူတာကို ညှိလို့ရပေမယ့် အမြင်မတူတာကို ညှိ မရဘူး ဖြစ်နေသည်။ သူမဘက်က အလျှော့ပေးပြီးချစ်ဖို့ အစစအရာ ရာ ပြင်ဆင်ပြီးသားပါ။

'စကားကို ပြန်ပြင်ပြောလိုက်ပါ အောင်ရယ်၊ မမဝေ မဟုတ် ဘဲ အခြားသော ဒေါ်ပန်းပွင့်ဝေနဲ့ပဲ ရုပ်ရှင်သွားကြည့်မယ်လို့၊ သတ္တိ ရှိရင် ပြင်ပြောလိုက်'

'သတ္တိရှိတယ်ဗျာ၊ မမဝေနဲ့ပဲ… ရုပ်ရှင်သွားကြည့်မယ်'

ပျော့ပျောင်းနူးညွတ်စွာ သူမ နာခံမိသည်။ တကယ်လို့ သူ သာ ဒေါ်ပန်းပွင့်ဝေအဖြစ် အသက်ပြန်ကြီးသွားရင် သူ ချစ်ချင်မှ ချစ်တော့မှာလေ။

'ခဏစောင့်… ရေချိုးဦးမယ်'

'နေမကောင်းဘူးဆို'

'ရတယ်… အောင့်အတွက်ဆို သေရဲတယ်'

ပါးစပ်အဟောင်းသားနဲ့ သူငေးမော ကျေနပ်သွားပါသည်။ ရေမိုးချိုး အဝတ်အစား လဲလှယ်ပြီး လက်ချင်းချိတ်ကာ ချစ်သူရင်ခုန် ရုံကလေးဆီ ဦးတည်လိုက်ကြသည်။ အပြာရောင် လက်မှတ်အပိုင်း အစလေး ထက်ကြပ်မကွာ ဖြတ်ရမယ်။

❧ ❧ ❧

မြင့်မားသော အရပ်အမောင်း သွယ်တန်းသော ခြေတံ ခင့်ခင့်ကြွားကြွား သူမ လျှောက်လှမ်းဝင်လာသည်။ ရင်ကော့ ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



မော့ကာ အားမန်အပြည့်ဖြင့် ရဲရင့်နေပုံရသည်။ စိတ်ထဲမှာ စနိုးစနောင့် ဖြစ်သွားရုံမက မျက်လုံးထဲ အမှိုက်တစ်စ ဝင်သလို နိုးလိုးခုလု ဖြစ်ရပါသည်။ ပန်းပွင့်ဝေဘက်ကလည်း မပျော့မည်သော စိတ်ဓာတ် ထက်သန်စွာဖြင့် သူမကို ပြန်လည်ရင်ဆိုင်လိုက်ပါသည်။ ပြိုင်ဘက် အသင်းနှစ်သင်း တွေ့ရသလို မလျှော့သော စိတ်ဓွဲတွေဖြင့် အိမ်ရှင် ဒေသည် ဒေဝတ်ကျေပွန်စွာ ဒေထောက်နောက်ခံပြုပြီး ယှဉ်ပြိုင်ရမှာ ပေါ့။ ဒေသည်ကလည်း အိမ်ရှင်ကို မစော်ကားဘဲ လှပသပ်ရပ်စွာ အနိုင်ယူ ကစားပြဖို့ လိုတာပေါ့။ တစ်စုံတစ်ခုသော အကြောင်းအရာ ဟာ တစ်နေရာစာအတွက် တစ်နေ့နေ့မှာ မျက်လုံးရှေ့မှောက် ရောက် လာမယ်ဆိုတာ ကြိုတွက်ထားပြီးသားပင်။ အေးဆေးသက်သာစွာ စကားမမှားဘဲ ကမ်းလင့်ကြိုဆိုလိုက်ပါသည်။

'ထိုင်လေ… ဖြူပြာဇွန်'

ဒေးမော့တင်းမာစွာ ရပ်ကြည့်နေရာမှ ဣန္ဒြေရရ မတွန့် ဆုတ် သူမ ဝင်ထိုင်ပါသည်။

'တစ်ခုခု… ပြောစရာရှိပြီထင်တယ်၊ ခဏထိုင်ဦး၊ တစ်ခုခု သောက်ဖို့ စီစဉ်ပေးမယ်၊ အပူလား၊ အအေးလား'

'အိုက်စ်ကော်ဖီဆိုရင် အဆင်ပြေမယ်ထင်တယ် မမဝေ'

ရှဉ့်လဲလျှောက်သာ ပျားလဲစွဲသာ အဆင်ပြေမယ့် စကားလုံးကို ရွေးချယ်ပြောနိုင်မယ့် သဘောရသည်။ အကဲစမ်းကြည့်ရတဲ့ သဘော တော့ သိပ်မခေလှဘူးဆိုတာ ရိပ်မိသည်။

'ကျွန်မ… အခုလို မမဝေဆီလာတာ တခြားတော့ မဟုတ် ဘူး၊ အသိပေးချင်လို့ လာခဲ့ကာပဲ'

'အေးဆေးပေါ့၊ အေးအေးဆေးဆေးပဲ ဆွေးနွေးကြတာပေါ့၊ ဒေါ်ကြီးရေ အိုက်စ်ကော်ဖီ လုပ်ပေးပါ'

ဒေသွေးအေး လူသတ်သမားတစ်ယောက်လို တည်တည်ငြိမ်ငြိမ် ခဲ ရင်ဆိုင်လိုက်ပါတယ်။ မဖြစ်သင့်တာ မဖြစ်ရအောင်လည်း ကြိုတင် သတိပေးတဲ့ သဘောရောက်တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ… အခု အရမ်းခံစားပြီး ကြေကွဲနေရတယ်၊ ကျွန်မရဲ့ အသည်းနှလုံးမှာ လစ်ဟာပြီး ခံပြင်းနေမိတယ်၊ ယောက်ျားတစ်ယောက်ဟာ ရုတ်ခြည်းပြောင်းလဲသွားတာကို အသည်းနာခဲ့တယ်၊ ရှင်းရှင်းပြောရရင် မမဝေကို ကျွန်မဟာ မနာလိုဘူး'

တုံးတိပြောချလိုက်တဲ့ စကားက ထိရှလွန်းတော့ မျက်နှာပျက်ယွင်းသွားရတယ်။ အမူအရာ မပျက်ယွင်းအောင် ဟန်ဆောင်ပြုံးလိုက်ပါသည်။

'မမဝေက… ကျွန်မရဲ့ အချစ်ကို လုယူသွားတယ်၊ မမဝေရောက်လာတဲ့ နေ့ကစပြီး ကျွန်မဘဝမှာ အရှုံးတွေ တဆစ်ဆစ်ကိုက်ခဲတာ ခံရတော့တာပဲ'

'အချစ်ဆိုတာ… ဒီလိုပါပဲ ညီမလေးရယ်၊ ထင်သလို မဖြစ်တတ်ဘူး'

'ဖြစ်ချင်သလိုလည်း ထင်လို့မရနိုင်ဘူး၊ ကျွန်မ… လက်ခုပ်ထဲက ရေကို ပုတ်ချခံလိုက်ရသလို ခံစားရတယ်၊ ကျွန်မ… လုံးဝမကျေနပ်ဘူး'

သူမက စကားအေးအေး နွေးနွေးထွေးထွေး ပြောနေရာမှ လေသံတင်းမာ ခက်ထန်လာသည်။ မာန်ပါပါနဲ့ ပြောပုံအရတော့ ရင်တွင်းကလာတဲ့ [illegible]ချက် စကားလုံး အစစ်အမှန်တွေပဲဆိုတာ သိသာလွန်းတယ်။

'တို့ကြောင့်လား၊ အဲဒါဆို… ဆောရီးပဲ ညီမရယ်၊ ကံကြမ္မာရေးတဲ့ ဖူးစာလည်းဖြစ်မှာပေါ့'

အောင်နိုင် အသာစီးရသူလို အထက်စီးဆန်ဆန် ပြောပစ်တော့ သူမက စိတ်နာရှုံ့ရှာဟန် မီးဝင်းဝင်းတောက် မျက်လုံးများဖြင့် ကြည့်ပါသည်။ ဒေါ်ကြီးက အိုက်စ်ကော်ဖီခွက် လာချပေးပြီး အလိုက်တသိ ပြန်ရှောင်ထွက်သွားသည်။

'ကံကြမ္မာကို လွှဲမချပါနဲ့ မမဝေ၊ လူတွင်ပါလို့ နေးကျားကိုက်ဘာပါ ကံကိုယုံပြီး ဆုံးပုံနင်းရဲတဲ့ သူတွေထဲမှာ ဖြူပြောမပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



သူမကိုယ်သူမ ဖြူပြာဟုပင် ပိုင်နိုင်သေသပ်စွာညွှန်းဆိုသုံးနှုန်းလေသည်။ စကားလုံးတွေက ခက်ထန်လာတော့ ပြိုင်ပွဲက မြန်ဆန်ပြင်းထန်လာသည်။

'ဘာပဲဖြစ်ဖြစ်… ကျွန်မ မကျေနပ်ဘူး'

'တို့… ဘာလုပ်ပေးရမလဲ၊ ဖြူပြာ… ဘာလိုချင်လဲ၊ တို့… တစ်ခုခု အလျော်သဘော ပြန်ပေးရမလား'

ရွာမှာရှိတဲ့ မောင်တစ်ဝမ်းကွဲတွေ အများကြီး ဘောလုံးတစ်သင်းလောက်ကို မျက်လုံးထဲ မြင်မိသေးသည်။

'မလိုပါဘူး၊ ကျွန်မရင်ထဲမှာ ခံပြင်းလို့ ကျွန်မ ထင်လင်းကိုပဲ လိုချင်တာ'

'အဲဒါတော့… ကာယကံရှင်ပေါ်မှာ မူတည်သေးတယ်၊ မမဆ… ဘက်ကတော့ တပြားသားမှ အချစ်ကို အလျှော့မပေးဘဲ ဆွဲကိုင်ဖမ်းဆုပ်ထားမိမှာပဲ'

တုန်လှုပ်ချောက်ချားသွေးပျက်ပြီး နောက်တွန့်စေမယ့် စကားလုံးမျိုးကို ရွေးခြယ်ပြီး ဖွင့်ဟလိုက်ပါသည်။ သူမ ခေါင်းတွင်တွင်ခါ၍ လှောင်သံထွက်ကာ တစ်ချက်ရယ်သည်။

'အဟက်… ကျွန်မ ထင်လင်းကို ရှင့်လက်ထဲကနေ ပြန်လုယူမှာပါ၊ မရ… ရတဲ့နည်းနဲ့ ပြန်ယူပြမယ်ဆိုတာ မမဝေကို လာအသိပေးတာပဲ'

စိုးရိမ်စိတ် ဖြစ်ပေါ်လင့်ကစား ဟန်ကိုယ်ဖို့ မပြည့်မဝပင်ပြုံး၍ နေလိုက်ပါသည်။ လေတိုက်တာကို မတုန်လှုပ်တဲ့ သစ်ပင်မြင့်ဆုံး နှလုံးမူလျက်ပင်။

'ကျွန်မ… ရှုံးခဲ့တယ်၊ ဆုံးရှုံးနစ်နာခဲ့ရတယ်၊ အဲဒီခြောက်သွေ့အက်ကွဲ အထီးကျန် ဆန်ခဲ့ရသမျှအတွက် ပေးဆပ်ခဲ့ရတာတွေအတွက် အကြောင်းပြန်ချေပြမယ်'

'သူ့ခေါင်းထဲမှာ… မင်းမရှိတော့ဘူး ဖြူပြာ၊ မင်းတို့… ဇာတ်လမ်းက ပြီးဆုံးခဲ့ပြီ၊ မြို့ပျက်ကြီးဖြစ်နေပြီ၊ မင်းကိုအောင်က သူ့ဘဝထဲက အပြီးအပိုင် ထုတ်သွားပြီ'

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုတ်ဆိုင်းပြီး သိမ်ငယ်စေလောက်အောင် ထိုးနှက်တိုက်ခိုက်စကား ဆိုလိုက်ပါသည်။ ကြေကွဲချင်လို့ သေဖဲကို ပေတေဆွဲချင်တယ်ဆိုလည်း သဘောပဲ။ နေမြဲအတိုင်းနေပြီး လေထဲမှာ ဝေ့ဝဲနေလိုက်ရုံပင်။

'မမဝေ… သိထားဖို့က မမဝေတစ်ယောက်ပဲ မိန်းမ ပီသတာမဟုတ်ဘူး၊ ဖြူပြာတို့ကလည်း… မိန်းမတွေထဲက မာယာပရိယာယ်နဲ့ အချစ်ကို ဝယ်ယူနိုင်တဲ့ မိန်းမပဲ'

အမုန်းအလွမ်းနဲ့ ရင့်ပြည့်ရင်ကယ် ဖြစ်နေရသူလို ပေါက်ကွဲသည်။ အစာကြေလည်မှုအတွက် လျှက်ဆားလျှက်ခိုင်းရမှာလား၊ ရင်လှူးဆေး ဝယ်ပေးရမှာလား။

'လုပ်ပါ… ရပါတယ်၊ တို့နှစ်ယောက်ကတော့ အချစ်စစ်နဲ့ သိပ်ချစ်ကြလို့ ဘာလာလာရတယ်၊ အဆင်ပြေပါတယ်၊ ဒီလောက်ထက်မြတဲ့ စကားလုံးတွေနဲ့တော့ သွေးကြောင်သွားမယ်မထင်နဲ့နော်'

ကြိုဆိုလက်ကမ်းတဲ့ သဘောနဲ့ ပိုင်ပိုင်နိုင်နိုင်ပင် စိန်ခေါ်စကားဆိုလိုက်ပါတယ်။ တစ်ပန်းသာလို ပြုံးမြနေတဲ့ မျက်နှာကို သူမကြည့်ပြီး ကျိတ်မနိုင်ခဲမရ နှုတ်ခမ်းဖိကိုက်သည်။ ဒေါသအရောင်တွေ မျက်နှာပြင်မှာ ထင်ပြန့်ဟပ်နေသည်။

'ကျွန်မတို့… ချစ်ခြင်းကို နှောင့်ယှက်တယ်၊ ဖျက်ဆီးတယ်၊ ခွဲခြားခံလိုက်ရတယ်၊ အဲဒီအတွက် မတန်တဆတော့ ပြန်ပေးရမှာပေါ့လေ'

'အသိခေါက်ခက် အဝင်နက်လိုက်တာ ဖြူပြာရယ်၊ ညည်းမဖြစ်နိုင်တာတွေ စိတ်ကူးယဉ်ပြီး ရှူးမနေစမ်းပါနဲ့'

'စိတ်ကူးယဉ်တာက… ရှင်ပဲ၊ ရှူးကြောင်နေတာက ကျွန်မမဟုတ်ဘူး မမဝေ'

လက်ညှိုးငေါက်ငေါက်ထိုးပြီး စွာလန်ကျဲကာ ပြန်ပြောလေသည်။ မခိုးမခန့် ရယ်မောကာ ခံပြင်းအောင် လုပ်ပြလိုက်မိပါသည်။ အချစ်နဲ့စစ်ဟာ တရားနေသမျှ သူမ ဘာပြောလို့ အရှုံးဆင်တော့မှာ … ရေပက်မဝင်အောင် ချစ်ပြလိုက်ရုံပင်။

www.burmeseclassic.com

www.burmeseclassic.com



'ဆုံးရှုံးခဲ့တာ၊ နစ်နာခဲ့ရတာတွေအတွက် ရှင် ပြန်ပေးဆပ်ရမှာပါ၊ ရှင်··· နောင်တကောင်းကောင်းရအောင် ကျွန်မလုပ်ပြမယ်၊ သတ္တိရှိရင် စောင့်ကြည့်လိုက်'

ပခုံးနှစ်ဖက်ကို ဟန်ပါပါကျုံ့ပြီး လက်ဝါးလေးနှစ်ဖက် ဖြန့်ပြလိုက်သည်။ ပိုပြီး မခံချိ မခံသာဖြစ်အောင်ကို တွန်းပို့လိုက်တဲ့ အမူအရာမျိုး။ သူမတို့နှစ်ယောက်လုံး ခပ်ညံ့ညံ့ ယိုးဒယားကားထဲက မိန်းမတွေဖြစ်မှန်းမသိ ဖြစ်နေကြပြီ။ မယားကြီးဂိုဏ်းနဲ့ မယားငယ်ဂိုဏ်း ပြိုင်ဆိုင်သတ်ဖြတ်ကြတာလေ။ ကော့ကော်ကံကား အန္တရာယ်ရန်စွယ်တွေကို ပွတ်ကာသီရှောင်ရှားရတာမျိုး။ ရင်တုန်သည်းလှိုက်လှို့ဝှက်အချစ်ဇာတ်လမ်းလေးတော့ စပါပြီ။

'မပြိုင်ခင်ကတည်းက ရှုံးပြီးသားဇာတ်လမ်းကို ဘာလို့ ဝင်ပါချင်ရတာလဲ၊ စောစောစီးစီး အခြေအနေမှန်သိပြီး ညည်း နောက်ဆုတ်သင့်တယ် ဖြူပြာ'

'မဆုတ်ဘူး၊ ကျွန်မကလည်း··· ခေါင်းမာတဲ့ လူစားမျိုးပဲ၊ အမြဲတမ်း တနင်္ဂနွေ မဖြစ်သလို တနင်္လာ အမြဲတမ်း ရောက်လာမှာလည်း မဟုတ်ဘူး'

အချစ်လုပွဲမှာ နောက်ဆုံးဘယ်သူ ကျန်ရစ်ဖြစ်မယ်တော့ မသိဘူး၊ အလုအယက် နိုင့်ထက်စီးနင်း ပုတ်ခတ်ကြတာတော့ ပြင်းထန်ပြီး အားမာန်ပါလှသည်။

'အသက်ကြီးကာမှ··· ရိက္ခာယူချင်နေတဲ့ အပျိုဟိုင်းကြီး ဒေါ်ပန်းပွင့်ဝေ လိုက်ဖက်ညီတဲ့ အချစ်ကို ကြားဝင်နှောင့်ယှက်လို့ မရဘူးဆိုတာ ခေါင်းထဲမှာ ထည့်ထားလိုက်ပါ'

အသည်းတဆတ်ဆတ်ခါ နာကျင်စေလောက်သည့် စကားလုံး၊ အသုံးအနှုန်း အခေါ်အဝေါ်များဖြင့် ပစ်ပေါက်သည်။ ဣန္ဒြေသိက္ခာ မငဲ့စတမ်း ငါးစိမ်းသည် လင်လုသလို ဆံပင်ဆွဲပြီး ပါးရိုက်ပစ်ချင်စရာ ကောင်းနေသည်။ ခက်တာက အဲဒီလို ယှဉ်ရိုက်ရအောင် တပန်းရှုံးသည်။ ဖြူပြာ့ဖွန်က သီလရှင် လူထွက်လာတာ မကြာသေး။

www.burmeseclassic.com

www.burmeseclassic.com


ရက်ပိုင်းပဲ ရှိသေးလို့ လက်ဆုပ်လက်ကိုင် မရနိုင်ပေ။ ပန်းပွင့်ဝေကလည်း ရှောင်လင်မိန်းကလေးလို သိုင်းမတတ်တော့ အခက်သား။ ပန်းဆိုတာ ဥယျာဉ်မှူးအတွက် အပြိုင်အဆိုင်ပွင့်ဖို့ အားယူနေကြတာချည်းပဲ။ သဘာဝကို သူမသိထားသလောက် ပန်းပွင့်ဝေလည်း သိပါတယ်။ ချစ်တတ်ကြသော မိန်းမရိုင်းလေးတွေချည်းပင်။

'လွယ်မယ်ထင်ရင် လုပ်ကြည့်ပေါ့၊ တို့ဘက်ကတော့ နည်းနည်းလေးမှ သဘောထား မကြီးနိုင်ဘူးနော်'

'အဲဒီလို… စိတ်ထားမျိုးရှိတာမှ ကျွန်[illegible]ည်း ကြိုက်တာ တစ်လက်မှ အလျှော့မပေးစတမ်း ချစ်ပြလိုက်ဖို့ ဝန်မလေးဘူး'

လိုအပ်တာထက် ပိုမို သတိထားရမယ့် တိုက်ကွက်တွေ ရှိထားပုံရသည်။ အနေးနှင့်အမြန်ကတော့ ထင်ထင်အောင်ကို အပိုင်စီးဖို့ လူဆိုးတွေနဲ့ တိုင်ပင်ရမယ့် အဆင့်ကို ရောက်သွားပြီ။ ချစ်ချင်ရင် အပြစ်မမြင်စတမ်း ဖြစ်ရအောင် လိမ္မာပါးနပ်စွာ ကိုင်တွယ်ဖို့ လိုတာပေါ့လေ။

'ကျွန်မက… ခိုးကြောင်ခိုးဝှက် လုပ်တတ်တာ မဟုတ်ဘူး၊ ပြောပြီးမှ လုပ်တာ၊ ကိုယ့်စကားကို တာဝန်ယူရဲတယ်'

'ယိုပြီးသား မစင်ကို ပြန်ထည့်ချင်လို့ ဘယ်ရမလဲ၊ အဲဒါ အယူသီးဂိုဏ်းတွေရဲ့ ကျင့်စဉ်'

သာသာယာယာပင် အားနာပါးနာ အပြန်အလှန် အထိနာအောင် ရန်တွေ့ကြသည်။ သွေးအေးစစ်ပွဲ အသွင်ကို ဆောင်လေသည်။ မိန်းမကောင်း ပန်းကောင်းပန်ချင်တော့လည်း နှုတ်သီးကောင်း လျှာပါး ရတာပဲပေါ့လေ။

'ကောင်းပြီလေ… မင်းပြောချင်တာ ဒါပဲမဟုတ်လား၊ မင်းနိုင်သွားရင် မမဝေက အကောင်းဆုံးတန်ကြေးမြင့် လက်ဖွဲ့ပါ အပိုဆောင်းပေးမှာပါ'

'ကျွန်မဘက်ကလည်း… ရှင့်ထက်တော့ မနည်းစေရဘူး၊ ကောက်သံပရွာမြား၊ အိမ်ယာ၊ ကား၊ ရေမီးအစုံ ဖြစ်စေရမယ်'_

www.burmeseclassic.com

www.burmeseclassic.com



လက်ဖျောက်တီးပြီး အားရကျေနပ်မိသွားသည်။ အနိုင်ရသူကတော့ ရှယ်တကာ့ရှယ်ပဲ။ ဖွန်းတပ်ပြီးနောက် နို့စိမ်းပေါက်ပြီးသားပင်။ တစ်ချက်ခုတ်လိုက်တာနဲ့ ကြွက်ဆယ့်နှစ်ကောင် မိပြီ။ တစ်ချက်ခုပ်ဆိုရုံနဲ့ ကော်ပီခွေရပြီ။ နေ့မအား ညမနား ကျုပ်အလုပ်က ခုပ်နိုင်မှပင်။

'ကျွန်မ… ပြောသင့်တာ လာပြောလို့ပြီးပြီ၊ အသိပေးပြီးပြီ၊ ပြန်တော့မယ်'

'ကော်ဖီသောက်သွားပါဦး'

ကော်ဖီကို မေးငေါ့ပြီး သာယာအေးဆေးစွာ ပြောလိုက်မိသေးသည်။ ကော်ဖီတွေက သူမမျက်ဝန်း ဒေါသမီးတောက် အရောင်ကြောင့် ပွက်ပွက်ဆူချင်နေပြီ။ ရေဆူကော်ဖီ ဖြစ်တော့မည်။ စွန့်ဦးတီထွင် သောက်သုံးသူ ဖြစ်ရမယ့်အရေးကို သူမငြင်းပယ်ပါသည်။

'ကျွန်မ… လိုအပ်တာ ကော်ဖီမဟုတ်ဘူး၊ ထော်လီ… မဟုတ်ဘူး၊ ထင်လင်းအောင်ပဲ'

ဟိုဒင်းတလင်းပြောင်မှာ ပုလင်းပဲထောင်ထောင် ရေးမဇိုက်ဟန်ဖြင့် ရယ်မောပြလိုက်သည်။ ဆူဆူအောင့်အောင့်ပင် သူမပြန်ထွက်သွားတော့သည်။ အခုမှ တကယ့်ကိုပဲ ကိုရီးယားရုပ်ရှင် ဆန်နေပြီ။ ယောကျ်ားတစ်ယောက် အတွက်နဲ့ မိန်းမနှစ်ယောက်ဟာ ခက်ထန်အမြက်မာန် ရှနေမိကြပြီ။ ရန်ငြိုးဖွဲ့ သူစိမ်းဆန်ကာ မုန်းတီးကြသည်။

ပန်းကလေးတွေက အနီရောင်ပြည့်လျှမ်း ဒေါသလျှမ်းဝေကာ ရဲရဲတောက် နီရင့်ကြသည်။ ဆူးတွေအပြည့် ခြံလွှမ်းကာ တစ်ပွင့်နဲ့တစ်ပွင့် အပြိုင်ပွင့် ရန်စောင်နေသည်။ ချစ်သူဥယျာဉ်မှူးကလေးတိုင်တွယ်ကာ ကတ်ကြေးနဲ့ ဖြတ်တောက်ယူငယ်ဖို့ကို ရဲဝံ့စွာ အသင့်စောင့်ဆိုင်းနေကြပါသည်။ ပန်းကလေးတွေရဲ့ အချစ်စိတ်က အံ့မခန်းလှုပ်ဖွယ်ရာ ပြတ်သားလှပသည်။ တည်ကြည်ခန့်ညားသည်။

ချစ်သူကောင်လေးကတော့ ဒါတွေကို သိမှ သိပါလေစ။ ပန်းပွင့်ဝေက အရှုံးအမှုံး အတိုက်အခံပြုကာ ချစ်ခဲ့ပါသည်။ *'တကူးရှူး*

www.burmeseclassic.com

www.burmeseclassic.com



××× တမူးမူးနဲ့ ××× ချစ်ခဲ့တာတွေ ××× ပလ္လင်ဦးမှာ ဆုထူးတွေခြွေ ××× ဘာပဲလုပ်ရရ သီချင်းလေးကို ညည်းမိသည်။ စိတ်ပါလက်ပါ ရှိမက အသံပါပါ မာန်ပါပါပင်။

'အသက်များပင်××× ဆုံးစေတော့ ××× မတုန်လှုပ်ပါလေ ××× ချောက်ကမ္ဘာအလီလီ ××× တောတောင်အထွေထွေ ××× ရေမြေဆုံးစေတော့ ××× မမှန်းတမ်းပါပဲ အောင်ကိုချစ်မယ့်လေး×××'

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

နောက်တောက်တောက် ကြယ်လေးတွေ ကောင်းကင်မှာ င်းလက်လို့နေပါသည်။ နှုတ်ခမ်းနီ၊ ပါးနီလေးတွေရဲ့ အသည်းစွဲ င်းစိုင်းပရိတ်သတ်တွေ ပြည့်လျှံဆူညံနေကြသည်။ ဇာတ်ခုံအပြင် ဆင် လျှောက်လမ်းကို လက်ရှေ့ကြိုးဝိုင်းနှင့် ဆက်သွယ်ထားသည်။ ေးအယူတည့်သော ပရိတ်သတ်ကို ဆွဲခေါ်နိုင်သော ဦးချစ်ကောင်း အံ့ဝင်ခွင်ကျ ပါဖောင့်မင့်လုပ်ပြနိုင်သည်။

*'ချစ်လွန်းလို့ ဖြစ်သွားတာပါ ××× ရင်ထဲက အမှတ်အတေး ပါ ××× စိုင်းစိုင်း ××× ကျွန်တော့်ရည်းစားကို မိုးမလို့လား × ဒါပဲတွေးကာ ခက်ထန်လာ ×××'*

စိုင်းစိုင်းက လက်ခါပြီး ငြင်းဆန်ပြတော့ ကောင်မလေးတွေ သောကျပြီး အော်ဟစ်ကာ ဩဘာပေးလေသည်။ လိုက်ဖက်ညီ သာ တွဲစပ်သီဆိုမှုပင်။

'ဦးချစ်ကောင်းနဲ့… အက်စ်အေအိုင်'

အားပါးတရပင် လိုက်လံအော်ညည်း သီဆိုကြသည်။ နားစွန် ျားကြားရင် အက်ဘီအိုင်ကပဲ ချစ်ကောင်းကော်ဖီတွေ ဘာတွေ သောက်နေသလိုလိုပင်။ ယုန်ထင်ကြောင်ထင် ဟုတ်နိုးနိုးဖြစ်ရ ာင် ထွင်လည်းထွင်တတ်ကြပလေတယ်။

လူကြမ်းလေး သီချင်းကို လိုက်ညည်းဆိုရင်း သူမက ထင်

www.burmeseclassic.com

www.burmeseclassic.com


လင်းအောင်ကို ကြည့်ကာပြုံးမိသည်။ သူမအတွက်တော့ ကိုယ်တေ
ချောလေးကလေးက လူကြမ်းလေးပင် မဟုတ်ပါလား။

'ဒါဆို… လူကြမ်းကြီးက လေးလေးဂျင်မီပေါ့နော်'

အရေးထဲ သူက စကားနာထိုးပြီး နောက်ပြောင်နေသေ
သည်။ မွေးနေ့လက်ဆောင်တွေ တခုတ်တရ အပြိုင်အဆိုင် ပေး
ကမ်းကြသည်။

'ဒါဘာလဲ… ဟောဒီ ဇာပဝါနောက်မှာ ရုပ်ဆိုးလား၊ ဘ
လား'

ဆီလ်ဗီယာပလေ့ရဲ့ ကဗျာစာသားက လေးနက်စွာ ရင်ကိုလ
ရိုက်ခတ်ပါသည်။ ဆီပလာယာ ပလောက်ဆိုတ်ဟူသော ကဗျာဆ
မကြီးရဲ့ 'မွေးနေ့လက်ဆောင်' ကဗျာလေ။

'တဖိတ်ဖိတ် လက်နေတယ်၊ ရင်ဘတ်တွေရှိလား၊ အန
သတ်တွေရှိလား'

စိတ်ထဲမှာ မြင်ယောင်ရင်း ပြန်လည်၍ ရေရွတ်ကြည့်မိသည်
ဟောဒီည၊ မွေးနေ့ပွဲမှာတော့ အတိုင်းအဆမဲ့ လျှို့ဝှက်သိပ်သည်း
ရှိနေကြပါသည်။ ကြယ်ကလေးတွေ၊ မီးရောင်စုံ စလိုက်တွေ၊ ဂီ
နာခံသော အပြစ်သားတွေ၊ သီချင်းသံစဉ် မြူးမြူးကြွကြွတွေ ရှိနေတ
အမှန်ပင်။

ညတစ်ညရဲ့ လနဲ့ကြယ်ကလေးတွေ စုံညီစုံဝေးနေတာ မြင်
တော့ ကြည်နူးစိတ်ဖြင့် အပျော်တွေ ကူးစက်ရပါသည်။ ပဒုမ္မာကြ
တွေလို လရောင်ဆမ်းပြီး လန်းဆွင့်နေကြပါသည်။ ဒီပွဲကို ခါတော်
ဖြူပြာဖွန်လည်း ရောက်လာသည်။ မိန်းမနောက်ပိုး ဆတ်ဆတ်
ဖြူပြာဖွန်က လာရောက်နှုတ်ဆက်ဟာ အတင်းဝင်ရောသည်။ သူ
မိတ်ဟောင်း ဆွေဟောင်းခြင်းကြတော့ တိုင်ပင်ကိုက်လို့ အ
အဖောက်ညီညီ ပြုံးရွှင်ရယ်မောလို့ လိုက်ဖက်တင့်မောကြသေ
သည်။

မကာတတ်တဲ့ သူမကို ပစ်ထားပြီး ထင်လင်းအောင်က ဖြူ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ တွဲကသည်။ သင်းလုပ်ပုံကို မကျေမချမ်းဖြစ်ကာ သူမ ဒေါ့ဒေါ့ နရပါသည်။ ဒီအရွယ်ကြီးကျမှ မမောနိုင် မပန်းနိုင် အကသွားသင် ချင်စိတ်တောင် ပေါ်လာသေးတယ်။ မကောင်းတတ်လို့သာပေါ့။ တတ်မနိုင် ခဲမရ ဘေးထိုင်ဘိုင်ကျပြီး လက်ပိုက်ကြည့်နေလိုက်ရ သည်။ စိတ်ထဲမှာတော့ ကသိကအောက်ဖြစ်ကာ အတော်လေးကို ပြင်းဒေါပွရပါသည်။ အနောက်တိုင်း ယဉ်ကျေးမှု ကူးစက်ခံရသော ာငယ်တွေ။ ပွင့်လင်းရက်ရော သဘောထားကြီးကျရာမှာ ခန္ဓာကိုယ် ပင် အရင်းတည်ပြီး စွန့်ကြဲစွန့်လွှတ်နိုင်ကြသည်။

'မင်း… အဘွားကြီး ဥစ္စာခြောက်ပြီး လိုက်လာတာ နေရာမှား ပြီကွ၊ သူက… တရားစခန်းဝင်ရမှာ'

'ရပါတယ်… အေးဆေးပါ၊ သူ… နားလည်မှု ပေးနိုင်ပါ ယ်၊ လူကြီးလူကောင်း ပီသတယ်'

စိတ်ထဲမှာ စပ်ဖျင်းဖျင်းရှိလှပေမယ့် သဘောထားကြီးရာ ကျမှာစိုးတာရယ် ဣန္ဒြေသိက္ခာမဲ့ ရန်းရင်းဆန်ခတ် မဖြစ်ချင်တာရယ် ကြောင့် ဘာမှ ပြန်မပြောဖြစ်ပေ။ စိတ်ထဲကသာ အကြိမ်တစ်သောင်း ရွတ်ကာ 'ကြောင်တောင်နိုက်'ဟု စွပ်စွဲပစ်လိုက်မိသည်။ သူမနဲ့ ဆိုပွဲမျိုးက ဘာ်လိုမှ မအပ်စပ်ပေ။ တွန့်လိမ် ကောက်ကွေးပြီး ရမှာ။ ကြောင်လျှာသီး နေလောင်သလို တွန့်လိမ်ရမှာ။ ဘယ်လိုမှ ဖြစ်သင့်ပေ။ စိတ်သရုပ်ကို မျက်နှာမှာ ထင်ဟပ်မလာအောင် မျက်နှာ ထားမိသည်။ စိတ်ထဲမှာတော့ တနုံ့နုံ့ပင်။ ဒီဂျေမြူးစင်သံတွေနဲ့အတူ ောင်းဆန်ပိုင်းဒိုင်းကျဲလို့ နေလေပြီ။ တိုက်တိုက်ဆိုင်ဆိုင်ပင် စိုင်းစိုင်းက န်းလွန်လွန်းလို့ လိမ့်လိမ့်လူးပြနေပြန်သည်။

'မမဝေ… ပြန်ချင်ပြီအောင်၊ စိတ်ရှုပ်လာပြီ၊ ခေါင်းတွေ ာင် ကိုက်ချင်လာပြီ'

မပြန်ချင် ပြန်ချင် အင်တင်တင်ဖြင့် နောက်ဆံတငင်ငင်ဖြစ် သူပြန်ခဲ့သည်။

'ကျွန်တော်တော့… စိတ်သွားရာ ကိုယ်မပါ အဖျော်ကျနေတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဖန်မလီယာကြီး စီးမိသလိုဖြစ်နေပြီ၊ မမဝေ··· ကျန်းမာရေးက အဆ
ကောင်းရင် ဒိန်းဒေါင်းဖျက်ဆိုသလို ဝင်ဖောက်ပြီး နှောက်တော့တာ

'ဆောရီးပဲ··· အောင်ရယ်၊ နှောင့်ယှက်သလိုဖြစ်ရင် ခွ
လွှတ်ပါ၊ ဘကြီးခိုင်ကလည်း မှာလိုက်လို့ စောစောပြန်ခဲ့ဖို့ ပြောထ
ပြီးသားမို့ပါ'

ဆန့်တငင်ငင်ဖြင့် ကျန်ရစ်ဖြစ်ခဲ့သော ဖြူပြာရွှန် မျက်နှာ
မြင်ယောင်ရင်း သူမ ကျေနပ်သွားရပါသည်။ ကောင်စုတ်လေး
လည်း သူမကို အင်ဂျင်ကျသလေး ဘာလေးနဲ့ ပြောရက်လိုက်တ
အိုဟောင်းလေ တန်ဖိုးရှိလေဆိုတာ သဘောမပေါက်ချင်ဘူး။ အသ
ကြီးပေမယ့် မပျက်စီးသေးတဲ့ ချက်ဗလက်ကားကြီးတွေ အကြော
သိရှိပြီး တန်ဖိုးနားလည်ထားသင့်သည်။

အဲဒီညက သူမ အသိတစ်ခု ထပ်မံရရှိလိုက်ပါသည်။ ရွယ
တန်းတူ ဖြစ်ရုံလောက်နဲ့ အချစ်ကို တန်းညှိလို့ မရဘူးဆိုတာ သဘော
ပေါက်သွားသည်။ နားလည်မှုဖြင့် အချစ်ကို ညီမျှခြင်းထိုး ဆော
တည်နိုင်မှရမည်။ အဲဒီလို အချစ်မှာ အသက်အရွယ်၊ ငွေကြေး၊ ဂု
မာနတွေ မရှိတာ လူတွေလက်တွေ့ကျကျ သိရှိပြီး နားလည်သင့်သည

'မမဝေ··· မနာလိုဖြစ်မယ်၊ အောင့်ကိုရော··· ဟိုမိန်းမကို
စိတ်ထဲက မကျေနပ်ဘူးသိလား'

'အဟာ··· ဒေါ်သဝန်တိုကြီးကြောင့်ပဲ၊ အပျော်သဘော
မမဝေရယ်၊ စိတ်အလျဉ်မှာ ကိုယ်လွှတ်ခြေလွှတ် ခဏပျော်တာ
မစိုးရိမ်ပါနဲ့'

ရယ်ရယ်မောမော ပြီးလွှယ်စီးလွှယ်ပင် သူက ပြောသည
ပြောနိုင်မှာပေါ့ သူတို့ယောကျ်ားလေးတွေ အရှုံးမရှိဘဲ အသားယူ
ရတော့ စကားအလှနဲ့ တန်ဆာဆင်တော့မှာ။

'မမဝေ··· ဖြစ်နိုင်ရင် အောင်နဲ့ တွဲကချင်ပါတယ် ဒါပေ
အမောမခံနိုင်လို့ပါ'

'သက်သောင့်သက်သာ··· ကလို့ရပါတယ် မမဝေရယ်
နေပါဦး··· နောက်နေ့မှ ကျွန်တော် သင်ပေးမယ်'

www.burmeseclassic.com

www.burmeseclassic.com



'တော်ပါပြီကွယ်… ဒီအရွယ်ကြီးကျမှ မကတတ်ချင်ပါဘူး၊ နှစ်ပါးသွားလေးဆို လူမြင်သူမြင် ကောင်းသေးတယ်'

ရင်ထဲမှာရှိတဲ့အတိုင်း နေနဲ့လနဲ့ နှစ်ပါးဆိုင်ချင်တာကို ဖွင့်ဟ သည်။ သူက အဲဒီလို ကျပြန်တော့ ပြက်ရယ်ပြုစကားဆိုသည်။

'မမဝေတို့… နှစ်ပါးသွားကြီးကလည်း ပိုတောင် မောပြီး ဆံခဲနက်နဲ့ ပညာသားပါသေးတယ်၊ ကျွန်တော်သာ… အဲဒီလိုက ရင် သီချင်းမဆုံးခင် အိပ်ပျော်သွားမှာ'

'ခေတ်ရှေ့ပြေးတဲ့ ယဉ်ကျေးမှုကို ထိန်းသိမ်းနိုင်ရင် အိပ်ငိုက် စရာ အကြောင်းမရှိပါဘူး'

စိုင်းစိုင်းက တောဂေါ်လီသီချင်းနဲ့ ကျေးလက်ပရိတ်သတ်ကို ခမ်းမိုးပြီး အငွေ့အသက် ဖော်ယူခဲ့သည်။ ဖိုးချစ်က မပျင်းမရိ ငြိုးငွေ့အောင် နှစ်ပါးသွား ဒေဗ်ပရာဆန်ဆန် တီထွင်ကပြလေသည်။ ငယ်လူကြီးနှစ်ဖက် မျှတသည်။ သူမနဲ့ ထင်လင်းအောင် ယှဉ်လိုက် င် အမြဲတမ်း အလျော့ပေးနေရသည်။ သူ့ဘက်ကိုပဲ အမီလိုက်နိုင်း နှတ်တရွတ်ဆွဲခေါ်နေသည်။ တစ်ပြန်တစ်လှည့် သူမဘက်လှည့်ပြီး ငယ်က လူကြီးလူကောင်းအဖြစ် အံဝင်အောင် နေပြဖို့ကိုတော့ မစဉ်းစား မတွေးတောခဲ့ပေ။ ညီရခက်သလို သိရခက်တဲ့ အချစ် လာကြုံနေရပါလားနော်။

တစ်စစနဲ့တော့ မျဉ်းပြိုင်အသွင် ဆောင်လာသည်။ တိမ်တိုက် ရဲ့ အသွင်ကွဲရာသီက ကျရောက်နေသည်။ အလိုက်အထိုက် တသီး ခြား ကိုယ်ကြိုက်တာ ကိုယ်လုပ်နေမိကြသည်။

'ဒီညအတွက်… ဘာပဲဖြစ်ဖြစ်ပေါ့၊ မမဝေကို… ကျွန်တော် ရူးတင်ပါတယ်'

'ကျေးဇူးတင်ရင်… မမဝေကို ပစ်ခွာစိမ်းကား အမြင်မကြည် တွေ မဖြစ်ပါနဲ့နော်၊ အောင်… ပစ်သွားမှာကို မမဝေ အရမ်း ကြောက်တယ်၊ အရှက်တကွဲနဲ့ သေရမှာ'

လက်ကိုင်ဘီးနဲ့ ဘေးကြည့်မှန်၊ နောက်ကြည့်မှန်နဲ့ အလုပ်

www.burmeseclassic.com



ရှုပ်နေသော ကားမောင်းသူကိုမှ နှောင့်ယှက်သလို ဖြစ်သွားသလား မသိပေ။ အားငယ်စိုးရွံ့စွာ သူ့ပခုံးကို မှီနွဲ့ပြီး တောင်းပန်တိုးလျှိုးသံ ပြောမိတော့သည်။

'အဲဒီလို… ပြီးပြီရော မချစ်တတ်ပါဘူး မမဝေ၊ ကျွန်တော် က မမဝေကို မမုန်းရဲလို့ ချစ်ခဲ့တယ်ဆိုတာ နားလည်ထားလိုက်စေ ပါဗျာ'

အတိုင်းအသိ ကြည်နူးပိတိဖြစ်စေမယ့် စကားခွန်းချိုကို သူ ဆိုပါသည်။ ချစ်သူဆိုတဲ့ သီချင်းဟာ နားထဲမှာ အလိုအလျောက် ချိုမြနေတတ်တာ ချစ်ဖူးသူတိုင်း နားလည်မည်ထင်ပါသည်။ ချိုပျစ်အီ လဲ ဆိမ့်သက်ကသော ရောနှောလက်ဘက်ရည် ခွက်စုံစီနဖာလို ဖြစ်နေတော့မည်။ ချိုတိုတိုကြီး ဖြစ်လွန်းမကရင်လည်း ပုရွက်ဆိတ် တက်ပြီး ပျားအုံဆွဲတော့မှာ။ ဆွဲချင်ဆွဲ တက်ချင်တက်ပေါ့။ သူ့ အသံလာရာ ပါးစပ်မှာတက်ပြီး သူမနားမှာ မဆွဲဖို့ မတက်ဖို့တော့ အထူးလိုအပ်မည်။ သို့မဟုတ်ပါက ပျားအုံကို နားဆွဲလုပ်ကာ ပုရွက် ဆိတ်တွင်းပိုင်းကြီး ဖြစ်နေလိမ့်မည်။ သူမအနေဖြင့်တော့ အနစ်နာမခံ နိုင်ပါ။ သူ့အနေနဲ့ကျတော့ ဘာပဲဖြစ်ဖြစ် တင့်တယ်တယ်လေ။ မုတ် ဆိတ်ပျားဆွဲတယ်လို့ ပြောလို့ရသလို ပုရွက်ဆိတ် အဝင်အထွက်ရှိ တယ်။ အိမ်သာလို့ ညော်လာတယ်လို့တောင် ပြောလို့ရသေးတယ်။ အထင်သေးစရာအကြောင်း တစ်ကွက်မှ မရှိဘူး။

'ယုံရမှာလား… အောင်ရယ်၊ အပြောကတော့ ကြယ်တွေ တောင် သက်ကြွလစ်ပြီး ကြွေလောက်တယ်'

'မမဝေက… ကြယ်စင်နတ်သမီးလေး နတ်သက်ကြွေစုတေ ပြီး လူဖြစ်လာတာလား၊ ဥက္ကာ့သွားပြီး မျှဝေနဲ့ အမဲလိုက်ရင် ပဲခူးရိုးမမှာ ယုန်ရမှာပေါ့'

ပေါက်ပေါက်ရှာရှာ ကိုယ်တော်ချောကတော့ ပြောတော့မယ် မောင်ချောနွယ်ရဲ့ ကဗျာစာသားတွေတောင် ရှုံးလောက်တယ်။ အပြော ကောင်းပုံမျိုးနဲ့ အော်လိတာသီချင်းမဆိုဘဲ ဟစ်ဟော့တွေဆိုဖို့ကောင်း တား

www.burmeseclassic.com

www.burmeseclassic.com



'အဲလိုပဲ… ပြောကြတာပဲလေ၊ တို့ဘကြီးရဲ့… ဘကြီးလည်း အဲလိုပဲပြောပြီး ရှောသွားတာ'

'ဟာဗျာ… မမဝေကလည်း ဟုတ်တော့မလိုလိုနဲ့ ဘောလီဘောလုပ်ပြီး ပုတ်ချတယ်ပေါ့'

'ချစ်လို့ ကျီစယ်သေသွားတယ်၊ ဘာဖြစ်လဲ… ဘာဖြစ်လဲ၊ ဘာမှ… မဖြစ်ဘူးမို့လား ချစ်လို့ပဲဟာ'

ကြောင်ရိုင်းမလေး ဖြူဖြူကျော့သိန်းရဲ့ ဆွဲဆောင်မှုရှိသော ညှို့အားပြင်းအသံနဲ့ ညုတုတု ဆိုပြလိုက်ပါတယ်။ စိတ်ဆိုးရခက် တော့နုပ်ရမလွယ်ကြီး ဖြစ်သွားရှာတာပေါ့။ နာသာခံခက် ဖြစ်သွားရတဲ့ သူ့မျက်နှာကြီးက အီလည်လည်ပါပဲ။ ဝက်ဆီဖတ်ကြီးကို လျှာနဲ့လျက် နေရသလိုမျိုး။

အချစ်ကို ပိတ်စတစ်စ ဝယ်သလို ကြိုက်တဲ့နေရာက ရွေးပြီး ညှပ်လို့ ရနိုင်ပါ့မလား။ လိုချင်တဲ့ ဒီဇိုင်းနဲ့ ချုပ်ဝတ်ဖို့ မလွယ်လောက်ဘူး။ မဝတ်ချင်တဲ့အခါ ပစ်ထားချင်ထားသွားမှာ။ သဘောတွေ့လို့ မသုံးတော့ပြန်ရင်လည်း အချောင်သက်သက် လက်နှီးစုတ်မှာတယ် ဖြစ်ရဦးတော့မှာ။ သူမကတော့ စိတ်ရှင်းတယ်။ တပ်မက်မြတ်နိုးဖွယ်ရာကောင်းသော အချစ်ကို မဆိုထားနဲ့ အဝတ်အစား အသုံးအဆောင်မှန်သမျှ အစွဲအလမ်းကြီးစွာ ခုံခုံမင်မင်ရှိတတ်သည်။ သံယောဇဉ်သွယ်တာစွာ မပစ်ရက် မပြုရက် သိမ်းဆည်းထားတတ်သည်။ သူမ ဆီမှာ ယနေ့ထိ အပျိုဖြန်းဘဝက ယင်းမာဖိနပ်၊ ဘလောက်စ်အင်္ကျီနဲ့ အအင်နန်ကျူနာရီလေး သိမ်းထားဆဲ ရှိနေသေးသည်။ (၁၀)တန်း အောင်တဲ့နှစ်မှာ ဖေဖေက နာရီဆင်ပေးသလို၊ မေမေ အင်္ကျီဝယ်ပေးသည်။ ဖိနပ်လေးကတော့ မုန့်ဖိုးဖြင့်စု၍ ဝယ်ထားခြင်းဖြစ်သည်။ မြဲတတ်သော လူကိုသေစေနိုင်တဲ့ အစွဲအလမ်းကို ရှုးသွပ်စွာ ခုံမင်သည်။

စွဲလမ်းမြတ်နိုးစွာ သူ့အပေါ် ချစ်မိသည်။ သူကလည်း အဲဒီလို အလည်ဝေမျှပြီး ချစ်နိုင်ဖို့ အထူးလိုအပ်လှတာပေါ့လေ။

www.burmeseclassic.com

www.burmeseclassic.com



'သူရဲ့… ထာဝရမျက်လုံး၊ သူ့ရဲ့… နက်ရှိုင်းတဲ့ တည်ကြည် လေးနက်မှုကို ကျွန်မ ကြည်ညိုလေးစား ပြမှာပါ၊ ရှင်ဟာ… တကယ် လေးလေးနက်နက်ရှိတာ ကျွန်မ သိရမှာပေါ့'

ဆီဗီယာပလေ့ာရဲ့ ကဗျာကို ခံတွင်းတွေ့လာလို့ သူကြားသာ အောင် ရွတ်ဆိုပြလိုက်ပါသည်။ သူ မျှဝေခံစားပြီး ကျေနပ်သွားရမှာ ပေါ့။ ဒုက္ခ၊ သုက္ခတွေကြားထဲက ကယ်တင်ဆယ်မလို့ ရလာတဲ့ အချစ်ဟာ ချိုမြပါတယ်။ ချောစုခင်ရဲ့ 'ချိုဆိမ့်မွှေး'အပြုံးလေး သူ့ဆီမှာ ရှိနေတာ အသေအချာပါပဲ။ အဲဒီအပြုံးကို ကွမ်းယာထဲထည့်စားလိုက်ရင် တော်တော် ခံတွင်းတွေ့မှာ။ ရေနွေးကြမ်းထဲ ထည့်ခတ်ပစ်ရမယ်။ အရည်သောက်တစ်ခွက် လုပ်သောက်ရမယ်။ အချစ်ဆုံးအတွက် ဟင်း တစ်မယ်အဖြစ် ဝင်ပြိုင်ရမယ်။ နောက်ဆုံးပေါ် ဟင်းခတ်အမွှေး အကြိုင်အဖြစ် ကြော်ငြာပြီး ရောင်းချတင်သွင်းရမယ်။

❧ ❧ ❧

သူမ တစ်ယောက်တည်း တစ်ဦးတည်း တစ်သဘောကတော့ နှစ်ကိုယ့်တစ်စိတ် သူနဲ့နှစ်ယောက်တည်း မွေးနေ့ပွဲလေး ကျင်းပချင် တာပါ။ သူက 'ပါတီလေးလုပ်လိုက်ပါ၊ သူငယ်ချင်းတွေနဲ့ပါ မိတ် ဆက်ပေးချင်လို့'ဟု ပြောလာသဖြင့် ကောင်ကာင်ခါ စီစဉ်လိုက်ရ သည်။ သူငယ်ချင်းတွေ ခေါ်လာတော့ မိတ်ဆွေ အသစ်တွေရှေ့မှာ ရှက်ရှက်နဲ့ မျက်နှာပွင့်ရတာပေါ့။ မဏ္ဍာပ်တိုင် တက်ပြလို့ရတာပေါ့ လေ။ သူ့ဘော်ဒါတွေရှေ့ သူမကို ပွဲထုတ်ပြီး ကြွားချင်နေတာ။ သူ ကတော့ ဖွတ်တရွတ်ပူဆာလို့ သူမကတော့ ရှက်ပြုံးစီချယ်ရဦးမှာပေါ့။

မိတ်ဆွေအသစ် မိတ်ဆွေအစစ်တွေ ရမှာကတော့ ပျော်စရာ ဝမ်းမြောက်စရာပါပဲ။ ဖြစ်သင့်ဖြစ်ထိုက်တာတာ အမှတ်ပဲ။ သူ့သူငယ် ချင်းတွေထဲမှာ မိတ်ဟောင်းဆွေဟောင်းကြီး ဖြူပြာရှုန်လည်း ပါလာ နိုင်သည်။ သူပါလာရင်တော့ မွေးနေ့ပွဲလေးဟာ အပျော်တစ်ဝက်

www.burmeseclassic.com



ချက်ပြယ်သွားနိုင်သည်။ နဖူးက အမာရွတ်ကို မြင်တိုင်းစမ်းမိတိုင်းမှာ ပေါ်သခာကို အမှတ်ရစေးငြိုးထားတဲ့ ကေဝဠ်ပုဏ္ဏားလို ဖြူပြာ ပုဏ္ဏားမက ရောက်လာမှာလား။ ရောက်လာနိုင်သည်။

စိတ်တထင့်ထင့်ဖြင့်နေစဉ် သူနှင့် သူငယ်ချင်းတစ်စု ရောက် လာကြသည်။ ဖြူပြာဖွန်ပါမလာ၍ ကြည်နူးဝမ်းမြောက်ရပါသည်။ သိပ်ကြာကြာ ဝမ်းမြောက်ခွင့် မရပါ။ စိုးရိမ်စိတ် ပြန်ဝင်လာရပြန် သည်။ 'သူငယ်ချင်းတွေ ထပ်လာကြဦးမယ်'ဟု သူက ပြောသော ကြောင့်ပင်...

'ဘာကျွေးမှာလဲ... မမဝေ၊ ကျွေးချိန်ရောက်ပြီလား၊ ကိတ်မုန့် ခွဲရမယ်နော်'

သူများ မေးစကားကြောင့် သူမ မျက်နှာပျက်သွားရသည်။

'မုန့်ဟင်းခါး... အဝစားလို့ရအောင် စီစဉ်ထားတယ်လေ၊ ကိတ်မုန့်ကတော့ မှာမထားမိဘူး'

သူ့သူငယ်ချင်းတွေကတော့ အိမ်ရှေ့မှာ စုဝေးပြီး ရှိုးတိုးရှန့် တန်းနဲ့ ထိုင်နေကြလေရဲ့။ အားလုံးက ကွန်ပျူတာကျောင်းသားတွေ ဖြစ်နေလို့ သူမနဲ့ မရင်းနှီးပေ။ ဂီတဘက်က တစ်ယောက်စ နှစ် ယောက်စ လောက်သာ မျက်မှန်းတန်းမိ၍ သိနေသည်။ သူမစကား ကြောင့် ထင်လင်းအောင် အကြီးအကျယ် မျက်နှာပျက်ယွင်းကာ ရှုံ့မဲ့ သွားလေသည်။ သခင်ကိုယ်တော် အလိုမကျ ကတောက်ကဆ ဖြစ်ရ ပြီ။

'ဟာဗျာ... မမဝေကလည်း မွေးနေ့ပွဲလုပ်ပြီး မွေးနေ့ကိတ် တောင် မစီစဉ်ထားဘူးလား၊ တော်တော်အောက်တာပဲ'

အပြစ်တင် ရေရွတ်သံက စိတ်အလိုမကျ ညည်းတွားသံ နှောစွက်ပါဝင်လာသည်။

'ဟိုလေ... မမဝေ တစ်ခါမှ အဲဒီလို မွေးနေ့ကိတ်နဲ့ မလုပ် ဘူး၊ အပိုကုန်မှာရယ်၊ ထုံးစံမဟုတ်တာရယ်ကြောင့် မလုပ်ဖြစ်တာ ပါကွာ'

www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲဗျာ… ထုံးစံတွေဘာတွေ၊ အဲဒီဘောင်တွေ ကန့်သတ်မထားစမ်းပါနဲ့၊ အရင်က… ဘယ်လိုပဲ ရိုးဂုဏ်ရှိအောင် နေခဲ့နေခဲ့ အခုချိန်မှာ ခေတ်ရွေ့ပြေးရမှာဗျ၊ သူငယ်ချင်းတွေကို မွေးနေ့ကိတ် ခွဲရမှာဗျ'

'ရပါတယ်… အခုလည်း မုန့်ဟင်းခါး လိုက်ခွဲ့မှာပေါ့'

ထင်လင်းအောင် အကျုပ်ရိုက်သွားဟန်ဖြင့် ခေါင်းကုတ်ကာ စိတ်ပျက်သွားသည်။

'အထင်သေးကုန်တော့မှာပဲ၊ တော… အဟွာကြီးကို ရင်ထဲမှာ ဝှက်ထားတယ်လို့ နဂိုထဲက ပြောချင်နေကြတာ'

သူ ညှော့ခန်းထဲကို ဝေ့ဝဲကြည့်သည်။ ပြောင်ရှင်းသန့်ပြန့်သော အပြင်အဆင်ကို သဘောကျနှစ်ခြိုက်လိမ့်မည် ထင်ပါသည်။ သူက စိတ်တိုင်းမကျစွာ ခေါင်းခါပြန်သည်။ ခါးထောက်ပြီး ယောကျ်ားတန်မယ့် မိန်းမဆန်ဆန် ရန်တွေ့ပါသည်။

'ဘာတွေလဲဗျာ… ဘီယာ ဘယ်မှာလဲ၊ ဒီဂျေစက်လည်း မရှိဘူး၊ ဘာမှ… စီစဉ်မထားဘူး၊ ညံ့လိုက်တာ၊ မွေးနေ့ပါတီဆိုမှပဲ မွေးနေ့မင်္ဂလာ သီးမွှမ်းခန်းဖွင့်မလို့လား'

'ဒီဂျေအခွေတွေတော့… ရှိပါ့၊ ဥက္ကာဦးသာ၊ မျိုးကျော့မြိုင်၊ ဂျေး၊ သားစိုးလည်း ရှိတယ်၊ အစုံပဲ'

'စက်နဲ့… ကိုယ်တိုင် ဖန်တီးချင်တာဗျ၊ အဲဒီအထိအတွေ့ အရသာကို မခံစားဖူးမှန်း သိသာတယ်ဗျာ၊ ကြည့်ဦး… ဝတ်ထားတာကလည်း တိုက်ဂေါ်ကြီး'

ရင်ဖုံးအင်္ကျီ၊ ချိတ်ထဘီနဲ့ သိမ်မွေ့ယဉ်ကျေးစွာ ဆင်မြန်းထားတာကိုမှ အပြစ်မြင်ပြီး တောဂိုက်ကြီးလို့ ပြောရက်လိုက်တယ်။ မောင်မျိုးမင်း ရင်တွင်းဖြစ်တွေနဲ့ ပြောရရင် 'မြို့ပြဆိုတာ တစ်ခါတုန်းက တောရွာပါပဲ'လို့ ပြောပစ်ရမှာ။ အရာရာ သူစိတ်တိုင်းကျချည့်ပဲ။

'သူငယ်ချင်းတွေကို အပြတ်ကြွားထားတာ မမတော့၊ ပွဲပြီးမီးသေပဲ၊ ဘီယာ၊ ဝီစကီတော့ စီစဉ်ပေးမှဖြစ်မယ်၊ ခွေ့ခံတ်ကျေရမှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ရောမရောက်ရင် ရောမလို ကျင့်ရမှာတော့ မမဝေ သိပါတယ်၊ အခုဟာက… အေသင်မြို့ပဲ ရောက်သေးတာလေ၊ ဘီယာအရက်နဲ့ မင်္ဂလာရှိတဲ့ မွေးနေ့နဲ့ မဆိုင်ဘူးထင်တယ် အောင်ရယ် သူတို့ကို… အပြင်ဆိုင်မှာ ညှော့ခံလိုက်ပါလား၊ မမ… ဒကာခံပါ့မယ်'

'ပိုက်ဆံကို ပြောနေတာ မဟုတ်ဘူး မမဝေ၊ ဆိုင်မဟုတ်တဲ့ အိမ်မှာ စိတ်ချလက်ချ သောက်ချင်လို့ စီစဉ်ချင်တာ၊ ဟာဗျာ… စိတ်ပျက်စရာကြီး'

တိုးတိုးကပ်ပြီး သူငယ်ချင်းတွေ မကြားအောင် ပြောဆိုအငြင်းပွားး အတိုက်ခံဖြစ်နေမိသည်။ အားလုံးကလည်း ပျင်းရိလို့ ငြီးငွေ့ပြီး သန်းဝေ့လူက သမ်းနေကြလေပြီ။

အရေးထဲမှာ အရာပေါ် ဖြူပြာဓွန်ကလည်း လှောင်ပြောင် အားတိုက် သရော်ပြုံးပြုံးဖို့ ရောက်လာသည်။ အခြေအနေ အရပ်ရပ်ကို နားလည်သဘောပေါက်ပုံရသော သူငယ်ချင်းတွေက အားတုံ့အားနာဖြင့် လက်ဆောင်ပေးပြီး ပြန်ဖို့စိုင်းပြင်းကြသည်။

'ဘယ်လိုလုပ်မလဲ… မမဝေ မွေးနေ့မှာ ကျွန်တော် ဘုကဝေနဲ့ တိုက်ချင်ဘူးနော်၊ အစစအရာရာ စီစဉ်ထားပြီးသားဆိုလို့ ဘာမှ လုပ်မလာတာ၊ ဒီလိုမှန်းသိရင် စိတ်တိုင်းကျ လာပြင်ဆင်ပါတယ်ဗျာ၊ ခက်တော့တာပဲ'

အရေးအကြောင်းကျတော့ ဘကြီးခိုင်က ဒီပြဿနာကို ဝင်ရောက်ဖြေရှင်းပေးသည်။

'ဟုတ်တယ်… မောင်ရင်လေး ပြောတာ ဖြစ်သင့်ပါတယ်၊ ဘကြီးတို့မကော… ရှေးရိုးစွဲ တစ်ယူသန်ကွ၊ ကာလံဒေသံ အခြေအနေ အချိန်အခါကိုလိုက်ပြီး ခင်ကျင်းတတ်ရမယ်၊ ဘာမှ… မပူနဲ့ ဘကြီး စီစဉ်ထားတယ်'

'ဗျာ…'

အထိတ်တလန့်ပင် ရေရွတ်သံ ထွက်လာသည်။ သူမ စီစဉ်

www.burmeseclassic.com

www.burmeseclassic.com



တာတောင် သူနဲ့ အလှမ်းကွာနေရင် ဘကြီးခိုင်ဆို ပိုဆိုးမည်ဟု ထင်မြင် ယူဆပုံရလေသည်။

'ဘကြီးခိုင်ကလည်း… ဘာလဲ ဆိုင်းဝိုင်းဌားထားလို့လား'

'မလိုပါဘူးကွာ၊ ဆိုင်းဝိုင်းရော၊ အိလက်ထရစ်ပါ ရောလို့ရတဲ့ ဒီဂျေသမား ခေါ်ထားတယ်၊ မွေးနေ့ကိတ်နဲ့ အဖျော်ယမကာကိုလည်း ပင်ရင်းဆိုင်က အော်ဒါမှာထားတယ်၊ လာလိမ့်မယ် ခဏစောင့်'

ဘကြီးခိုင်၏ အပြောကြောင့် သူမ ကြောင်စီစီ ဖြစ်သွားရတော့သည်။ သူ့မျက်နှာလည်း ဝင်းပကာ အံ့သြဘကြီး တုန်လှုပ်ဖော် ရှင်သွားလေသည်။

'ဘကြီးတူမက… အဲဒီလိုပဲ၊ အလှတွေ တအားပြင်ပြီး ငယ်ရုပ်မပျောက်ဘဲ ပိုနုလာတယ်သာ ထင်ရတာ ဓိဇာကြောင်တဲ့ အပျိုကြီးကွ'

ကိုယ်တော်ချောနဲ့ ဘကြီးချောတို့ကတော့ နှစ်မဲတစ်မဲဖြင့် သူမထက် တစ်ဖျားသာသွားသည်။

'ကဲ… သမီးလေး မိဝေ၊ ဘကြီးကို မုန့်ဟင်းခါး ဆွမ်းချိုင့်ပေး၊ ဘုန်းကြီးကျောင်း သွားပို့မယ်'

'ဟုတ်ကဲ့… ဘကြီး'

သူမ ဆွမ်းချိုင့် သွားအယူမှာ ဘကြီးခိုင်က စိတ်သက်သာရာ ရအောင် ထင်လင်းအောင်ကို မြှောက်ပေးနေပြန်သည်။

'လူငယ်ဆိုတာ၊ ဖျတ်လတ်နှံ့စပ်ရမယ်၊ အံဝင်ခွင်ကျ နေထိုင်တတ်ရမယ်၊ လွတ်လွတ်လပ်လပ်ပဲကွာ၊ သန်တုန်း မြန်တုန်း ငယ်တုန်း ကဲလို့ရတုန်းမှာ ကဲသာကဲ၊ အသက်ကြီးသွားရင် ဘကြီးလို စိတ်ပဲ့ရှိပြီး လူက မလိုက်နိုင် မတင့်တယ် ဖြစ်သွားလိမ့်မယ်၊ မိဝေကို အပါခေါ်ပြီး ကဲကွာ'

ဘကြီးခိုင်က အားတက်သရော ပြောနေတာတွေ ဟိုအခန်း သော်လေး ရှုံးလောက်သည်။ ဂျေမီရှုံးလောက်အောင်ပင် ပြောဆိုအား ပါနေဘာလေ။

www.burmeseclassic.com

www.burmeseclassic.com



'ကဲသာကဲ ××× ကဲသာကဲ ××× မင်းဂရုမစိုက်နဲ့ ××× င်း ဘွားတော်ကို ခေါ်လာခဲ့ ××× ဘကြီးက ဆွဲမှာပဲ'

မာန်တွေအပြည့်ထည့်ပြီး သီးချင်းညည်းကာ သူမကမ်းပေးသော ဆွမ်းချိုင့်ယူ၍ ထွက်သွားသည်။ စိတ်ပျက်လက်ပျက်ပင် အော်စ်သတိပေးရသည်။

'ဘကြီးခိုင်··· မုန့်ဟင်းရည်တွေ ဖိတ်ကုန်ဦးမယ်၊ သိပ်ရမ်းနေနဲ့'

ဘယ်လို အတိုးကြီးနဲ့မှလာပြီး အမျိုးတော်နေရသလဲ သူမ င်းစားမရနိုင်တော့ပေ။ ချိုင့်ကြီးတကားကားနဲ့၊ ဗိုက်ကြီးတကားကားနဲ့၊ ခြေကားရား လက်ကားရား လုပ်တာလောက်ကို မမှုတဲ့ သဘောပုံစံပင်။

ဤသို့ဖြင့် မွေးနေ့ပွဲ အစီအစဉ် ပထမပိုင်းကို ပျင်းရိငြီးငွေ့ ပ်ငိုက်စွာ ဖြတ်သန်းရသည်။ ဒုတိယပိုင်းကိုတော့ မြူးကြွရွှင်မြူး ပါးလွတ်လပ်စွာ ဆင်နွှဲဖြစ်ပါသည်။ အားလုံး ပျော်ကြရပါသည်။ ပြောနဲ့ အလုပ်ညီသော ဘကြီးခိုင်၏ အစီအမံဖြင့် မွေးနေ့ကိတ်လှီး သည်။ အဖျော်ယမကာ စုံစုံလင်လင်ဖြင့် ဂီတမြူးဇစ် အထောက် ံ့ကောင်းကောင်းဖြင့် တက်ကြွရွှင်လန်းသော မွေးနေ့ကို လန်းဆန်း တ်ဆတ်စွာ ဖြတ်သန်းကြရပါသည်။ အားတက်ကြည်လင်ဖွယ်ရာ ာ့ ကောင်းသားပဲ။ မွေးနေ့ကိတ်ခွဲ့ကျွေးတော့ ကြည်နူးပီတိဖြစ်ရ ည်။ အပြန်အလှန် ခွံ့ကျွေးရင်း မွေးနေ့ကိတ်တစ်ဖဲ့ကို သူမအား ျွေးမလိုလိုနှင့် ဖြူပြာစွန်ကို သူက ကျွေးလိုက်သည်။ ကိုယ့်မွေးနေ့ ယ့်ကိတ်နဲ့ ကိုယ်အသည်း တဆတ်ဆတ်ခါနာကျင်အောင် ခံစားလိုက် သည်။ စိတ်တိုပြီး ဒေါသအလိပ် ဗိုမိုပွယောင်း ကြီးမားရသည်။ င်နှင့်မဆန့်အောင် များလှစွာပါတကား ကျားပေါက်နဲ့ ဟက်ပီဘတ် ကို အော်ဆိုပစ်ချင်စိတ်တွေ ပေါက်လာသည်။

ဖြူပြာစွန်ကတော့ အမိဟ္မာယ်ကျယ်ဝန်း နက်ပြောသော ပျော် ်များဖြင့် ပြုံးတမြမြ ကျေနပ်နေသည်။ ကိုယ့်အသည်း ကိုယ်ဖဲ့ပြီး ျွေးရသလို ခံစားထိရှရပါသည်။ မဖြစ်သင့်တာတွေဖြစ်နေ၊ ကြုံနေ၊

www.burmeseclassic.com

www.burmeseclassic.com



မြင်တွေ့နေရစေအောင် ဖန်တီးပေးသည်။ ဟန်ဆောင်အပြုံးတွေ ဝေ
အောင် ဆင်မြန်းထားမိပေမယ့် စိတ်အတွင်းနာကြောင့် ကျိတ်မ
ခံမရ ဘယ်လိုမှ မပျော်တော့ပါ။

စိတ်ရှိလက်ရှိ အော်ဟစ်ပေါက်ကွဲ ပစ်ချင်လာသည်။ ဝ
နည်းမှုကြောင့် စိုစွတ်လာတဲ့ မျက်ဝန်းမှ ကျလုဆဲဆဲ မျက်ရည်
ခိုး၄က်သုပ်ရပါသည်။ ပျော်လွန်းလို့ ဝမ်းသာအားရကျတဲ့ အပြုံး
မျက်ရည်ဆွတ်ဖျန်းသည်။ ပြုံးသူမှာ မျက်ရည်စတွေ ရှိနေတာ
ဘယ်လို ဒီကရိုန်းတိုင်းပြီ အစစ်မှန်းသိရအောင် သူတို့ ခွဲခြားနိုင်မှာ
ဖြူပြာဖွန် ပျာကလပ်စိန်မကတော့ ကောင်းကောင်းကြီး ရိပ်မိမှာ

ဘယ်လို မွေးနေ့ပွဲမျိုးပါလိမ့်ကွယ်။ ကိုယ့်မှာ မသေမချ
မွေးနေ့အသက်ပြင်းလို့ မွေးမွေးချင်း သားရေကွင်းနဲ့ အပစ်ခံနေရတယ
စိတ်ကသိကအောင့်ဖြစ်အောင် ခံစားရတယ်။ တရစပ်ပြင်းတဲ့နေပူဒ
အောက် စပ်လောင်အိုက်တဲ့ဒဏ် ခံရသလိုပဲ နာသာခံခက် ရှိလိုက်တ

သူ့ကို ချစ်လို့ အလိုလိုက်ခဲ့မိသမျှဟာ သူမရဲ့ ပျော့ကွ
ဟာကွက်တွေချည်း ဖြစ်ဖြစ်နေတော့သည်။ စိတ်ရှုပ်ထွေး နောက်ကျိ
သောကရမက် မအေးဖွယ်ရာ ဖြစ်ရပြီ။ ဒီလို တဖြည်းဖြည်းနဲ့ အ
ဆုံးလူဟာ စည်းအပြင်က လူဖြစ်ရတော့မှာလား။ အပြင်ထွက်ရပ်
သွေးအေးအေးနဲ့ လက်ပိုက်ကြည့်ရတော့မှာလား။ ဒါ မတရားတာ
အချစ်နဲ့ပတ်သက်တဲ့ ခုံရုံးမှာ သွားတိုင်ကြားရမယ်။ လွှမ်းမိုးလို အ
ပျောက်ရှာပုံတော် ဖွင့်ဖို့တော့ မဟုတ်ပါ။ မာယာဖြင့် အချစ်ကို လှ
စားအလုယူခံရလို့ တရားမျှတမှု မရှိလို့သာ ဖြစ်လေသည်။

တကယ်တော့ တရားသောအချစ်မှာ သူမက စတင်ပြီး မို
ရှူးရဲ့စိတ်ဖြင့် လုယူခဲ့ခြင်းဖြစ်သည်။ သူမ နိုင်ထက်စီးနင်း ကလိမ်
ပြီး အလစ်သုပ်ခဲ့သမျှ အခုတော့ တန်ပြန်တစ်ဖန် ခံရပြီ။ ဝဋ်ဆိုတ
ဘဝမခြားဘူးတဲ့။ ချက်ချင်းလည်တာပါပဲလား။ လုပသိမ်းပြီး ရ
စက်သော လက်စားချေခြင်းကို ခံရလေပြီ။ အသည်းဝပြင်လုံး စိမ်း
လဲ့ အက်ကွဲကြေရီဝေသွားရသည်။ သဘောထားကြီးစွာ ဟန်မပျ

www.burmeseclassic.com

www.burmeseclassic.com



...ထောက် နေလိုက်ရသည်။ ညနေမိုးချုပ်စ အချိန်မှာပဲ လူစုခွဲကာ ...ယ့်အိမ်ကို အားရကျေနပ်စွာ ပြန်သွားကြသည်။

'မမဝေ… ချမ်းသာသုခနဲ့ ပြည့်စုံပါစေ'

ဆုတောင်းပေးကြပါသည်။ လက်ငင်းချက်ချင်းမှာတော့ ဆင်းရဲ ...နဲ့ ပြည့်စုံနေတော့တာပဲ။

'မမဝေ… လိုတရ၍ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်ပါ ...'

'မမဝေ… အမွေးတိုင်၍ လွှယ်အိတ် မင်္ဂလာဆောင်ရင် ...ကြီးနားမှာ ဖြစ်ပါစေ'

ဘာမွေးနေ့ဆုတောင်းတွေမှန်းကို မသိဘူး၊ မူးကြောင် ရူး ...ကြောင်၊ လေလုံးမကွဲသံများပင်။

'လရောင်ဆမ်းသော… ပန်းကလေးလို လန်းပါစေ'

လောလောဆယ်တော့ သူတို့ဆုတောင်းတွေနဲ့ ဆန့်ကျင်ဘက် ...င်။ နေထိ ပန်းကလေးလို နွမ်းနေရသည်။ အနွမ်းတွေနဲ့ ဝမ်းတွေနည်း ...ရသည်။ ဝမ်းမနည်းရအောင် ဝမ်းနုတ်ဆေးများများ စားချင်စိတ် ...ောင် ပေါက်လာသည်။ စိတ်ရှုပ်ကျဉ်းကျပ် မလွတ်လပ်ရတဲ့ကြားထဲ ...န်ဆောင်အပြုံးတုကြီး ဆပ်ဆင်ထားရသည်။ အားလုံးပြန်တော်မူ ...သွားပါမှ ကျေနပ်ပီတိလေးဖြင့် ကြည်နူးစွာ သူက အနားမှာလာ ...ိုင်ပေးသည်။ ဒီလို ပုံစံလေးနဲ့ သူမတစ်သက်လုံး သဘောထားကြီး ...နေရမှာလား။ စိတ်ရိုင်းကို ချုန်းအုပ်ပြီး ဒေါသတွေ မယိုဖိတ်မိလို့ ...ောက်တော် အခက်တွေ့ရမည်။ မလွယ်ကူသော လည်အူသည့် အချစ် ...င်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

မွေးနေ့ပွဲပြီးတော့ ခြေငြိမ်သွားတဲ့ ထင်လင်းအောင်ဟ
ပျောက်ချက်သား ကောင်းသွားသည်။ ပေါ်မလာ ဇာတ်ကားရိုက်
သူမဆီ ခြေဦးပင် လှည့်မလာပေ။ မွေးနေ့တုန်းက ဧည့်သည်အဝေ
ဦးစားပေးပြီး အိမ်ရှင် ဧည့်ဝတ် အများကြီး ရက်ရက်ရောရော ကျေ
လိုက်ရသည်။ စိတ်ပါလက်ပါ ဖြစ်နေတဲ့ သူတို့ရဲ့ ရင်းနှီးမှုအတို
အဆက သံသယဝင်ချင်စရာ ကောင်းလှသည်။ လူပါသူပါ မဖြစ်တ
ပဲ ကံကောင်းလှပြီဟု မှတ်ယူရမည့် အနေအထားပင်။

ဘဝဆိုတာ အနှောင့်အယှက် ကလေးတွေကို ဆင့်ကဲကြုံတွေ
အနိုင်ယူပြီးမှ တည်ဆောက်ရတာချည်းပါပဲ။ ဖြစ်ထွန်းအောင်မြင်ရေ
သိပ်အရသာ ရှိလှသပေါ့လေ။ ကြုံဆုံဖို့ အကြောင်းဖန်နေသ၍ ကြုံ
ဆုံနေရမှာပဲ။ ကျေနပ်အောင် ချော့လိုက်၊ စိတ်ဆိုးအောင် လုပ်လိုက်
ပဲ။ ရယ်တစ်လှည့်၊ ငိုတစ်ခါ မကြုံချင်၊ မဆုံချင်လည်းပဲ တားမ
ဆီးမရ ကြုံနေကြရဦးမှာပဲ။' အချစ်ကမ္ဘာက အပြစ်ရှာတာ တယ်ပြ
လွယ်လှသကိုး။

ထင်လင်းအောင်ဆီ လိုက်သွားတော့ သီချင်းစပ်နေတာ
အဆင်တသင့် တွေ့လိုက်ရသည်။ ပိပိရိရိ စိုးရိမ်မကင်းဖြစ်စရာ
အလျဉ်းမရှိ နေထိုင်မြဲပင်။

'မမဝေဆီ... လာမလို့ပဲ၊ ဟိုတစ်နေ့က... သောပါတ

www.burmeseclassic.com

www.burmeseclassic.com


များသွားပြီး နေမကောင်း ဖြစ်တာရယ်၊ သီချင်းရေးဖို့ အိုင်ဒီယာရ တာနဲ့ ရက်ကဆက်ပြီး မအားဘူး ဖြစ်သွားတာ'

အစိုးရိမ်ကြီးစွာ အမောတကောပင် ရင်တွင်းဆန္ဒကို ဖွင့်ဟမိ လိုက်သည်။

'မမဝေ… ဘာကိုမှ စောင့်မနေချင်တော့ဘူး၊ မပိုင်တဲ့ … နောက်ဖြစ်နှင့်ကို အကူးမခံချင်တော့ဘူး၊ ခဏလေးပဲဖြစ်ဖြစ် ပျော်ရအောင် အမြန်လက်ထပ်ကြပါစို့ အောင်ရယ်'

အံ့သြတကြီး အမူအရာနဲ့ ကီးဘုတ်ခုံရှေ့မှ သူကမော့၍ ကြည့် ပါသည်။

'မမဝေ… ဘာဖြစ်သာတာလဲ၊ အရင်ကတော့… မမဝေပဲ အချိန်ဆွဲခဲ့ပြီးတော့၊ ဟုတ်တယ်… အရင်က အရင်ပဲ အခုက အခုပဲ၊ တော့တော့ဘူး'

'မဟုတ်သေးပါဘူး၊ တစ်ခုခုတော့ ဖြစ်နေသလိုကြီးပဲ၊ ဘာ ဖြစ်လို့ ရုတ်တရက်ကြီး လက်ထပ်ချင်ရတာလဲ'

ရုတ်တရက်… ချစ်လို့၊ စိုးရိမ်လို့ အလောသုံးဆယ် ကောက် ကာငင်ခါ လာပြောတာပေါ့၊ ဒါကိုများ… အဆန်းတကြယ် အံ့သြလို့ လူကိုပဲ ယုံထင်ကြောင်ထင် ကြည့်လိုက်သေးတယ်။ သူမကလည်း သူ့ကို လက်သည်ရှာနေသယောင်ယောင်။ သင်္ကာမကင်း သံသယဖြင့် ကြည့်သည်။

သူ့မျက်လုံးတွေကလည်း ဂနာမငြိမ် လှုပ်ရှားအားကစားလို့ နေသည်။ သဘောရိုးနဲ့ မေးကာ စူးစမ်းတာမှ ဟုတ်ပါလေစ။ ဘာတွေ ရှောင်လွှဲဖယ်ပြီး ဘယ်လို ငြင်းဆန်ဖို့ ဟန်ပြင်တာစူနေတဲ့ အမူအရာ ပါလိမ့်။

'အရင်ကတော့… အေးဆေးမှ လက်ထပ်မယ်လို့ ပြောထား တာယ်လေ၊ အခုဟာက… ချက်ချင်းပဲ လက်ထပ်မှာ နေ့ရက်ကာနေ မြန်သွားတာပဲ၊ ဘာဖြစ်လဲ… မကောင်းဘူးလား'

'မဟုတ်ပါဘူး မမဝေရဲ့၊ အံ့သြတကြီးမေးမိတာ၊ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်နားကိုယ် မယုံနိုင်လောက်အောင် ကြားရလို့ပါ၊ အရေးတစ်ကြ ကောက်ကာငင်ခါဆိုတော့ စိတ်များ ဖောက်သွားပြီလားလို့ပါ၊ တော ကြာနေ… လက်ထပ်ပြီးမှ ဝေါက်နေရင် ဒုက္ခ'

အရေးထဲ မြင်းကမလှုပ်၊ ခုံကလှုပ်၊ အိုးက… မပူ စလောင်းက ပူနေပြန်သေးတော့သည်။

'ဘာမှ… မဖြစ်တော့ပါဘူးကွာ၊ အောင်… စိတ်ရှည်ရှည် စောင့်နေရတာကို သနားလို့၊ အောင်က… မချစ်ဘဲ ပစ်သွားမှာ စိုးရိမ်ပြီး တွေးကြောက်လို့ပဲ၊ ကဲ… ရှင်းပြီလား'

အခုမှ စိတ်ကျေနပ်သွားဟန်ဖြင့် မျက်လွှာချကာ ခေါင်းညိတ် ပြသည်။ ပြီးတော့မှ တွေးတွေးဆဆဖြင့် ပြန်ပြောသည်။

'ဒီလထဲမှာ… ရက်စွဲတွေအားလုံး ပလန်တွေ ချပြီးသား ကြော်ငြာရိုက်ဖို့ အခွေဖြန့်ရက်နဲ့ စာနယ်ဇင်းအပ်နှံပွဲ လုပ်မှာနဲ့ ရုပ်ယုက် ခပ်နေတာ၊ ကျွန်တော်… မအားသေးဘူး၊ မမဝေပဲ… အချိန်ဆွဲထား ပြီးတော့'

ကိုယ့်အပြစ်နဲ့ကိုယ်သာ ရှိနေပြန်လေတော့သည်။ တစ်ရက် တလေမှာ တစ်ချိန်တခါလောက်တောင် အခွင့်မပေးနိုင်ဘူးတဲ့လား ကက်သစ်စ အဆိုတော်တစ်ယောက်ရဲ့ မင်္ဂလာပွဲကို ကျယ်ကျယ်ပြ ပြန့် ခမ်းခမ်းနားနား လုပ်ချင်မှာပေါ့လေ။ သူ့ဘက်က ကြည့်တော့ လည်း ဟုတ်နေပြန်သည်။

'အဲဒါဆိုလည်း… အခု ရုံးတက် လက်မှတ်ထိုးထားရအောင် နောက်လမှပဲ ရက်ကောင်းရွေးပြီး မင်္ဂလာဆောင်ဖို့ စီစဉ်ရအောင်'

'အဲဒါ… လောက်ကတော့ ဖြစ်ပါတယ်၊ ဘယ်တော့မှ လုပ် မယ်စိတ်ကူးလဲ'

'အခုပဲ…'

'ဗုဒ္ဓေါ…'

အထိတ်တလန့်ဆိုသလို သူ ကယောင်ကတမ်း ရေရွတ်ပြ သည်။ ရုပ်ကိုက ခလုတ်များများထိမှ ဘုရားများများ တမယ့်ရုပ်နဲ့လေ

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီလေ၊ ခဏစောင့်… ဒီတစ်ပိုဒ်ပဲ ကျန်တော့တာ စောင့်ကရပြီ၊ စာသားမရသေးတာ'

သူမ ခေါင်းညိတ်ပြုံးပြပြီး အသာအယာ စောင့်နေလိုက်ပါသည်။ ဒီလောက်တော့ ကိုယ့်ဘက်က ပြန်ပြီး စိတ်ရှည်ပေးရမှာပေါ့'

'ရပါတယ်… တို့စောင့်နိုင်ပါတယ်၊ လုပ်စရာရှိတာသာ-စိတ်ဖြောင့်ဖြောင့်ထားပြီး ဆက်လုပ်ပါ'

ကျောကျောလည်လည် အေးအေးဆေးဆေးပင် တိုင်ပင်ကိုက်ကြပါသည်။ ပြေလည်ရမှာပေါ့။ နားလည်မှုရှိရှိ ချစ်ကြတာပဲ။ ည်လည်ရင်တော့ ပြည့်မြို့ကို လျှောက်လည်ရင်တော့ ကိုခင်ဝမ်းကြီးကို သတိရနေမိတော့မှာ။

ကံဆိုးချင်တာလား။ ကံကြမ္မာက ကိုယ့်ဘက် မပါတာလား စားမရပေ။ ကံကြမ္မာဘီး လေလျော့နေတာလည်း ဖြစ်နိုင်ပါသည်။ ဘကြီးခိုင် ရုတ်တရက် အစာအဆိပ်သင့်ပြီး မူးလဲကာ ခေါင်းပေါက်သွား၍ ဆေးရုံတင်လိုက်ရသည်။ ဘကြီးခိုင် အရေးပေါ် အခြေအနေဖြစ်လာလို့ ဆေးရုံအသည်းအသန် အပြေးအလွှား လိုက်ရသည်။ ရုပ်ရှင်တွေထဲကလို မဖြစ်စလောက်လေးနဲ့ ကြံဖန်ပြီး နှောင့်နှေးတာမျိုးလည်းမဟုတ်။ ဘကြီးခိုင်ဆိုတဲ့အတိုင်း ခိုင်ခိုင်လုံလုံကို အက်သီးဒ ဖြစ်သွားတာ။

မွေးနေ့ပွဲမှာကျန်တဲ့ အရက်တွေကို စပ်သောက်တယ်။ ခြံထဲမှာပေါက်တဲ့ အရွက်တွေကို ကြော်စားတယ် မသိဘူး။ ပွိုင်စင်ဖြစ်ပြီး လဲ ခေါင်းနဲ့ သမန်တလင်းနဲ့ထိ ခွပ်ခနဲ ကွဲတာပဲ။ ကံကောင်းလို့ သေကောင်းမပျောက် မဖြစ်ရတယ်။ ဘကြီးခိုင်တို့ 'လုပ်ချလိုက်ရင် အရမ်းကာရောကြီးပဲ။ ဘကြီးတစ်ယောက်ကို စောင့်ရှောက်နေရတာနဲ့ တော့ဘူး။ တူလေးတစ်ယောက်ကို ဂရုစိုက်ရသလိုမျိုးကို ဖြစ်နေတာ။ စိတ်နဲ့ကိုယ်နဲ့တော့ ညစ်ရပါပြီ။ ဘယ်လို ကံကြမ္မာတွေ ဖန်လာတယ် သိပေ။

ထို့နေ့က လက်ထပ်စာချုပ်ဖြင့် လက်ထပ်ထားကြဖို့ အရေး ခွက မထင်မှတ်ဘဲ ပျက်ပြယ်သွားခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



'အောင်က… စိတ်အေးအေးထားပြီး မလောဖို့ နှစ်သိမ့်ပါသည်။ လူချင်း မတွေ့ရပေမယ့် ဖုန်းဆက်ပြီး အားပေးနှစ်သိမ့်သည်။ စိတ်နှလုံး ဘဝင် မတင်မကျ ဖြစ်ရပေမယ့် ကျိတ်မှိတ် ဖြေသိမ့်ရပါသည်။

'မမဝေ ဘာမှစိတ်မပူပါနဲ့၊ ကျွန်တော်… စီးရီးခွေထွက်ပြီးတာနဲ့ လက်ထပ်ပွဲစီစဉ်မှာပါ'

'အေးပါ.. မမဝေ စိတ်မပူတော့ပါဘူး၊ အောင့်ကိုလည်း ချစ်တယ်၊ ဘကြီးခိုင်ကိုလည်း စိတ်ပူရတာနဲ့ ရှုပ်ထွေးနောက်ကျိသွားရတာပဲ'

ဒီလို အဖြစ်မျိုးကို ကြုံဆုံရရင် လူတိုင်း ဗျာများကြရမှာပဲလေ။ မများဘဲ နေမှာတဲ့လား။ ဖြူပြာဖွန်ဘက်က သူမကို ကျူးကျူးကျော်ကျော် နှစ်ကြိမ်တိုင် လာရောက်ပြီး စော်ကားပြီးသွားပြီ။ အခု ဒါဟာ နောက်ဆုံးတစ်ခေါက်နဲ့ သုံးကြိမ်မြောက် လာရောက် အနိုင်ယူဗိုလ်ကျသွားမယ်ဆိုရင် ဘယ်လိုလုပ်မလဲ။ စိတ်မအေးရတာတော့ စိတ်မအေးရတာပဲ။ ဘကြီးခိုင်ကလည်း အတွင်းလူနာအဖြစ် ကုသထားရသည်။ စိတ်အေးရပြီဆိုပေမယ့် အချိန်မီ ဆေးဝါးရဲ့ နိုင်နင်းမှု၊ ဆေးပညာ အထောက်အကူ ရတယ်ဆိုပေမယ့် အစစအရာရာ ထောင့်စေ့စိတ်ချချင်လို့ သူမ ဂရုစိုက်ပေးရသည်။ ပြေးကြည့်မှ ဒီဘကြီးနဲ့ ဒီတူမပဲရှိကြတာ မ…တ်လား။ ရှာက အမျိုးတွေကိုတော့ စိတ်မပူရအောင် ဖုံးဆက်ပြီး အသိပေးရုံလောက်ပဲ ပေါ့ပေါ့တန်တန် ပြောလိုက်ရသည်။ သူမကိုယ်တိုင်သာ အလုပ်ပျက်ခံလိုက်မည်။ အခြားသူတွေ အလုပ်အကိုင် အနေအစား ပျက်မှာတော့ စိုးထင့်မိသား။

ထင်လင်းအောင်က လူမှုရေးအရ အချိန်အပိုင်း ခဏတစ်ဖြုတ် လူနာလာကြည့်သည်။ သတင်းမေးသည်။ ဘကြီးနဲ့ သူ့နှစ်ယောက် ပြန်ဆုံတွေ့ကြတော့လည်း အခြေအနေက သိသိသာသာ တိုးတက်ပြီး သက်သာသွားပါသည်။ သူတို့နှစ်ယောက်က သူတော်ခင်း သတင်းလွှေ့လွှေ့ ပုလင်းတူဘူးဆို့များပင်။ သူမက အရက်

www.burmeseclassic.com



ကြောင့် နောက်ထပ် ဘယ်သူ့ကိုမှ ထပ်မံတိုက်ခိုက်ပြီး မနစ်နာစေချင်တော့ပါ။

'ဘကြီးခိုင်… ဘာမှ အားမငယ်နဲ့၊ နားနှစ်ဖက်ကို ဖွင့်ထားလိုက်၊ ကျွန်တော်… ဆိုင်းကြိုက်တဲ့မောင် သီချင်း ဖွင့်ပေးလိုက်မှာ'

'ဘကြီးခိုင်… ကျေကျေနပ်နပ်ပြုံးပြီး ကဗျာတွေ ဘာတွေအောင် ကောက်ရွတ်နေသေးသည်။

'ဆိုင်းသံများ ကြားလို့ကတော့ ဓားကိုချ ကလိုက်ဦးတော့မှာ'

စိတ်ကို တည်ငြိမ်အောင်ထားပြီး အေးဆေးသက်သာစွာ ဖြတ်သန်းနိုင်သူကတော့ သူမပင်။ အပြင်ပန်းမှာ အားလုံး မရိပ်မိအောင် အနေအထိုင် ပိရိနေရပေမယ့် စိတ်ထဲမှာ ဗျာများပြီး ယောက်ယက်ခတ် လှိုင်းထန်နေတာတော့ အမှန်ပင်။ အချစ်ဖြင့် စီမံထုပ်ပိုးထားသည့် သောကဝန်တာများနှင့် လုံးချာလည်နေရသည်။ ဒါတွေဘယ်တော့မှ ကုန်ဆုံးချုပ်ငြိမ်းမှာလဲ။

အသေချာဆုံးကတော့ နိဗ္ဗာန်ရောက်ပါမှ ချုပ်ငြိမ်းပျောက်မှာ။ အခြေအနေ တိုးတက်ကောင်းမွန်လာတဲ့နေ့မှာ ဘကြီးခိုင်ကို အိမ်ပြန်ရွှေ့လာခဲ့ရသည်။

အဲဒီ ရက်ပိုင်းတွေမှာ ထင်လင်းအောင်ရဲ့ စီးရီးထွက်မည်နှင့် ကပ်နေသဖြင့် မဆုံမတွေ့ဖြစ်ပေ။ သူမဘက်က သည်းသည်းလှုပ်သွား လောလို့လည်းကောင်းသော အရာမဟုတ်ပေ။ ယောကျ်ားသားဘက်က တည်ငြိမ် ဣန္ဒြေရသလောက် သူမဘက်က သွေးပျက်ချောက်ချားနေလို့ မသင့်တော်ပေ။ အထင်အမြင်သေးစရာ၊ အမြင်ကပ်စရာ ဖြစ်လာ နိုင်ပါသည်။ ကျိတ်မှိတ်မျိုသိပ်ပြီး စိုးထိတ်ဗျာပါနေရသည်။ သောကရတက် မအေးရပေ။

တောက ရတက်သာအေးသည် ရှိမှာပေါ့။ သောကရတက်ကတော့ ဘယ်မှာလာ အေးပါလိမ့်မယ်။ နေခြည်ဖြိုးဖျအောင်ကတဲ့ မင်္ဂလာရက်မြက်ကလေးကို မျှော်ကိုးစောင့်စားခဲ့ရသည်။ ပြာခွန်ဘက်က ခြေလှမ်းတွေကို အကဲခတ်နေရသေးသည်။ ဖြစ်နိုင်

www.burmeseclassic.com

www.burmeseclassic.com



တဲ့ အလားအလာကို ဆင်ခြင်တွက်ဆပြီး တွေးတောပူပန်ရသည် ရက်ပိုင်းအတွင်း စိတ်အိုက်ညောင်းညာပြီး နွမ်းနယ်ခဲ့ရသည်။ ဖော ညှံ့သူတစ်ယောက်ပမာ အိုမင်းရင့်ရော်သလို ခံစားရပါသည်။

ကံကြမ္မာဖေဒင် အဟောကတော့ ရှိခဲ့ဖူးပါသည်။ အဒေါ် အပျိုကြီးနဲ့တူမ မသဲကွဲသော ဖေဒင်နိမိတ်အဟောပင်။ စိတ်အေး သယောင် ရှိပေမယ့် ဒွိဟစိတ်ဖြင့် မအေးနိုင်ပေ။

ရင်တွင်းအပူဖြင့် ကျိတ်ဆူနေရတာကို ကိုယ်တော်ချောကတော့ မသိရှာသေးပေ။ သိသွားရင်လည်း ဘာမှမဟုတ်တာကို တွေး သည်ဟု အပြစ်တင်ခံရမှာ သေချာသည်။ အချစ်ဆိုတာ အညစ် အကြေး အလွှမ်းအမောတွေနဲ့ အပြစ်သားဖြစ်အောင် စီမံတဲ့အရာပဲ လား။ အဲဒီအရာပဲ မဟုတ်ရင်ဘာပဲ ဖြစ်ရဦးမှာလဲ။ စတော်ပဲ၊ ဗိုက်တ်ပဲ တွေ မဖြစ်နိုင်။ ဖြစ်ချင်ဖြစ်ရင် မောင်မခေါ် ပဲတွေပဲဖြစ်လာနိုင်စရာရှိ သည်။ မောင် မခေါ်ရဲတော့လား။ မောင် မခေါ်တော့တာပဲလား အဲဒီ ပဲတော့ စားရမှာ ခပ်လန့်လန့်ပဲ။

အစိုးရိမ်ကြီးပြီး စိတ်နဲ့ကိုယ် မကပ်ချင်တော့ပါ။ တောင်တွေး မြောက်တွေး လျှောက်တွေးနေမိသည်။ တောင်တန်းကြီးက ဘယ်လို တွေးသလဲ။ လဲလဲဆန့်ဆန့် ရှည်မျောမျော မြင့်မြင့်မားမားကြီးတွေး မှာပဲ။ မျောက်တွေကရော မျောက်တစ်ကောင်လို ခုန်လွှားတွေးသလား မျောက်ထိုင်ထိုင် မှိုင်းကာတွေးလေသလား။ သူမ ရူးသွပ်သွားပြီလား ဟိုဒီရောက် မတည်ငြိမ်လှုပ်ရှားကာ တွေးပြီး စိတ်ယောက်ယက် ခတ်နေရသည်။ ရင်ဖွင့်တိုင်ပင်စရာ ဘယ်သူမှ မရှိတော့လည်း ပိုဆိုး တာပေါ့။ စိတ်တွေ ရှုပ်တွေးနောက်ကျိလာသည်။ နောက်ကျိနေတာ ကတော့ ပဲငံပြာရည် အရှုံးပေးရလောက်သည်။ နောက်ကြည့်မှန်ဖြင့် နောက်တကြည့်ကြည့်ဖြစ်ကာ နောက်ကျောမလုံချင်သလို ဖြစ်ရချေပြီ

www.burmeseclassic.com



သြရာ ဝဲဂဟက်မှာ စိတ်ပျက်ငြီးငွေ့ပျင်းရိလာသည်။ ချစ်ခင်သက်ခြင်းကြောင့် လာရတဲ့ နောက်ဆက်တွဲ အကျိုးဆက်တွေက ဲအလိုမကျဖွယ်ရာ။ စိတ်ပျက်ဝမ်းနည်းဖွယ်ရာ ကောင်းသည်။ ဟော မတန်တဲ့အိုးကို ဆန်ခပ်ထည့်မိရသလို အဖြစ်မျိုး ကြုံနေရသည်။

အားပေးဖော် တီးတိုးတိုင်ပင်ရမည့်သူ မရှိ။ ကူညီဖေးမ သူခဲ့သည်။ တစ်ယောက်တည်း သီးခြားမျိုးသိပ် အုံပုန်းစိတ်ဖြင့် ဗျာများသည်။ အခက်ကြီးကြုံလို့ နတ်သမီးဆုံထဲ ထည့်ထောင်းခံရသလိုပင်။ တ်နှလုံးတွေက ပူပန်သောကဖြစ် ဗျာများရပါသည်။

သိသိသာသာမှိုင်တွေနေတဲ့ သူမကို ဘကြီးခိုင်က စိတ်မကောင်းကြည့်ပြီး အားပေးသည်။

လာမယ့်ဘေး ပြေးတွေ့လိုက်ပါ ကလေးရယ်၊ ကြိုတွေးပြီးပိုအလေးခံ ပူပန်မနေနဲ့၊ ဘကြီးခိုင်အတွက် ထည့်မစဉ်းစားနဲ့။

ကြောက်တတ်ရင် ဝန်ကင်းသလို ကြောက်တတ်ရင်လဲ နှစ်ခါရတာပါပဲ။ စိတ်ထဲမှာ ဖန်သားပြင်လို အလိုအလျောက်ပေါ်ထင်နေကိုတော့ ဘယ်လိုဖျောက်ဖျက်ရမှာလဲ။

နေလစုံညီ ကြယ်ပေါင်းရုံခလို့ ဂ္ဂြေမပျက်မယွင်း မယိုင်ဆင်းသွားဆဲပင်။ ကိုယ့်လက်ထဲက ကံတရားကဘာလဲ။ ဆုပ်ကိုင်မိယ့် မနက်ဖြန်ဟာ နေသာမှာလား၊ မိုးအုံ့မှာလား။ အပူချိန် ပြင်းထန်းမှာလား။ ဒီလိုမှ မဟုတ်ဘဲ မိုးသည်းထန်စွာ ရွာသွန်းနေမှာလား။ စ်ခုခုတော့ ဖြစ်မှာပေါ့လေ။ ဒါကို မလွဲမသွေ လက်ခံရယူဖို့ လိုအပ်သည်။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၉)

ရင်ကို ကိုင်ဆွဲလှုပ်ကာ ခါယမ်းခံလိုက်ရသလို တဆတ်ဆတ်
ခါ နာကျင်ရသည်။ နားထဲမှာ မယုံမရဲနိုင်လောက်အောင် မဆုံမပြ
ကြားခွင့် မသာဘဲ ကြားလိုက်ရပြီ။ သတင်းဆိုးကြီးတစ်ခု။ သူ
အတွက် အဆိုးဝါးဆုံးသော မလိုချင်ဆုံးသော မဖြစ်ချင်ဆုံးသော
သတင်းဆိုးပင်။ လွဲရဖို့ မကြားနိုင်ဖို့ ဆုအလီလီတောင်းကာ တမ်းတ
သော် လိုတရ မြေဖြူတောင့်တောင် ကယ်မရဘဲ ကြားသိရတော့
သည်။

ဂျင်မီလို အဖြစ်ဆိုးဖြင့် သေကွဲကွဲကာ ခွဲခွာသွားသည့် သတင်း
ဆိုး တစ်ခုတော့ မဟုတ်ပေ။ ရှင်ကွဲခွဲကာ ခွဲခွာချန်ရစ်ထားခဲ့သည့်
အကြောင်းဆိုး ဖြစ်လို့နေသည်။ ကမ္ဘာမြေပျက်ယွင်းလို့ နှလုံးသားများ
မိုက်မှောင်ကျလို့နေသည်။ နှလုံးသားတစ်ခုလုံး အငြိုးတကြီး အမုန်း
မိုးမီးတွေ ရွာချခံရပါတယ်။ စိုစွက်ခိုလှုံရာမဲ့သလို ကူကယ်ရာမဲ့စဉ်မှာပဲ
ငယ်ထိပ်တည့်တည့် လျှပ်ရောင်ပြက် အချစ်ဟာ သစ္စာဖောက်ဖျက်ပြီး
မိုးကြိုးပစ်ချသွားသည်။

'ကျွန်တော်နဲ့… ဖြူပြာစွန် နားလည်မှုပြန်ရသွားပြီ'

နားမဆံအောင် တုန်လှုပ်ဖွယ်ရာ မိုးခြိမ်းသံအကြား ဝှား
နှစ်ဖက်ကိုပင် ကယောင်းကတမ်း ပိတ်လိုက်မိသည်။

'ဖြူပြာနဲ့… ကျွန်တော်ပြန်ပြီး သင့်မြတ်သွားပြီ မမဝေ
ကျွန်တော်တို့ အမြန်ဆုံးလက်ထပ်မှာ'

www.burmeseclassic.com

www.burmeseclassic.com


'မပြောနဲ့··· မကြားချင်ဘူး၊ မင်း··· ငါ့ကိုညာတာပဲ'

ထိပ်လန့်တုန်လှုပ်စွာ အော်ဟစ်မိသည်။ သူငယ်အိမ်ဆီမှာ မျက်ရည်တွေ အလိုအလျောက်လျှံကျလာခဲ့ရသည်။ သူကတော့ မတုန်မလှုပ်မမှိတ်မသုန် အသိပေးလို့ ဝတ်ကျေတန်းကျေနေပြန်သည်။

'ကျွန်တော်··· မမဝေကို ချစ်ခဲ့တယ်ဆိုတာ ညာခဲ့တာပါ၊ တောင်းပန်ပါတယ်၊ ဝန်ခံပါတယ်၊ မေမေသဘောမတူတဲ့ ဖြူပြာကို နီးကြောင်နီးဝှက် တိတ်တဆိတ် လက်တွဲခွင့်ရချင်လို့ ဟန်ဆောင်ချဉ်းကပ်ခဲ့တာ'

ယောက်ျားပီသစွာ ရဲဝံ့ပြီး ဝန်ခံနေပြန်သည်။ မိန်းမဆန်ချင်ဆန်ပါစေ၊ မာယာနဲ့ ဆက်ပြီးတော့ ထပ်မံပြီးလှည့်ဖြားစေလိုသည်။ သူဟာသူ ပျော့ညံ့တဲ့ မာမီရှိန်းကြီးပဲ ဖြစ်ဖြစ်ပေါ့။ သူမအလှည့်စားခံနေရတာ မတင်းတိမ်နိုင်သေးဘူး။ အကြိမ်ကြိမ်အခါခါ ထပ်မံပြီး ထိမ်ညာခံချင်နေမိသေးသည်။

'မင်းက··· ငါ့ကို အသုံးချတာ၊ ငါ့ကိုဇန်းပြပြီး မင်း··· လုပ်ချင်ရာလုပ်သွားတာ၊ အခွင့်ကောင်းယူတဲ့ ကလိမ်ကကျစ်လူညာ'

စိတ်နာရှုံ့ရာစွာ ကြည့်ပြီး သူ့အနားကို စိတ်လိုက်မာန်ပါကပ်ဆိုက်သည်။ သူမျက်နှာလေးကို ငေးမောပြီး တုန်ယင်သည်းလိုက်ရပါသည်။ နှမြောတမ်းသ နှစ်လိုစိတ်တို့ မွမ်းမံလို့ ကြေကွဲရပါသည်။ သူ့ မျက်ဝန်းတွေက ပြတ်သားပြီး အရောင်လဲ့တောက်နေသည်။ သူဟာ တစ္ဆေကစ်ကောင် ဝင်ပူးခံနေရသူကို ရုတ်ခြည်းအမူအရာခက်ထန်အေးစက်ပြောင်းလဲသွားသည်။ ဒါမှမဟုတ် ဂျင်မီတစ္ဆေ ဝင်ရောက်ပူးကပ်နေရာမှ ထွက်ခွာသွားသလို တစ်မှုဟုတ်ချင်း သဘောထားအသွင်အပြင် ပြောင်းလဲနေသည်။

'အောင်··· မမဝေကို နောက်နေတာမဟုတ်လား အတည်ပေါက်နဲ့ နောက်နေတာပဲ မဟုတ်လား၊ အဲဒီလို မကျီစားပါနဲ့ အောင်ရယ်'

'အရင်တုန်းက အဖြစ်အပျက်တွေက ကျီစားခဲ့တာဖြစ်ချင်

www.burmeseclassic.com

www.burmeseclassic.com


ဖြစ်မယ်၊ အခု ကျွန်တော်ဟကယ်ပြောနေတာပါ၊ လူတစ်ယောက်ဟာ သူ့ဘဝ၊ သူ့နှလုံးသားကိုရင်းပြီး ဘယ်လိုလုပ် ကျီစားမှာလဲဗျာ'

သွားပြီ၊ တိတိပပ တကယ်ပဲ။ တကယ် မဟုတ်ဖို့ မျှော်လင့်ခဲ့ရသည်။ ရယ်ပြုံးပြီး လှောင်ပြောမောလျှကာ သူ့ မျက်နှာ အသွင်ပြင် ပြောင်းလဲမသွားပါ။ ပကတိအေးစက် တည်ကြည်လို့။ ရဲရင့်ပြတ်သား လို့ပင်။

'မမကို··· ဆက်ပြီးမညာချင်တော့လို့၊ မညာရက်တော့လို့ အမှန်အတိုင်း ဖွင့်ဟပြီး ဝန်ခံတာပါ၊ ကျွန်တော် ညာခဲ့မိတယ် ညာချစ်ခဲ့ တယ်၊ တကယ်တော့··· မမအတွက် မချစ်သင့် မချစ်ထိုက်တဲ့ လူဆိုး လူညာ လူလိမ်ကောက်ပါ'

စိတ်ပျက်နားကြည်းဖွယ်ရာ မာန၊ ဘဝနဲ့ နှလုံးသည်းချေကို နင်းချေခံရတာပဲ။ ချိုးချေကြေမွလို့ အရှုံးကြီး ရှုံးရပြီး။ ဒေါသတို့ပြည့် လျှံပြီး နာသာခံခက်ရှိလှတာမို့ တို့ပြန်လိုက်မိသည်။ သူ့ ပါးပြင်ကို လက်ဝါးကချိန်ရွယ်ပြီး အလိုလိုစိတ်လိုက် မာန်ပါရောက်ရှိသွားသည်။

'ဖြန်း···'

'မင်းလောက် ကောက်ကျစ်ယုတ်မာ လှည့်ဖြားတာ မင်းပဲ ရှိတယ်၊ အချစ်ညာပြီး ရယူတာထက်ဆိုးတယ်၊ ညာချစ်တာ ပိုအပြစ် ကြီးတယ်၊ လူမိုက်ရဲ့'

လက်ညှိုးငေါက်ငေါက်ထိုးကာ အပြစ်တင်ရေရွတ်ပစ်လိုက် ပါသည်။ စွပ်စွဲရှုံ့ချမိသည်။ အခဲမကျေသမျှ စကားအရာဖြင့် အားမတန် မာန်လျှော့ ကျားနားခဲပြန်ခဲမိသည်။ သူ မျက်နှာထား တင်းတင်းဖြင့်ပင် ပြောဆိုမာန်မဲသမျှ တိတ်ဆိတ်ငြိမ်းချမ်းစွာ နာခံသည်။ မတုန့်မလှုပ် ခံယူပေးပါသည်။

အကယ်ဒမီဆုရပြီးမှတော့ အားမနာပ ဝေဖန်သံတွေ၊ တန်ဖိုး မတန်၏ ပြစ်တင်ရှုံ့ချတာတွေ အရေးမစိုက်တော့သည့် သဘောမျိုး ပင်။

'ရိုက်ပါ မမဝေ၊ မမဆေ··· စိတ်ကျေနပ်သည့်အထိ ရိုက်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ပါ၊ ကျွန်တော်က မမဝေရဲ့ ကြီးကျယ်မြင့်မြတ်တဲ့ အချစ်စစ်နဲ့ မတန်တဲ့ ကောင်ပါ၊ မမဝေရဲ့ လက်ဝါးနဲ့ပဲ ထိုက်တန်သူပါ'

နာကျင်သွားရသော လက်ဝါးလေးကို ကျစ်ကျစ်ဆုပ်ပြီး ချောင်တဖြင့် ပိုမိုကြေကွဲရပြန်သည်။ နာကျင်မှုနှင့်တီးဖွယ်ရာ သားရဲ ဆောကောင်ကြီး ရှေ့ရောက်နေသလိုပင်။ ရွံရှာစက်ဆုပ်ဖွယ်တစ္ဆေတစ် ကောင်ကိုမှ ရင်ဆိုင်ထိတွေ့ရသလို ခံစားမိတော့သည်။ မျက်ဝန်းဆီမှ ချက်ရည်တို့က အတောမသတ်တားမရ ဆီးမရဖိတ်လျှံကျလို့ နေပါပြီ။ အချစ်ကို နာကျင်အောင် ညာချင်တဲ့လောက် ရက်စက်တတ်သူ၊ အသွားအတာ ကင်းမဲ့သူ၊ လူမဆန်သူ ဒီကမ္ဘာမှာရှိတော့မည် မထင်ပေ။

'ကျွန်တော် နှလုံးသား လွတ်ငြိမ်းအေးမြဖို့ မမဝေကို တန် ဆာခံယုပ်ရတာပါ၊ ညာပြီး ချစ်ဟန်ဆောင်ခဲ့တာပါ၊ မမဝေရဲ့ အချစ်ကို ချေဖျားတောင်မမီတဲ့ ကျွန်တော့်အချစ်၊ ကျွန်တော့်လုပ်ရပ်အတွက် ဒီထက်မကပြန်ပြီး ပေးဆပ်သင့်တာပါ'

'ဟုတ်တယ် ပေးဆပ်သင့်တယ်၊ မင်းတို့… မင်းနဲ့ ဖြူပြာဇွန် ပေါင်းပြီး ငါ့ကိုအရူးလုပ်တယ်၊ တစ်ပတ်ရိုက်တာပဲ၊ ငါ… မကျေနပ် ဘူး၊ မင်းတို့ကို… ငါသတ်မယ်၊ မင်းတို့နှစ်ယောက်လုံးကို သတ်ရမှ ငါကျေနပ်မယ်'

ခက်ထန်သောစိတ်၊ ပြင်းထန်သော ဒေါသအဟုန်ဖြင့် သူမ ထြုံးဝါးပစ်လိုက်သည်။ ထင်လင်းအောင်တုန်လှုပ်စိုးရွံ့ပြီး နောက်သို့ အနည်းငယ်ဆုတ်သွားသည်။

'ဟား… ဟား… ဟား… ဟား… မင်းတို့ ချစ်ခြင်းကို ငါ မရစေအောင်ခွဲမယ်၊ မင်းတို့ကို… အသေခွဲ ခွဲပစ်လိုက်မယ်'

အရွဲ့တိုက်ရယ်မောကာ လှောင်ပြောင်ပစ်လိုက်သည်။ မဟုတ် ဘူး။ လုံးဝမတန်ဘူး။ မစားရတဲ့ အမဲကို သဲနဲ့ပက်ရမှာပဲ။ သူတို့ ဘည့်ဖြားတာကို ခံပြင်းလို့ လက်စားပြန်ချေရမယ်။

'မဖြစ်နိုင်တာတွေပဲ၊ မိုက်ရူးရဲ မလုပ်ချင်စမ်းပါနဲ့ မမဝေရယ်၊ မမဝေအတွက်လည်း… အကျိုးမရှိ၊ ကျွန်တော်တို့အတွက်လည်း အကျိုးမဲ့စေပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'မလိုဘူး အကျိုးရှိရှိ မရှိရှိ၊ မဲ့မဲ့ မမဲ့မဲ့ ငါ ဒီလို တုံ့ပြန်ရ ကျေနပ်မယ် ဟင်း… ဟင်း… ဟင်း…'

'ခင်ဗျားကြီး… လူစိတ်မရှိတော့ဘူး၊ ခင်ဗျား… ရှုံးနေပြီ ဘာပဲဖြစ်ဖြစ် ကျွန်တော့်ဘက်က လက်လျှော့သွားမှာ မဟုတ်ဘူး လာမယ့်ဆန်းဒေးမှာ နှစ်ဦးသဘောတူ လက်ထပ်ကြမယ်'

'ဆန်းဒေးမှာ… လက်ထပ်မယ်လား၊ လက်ထပ်ရုံမကလို့ ဆန်းဒေးမှာ လမ်းဘေးကို ဇနီးကလေးချပြီး သန်းပဲပေးပေး၊ ငါ… ဂရုမစိုက်ဘူး၊ နင်တို့က… ဆန်းဒေးဆိုရင် ငါက အခုချိန်ကစပြီး စက်တဒေးအထိ မရရတဲ့နည်းနဲ့ သတ်ပစ်မယ်'

အခြေအနေက လက်လွန်ခြေလွန် ဒီသောင်ကမ်းကို ဆိုက် လာပြီ။ မမိုက်မမဲ ဘွေးရှူးသွေးတမ်း မလုပ်လို့ မရတော့ဘူး။ နဂါးမှန်း သိအောင် အမောင်ထောင်ပြရမည်။ နားကားမှန်းသိအောင် ဆံပင် သိမ်းပြီး နားရွက်ပြရမည်။ တိမ်ပြာပြာ နေ့တစ်နေ့ ဆန်းဒေးတွေ မင်္ဂလာဆောင်ပွဲလေးတွေ အသာခေါက်ထားလိုက်ပေတော့။ ပန်းပွင့်ဆေ ဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ ကြီးမားမြင့်မို့တဲ့ အဟုန်ဇောနဲ့ အရှိန် ကောင်းကောင်း အချစ်အကြောင်းကို သိသွားစေရမယ်။ စိတ်ဓာတ်နဲ့ လုပ်ရပ် ပြတ်ဝံ့စွာ လက်စားချေတဲ့အကြောင်း ကောင်းကောင်းကြီး သိသွားအောင် လုပ်ပြရမှာပေါ့လေ။ ပုရိသက ပွဲကောင်းလို့ ကတ် ဝေါ့စ်လျှောက်တဲ့ မော်ဒယ်လ်လိုပင်၊ ပရိသတ်က တောင်းဆိုတော့ လည်း အချစ်လူကြမ်းကြီးက မိန်းမကြမ်းဗီလိန် လုပ်ပြရတော့မှာပေါ့။ မျက်ရည်တို့ စွတ်စိုနေသည့်ကြားက ခနဲ့တဲ့တဲ့ရယ် ထိမထင်ဟန် မျက်နှာထား တင်းမာပစ်လိုက်ပါသည်။ ဘဝရဲ့ ဒုက္ခသောကတွေ အပြီးတိုင်ချုပ်ငြိမ်းသွားရအောင် အလွမ်းအမောတွေ ပြေပျောက် ပျက်ပြယ်အောင် လုပ်ရမည်။ အဆုံးသတ်ပစ်ရမည်။ သူတို့နှစ် ယောက်လုံး သေသွားမှ သူမ သိန်းတစ်ထောင်ထီဆုကြီး ပေါက်ပါမှ လင်ကောင်းသားကောင်းရပါမှ စိတ်အေးရမည်။

'နင်တို့… သိပ်ပျော်နေတယ်ပေါ့၊ ဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



'မမဝေအတွက်··· စိတ်မကောင်းကြပါဘူး၊ ကျွန်တော်တို့ ဖြောင့်ဖြောင့်ပျော်မြူးရတာလည်း မဟုတ်ပါဘူး'

သူစကားနဲ့အချိုသတ်ပြီး လိုက်ဖက်တင့်မောအောင်ပြောသည်။ စကားတွေကို ယုံပြီး သူမဘဝ၊ သိက္ခာ၊ မာန၊ အချစ်အားလုံးအားလုံး အောပေးဆပ်ခဲ့ရသည်။ ဘာညာတွေမှာ ပုံအောလိုက်ရင်တောင်မှ လျော်အစားညီမျှချေဦးမည်။ အနည်းဆုံး သားသမီး တွဲလောင်းနဲ့ တတ်တင်ကျန်ရစ်ဦးမည်။ အခုတော့ တစ်ဘဝလုံးစာ ပေးဆပ်ပြီး ရတော့ လက်တစ်ဖက်စာပဲ ရလိုက်သလိုပင်။ ဒီလိုစကားလုံး မြမြဖြင့် ပြုစားတာကို ခက်ပြီးမခံယူတော့ပါ။ အလိုမရှိတော့ပြီ။ တ်အနာကြီး နာမိသည်။ ဒီလိုဖြေသိမ့် ဖေးမစကားပြောတာဟာ မအဖို့ရာတော့ ပျားရည်နှင့် ဝမ်းချတာလောက်ပဲရှိသည်။ ဒါကို ဟုတ်ကြီးမှတ် ထင်နေစရာ အကြောင်းမရှိပေ။ အခုဟာက စုန်းပြု သလို အပြုစားခံရတာ။ စုန်းမဟုတ်တဲ့ ဟို မယ်သီလရင် လူထွက် ခါင်းတုံးဆံပင်ပေါက်တဲ့ ဖြူပြာမ မာယာနဲ့ ပြုစားတာခံရတာ။ ခါင်းတုံးပြုစားတဲ့ အချစ်ပဲ။ အဟုတ်ကြီးထင်ရင် တရုတ်ကြီး ဟိုဒင်း ာ ဝဲတွေ မြင်သွားရနိုင်သည်။

'ပျော်ကြပါ··· ရပါတယ်၊ ငါနေတတ်ပါတယ်၊ ငါ့ဘဝမှာ ထမအချစ်ကလည်း သေကွဲ ကွဲခဲ့ရတယ်၊ အခု··· ဒုတိယအချစ် ကလည်း ရှင်ကွဲ ကွဲရတယ်၊ ငါ့အတွက် စိတ်မပူပါနဲ့ ငါက ထုံနေပြီ၊ သွားပြီး၊ နင်တို့··· အပျော်တွေပျက်စီးရအောင် ငါလုပ်ပြမယ် င်လင်းအောင်'

'စိတ်ထင်ရာတွေ လျှောက်မလုပ်ပါနဲ့ မမဝေရယ်၊ မဖြစ်သင့် ာတွေ ဖြစ်ကုန်ရင် မကောင်းပါဘူး၊ ကဲ··· ကျွန်တော် သွားတော့ ယ်မမဝေ၊ မမဝေနဲ့··· ပြန်ဆုံချင်သေးတယ်၊ ငြိမ်းချမ်း အေးမြပါ စေဗျာ'

မသိုးမသန့် စိုးထင့်လာပုံဖြင့် သူလှည့်ပြန်ထွက်သွားပါသည်။ သူမကျောပြင်ကို ငေးမောကြေကွဲစွာ ကြည့်ရင်းကျန်ရစ်သည်။ တန်

www.burmeseclassic.com

www.burmeseclassic.com



လှုပ်သည်းလိုက်စွာငိုကြွေးမိသည်။ မျက်ရည်တွေနဲ့ နှာရည်တွေရော ကုန်သည်အထိပင်။ တစ်ခါတုန်းက အလစ်သုတ်ချောင်းမြောင်းပြီး ရုတ်တရက် ဝင်ရောက်လာတဲ့အချစ်။ အခုတော့ ရုတ်တရက် နှုတ်ဆက် လက်ပြပြီး ပြန်ထွက်ခွာသွားပြီ။

ဘယ်လိုမှ မျှော်လင့်မထားတာတွေဟာ ရုတ်တရက် ဖမ်းစားပြီး လှည့်ဖြားသွားလေပြီ။ ကောက်ကျစ်တတ်သူ အတွက် လိမ်လည်ခြင်းသာ ရရှိလိုက်တာ သဘာဝတော့ကျလှပါသည်။ လိမ်လည်ခြင်း အတွက်လည်း ပြန်လည်ကောက်ကျစ် ရက်စက်ပြရဦးမှာပေါ့။ စိတ်မာန် ကိုတင်းပြီး တသွင်သွင်စီးနေသည့် မျက်ရည်တွေကို သုတ်ပစ်လိုက် သည်။ မီးတောက်မတတ် တောက်လောင်သော ပူပြင်းသည့် မျက်ဝန်း များဖြင့် အငြိုးတေးဖွဲ့မိသည်။ စိတ်မှ အကြိမ်ကြိမ်ရွတ်မှန်းကာ နာနာ ကြည်းကြည်း ရေရွတ်သည်။

'သတ်မယ်… သတ်မယ်… ဟား… ဟား… ခေါင်းတုံးမကို သတ်မယ်၊ ဖြူပြာစွန်ကို… သတ်မယ်'

အဲဒီလို ယောက်ျားတန်မဲ့ စကားမတည်ပဲ လှည့်ဖြားတတ်သူ ကို ဖော်မယ်လင်စိမ်ရမည်။ နောက်လာနောက်သားတွေ မလိမ်ရဲမည့် ရဲ့အောင် ပတ်တီးစီး မံမီလုပ်ပြီး ဆေးစိမ်ထားရမည်။ ပြသ ဥပမာပေး ရမည်။ ဒါဟာ လုပ်သင့်တဲ့ အလုပ်ပဲ။ စိတ်ရှုးစိတ်မိုက်တွေ အပြည့် အသိပ်ဝင်လာပြီး ခက်ထန်လာသည်။ ကြမ်းတမ်း ရင့်ထော်လာသည်။ အရိုင်းအစိုင်း တစ်ကောင်ကို နားကြည်းပြင်းပြစွာ ရေရွတ်မိသည်။ မကျေမချမ်း လက်စားချေလိုစိတ်တွေ ပြင်းပြကာ အသိုက်အအုံဖွဲ့နေ ပြီ။ နုတ်ပယ်မရအောင် ငြိတွယ်ခဲ့ချေပြီ။ နားထဲမှာလည်း ရက်စက် စိမ်းကားသော လေသံစိမ်းမြမြ အေးစက်စက် ထင်လင်းအောင်ရဲ့ အသံတွေ ကြားယောင်လာသည်။ အထပ်ထပ် အကြိမ်ကြိမ် ကြားနေမိ သည်။

'ဖြူပြာနဲ့… ကျွန်တော် ပြန်ပြီးသင့်မြတ်သွားပြီ၊ ပြန်ပြီး သင့်မြတ်သွားပြီ၊ ဖြူပြာနဲ့… ကျွန်တော်၊ နားလည်မှု ပြန်ရသွားပြီ'

www.burmeseclassic.com

www.burmeseclassic.com


'ကျွန်တော်တို့... လက်ထပ်မှာ အမြန်ဆုံး လက်ထပ်မှာ'

'ကျွန်တော်... မမဝေကို ချစ်ခဲ့တယ်ဆိုတာ ညာခဲ့တာ'

မကြားချင်လို့ မကြားရက်လို့ နားထဲက ခေါင်းရမ်းကာခါ ...တ်မိသည်။ ဘယ်လိုမှမထွက်ဘဲ ကပ်ငြိတွယ်တာ ထပ်မံပြီးစိမ်းကား ...တ်စက်သည့် အညာအတာ ကင်းမဲ့သံတွေက ထွက်လာသည်။ မျက် ...န်းထဲမှာလည်း အေးစက်မာကျောပြီး ရက်စက်တတ်သည့် အသွင် ...ပ်န်းသဏ္ဍာန်ဖြင့် ထင်လင်းအောင်ကိုပင် မြင်ယောင်နေသည်။

'မမြင်ချင်ဘူး၊ မကြားချင်ဘူး၊ ထွက်သွား... ထွက်သွား၊ ...င်... ထွက်သွားစမ်း၊ နင့်ကို... ငါသတ်မှာ'

မကျေမချမ်းဖြစ်ကာ အလိုခံခက်စွာ တစ်ယောက်တည်း အော် ...စ်နေမိသည်။ အရူးတစ်ယောက်ပမာ သည်းခြေပျက်လို့နေပါသည်။ ...ွေးတန်းသွေးတန်း အချစ်ရူးတစ်ယောက်လို ဆံပင်ခေါင်းစုတ်ဖွားဖြင့် ...ခါးဝကိုပေးရင် လှမ်းအော်မိသည်။

*'ငါမင်းကိုသတ်ချင်တယ် × × × ဟား... ဟား... ဟား... × × × ငါ မင်းကိုသတ်ချင်တယ်၊ ငါ မင်းကို မင်းကို မင်းကို သတ်ချင်တယ်'*

အရူး ဟိုဒင်းပန်းဖြစ်ကာ သီချင်းတွေဆိုမိသည်။ စိတ်နဲ့ကိုယ်နဲ့ ...ုံးလုံးလျားလျား ကင်းပဝေးကွာ မကပ်နိုင်တော့ပါ။ မျက်လုံးတွေက ...ီးကြည့်ကြောင်ကြည့် ဂနာမငြိမ် လှုပ်ရှားလှိုင်းထန်ပြီး မောပန်းရ သည်။

မောပန်းလွမ်းလျလို့ နာကျင်ရသည့်အထဲ ဟိုခေါင်းတုံးမ ...ပြာဖွန်က လှောင်ပြောင်ရယ်မောပြသံကို နားထဲမှာကြားယောင်လာ သည်။ ပြက်ရယ်ပြု ပြုံးမော့နေသည့်အသွင်အပြင်ကိုလည်း မြင်ယောင် ...ာသည်။ မိန်းမက သူ့ကိုယ်သူ ဖြူဖြူကျော့သိန်းများ မှတ်နေလား ...ိဘူး၊ ခေါင်းတုံးဆံပင်ပေါက်နဲ့ ပါဖောင်းမင့်တွေလုပ်ကာ လှောင် ပြောင်နေတော့သည်။

'ကလိမ်လို... လိမ်းလိုလိမ်းလာလိမ်ကို လိမ်ကိုလိမ်း'
www.burmeseclassic.com

သူမကို လာသတ်ဖို့ လက်ယက်ခေါ်နေပြီ။ လှောင်ပြောင်အကြောအမောနဲ့ စိန်ခေါ်နေတာ မြွေမကြောက် ကင်းမကြောက် အကြောင်းမသိသေးတော့ ခါးနာရတာ ငွေးက မသိသေးဘူး။ အသွားထက်ထက်ဓားသွားနဲ့ ခါးလည်ကို ထိုးစိုက်ချလိုက်ရမှာ။ အဲဒီကျမှ ကြည့်ရသေးတာပေါ့။ လိုလိမ်းတွေ လာလိမ်းနိုင်ဦးမလားဆိုတာ စောင့်ကြည့်ရဦးမည်။

'ဟား… ဟား… ဟား… ဟား… မမဝေဆိုတဲ့ ဒေါ်ပန်းပွင့်ဝေ အခုတော့ ရှင်ဘာတတ်နိုင်သေးသလဲ၊ ရှင် ရှုံးပြီမဟုတ်လား အဟင်း… ဟင်း… အဟွတ်ဟွတ်… ပြောထားတဲ့ ကတိအတိုင်း လက်ဖွဲ့ဖို့ပြင်ပေတော့'

မိန်းမကို မဆန့်ဘူး။ ပျက်ရယ်ပြု ရယ်မောလှောင်ပြောင်ပုံကိုက လေလည်လိုက်လို့ ခွေးဝမ်းသာပြီး အူပုံမျိုးနဲ့။ ခနဲ့တဲ့တဲ့လှောင်ပြောင်ပြီးတော့ ပြောလိုက်သေးသည်။ အကြွင်နာကင်းတဲ့ မိန်းမလှလေးမှာ ခက်ထန်ရိုင်းစိုင်းမှု ဆူးချွန်တွေပြည့်နှက်လို့နေပါသည်။ ပြောင်ဖူးရိုးနဲ့ ပစ်ပေါက်ပြီး တံတွေးသကြန်ကျ၊ မိလ္လာရေ သပြေခက်နဲ့ ရေပက်ပစ်လိုက်ဖို့ပင် ကောင်းတော့သည်။

'လာလိမ်းမယ်၊ အဲ… လာသတ်မယ်၊ ကောင်မ… အသိုက်ဖျက်မ၊ နင့်ကိုလည်း… ငါသတ်မယ်၊ မသေမချင်း သားရေကွင်းနဲ့ ပစ်သတ်မယ်'

လိပ်ခဲတည်းလည်း ကြုံးဝါးပစ်လိုက်မိသည်။ သီချင်းထဲကအတိုင်းပဲ ဒုက္ခကိုအရောင်ဆိုးရမှာပေါ့။

*'ငါ့ထက်ချစ်တဲ့ လူဆိုတာ ဒီကမ္ဘာကြီးထဲ ရှိရင်လေ ××× လိုက်ပြီးလေ × × × ရှာလို့ သတ်ပစ်ချင်ပါတယ်'*

လှပရက်စက်စွာ နှစ်ယောက်တစ်ယောက် မျှမတ အနိုင်ကျင့် ရက်စက်သွားသည်။ သူမလို လူကြီးလူကောင်းကို အရှုံးလက်ကာ မလိုမှဲ့တပတ်ဖြင့် ညာဖြီးသွားသည်။ ကျော်ဖြတ်ပြီး နှလုံးသားကို အသေသတ်သွားသည်။ ဒီအတွက် အသချေ သန်းကမ္ဘာအဆက်

ကျေနပ်နိုင်ပါ။ တရုတ်သိုင်းကားထဲက ချောကလျာတွေလို တွေ့ရာ သချိုင်း စားမဆိုင်းပင်။

လုပနုလတ်သော လက်စားချေခြင်းမှာ ဘယ်သူအနိုင်ရမလဲ ဆိုတာ စောင့်ကြည့်ရဦးမှာပေါ့။ နောက်ဆုံးမှာ ဘယ်သူခေါင်းတုံးမ အပြုံးနဲ့ လှောင်ပြောင်ရယ်မောအော်ဟစ်နိုင်မှာလဲ။ ကြည့်ရသေးတာပေါ့။ ဒင်းတို့ နှစ်ယောက်ကို သတ်ပြီးမှ ထောင်ထဲဝင်မည်။ ထောင်ကထွက်ရင် ခေါင်းတုံးမဆံပင်ပေါက်နဲ့ ထပ်ပြီး လှောင်ပြောင် ရယ်မောမည်။ ပါဖော့မင့်တွေလုပ်ကာ ဂုဏ်ယူဝင့်ကြွားပစ်မည်။ မကျေနပ်သေးရင် မယ်သီလရှင် ဝတ်ပစ်လိုက်ဦးမည်။

လူကြီးသူမကို စော်ကားသော၊ လှောင်ပြောင် အရှုးလုပ်သော၊ အချစ်ကို လိမ်ညာလှည့်စားသော သူတို့နှစ်ယောက် ကံကြီးထိုက်ရမည်။ တန်ရာတန်ကြေး ဒဏ်ခတ်ပြီး ဆုံးမရမည်။ တမလွန်မှာ သွားပြီး မင်္ဂလာဆောင်နိုင်းရမည်။ နာရေးယာဉ်ကလေး လက်ဖွဲ့ပေးရမည်။ ခမ်းခမ်းနားနား ဈာပနလုပ်ပေးမည်။ ချစ်လွန်းအားကြီးလှသော ချစ်သူနှစ်ယောက်၏ လက်ထပ်မင်္ဂလာပွဲဟာ နှလုံးသားဈာပနပွဲ ဖြစ်ရမည်။ သူတို့ အသုဘမှာ ဝမ်းသာအားရ ဖဲထိုင်ရိုက်ပစ်မည်။ သက်ပျောက်ဆွမ်း၊ ရက်လည်ဆွမ်း မုန့်ဟင်းခါးပါ အချောင်ဝင်ပြီး ဝေါ်ကြီး ဘျူလိုက်ဦးမည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၀)

နေရုံကလေး စေ့ထားသော တံခါးကိုတွန်းဖွင့်၍ တင်သွင်းလိုက်သည်။ အပြင်မှာ မိုးတွေ သဲသဲမဲမဲ ရွာနေသည်။ လျှပ်ရောင်ပြက်ထင်လိုက်သော စီးကြောင်းကို ပြတင်းပေါက်မှာ တစ်ချက်တစ်ချက် ပြက်ပြက်ထင်ထင် မြင်ရသည်။ မိုးသည်းညအပေါ် မိုးခြိမ်းသံတွေက ဟိုဇာစ်စဒီတစ်စ ဆင်မြန်းလို့နေသည်။ အခုလိုညမျိုး ချစ်သူ လီယိုနာဒိုနှင့်ဖြစ်စေ၊ ထယ်စောက်နှင့်ဖြစ်စေ အတူတကွ နွေးနွေးထွေးထွေး ရှိနေသင့်တာ။ လက်တွေ့ကမ္ဘာဟာ စိတ်ကူး အိမ်မက်လောက် လှပသေသပ်ပြီး ဘယ်ချိုမြိန်နိုင်မှာလဲ။ ခါးသက်စိုးရွံ့ပြီး ထိတ်ပျာနေရသည်။

ခြေသံမကြားအောင် ဖွဖွနင်းပြီး ခုတင်နားတိုးကပ်သွားလိုက်သည်။ ခေါက်စားခလုတ်ကို ဖိနှိပ်လိုက်သည်။

'ထပ်...'

ဓါးအသွားက လက်ခနဲ ပေါ်ထွက် ထောင်မတ်လာသည်။ လျှပ်ရောင်ပြိုးပျက်မှာ အသွားဖွေးဖွေး ဓားသွားက ထင်လင်း ထက်မြက်ပြောင်ဝင်းရသည်။

ခုတင်နံဘေးရှိ စားပွဲဆီအကြည့်က ရောက်သွားသည်။ စားပွဲစားပွဲပေါ်မှာ စိတ်နာရွံမုန်းစွာ သူမ ကိုယ့်နှုတ်ခမ်းကိုဂ ဖိကိုက်ပြီး ထိုးစိုက်ချလိုက်သည်။

'ခွက်'

www.burmeseclassic.com



အိုကနဲ အထိအတွေ့ဖြင့် ဓားသွားမှာ နစ်ဝင်သွားသည်။ ဓားသွားကို ပြန်ဆွဲထုတ်လိုက်ပြီး ခက်ထန်မာကျောစွာ ကြည့်လိုက်သည်။ သူ့မျက်နှာပြင်မှာ မီးတောက်နေသည့်ပမာ နီရဲဝင်းတောက်နေသည်။ သူ့စိတ်ဟာ ဆာလောင်ရက်စက်ပြီး ဘီလူးတစ်ကောင်စီးသလို ကြမ်းကြုတ်ထိတ်လန့်ဖွယ်အသွင်ကို ဆောင်သည်။ လှပနုစ်လိုဖွယ်ရာ သူမမျက်နှာကလေးဟာ အခုတော့ကြောက်စရာ သတ္တဝါတစ်ကောင်အဖြစ် သို့ကျင်ပြောင်းလဲနေသည်။

'သေစမ်း... သွားသေစမ်း... အနိုင်ဆိုတာ အသက်ရှင်တုန်းကထဲပဲ ခံစားရတာ၊ အင့်ဟယ်... '

ဓားသွားဖြင့် အကြိမ်ကြိမ် အခါခါ အထပ်ထပ် ရက်ရက်စက်စက် ထိုးစိုက်ပစ်လိုက်သည်။

'ဟား... ဟား... ဟား... အနိုင်ကို သေရွာယူလို့မရဘူး'

ဓားသွားဖြင့် ပက်၊ ခတ်ကာ အစိတ်စိတ်အမွှာမွှာ ထိုးနှက်ပစ်သည်။ ဓားနှင့်ဆုပ်ကိုင်ထားသော လက်တစ်စိုက် ရွဲရွဲစိုပေကျံကုန်သည်။ သူမအင်္ကျီကိုလည်း လာရောက်ပေကျံကာ စင်ကုန်သည်။ အသိစိတ်မကပ်ဘဲ အလွန်အကျွံ ရှူးပေါက်ကာ စင်ကုန်သည်။ အသိစိတ်မှန်မရှိသူလို သူမကျေနပ်သွားသည်။ ပါးစပ်က အဓိပ္ပာယ်မရှိ၊ ဆောင်စဉ်ရေမရသော စကားတွေ၊ သန္တာအာသီသတွေရေရွတ်သည်။ အတိုက်အခဲကို အံချသည်။

သူမကသာ အနိုင်ကို သေရွာယူသွားလို့ မရဘူးဟု မကျေနပ်ကြုံးဝါးအော်ဟစ်နေတာ။ အဆိုတော် အနိုင်ကဖြင့် သေမင်းကဖြင့် သေမင်းက သေရွာကို ခေါ်ယူသွားနှင့်ခဲ့ပြီ။

မုန်းတီးရက်ရွံ့စွာ လက်စားချေခွင့်ရလိုက်သဖြင့် အားရကျေနပ်သွားဟန်ဖြင့် စားပွဲပေါ်ကို စိုက်ကြည့်လိုက်သည်။ စားပွဲပေါ်မှာ တင်ထားသော ဖရဲသီးကတော့ ရစရာမရှိအောင် ပေါက်ပြဲ မွစာကျဲနေပြီ။

'ဟား... ဟား... ဟား... ဖြူပြာဖွေ့န် ဖရဲသီး အခုတော့ ကြင်ဘာတတ်နိုင်သေးလဲ ဟား... ဟား... '

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှာ ဖရဲသီးအရည်ရွှမ်းရွှမ်းများက စီးယိုကျလို့ ဖိတ်စင်နေသည်။ ပေကျံပွပလဲနေသည်။ အမူအရာပျက်ယွင်းကာ မူမမှန်တော့သော သူမကိုကြည့်ပြီး ဘကြီးခိုင်က မသက်မသာဟန်ဖြင့် ခေါင်းခါလေသည်။

လက်ထဲမှာ ကျစ်လျစ်ပါအောင် ဆုပ်ကိုင်ထားသော ဓားကို လက်ဝါးဖြန့်ပြီး ပစ်ချလိုက်သည်။ ဓားကလေးက ကြမ်းပြင်ပေါ်ကျသွားသည်။ သူမ မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ရှုံးပွဲချငိုလေတော့သည်။ ဘကြီးခိုင် အခန်းထဲဝင်လာပြီး ဓားကိုကောက်သိမ်းသည်။

'ဘကြီးခိုင်… မိဝေသတ်ပစ်လိုက်ပြီ၊ မိဝေ… သူ့ကို သတ်ပစ်လိုက်ပြီ၊ သူသေသွားပြီး ဟား… ဟား…'

ဘကြီးခိုင်ကို မော့ကြည့်ကာ သူမပြောသည်။ မျက်ရည်စီးကြောင်းပါးပြင်မှာ စွတ်စိုလျက်။ သူမ နှစ်နှစ်ခြိုက်ခြိုက်အားပါးတရ ရယ်လေသည်။ ဘကြီးခိုင် တူမချောကိုဘာပြန်ပြောမှန်းမသိဘဲ စိတ်မကောင်းဖြစ်သွားပြီ။

'အဲဒီကောင်မ သေတာပဲကောင်းတယ်၊ သေမှနားအေးမယ်၊ မိဝေနောက်ကို ရဲတွေလိုက်လာမှာလား ဟင်၊ မိဝေကို လူသတ်မှုနဲ့ ကြိုးစင်တင်ကြတော့မယ်'

အစပ်အဆက်မဲ့ဂနာမငြိမ်စွာ သူမပြောသည်။ ဘကြီးခိုင်ကတော့ နှုတ်ခမ်းတပြင်ပြင်နဲ့ ရေငုံနှုတ်ပိတ်နေရဆဲ။ မကြည့်ရက် မရှုစိမ့်ကာ ရင်မချိနိုင်ဖြစ်နေသည်။

'ဟော… ပြောနေပြီ၊ လှောင်နေပြီ အသံတွေကြားတယ်၊ သူတို့ မိဝေကို ဝိုင်းပြောနေတယ်'

နံရံများကို ကြောက်ရွံ့တုန်လှုပ်စွာကြည့်ပြီး သူမရေရွတ်မြည်သည်။ တုန်လှုပ်စိတ်တို့ကြီးစိုးကာ သွေးပျက်နေသည်။ မသိစိတ်လွှမ်းမိုးခံရသော သူမအဖို့သွက်သွက်ခါ သွေးပျက်ထိတ်လန့် ရူးသွပ်နေရပြီ။

'ဖရဲသီးကို… သတ်ပြီးတော့ ထိတ်လန့်နေပါနဲ့ မိဝေရယ်၊

www.burmeseclassic.com

www.burmeseclassic.com



သည်းမလဲ ဖရဲသီးက အပင်က ခူးလာကတည်းကကို သေပြီးသားပေါ့ကွယ်'

သေပြီးသား ဖရဲသီးကိုမှ သူမက နာနာကြည်းကြည်း ဓားဖြင့် ဆိုးစိုက်သတ်မိသည်။ ဖရဲသီးမှာ မွစာကျဲ ပုံပျက်ပန်းပျက်ရချေပြီ။ ရှုရှင်တော်ပျက်လုံးလို ဖြစ်နေသည်။ သတ္တိရှိတဲ့အဖိုးက ဖက်ဆစ်တွေကို မြေဆယ်ချောင်းတိကန်ဖြတ်သတဲ့။ ဘာလို့ခေါင်းမဖြတ်သလဲဆိုတော့ သူများဖြတ်ပြီးသွားလို့ ဆိုတာမျိုးပင်။ အခုလဲ ဒီလိုပဲ။ အိမ်ထောင်ပြုမယ်၊ လင်ယူသားမွေးမယ်ဆိုကတည်းက အပျိုဘဝက သေပြီးသားပဲ။ အဲဒီလို ဘဝသေပြီးသားဖြူပြာ ရွှန်ကိုမှ သူမက သတ်ချင်နေသည်။ ဘာကယ့်ဆိုတာ ဘာများထူးကဲပြီး သတ်စရာ လိုသေးတော့လို့လဲ။ သေနှင့်ပြီးသားပဲ။ ဖြတ်စရာခေါင်းမရှိတော့သလို ခြေထောက်သွားဖြတ်စရာ မလိုတော့ပါ။ သွေးရူးသွေးတန်း အာသာဆန္ဒဖြေဖျောက်နေရာမှ ဘကြီးခိုင် စကားကြောင့် သူမအသိ တရားရလိုက်သည်။ ဆင်ခြင်နိုင်လိုက်သည်။

ကြမ်းပြင်ကို ငုံ့ပြီး ဟိုဒီတောင်မြောက်လျှောက်ကြည့်သည်။ ဟိုရွှေ့ ဒီရွှေ့လိုက်ရှာသည်။

'ဟင်... မိဝေရဲ့ သက်သေခံဓားဘယ်မှာလဲ၊ သက်သေခံဓား ဘယ်ရောက်သွားပြီးလဲ၊ ဒုက္ခပါပဲ'

'ဘကြီးဆီမှာ ရှိပါတယ်၊ ဘာလဲ ဓားနဲ့ ဘာလုပ်ဦးမလို့လဲ၊ သည်းစိတ်နဲ့ ကိုယ်မကပ်တော့ဘူး၊ ပေါက်ကရတွေထပ်လုပ်ဖို့ မကြိုးစားပါနဲ့ မိဝေရယ်၊ ကလေးလည်း မဟုတ်တော့ဘူး'

အချစ်က နုပျိုစေတယ်။ အချစ်နဲ့ပတ်သက်လာရင် ငယ်ရွယ်ကလေးဆန်တတ်တယ်။ ဘကြီးခိုင်က ကိုယ်ချင်းမစာဘူး။ သူကျတော့ ချက်တင်ထိုင်ပြီး သမီးအရွယ်တွေနဲ့ အီစီကလီလုပ်နေပြီးတော့။ ကလေးဆန်စွာ သူမမိုက်ရူးရဲတာကို အပြစ်ဖို့ပြီး ဆုံးမချင်နေသည်။

'ဘာမှ ပေါက်တတ်ကရ မလုပ်ပါဘူး ဘကြီးခိုင်ရယ်၊ မီးဖိုထဲတင်ပြီး ကြက်သွန်လှီးမလို့ပါ၊ ငိုရတာ အားကုန်သွားပြီ၊ ကြက်ဥမွှေကြော်စားပြီး အားပြန်မွေးမလို့'

www.burmeseclassic.com



သန့်ပြန့်ကြည်မောဖွယ် အကောင်းဆုံးပြက်လုံးကို သူမ ဖြေ
လိုက်သည်။ ဘကြီးခိုင် နှစ်ခြိုက်စွာရယ်မောရ၍ ဓားကိုပြန်ထုတ်ဆေး
သည်။ တစ်ခါတလေတော့လည်း ဒီလိုပဲစိတ်ထဲရှိရာ ရှုးကြော
ကြောင်လုပ်ပြီး စိတ်လေးလံနေသမျှကို ဖြေဖျောက်ပစ်ရသည်။ စိတ်ပေ
ပေါ့ပြီး ပေါ့ပါးလန်းဆန်းသွားဖို့ ဖိအားနည်းရပ်ဝန်းကိုရောက်ဖို့ အထူ
လိုအပ်ပါသည်။ ဘကြီးခိုင်ကိုကြည့်ပြီး နောက်ချင်ပြောင်ချင်စိတ်ပေါ်
လာရပြန်သည်။

'ဖရဲသီးကို သတ်တဲ့အမှုမှာ ဘကြီးခိုင်က မျက်မြင်သက်သေ
ပဲ နှုတ်ပိတ်ရမယ်'

ဓားဦးကို ရုတ်တရက် ဘကြီးဖက်လှည့်လိုက်သည်။ ဘကြီး
ခိုင်က ကြောက်ဟန်ဆောင်ကာ ရေရွတ်၍ပြောလေသည်။

'ဟဲ့… ကလေးမ ဒုက္ခအမျိုးရင်းတွေ သစ္စာမဖောက်နဲ့လေ
လေးဖျူပြောတာ အမှန်ပဲ အမျိုးရင်းက ပိုကြောက်တယ်ဆိုတာ အား…
အား… အား…'

ဘကြီးခိုင်က ကိုးယိုးကားယားအပြေး သူမက နောက်က
အသံပေးခြောက်လှန့်ပြီး လိုက်လေသည်။

'ဘာအခုမှ ကြောက်ပါပြီလဲ၊ ဟား… ဟား… အားလုံးကို
သတ်ပစ်မယ်၊ သတ်စရာမရှိရင် ကိုယ့်ကိုယ်ကို ပြန်သတ်မယ်'

'မလုပ်ပါနဲ့ မိဝေရယ်၊ ဘကြီးခိုင် နောက်အိမ်ထောင်မပြု
သေးဘူး၊ အား… အား… အား…'

တူဝရီးနှစ်ယောက် ပေါကြောင်မြူးတူးစွာ စိမ်ပြေးတမ်းကစား
မိကြပြန်သည်။လွမ်းစရာရှိရင် နာစရာနဲ့ဖြေ။ ငိုစရာရှိရင် ရယ်စရာ
စရာနဲ့ ဖြေရမှာပဲ။ မေတ္တာစစ်မေတ္တာအမှန်ဆိုတာ ဒါမျိုးမှ အမှန်အကန်
တင့်မောပြီ သာယာနှစ်လိုဖွယ်ကောင်းတာ။ သူမအဖို့ရာတော့ ဒီ
ကောင်းအောင်ကံကြမ္မာနတ်ဆိုးနဲ့ သေမင်းကအတည်ပေါက်နဲ့ရက်စက်
နေရင်တောင်မှ နောက်ပြောင်ပြနေတယ်လို့ပဲယူဆပစ်မှာပါ။ စိတ်
တင်းမာလေးလံပိပြားအောင်ကြာကြာအညွှံခံပြီး မနေတတ်တာ သူမ

www.burmeseclassic.com



…ဘာ ဘာဖြစ်သေးလဲ။ လွမ်းဆွတ်ကြေကွဲဖွယ်ရာ ငိုကြွေးဆုံးရှုံးခြင်းကို …ယ်မောလှောင်ပြောင်ဟားတိုက်ပြီး အနိုင်ယူပစ်ရုံပင်။

❧ ❧ ❧

သူတို့တကယ်ပဲ လက်ထပ်ဖြစ်သွားခဲ့ကြပါသည်။ လိုက်ဖက် …င့်မောသော လူငယ်စုံတွဲအဖြစ်နေနဲ့လ ရွှေနှံ့မြပမာ။ သင့်တင့်မှန်ကန် …သာ ကိုယ့်စုံဖက်ရမည့် ကြင်ရာဖော်ကို ရှာတွေ့သွားကြသည်။ …ည်ကြည်ရင့်ကျက်သူ တစ်ယောက်လိုသူမ ရင်ဆိုင်လိုက်ပါသည်။ …နှုန်းကို လက်ခံလိုက်ရသည်။

ဘဝဆိုတာ ဒီလိုပါပဲ။ အချို့သော သားသည် မိခင်များပင် …ရက်ရှုံးသားသမီးများကို လက်ခံရလေ့ရှိသည်။ ကြည်ဖြူနှလုံးအေး… အရှုံးပေးလိုက်ပြီး ကတိကဝတ်အတိုင်း လက်ဖွဲ့လိုက်ပါသည်။

လူငယ်ချင်းသင့်တင့်လို့ အချစ်ကိုရှာပြီး လက်ထပ်သွားကြ …သဲ။ သူမက ဘာများဝင်ပြီး စွက်ဖက်ရဦးမှာလဲ။ မစွက်ဖက်ချင်တော့ …ဆို တဲ့မယူလိုတော့ပါ။ သူမအဖို့ရာ တစ်ကိုယ်တည်း အဖိုးကြီးဘဝ …ငှက်ပျောတုံးဖက်ဖို့ ဓာတာပါလာသည်။ ကိလေသာ အမှောင် …ကိလမ်းမှာ တပ်မက်တွယ်တာစိတ်ကုန်ခမ်းဖို့ ပါရမီပါလာခဲ့လေပြီ။ …တ်တမ်းဝင်ဖို့ လမ်းစရှာရပြီဟုသာ ပြောရချေတော့မည်။

'စပျစ်သီး မမီလို့ ချဉ်တယ်ပြောတဲ့ မြေခွေး' ဟုဆိုချင်ဆို …အေး အခုအခြေအနေထိရောက်လာမှတော့ ဒီလိုပဲ အရှက်ပြေပြောရ …ာမှာပေါ့။ လူကြားကောင်းအောင်၊ လူရှိန်အောင် ဟိတ်ဟန်အပြည့်နဲ့ …ားကြီး စကားကျယ် လူတိုင်းပြောနေကြတာပဲ။

မျှော်လင့်ချက်တွေ ဆုံးရှုံးကင်းမဲ့စွာ အသက်ဆက်ရှင်ရဦး… …ည်း ဘဝမှာ ဖန်တီးယူမရတာတွေ၊ ငွေကြေးနဲ့ဝယ်ယူ မရတာတွေ …ားကြီးရှိနေသေးသည်။ ရက်ရွံ့သိမ်ငယ်စွာ အထီးအကျန် … လွှမ်း… …ာ လောကမိုးစက်တွေအောက် စိတ်မပါလက်မပါ လျှောက်ရချေ

www.burmeseclassic.com



မည်၊ အသက်အရွယ်တွေဘယ်လိုပဲ နီးစပ်အောင် ချုံယူနိုင်စေ အချ
နီးကပ်အောင်တော့ မရယူနိုင်ခဲ့ပါ။ သူမအောင်မြင်မှု မရတဲ့ အသ
ငယ်လေးတစ်ခုလို တန်ဆင်းကုန်ကနေ ပြန်ဆင်းရတော့မည်။ အခြ
သော ပြိုင်ပွဲတစ်ရပ်ကို ဆင်နွဲရတော့မည်။

လိုချင်တာတွေ တတိုင်းမရတဲ့သူအဖြစ် ရှုတ်ချကဲ့ရဲ့ လော
ပြောင်ခံရမည်။ တကယ်တွေးကြည့်တော့ သူမဖြတ်သန်းရမည့် မန
ဖြန့်တွေဟာ မွန်းကျပ်ပိတ်လှောင်မှု အပြည့်ပင်။ မိုက်တိုင်ဆန
မနိုင်နိုင်ရာ နားရွက်ကို ဒေါသတကြီးနဲ့ ကိုက်မိလေသောအခါ
အရှုံးဖြင့်သာ အရက်တကွဲ အကျိုးနည်းရသည်။ ဒေါသထိန်းမနိုင်သေ
လူဆိုးအဖြစ်သာ သတင်းကြီး တွင်ကျယ်သွားရသည်။ နားရွက် တ
ကိုက်အတွက် ဘဝမှာ မောဟိုက်အောင်ရုန်းကန်ရပေမည်။ ကိုက်စ
ရှားလို့ ငါးနားရွက်နဲ့ မြွေနားရွက်ကိုမှ ကိုက်ဖွဲ့ချင်တဲ့ အာသီသ
သူမ ပြင်းပြနေပြန်သည်။ ဝက်နားရွက်ကိုက်ချင်သူ အပေါင်းကတေ
ဝက်ခေါင်းသုတ်ဆိုင်ကို ဂျောင်းလို့ရနေပြီ။ ကံကြမ္မာကသာ အခွ
အရေးပေးရင် သူမလည်း လူနားရွက်ကိုက်ချင်ပါသေးသည်။ သူ
နှစ်ယောက်နှင့် လက်ဖွေ့စင်ပေါ်အတွေ့ဝယ် ဆံသဆိုင်မှ ကတ်ကြေ
ယူပြီး နားရွက်ကိုက်ပစ်မည်။ ပါးစပ်နဲ့ဖက်ကိုက်တာလောက် ကြည့
ဆိုးမှာမဟုတ်ပေ။ အညာလေသံဖြင့်ဆံပင်ကိုက်သလိုကို ကိုက်
ချင်တာ။

ရုပ်ပိုင်းဆိုင်ရာကို မည်မျှပင် တန်းညှိယူနိုင်ပါစေ၊ အချစ်
ဆိုင်ရာကို တန်းညှိယူလို့မရတာ သူမနားလည်လိုက်ပါပြီ။ လ
ပိုင်ဆိုင်ထားသော အသက်ကြီးပြီး အရွယ်တင်နေသော ကလေးမ
မျက်ခွက်နဲ့ ခန္ဓာကိုယ်သေးညှက်ညှက်ကိုလည်း ရွံရှာငြီးငွေ့လာသ
စိတ်နာရွံ့မုန်းလာသည်။ ဖြစ်နိုင်ရင် ဘဝအမှန်ကိုသာ ပြန်သွား
တော့သည်။ ဒေါပန်းပွင့်ဝေဘဝက လူရှိသေ ရှင်ရိုသေ ကြ
သည်။

ယခု မပန်းပွင့်ဝေဘဝမှာ ကျီးကြည့်၊ ကြောင်ကြည့်၊ လော

www.burmeseclassic.com


ကြည့်ခံရသည်။ ပြောင်နောက်ခံရသည်။ ဘယ်သွားသွား အနှောက် အယှက် ပုရိသတို့ မခန့်လေးစားဖွယ်ရာ အရွယ်ငယ်ငယ် မထီလေးစား အရွယ်ရုပ်ရည်မျိုး ခေါ်တောကြည့် ဗိုအားပြင်းနှာမီးတောက်ကြည့် အွကလည်း မလွတ်မကင်းသာပေ။ အနေကျုံ့ရပါသည်။ အခက်တွေ့ တွေ့ပါသည်။ မွန်းကျပ်လောင်မြိုက်ပါသည်။ ရင်မောနွမ်းလျပြီး နုံးချည့် နွာ နေ့စွဲတွေကို ဖြတ်သန်းနေရသည်။ အလုပ်ဖျက်ပြီး နားလိုက်ကာမှ ပွင်းရှိပြီးသန်းဝေနေရသူ တစ်ယောက်လို ဖြတ်သန်းရပါသည်။ ရုပ်ရည် နယ် ငယ်ရွယ်သော အပျိုဖျန်းမိန်းကလေးတစ်ယောက်အဖြစ်ကိုပင် အလိုမရှိတော့။ ရင့်ကျက်တည်ငြိမ် ခန့်ညားဣန္ဒြေရသူအဖြစ်သာ အလိုရှိတော့သည်။ ဒီဘဝက ငြိုးငွေ့ရပြီထင်သလောက် ပျော်စရာ ကောင်းမနေတာ လက်တွေ့ကြုံလိုက်မှ သိရှိရတော့သည်။ လူကြီး အဆင်တွေပြန်အရေခြုံပြီး လူကြီးပုံပေါက်အောင် ရိုက်ဖမ်းရပြန်သည်။ လူဖြစ်ရတာ တော်တော်ဒုက္ခသောက ပွေလီတာပဲ။ လှန်လိုက်မှောက် လိုက် အမြဲပြောင်းလဲယူနေရသည်။ ရေစိုအောင် လောင်းချိုးဆွက်ဖြန်း သည်။ ပြီးရင် ခြောက်သွေ့အောင်တဘက်ဖြင့် ပြန်သုတ်သင်ရပြန် သည်။ တစ်ယောက်တည်းနဲ့ ကိုရှုပ်ထွေး ပွေလီမ်တိုင်ပတ်နေရသည်။ ကြော်ထားတဲ့ ဘဲဥကိုပြုတ်ဖို့ ကြိုးစားနေမိတဲ့ အရက်သမားဖိုးထောင် အဖြစ်လိုပင်။

အဲ့ဒါကြောင့် အရူးက လူကောင်းကို ပြန်လှောင်တာပဲပေါ့။ အရူးက အရူးပြန်လုပ်တာခံရတာပဲ။ လက်ဘက်ရည်ဆိုင်ထဲ ဝင်လာပြီး ရေနွေးကြမ်းသောက်နေတဲ့ လူတွေကို အရူးက အထင်အမြင်တသေး ကြည့်ပြီး ပြောတယ်။

'ဟား… ဟား… ဟား… အရူးတွေ အေးနေတဲ့ရေကို မှု အောင်ကျိုဂယ်၊ ပူလာတော့လည်း အေးအောင်ပြန်မှုတ်ပြီးသောက် ကြတယ်၊ ခွီး… ဟား… ဟား…'

အေးအေးလေးသောက်ရမှာချင်းအတူတူ ဘာဖြစ်လို့ အပူပေး ပြီး ကျိုနေရသေးလဲ။ ရောဂါပိုး၊ ရေသန့်စင်တာတွေ၊ ပျက်ပျက်ဆူမှ

www.burmeseclassic.com

www.burmeseclassic.com



သတ်ဖက်ရည်ခြောက် ခပ်လို့ကောင်းတာတွေ ထည့်မတွက်တဲ့ အရှ
စကားကပဲ မှန်နေသလိုလိုကြီး ဖြစ်နေရပြန်သည်။ သူမလည်း မသေ
ခင် အိုရချည်သေးရဲ့ ပူရချည်သေးရဲ့ ဆိုပြီး နှလုံးသွေးကို အရည်
ကျိုချက်ကာ အချစ်မေတ္တာလေး ဆူဝေမွှေးပျံ့ဖို့ ခပ်ထည့်မိခဲ့ပါသည်။
ပူခွင့်မရလိုက်ဘဲ ကိုယ့်ကိုယ် ကိုယ်သာ ပြန်မှုတ်သောက်လိုက်ရတော့
သည့်အဖြစ်။ အဲဒီလိုမလုပ်ရင် လျှာကျွတ်မှာပေါ့။

❧ ❧ ❧

'ဟင့်အင်း... ၊ ကျွန်မ... မသတ်ဘူး၊ ကျွန်မ... သတ်တာ
မဟုတ်ဘူး၊ ကျွန်မ... သတ်တာမဟုတ်ဘူး'

ပြတ်ပြတ်သားသားပင် အကြောက်အကန် ငြင်းဆန်မိသည်။
ရဲသားကြီးက သူမလက်နှစ်ဖက်ကို လက်ထိပ်ခတ်လိုက်သည်။ ပြူး
ကြောင်ကြည့်ပြီး ထိတ်လန့်ကာ လက်ကာ၍ သူမငြင်းဆန်အော်ဟစ်
မိသည်။

'ရှင်တို့... ရူးနေလား၊ ကျွန်မ... သတ်တာ မဟုတ်ဘူး'

'စိတ်မရှိပါနဲ့... ဒေါ်ပန်းပွင့်ဝေ၊ ကျွန်တော်တို့ဘက်က
သက်သေ အခိုင်အမာရထားပြီးသားပါ၊ ငြင်းဆန်ဖို့ မကြိုးစားပါနဲ့၊
တရားဥပဒေအတိုင်း ဆောင်ရွက်မှာပါ'

သူမအံ့သြတုန်လှုပ်သွားရသည်။ ဘကြီးခိုင်ကလည်း သူမကို
ယုံကြည်စွာ ထင်မြင်မှတ်ချက်ပေးသည်။

'ဟုတ်ပါတယ်... ဆရာတို့ရယ်၊ ကျုပ်တူမလေးက အဲဒီလို
မလုပ်ပါဘူး၊ ကျုပ်အာမခံပါတယ်၊ သူ့ အကြောင်းကိုကျုပ်အသိဆုံးပါ'

'အဲဒါတွေနောက်မှ ဖြေရှင်းကြတာပေါ့ဗျာ၊ လောလောဆယ်
တော့... ဒေါ်ပန်းပွင့်ဝေ စခန်းကို လိုက်ခဲ့ဖို့လိုပါတယ်၊ ဒီက...
အဘက ရှေ့နေငှားပြီးတော့သာ တရားရင်ဆိုင်ပါတော့'

အုလည်လည်ဖြင့် ဘကြီးခိုင် အကျုပ်မွေ့ကာ ကျုန်ရစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူမအကြောက်အကန် ငြင်းဆန်ရုန်းကန်ရင်း သူတို့ဆွဲခေါ်ရာခေါ်သွားသည်။

အဖြစ်အပျက်တို့က မယုံနိုင်ဖွယ်ရာကောင်းလောက်အောင်ပင် ဆန်းကြယ်လှသည်။ ထင်လင်းအောင်နှင့် ဖြူပြာစွန်တို့နှစ်ယောက် တက်လာဦးညမှာပင် ဘယ်လိုမှ မင်္ဂလာဆောင်နှံ့အရာ မမြောက်သေးဘဲ အဆုံးကြရသည်။ လင်မယားတောင် မဖြစ်လိုက်ရသေးခင်မှာ အဖြစ်ဆိုးလိုက်တာ။ သူတို့ကလည်း သူတို့ပဲ ပင်ပန်းလာတာ တစ်နေ့လုံး တက်လာပွဲကျင်းပရတာ ညောင်းညာကိုက်ခဲ နုံးချည့်နေတာ အနားယူပြီး အိပ်မယ်မရှိဘူး စပ်စပ်ဆော့ဆော့ မာန်တက်ချို၊ (ဂျိုး)ကြွပြီး လက်ဖွဲ့ထုပ်တွေဖောက်ကြည့်ကြသတဲ့။

ဖောက်ကြည့်တော့ ဘာတွေထွက်သလဲဆိုတော့ မြွေပခြုပ်ထဲမှ ဆိပ်ပြင်း မြွေတွေ အထွေးလိုက်ထွက်လာပြီး နှစ်ယောက်လုံးကို ပေါက်ခနဲ ပေါက်ခနဲမြည်အောင် ပေါက်သတ်တော့တာပဲ။ အဲဒီမှာ တို့နှစ်ယောက်လဲပွဲချင်းပြီး မြွေဆိပ်တက်ပြီး သေကုန်ကြတယ်။ သူမကို လည်း သက်သေအခိုင်အလုံဖြင့် တရားဥပဒေက ဆုံးမဖို့ လာဖမ်းဆီးပြီး ခေါ်တော့တာပဲ။ ဘယ်လိုမှ ရှင်းပြခွင့်မသာဘဲ မလှုပ်သာ မလူးသာ ဖြစ်ရချေပြီ။

'ကျွန်မ… မသတ်ဘူး၊ ကျွန်မ လုပ်တာမဟုတ်ဘူး အဲဒါ တစ်ယောက်ယောက်က ကျွန်မ… နာမည်တပ်သွားတာ၊ ကျွန်မ… သတ်တာ မဟုတ်ပါဘူး ရဲကြီးရယ်၊ ကျွန်မ… မသတ်ဘူး၊ အရှး'

အထပ်ထပ်ငြင်းဆိုရင်း ထိပ်ပြာစွာ ငိုမိပြန်သည်။ ကြောက် လန့်တုန်ယင်စွာ ငြင်းဆန်နေမိသည်။ မဟောနိုင်မပန်းနိုင် အသံတွေ ပိမ်ဝင်သွားသည်အထိ ရေရွတ်မြည်တမ်းနေမိသည်။ အကြိမ်ကြိမ် ခေါ်ခါ ကြောက်ရွံ့စွာ ခေါင်းခါမိသည်။ ကံကြမ္မာအဆိုးက အငြိုးနဲ့ တစ်ဆက်လေပြီ။ ချစ်သူယောက်ဖကို ခွဲခြားပစ်လိုက်ရုံမက သူမကပါ သေဆစ် နေရသေးသည်။

ဒါလုံးဝ မဖြစ်သင့်ဆုံးပဲ။ တစ်ခုခုတော့ လွဲချော်မှားယွင်း

www.burmeseclassic.com

www.burmeseclassic.com



နေပါသည်။ သူမနှင့် သူတို့နှစ်ယောက်ကြားထဲမှာ တစ်စုံတစ်ရာအ
အယွင်းက ရှိနေပြီ။ မယုံနိုင်ဖွယ်ရာ၊ အံ့ဩတုန်လှုပ်ဖွယ်ရာများ ထူးဆ
စွာ ကြုံတွေ့ဖြစ်တည်လာရသည်။ ခေါင်းတခါခါဖြင့် မကျေမန
ဖြစ်မိသည်။ ရဲသားများခေါ်ဆောင်ရာ ကားထဲသို့မဝင်ဘဲ သူ
ကိုယ်လွတ်ရုန်းပြေးပါသည်။ လက်ထိပ်တန်းလန်းဖြင့် အသား
စိတ်ဇောကြီး ကြောက်အားကြီးစွာ ပြေးသည်။ ရဲသားတွေက နောက်
ထက်ကြပ်မကွာ ကပ်၍ပါလာသည်။ ချွေးသံရွှဲရွှဲဖြင့် မောကြီးပန်း
မိုင်ကုန်ပြေးထွက်မိသည်။ သူမပြေးနေသော ခြေလှမ်းတွေတ
ရွေ့နေသည်။ လေးပင်စွာ တစ်လှမ်းပြီးတစ်လှမ်း ပြေးလှမ်းနေပါသ
သို့သော်လည်း နေရာက မရွေ့နိုင်ဘဲ တစ်ဝဲဝဲလည်နေသည်။ လျှေ
မဖြုတ်ဘဲ လျှော်နေရသလို ခံစားလိုက်ရသည်။ ရဲသားတွေက မီလု
တဖြည်းဖြည်း အသည်းထိတ်ဖွယ် နီးကပ်လာပါသည်။ ရုန်းကန်
အစွမ်းကုန် အလွတ်ရုန်းပြေးထွက်မိပါသည်။ ထိတ်လန့် ကြော
စိတ်တို့ကြီးစိုးကာ မောပန်းနွမ်းနယ် အစိုးရိမ်ကြီးမားလာသည်။

ရဲသားတစ်ယောက်က သူမကို မီသွားသည်။ လက်မော
တစ်ဖက်ကို အမိအရဖမ်းဆွဲကာ ချုပ်ကိုင်လိုက်သည်။ သူမကြော
လန့်တကြား ငိုယိုကာ အော်ဟစ်ပစ်လိုက်သည်။

'အား…'

ထိတ်လန့်တုန်လှုပ်သော ရင်အစုံကို ဖိပြီးသူမလန့်နိုး
သည်။ ဇောချွေးတို့ဖြင့် ရွဲနစ်ကာ အသက်ရှူသံပြင်းပြ ရင်ခုန်သံ
ဆန်လှုပ်ရှားနေသည်။ အောင့်သက်သက်ဖြစ်သွားသော ခံစားမှု
မျက်လုံးကို ပြန်လည်မှေးစင်းကာ ဖြေသိမ့်အမောအပန်း ဖြေလို
သည်။

'ဂူး… တော်ပါသေးရဲ့၊ ငါအိပ်မက်မက်နေတာ'

စိတ်ကိုထိန်းပြီး ဖြေသိမ့်ကာ သက်ပြင်းမောချမိသည်။
လုံးကို ပြန်ဖွင့်ပြီး ကိုယ့်ကိုယ်ကို မယုံမရဲရှိလှစွာ ကြည့်မိ
သူမ ဘာမှမဖြစ်။ ချွေးတွေရွှဲနစ်ရုံကလွဲပြီး သူမ…တိ အကောင်း

www.burmeseclassic.com

www.burmeseclassic.com



င်ရှိသေးသည်။ လက်အစုံကို အမောတကော မြှောက်ကြည့်လိုက်တော့ ဘာလက်ထိပ်မှ ရှိမနေပေ။ တီဗွီဖန်သားပြင်က အပြာရောင်ဖန်သားပြင် ထင်ဟပ်နေပြီ။ တီဗွီထောင့်စွန်းမှာလည်း 'စတော့' အလုံးလေး ပေါ်နေသည်။

အခုမှပဲ သူမ ကိုယ့်အဖြစ်ကိုယ် လုံးစေ့ပတ်စေ့တွေးမိပြီး ဖြေသာနိုင်တော့သည်။ သူမ သရဲကားတစ်ကားကြည့်ရင်းက အိပ်ပျော်သွားခြင်း ဖြစ်လေသည်။ သရဲကားထဲမှ ဓာတ်ဝင်ခန်းကို စွဲသွားပြီး အိပ်မက်ထဲ ရောက်လာသည်။ ဓာတ်လမ်းထဲမှ မြေဖြူတောင့်မှစတင်ကာ သူမအတွက် အမျိုးမျိုးအဖုံဖုံ ဒုက္ခသုက္ခ အစုံအလင် အိပ်မက်ဆိုးကြီးကို မက်မိတော့သည်။

တကယ့်တော့ သူမဟာ မြေဖြူတောင့်ကိုလည်း မရခဲ့ပါ။ လက်(၁၀)နှစ်လည်း ပြန်ငယ်မသွားပါ။ ထင်လင်းအောင်နှင့်စေ့စပ်ကြိုးယဉ်ပြီး ချစ်ခွင့်လည်း မရခဲ့ပါ။ နောက်ဆုံး သူတို့နှစ်ယောက်ကိုကြိုးကိုက်သတ်တာလည်း မလုပ်ခဲ့ပါ။ သူမအိပ်မက်ဆိုး မက်နေခဲ့ခြင်းသာ ဖြစ်နေလေသည်။ သူမရဲ့ အိပ်မက်အစပိုင်းက ပျော်ရွှင်ခြင်းတွေနဲ့ မှုုးခေါ်ခဲ့ပြီး အဆုံးမှာ ဒုက္ခ သုက္ခတွင်းထဲ ပစ်ချတာ ခံခဲ့ရသည်။ စိုးရိမ်ကြောက်လန့်စိတ် စိုးမိုးခြင်း ခံစားလိုက်ရသေးသည်။ အိပ်မက်က လန့်ဖျပ်ပြီးနိုးလေတော့မှပဲ စိတ်သက်သာရာရပြီး ဖြေသိမ့်နိုင်တော့သည်။

'ဟူး… တော်ပါသေးရဲ့ အချစ်အိပ်မက်ဆိုးရယ်'

သူမ စိတ်ကြေးမုံ အသိမှာတော့ လူးလိမ့်ပြီး ခံစားကြေကွဲခဲ့ရတာ။ ပျားပန်းခတ်မျှ စိတ်လှုပ်ရှားပြီး ရင်ဗလောင်ဆူခဲ့ရတာ။ ကာကအပူတွေ ပင်လယ်ကို ဝေခဲ့ရတာ။ လှိုက်ဖိုမောဟိုက်ပြီး နှလုံးခုန်ရပ်မတတ်၊ ဆွေးမြေ့ကြေကွဲလိုက်ရတာ။ ကံကောင်းထောက်မစွာ အိပ်မက်ကလေး ဖြစ်နေလို့သာပေါ့။

'ဒီလိုအဖြစ်အပျက်မျိုးသာ တကယ်ကြုံရမယ်ဆိုရင် ငါရူးသွားမှာ သေချာတယ်'

www.burmeseclassic.com

www.burmeseclassic.com


တီးတိုးရေရွတ်ပြီး ကျော့ချမ်းနေမိသေးသည်။ အသက်ရှူချောင်သွားဟန်ဖြင့် ပခုံးတစ်ချက်ကျုံ့ကာ အံ့ဩမိသည်။ ပြီးမှ လဲလျောင်းအိပ်မိနေရာမှ အသာအယာထ၍ တီဗွီခလုပ်ကို ပိတ်ရသည်။ စိုနေသောချွေးများကိုသုတ်မိသည်။ ချွေးတို့ဖြင့် ကျောပြင်ဟာ အေးစက်နေသည်။

ကူကယ်ရာ အားကိုးဖော်ရှာသည့်သဘောဖြင့် ရေတစ်ခွက်လောက်မော့မိသည်။ ပြီးမှစိတ်အေးလက်အေး ခုတင်ပေါ်ပြန်လာကာ လဲလျောင်းမိသည်။ တွေးကြောက်ပြီး အိပ်မက်ကို ထိတ်လန့်ရသည်။ အသက်ရှူချောင်ပေလို့သာပဲ။ အသက်များထွက်သွားမတတ် အောင့်အီးခဲ့ရသည်။ စိုးရွံ့ဖျာပါအတွေးတွေက ဝင်လာသည်။ ဟိုဒီတွေးတောက စိတ်ပျက်အားငယ်လာသည်။ အိပ်မက်ထဲကအတိုင်း အပြင်မှာတကယ်ဖြစ်မလားဘူးလို့ ဘယ်သူ့မှ တပ်အပ်မပြောနိုင်ကြပေ။ ကြောက်စိတ်ကလေးဝင်လာတာမို့ ဖက်လုံးကလေးပွေ့ဖက်ကာ အိပ်စက်လိုက်ရပါသည်။ မျက်လုံးမှိတ်ထားတာတောင် အိပ်မက်ပြကွက်ဆန်းတွေက ထင်ဟပ်နေသည်။ မရှိုမချဉ်အပြုံးနှင့် ထင်လင်းအောင်ချဉ်စူးစူးအပြုံးနဲ့ ဖြူပြာဓွန်တို့ကိုလည်း မြင်ယောင်ထင်ဟပ်နေပါသည်။ အတွေးတွေကို လွှဲထုတ်ကာ ဖျောက်ဖျက်ပစ်နေရသည်။ အိပ်မက်ဆိုးမှန်းလာရတိုင်း ဒီလိုပဲပြန်ပြီးတော့ အိပ်၍မပျော်နိုင် ဖြစ်ကြရသည်။ သောကအတွေးပွားရင်း မျက်လုံးညောင်းညာလာမှ ပြန်လည်အိပ်ပျော်တော့သည်။

ဒါတောင်မှ နည်းသေးလား ဈေးသည်လို အိပ်မက်ရဲ့ ဒုတိယပိုင်း အဆက်က ပြန်လာသေးသည်။ ကိုရီးယားစီးရီးတွဲတွေ ဟောလီဝုဒ်စီးရီးတွဲတွေ ခေတ်စားလာတော့လည်း မခက်လား။ သူ့ကိုလည်းသွားပြီး အပြစ်မဆိုသာပါဘူး။ ဒီတခါလာတဲ့ အိပ်မက်ကလေးက ကောင်းကောင်းကမ်းကမ်း အယောင်ဆောင်ထားတဲ့မကောင်းမကန်း

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ပဲ။ အိပ်မက်အပိုင်း(၁)လို သူမက အရွယ် ပိစိကွေးငယ်ပြီး မှုံမပြောင်းသွားပါ။ ဟို…

'ခေါင်းတုံးတုံးမှ ချစ်မှာလား၊ ခေါင်းတုံးတုံးပြီယော့…'

ခေါင်းတုံးမလည်း ပါမလာပါ။ ထင်လင်းအောင် တစ်ယောက်တည်း ဖြစ်သည်။

အိပ်မက်အပိုင်း(၂)မှာ ဇာတ်ဆောင်အသစ်အနေနဲ့ ဂျင်မီအောင် ထွက်ပါလာသည်။ အိပ်မက်ထဲမှာ သူမဟာ ကလီယိုပါထရာ ဘုရင်မ ကြီး ဖြစ်နေသည်။ မင်းဆက်သုံးဆက်တိုင် မိဖုရားမြှောက် တင်ခံရတဲ့ ဘုရင်မကြီးလောက်ကတော့ ပျင်းသေးတယ်တဲ့။ သူမက ဆွေခုနစ် ဆက် မျိုးခုနစ်ဆက် ဂျင်မီတို့ဘိုးဘေး အစဉ်အဆက် အပြုံးမပျက် ဆေးဒါအဖြစ် ပန်းပန်လျက်ပဲ။ ထင်လင်းအောင်ခေတ် ရောက်လာသည့် တိုင်အောင်ပင် နေမြဲဖြစ်နေသည်။ သက်တော်ရှည် ဘုရင်မကြီးလေ။

အိပ်မက်ထဲမှာ ထင်လင်းအောင်က နိုက်တင်းဂေးငှက်ကလေး တစ်ကောင်ဖြစ်လို့နေသည်။ တိုင်းပြည်နန်းတော်မှာရှိတဲ့ ဂီတပုဒ်တွေ အားလုံးထက် ပိုမိုထူးကဲ သာလွန်လှပသော အသံပိုင်ရှင်တေးသီငှက် ကလေးလေ။ သူမချီးမွမ်းခန်းဖွင့်ရတဲ့ ငှက်ကလေးရဲ့ တေးသီကျူးသံကို ကြားချင်လို့ ပဲခူးရိုးမတောထဲမှာ မုဆိုးကျော်ဖိုးထောင်နဲ့ မြင်ရာဇာ လွှက်ပီတို့ကို အပူအပြင်း ရှာဖွေခေါ်ဆောင်ခိုင်းသည်။

အသည်းခိုက်အောင်ကြွေတာပေါ့။ နားဆင်ကြည်နူးပြီး သာယာ လို့ နေမိသည်။ တစ်ရက်သားကျတော့ နိုက်တင်းဂေး ဗုံတူစက်ရုပ် ငှက်ကလေးရဲ့ သီဆိုဖျော်ဖြေတာကို နားထောင်မိတယ်၊ အဲဒီငှက် ကလေးဟာ ဂျင်မီဖြစ်နေတယ်။ ဂျင်မီက စက်ရုပ်ငှက်။ သေပြီးသား ငှက်ကလေးဆိုတော့ သီချင်းတစ်ပုဒ်ပဲ ဆိုတတ်သတဲ့လေ။

နိုက်တင်းဂေး ငှက်အစစ်လေးဟာ တောပြန်သွားတယ်။ သူ လည်း အဲဒီကစလို့ စိတ်မချမ်းမြေ့တော့ဘူး။ လိုအင်ဆန္ဒ နားဆောတ ပြည့်ဝနိုင်တော့ အကြီးအကျယ် နေမကောင်းဖြစ်ပြီး ဖျားတော့တာပဲ။ သေအံ့ဆဲဆဲ သူမအနားကို ဘယ်သူမှ မကပ်တော့ဘူး၊ ပစ်ပယ်ထား

www.burmeseclassic.com

www.burmeseclassic.com



ကြတော့ အထီးကျန်ဆန် ခြောက်သွေ့တာပေါ့။ စက်ရုပ်ငှက်ကလေး ကတော့ သီချင်းတစ်ပုဒ်ပဲဆိုပြီး ပြန်လည်ရုပ်တန့် အသက်မဲ့သွား တယ်။ အဲဒီအချိန်မှာပဲ သူမထိုင်နေကျ ဘီယာဆိုင်ကို နိုက်တင်းဂေး ငှက်ကလေး ထင်လင်းအောင် ပြန်ရောက်လာတယ်။ သူမသတင်းကို ကြားပြီး စိတ်မကောင်းဖြစ်ကာ ပြန်လာခြင်းဖြစ်သည်။ သူက သာယာ သောအသံဖြင့် သီကျူးကာ အသုံးတော်ခံလေသည်။

မဆီမဆိုင် နိုက်တင်ဂေးပုံပြင်က သူမရဲ့အိပ်မက်ထဲကို ရောက် လာသည်။ နိုက်တင်းဂေးသီချင်းသံ အကြားမှာ သူမလည်း သေအံ့မူးမူး ဝေဒနာဖြစ်နေရာမှ ပျောက်ကင်းပြီး ချက်ချင်းလန်းဆန်းသွားရတော့ သည်။ ဤသို့ဖြင့် သူမသည် ငှက်ကလေး၏ သီချင်းဆိုသံကိုနေ့တိုင်း ကြားခွင့်ရတော့သည်။ လွတ်လပ်စွာ ပျံသန်းပျော်မြူးနေတဲ့ နိုက်တင်း ဂေးလေးဟာ သူမထံပါး ဘီယာဆိုင်အား အရောက်လာ၍ နေ့စဉ်သီဆို ဖျော်ဖြေတင်ဆက်ပေးလေသည်။

အိပ်မက်ပုံပြင်က အဲဒီမှာပဲ အဆုံးသတ်သွားလေပြီ။ ဆောင်း တွင်းအိပ်မက်တွေက ဂယောက်ဂယက်နိုင်လှသည်။ ပေါက်တတ်ကရ ဆန်သည်။ ရုပ်ရှင်မင်းသားတွေ အပြိုင်အဆိုင် စာချုပ်ချုပ်နေတဲ့ခေတ် မှာ သူမလည်း အိပ်မက်မင်းသားလေးကို စာချုပ် ချုပ်ထားချင်လာ သည်။

အိပ်မက်ဆိုးမှ မနိုးခင် စိတ်ချမ်းမြေ့ရသည်။ ပျော်မွေ့ကြည် နူးရသည်။ စိတ်ဆင်းရဲ ကြေကွဲကာ ဝမ်းနည်းရသည်လည်းရှိသည်။ အိပ်မက်ဟာ ညမျက်လုံးကို ရသအမျိုးမျိုး၊ အဖြစ်သနစ် အဖုံဖုံ အစုံစုံအလင်လင် ပေးစွမ်းသည်။ ခံစားမြည်းစမ်းဖို့ ဖျော်ဖြေတင် ဆက်သည်။ အိပ်နေတုန်းမှာ မက်တဲ့အိပ်မက်တွေ မမက်ရဲတော့ရင် ဘာလုပ်ရမလဲ။ မအိပ်ဘဲနေရမှာလား။ အိပ်ပျော်မှာစိုးလို့ မျက်လုံး ကြောင်အောင်တစ်ခုခုလုပ်ရတော့မှာလား။ အိပ်မက်ဆိုးတွေ မမက်စေ အောင် မအိပ်ရဲတော့သလိုဖြစ်နေသည်။ မောင်ပေါက်ကျိုင်းကတော့ ရာဇဝင်ထဲမှာ မအိပ်မနေအသက်ရှည်ခဲ့တာပဲ။ သူ့ပုံသာ လိုက်လုပ်ရင်

www.burmeseclassic.com

www.burmeseclassic.com



အိပ်အစားနည်း အားပြတ်ကာ ဘတ်သီးကျွမ်းဓာတ်မီးလို မှေးမှိန် သုံးမဝင်ဖို့ပဲ ရှိချေသည်။ အိပ်မက်လှလှမက်စေဖို့ အိပ်မက်ထဲမှာ ကြယ်တွေစုံညီနေစေဖို့၊အိပ်မှမက်တဲ့ အိပ်မက်ထဲမှာ ရုပ်ရှင်မင်းသား တွေနဲ့ ချိန်းတွေ့ဖို့၊ ဆုတောင်းနေရုံကလွဲပြီး ဘာများ တတ်နိုင်တော့ ာလဲ။

မနက်ဖြန်က ဘာအရောင်နဲ့ ပွင့်မဲ့ပန်းလဲ။ အဲဒီ အလွမ်းအိပ်မက် န်းအိပ်မက်ကိုလည်း မြင်ချင်မက်မောလှပါသည်။ ပန်းပွင့်တွေအတန်း ာက်ငဲ့ အိပ်မက်ကျောင်းကို သူမအရောက်သွားချင်သည်။ ဥဩ ျှပ်စစ်ဘဲလ်သံမြည်တဲ့ အိပ်မက်ကျောင်းက ဆီးကြိုနေသည်။

အချစ်ဆိုတာ အိပ်မက်လှေနဲ့လှော်ခတ်ရတဲ့ မြစ်တစ်စင်းလို့ပဲ ာင်စားချင်သည်။ အိပ်မက်တွေ အရောင်တောက်ပလာတဲ့ ကြယ်စုံ ညမှာ ဒရယ်၊ ယုန်၊ လဒရှာထွက်ရမည်။ လဒကိုရှာရန် ခပ်ညံ့ညံ့ ာပည့်(၉၉)ယောက်မြောက်ကို ဒလလွှတ်လိုက်ရုံပင်။ ဒရယ်နဲ့ယုန် ာတွက်တော့ ချစ်သူကောင်လေးကို အားကိုးပြီး တိရိစ္ဆာန်ရုံထဲ ဝင် ာက်ရှာဖွေလိုက်ရုံပင်။ ဒီထက် သေချာတာတောင် ဒီလောက် သေချာတာပေါ့။ ဘယ်သူပြောမလဲ။ အိပ်မက်အကြွေးကို ဘယ်သူ ာက်ရဲသလဲ။ အိပ်မက်အသေကို ဘယ်သူကောက်ယူမွေ့ ပိုက်ရဲ ာလဲတော့ တိတိပပ မသိရပေ။ အတော်များများသော ခေတ်ပေါ်မိန်းက ားတွေကတော့ ဆံပင်ကို ကောက်လိုက်ဖြောင့်လိုက်ဖြင့် အလုပ်ရှုပ် ကြပါသည်။ ရုပ်ရှင်မင်းသမီး ဟိုဒင်းကောက်စားရင်လည်း နောက် ာလိုက်လံပြီး ကောက်စားကာ အရှုးထချင်သူတွေပင်။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

အိမ်ရှေ့မှာ ဂစ်တာခေါင်ဒင်သံ ပြိုင်ညံနေသည်။ အဘာ
သော မောင်မင်းကြီးသားက သူမကို အထင်တကြီးဖြင့် ခြံရှေ့အုတ်
လာကာ ဖိုသံပေးလေသည်မသိ။ ရပ်ကွက်ထဲက လူငယ်ချာတိတ်
တော့ လုံးဝမဖြစ်နိုင်ပေ။ တစ်ရပ်ကွက်သားချင်းတွေက သူမ
အိုးမယ်၊ အန်းဒိတ်အဖြစ် ကန့်တော့ဆွမ်း သဟ်မှတ်ထားပြီးသာ
ထူးသူးခြားခြား ဒီကနေ့ မိုးအုံ့လို့ နေသာနေကာမှ ဂစ်တာခေါင်ဒင်
လာပေးကာ သီချင်းနဲ့မြူနေကြပြန်သည်။ လမ်းဘေးအုတ်ခုံမှာ မြူ
ချည်ပေါက်အောင် အော်လျှင်တော့ နားထောင်ကောင်းပါသည်။ တ
က မသိဆိုးဝါး အသံခြောင်ကီးနဲ့ လက်ကွက်ချော်ပြီး အော်တတ်
သည်။ အဲဒါမျိုးဆိုရင်တော့ မြူတာနဲ့မတူဘဲ အူတာနဲ့ တူသွားချေမည်
သီချင်းသံကိုတော့ မြိုင်မြိုင်ဆိုင်ဆိုင် ပုံ့လွှင့်ခဲလို့ အကဲရှချိုသာ
ကြားရပါသည်။ အဲလက်စ်ရဲ့ သီချင်းဖြင့် စောင်းမြောင်းဆိုနေကြခြင်း
သာ ဖြစ်သည်။

*'ယယ်သေးတဲ့ အချစ်မို့ × × × မလေးစားတာလား ပြောပါ…*
*× × × ကျွန်ဘော်သိပ်ချစ်ကတတ်တာ × × × ကျွန်တော်တာ အ*
*ဆုံးပါ × × ×'*

'ဝတုတ်ကြီး' သီချင်းနဲ့စောင်းချိတ်မခံရတာပဲ ကံကောင်းလှ
မှတ်ရမှာပေါ့။ သူမရဲ့ စည်ပိုင်းရှိတ်နဲ့ အဲဒါမျိုး သီချင်းအပိုင်းစရွတ်ပြီး
မကြာခဏ နှောက်ခံရဖူးသည်။ ကောင်းကောင်းကန်းကန်း တည်တည်

www.burmeseclassic.com

www.burmeseclassic.com



...န်လေး စောင်းချိတ်ခံနေရတာပဲ ဟုတ်သလိုလို ကျေးဇူးပြေးတင်ရ ...ိုလို ဖြစ်နေသည်။ ကြားသားမိုးကြိုး အိမ်အပြင်မှာ ဘာတွေများ ...ဆန်းတကြယ်ဖြစ်ပြီး စာချဲ့တွင်နေပါလိမ့်။ ဆောင်းတွင်းကြီး နှင်းမိုး ...ပြီး အပူလှိုင်းတွေ ဖြတ်ကုန်ပြီးလား မသိပေ။ အရှုးပါး ချမ်းရင် ...ချိုး နှင်းတောတိုးနေပြီ ထင်ပါရဲ့။

*'လိမ်ပြီးမပြောတတ်တာ × × × ကလေးလေးဘဝထဲကပါ၊ ... ကျွန်တော့်ကို နားလည်ပါ'*

အပေါ်ထပ်မှန်ပြတင်းမှ မယောင်မလည်ဖြင့် သူမကြည့်လိုက် ...သည်။ ကိုယ့်မျက်လုံးများပင် ကိုယ်မယုံနိုင်အောင် အံ့သြစိတ်ဖြစ်ကာ ...မ်းတွေ့ရသည်။ မနက်ဖြန်ပေါင်းများစွာအတွက် ဒီနေ့ဟာ မနေ့က ...ါင်းများစွာကို စတေးလို့။ အချစ်ဆိုသော ရင်ခုန်လှုပ်ရှားဖွယ်ရာ၊ ...န်းမိန်းမောဖွယ်ရာ စိတ္တဇနောမ်အတွက် အသစ်တစ်ဖန် ကိုယ်ရောင် ...ယ်ဝါပြောင်းလဲ ဖန်ဆင်း၍သန္ဓေတည် မွေးဖွားလာခဲ့ပြီ။ အိမ်ရှေ့ ...ခုံမှာ သီချင်းဆိုနေတာ အိပ်မက်ထဲက နိုက်တင်ဂေးငှက်ကလေး ...င်လင်းအောင်ပင် ဖြစ်လေသည်။

*'စားမရ အိပ်မရ × × × အချိန်တွေထဲ သွေးအားနည်းလို့ ...လာပြီ မရေ × × × မ၊ မချစ်လို့တော့ သေနိုင်တယ် × × × ...ိုတွေမဆိုဘူး ယုံတော့ကွယ် × × × မ မချစ်ရင် ဘဝပျက်သွား ...င်တယ် × × × ဟုတ်တယ် မ မချစ်ရင် ဘဝပျက်သွားနိုင်တယ်'*

သီချင်းကိုက လေလုံးမကွဲ ရောချကာ မျက်နှာပြောင်ထားတဲ့ ...ချင်း။ မ... မချစ်ရင်ဘဝပျက်မှာလား မမချစ်ရင်ပဲ ဘဝပျက်ရမှာ ...လား မသိပေ။ ဟိုလိုလို ဒီလိုလိုနဲ့။

သူမဝမ်းနည်းရမလို ဝမ်းသာရမလိုလို စိတ်နှစ်ခွဖြစ်ကာ ...င်မကျ ဖြစ်ရပါသည်။ မှန်ပြတင်းမှ ထပ်မံပြီး ချောင်းမြောင်း ...ည့်ပြန်သည်။ ထင်လင်းအောင်မှ ထင်လင်းအောင်အစစ်ပင်။ ...မ်းသားအုတ်ခုံမှာ ရပ်ကွက် နားမခံသာအောင် လာအော်နေတာ။ ...တော့ဆိုတဲ့ သီချင်းကလည်း အသွားမလွတ် အနှောင့်မလွတ် အပို ...ပြီးမမ အိမ်ရှေ့မှာလာပြီး တမမနဲ့ ဟာနေကြတယ်။ ကြားရင် မမနေ

www.burmeseclassic.com

www.burmeseclassic.com



တာကနေ မွမွကြီးဖြစ်ပေတော့မည်။ ပြုံးဖြဲဖြဲပြောင်စပ်စပ် မျက်နှ
များဖြင့် သီချင်းကို အပြတ်အသတ် ဆက်ဟဲကြသည်။

*'ခံစားချက်အပြည့်နဲ့ ညညအော်တဲ့ သီချင်းသံ × ×
အိမ်နီးနားချင်းတွေ ငြိုငြင်လို့လာ × × × ဘာဖြစ်ဖြစ် မကို အချစ်
တစ်စက်လေးမလျော့ပါ သစ္စာရှိစွာချစ်မှာပါ'*

အဲလိုပါပဲ။ သည်းကို သည်းတယ်၊ ကဲကို ကဲတယ်။ ယောကျ်ား
တွေဟာ သီချင်းတွေထဲမှာ အချစ်အတွက် သစ္စာရှိရဲသလား မမေးနဲ့
သီချင်းတွေထဲမှာ ဟစ်ကြွေးနေပေမယ့် တကယ်တမ်းမှာ ကြောက်အ
တွေတုန်လို့ ခေါင်းရှောင်တတ်ကြပြန်ရော။ ပါးစပ်နဲ့ လက်ကွာတာ
ပေါ့။ အသံပဲစိုက်ရတာနဲ့ ဝီရိယစိုက်ရတာ ကွာဟလှတာပေါ့။

ထင်လင်းအောင်က မှန်ပြတင်းဘက် တကြည့်ကြည့်လုပ်ကာ
ခေါင်းတထောင်ထောင်ဖြင့် ဂဏာမငြိမ်ဖြစ်နေသည်။ သီချင်းသံက
တော့ အဆက်မပြတ်တိုးထွက်လာဆဲ။ ရွှေရင်ခုန်မောစွာ အဝင်အော
တွေကြွယ်ရပါသည်။

အိပ်မက်တွေတကယ်ဖြစ်ဖို့ တာစူနေလေပြီလား။ အထိတ်
တလန့်ဟန်ဖြင့် ရင်ကိုဖိကာ အိပ်ရာပေါ်ပြန်လှဲချနေမိသည်။ ရင်ဖိုလှိုက်
မော အတွေးဖြင့် မျှောရပါသည်။ စိုးရွံ့သောစိတ်ဖြင့် အိပ်မက်ထဲကလို
ဖြစ်လာမှာတွေးမိပြန်သည်။ စိတ်လက်မရွှင်ချင်တော့ပေ။ ချစ်ခွင့်
ကြုံရရုံကလေးဆို အဆင်ပြေနိုင်သော်လည်း ကြေကွဲဖွယ်ရာ အဖြစ်
အပျက်တွေ ဆက်တိုက် နောက်ကလိုက်လာနိုင်သည်။

'အို… ဘာဆိုင်လို့လဲ၊ ငါ… စိတ်ကူးယဉ်မိနေတာ'

တိုးတိုးသာသာ စိတ်သက်သာရာရအောင် ရေရွတ်ညည်းတွား
မိသည်။ ကိုယ့်ကိုယ်ကို ပြန်အားပေးနှစ်သိမ့်သည့်သဘောဖြင့် အားတင်း
စကားဆိုလိုက်ခြင်းပင်။ သူမလို အသက်အရွယ်ကြီးရင့်ကာ ပုံဆိုး
ပန်းဆိုးဖြစ်နေသော အပျိုဟိုင်းကြီးအတွက် ဒါဟာစိတ်ကူးနဲ့ ...တဲ့
ဇာတ်လမ်းအဆုံးသတ်ပဲဖြစ်မှာပေါ့။ မယုံနိုင်ဖွယ်ရာ ကယောင်ကတမ်း
တွေ ဇွဲလမ်းမိမှာစိုးလို့ မဖြစ်နိုင်တာတွေ ခေါင်းထဲက ဖယ်ထုတ်ပစ်လိုက်
ပါသည်။ ဘကြီးခိုင်၏ စိတ်တူကိုယ်တူ ကူညီပြီးပြောက်ထိုးပင့်ကော်

www.burmeseclassic.com

www.burmeseclassic.com



ထိုက်ညည်းနေတဲ့ အသံကိုပါကြားရသေးသည်။ သူကတော့ ဟိုလူ ဆွေနဲ့အတူ လမ်းဘေးအုတ်ခုံမှ အော်ချင်းမဟုတ်ပေ" ၁စ်လောကလုံး ဆါပွဲစေမယ့် အသံဝါကြီးဖြင့် အိမ်ထဲကအိမ်ပြင် မထွက်ရဲဘဲ အော်နေ ခြင်းဖြစ်လေသည်။ သူမတို့ တူဝရီးနှစ်ယောက်လုံးဟာ ဒီအတိုင်းပဲ။ အိမ်တွင်းပုန်း အပျိုကြီးနဲ့ ဘဘကြီးလေ။ ဝမ်းတွင်းကျိတ်ရူးနေတတ်ကြ တာ လူမသိ သူမသိပဲဆိုပါတော့။

ပြန်တွေးကြည့်တော့ သူမအဖြစ်က မုန့်ဆီကြော်က ဘယ်မှန်း သိသေး နှုတ်ခမ်း ဆီဝေ့နေရသည့် အဖြစ်မျိုးပင်။ ဖြစ်နိုင်ချေမရှိ တာတွေကို တွေးတောပူပန်နေရတာမျိုး မဖြစ်သင့်ပေ။ အရည်ပျော် ပျောက်ပျက်သွားရမည့် စိတ်ကူးဖြင့်မောနေရသော အမောများပင်။ စိတ်ကူး အိပ်မက်တွေဟာ ပိုက်ဆံပေးစရာမလိုသလို ရောင်းစားလို့ ထည်းမရပေ။ စိတ်ကူးယဉ် ဝတ္ထုရေး၊ သီချင်းရေးပြီး ရောင်းစား တတ်တာ ဉာဏ်ကြီးရှင် အနုပညာသမားများသာရှိသည်။ ဇာတ်နာ အောင်ရေးပြီး ခံစားချက် အစစ်အမှန်တွေပါလို့ ဖြောင်လိမ် ဖြောင်စား ထုပ်လိုက်ရုံပင်။

သီချင်းတွေ တစ်ပုဒ်ပြီးတစ်ပုဒ် ဆက်တိုက်လွင့်ပျံ့ ထွက်လာ သည်။ အရပ်ရှစ်မျက်နှာမှ အားမနာလျှာမကျိုး လမ်းဘေးအုတ်ခုံစင် မြင့်ပေါ်မှ ပလက်ဖောင်းရှိုးပွဲလုပ်နေကြသည်။

*'အချစ်စစ်တွေကို အမြဲတမ်းပိုင် × × × မှုပိုင်ရှင်မကြီး × × × မမခိုင်'*

နားစွန်နားဖျား ကြားသွားသော ဘကြီးခိုင်က ကျေနပ်ပီတိဖြစ် ဟာ မှတ်ချက်ပြုသည်။ အမြှောက်ကြိုက်အမျိုးကိုး။

'ဒီကလေးတွေ မဆိုးဘူးပဲကွ တက်လမ်းရှိတယ်၊ သီချင်း ထဲမှာ ငါ့ကိုထည့်ဆိုတယ် မှုပိုင်ရှင်ဘဘကြီး ဘဘခိုင်တဲ့'

ဘကြီးခိုင်က အဲဒီလိုပဲ။ ပြောင်ပြောင်နောက်နောက်တွေး ဆောတတ်သည်။ ပျော်ပျော်နေတတ်သူ လူငယ်အဘိုးကြီး တစ် ယောက်ပင်ဖြစ်လေသည်။

☐ ☐ ☐

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

'ကျန်းမာကြပါစေ၊ လေ့လေးလေ့ ··· ချမ်းသာကြပါစေ
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ၊ ရောဂါဘယဘေး
ကင်းစင်ဝေး ငြိမ်းအေးကြပါစေ၊ ကြောင့်ကြခပ်သိမ်း ကင်းစင်ဝေး
ငြိမ်းအေးကြပါစေ'

အိမ်ရှေ့မှာ မယ်သီလရှင်တွေ အလှူခံကြွလာသည်။ ဆ
တန်းစာမေးပွဲကို ဖြေထားသော ရင်တမမဖြစ်ကာ အောင်စာရင်းမျှ
နေရသည့် ဘေးအိမ်မှ မောင်ငြိမ်းအေးတော့ အနေခက်ပေတော့မည်
ငြိမ်းအေးသုံးခါ ကြပါစေနေတာလေ။ ရယ်ချင့်နဲ့မကျဘဲ ရရစ်နဲ့ကြ လို့
တော်သေးသည်။

'ဒါန···· ရှင်'

'ယော··· များများရှင်တဲ့၊ မအေးကြွေရေ··· နင့်အကြွေ
ထည့်လိုက်ပါဦး'

ဘကြီးခိုင်က လှမ်းအော်လိုက်တော့ ဒေါ်ကြီးကမန်းကတ
ထွက်လာပြီး အကြွေဗန်းထဲက တစ်ရွက်ဆွဲကာ ခြံဝထွက်သွားသည်
ဘကြီးခိုင်ရှိရင် အိမ်မှာ အဲဒီလိုပဲ။ ဟိုလူဒီလူ အငြိမ်မနေရဘူး
အကုန်ပတ်ပြီး ရယ်ရယ်မောမော နောက်နောက်ပြောင်ပြောင် လေ
ပြောသည်။ နောက်ပြောင်ဆိုသူကလည်း ထိပ်ကွက်ဆံပင်ကျွတ်ကြ
နဲ့ပဲလေ။ ရှေ့တစ်လက်မ နောင်ပြောင်ဆံပင်က မြက်ရိုင်း ကိုင်းတေ
ကြားက ဟက်စကီးကွင်းလိုပဲ။

မယ်သီလရှင်တွေကို လှမ်းငေးမိရင်းက သူမ ဖြုပြာ

www.burmeseclassic.com



ခေါင်းတုံးမရဲ့ အိပ်မက်ထဲက ပါဖောင်းမင့်ဟန်ပန်တွေကို မြင်ယောင်ပြန်သည်။ ကိုယ်အတွေးနဲ့ကိုယ် သဘောကျပြီးရယ်မိတာ အရှိန်လွန်သွားတော့ ဘကြီးခိုင်ပြောစရာ ဖြစ်သွားတာပေါ့။

'မိဝေ… ညည်းမလည်း ဖြူဖြူလေးကို သွားတိုက်ခေါ်ဆေးကြော်ငြာခိုင်းတာကျနေတာပဲ ပြုံးဖြီးလို့၊ ဘာတွေများသဘောကျစရာတွေ့နေတာလဲ၊ စိတ်ကစားနေပြန်လား'

'မဟုတ်ပါဘူး… ဘကြီးရယ် အခုဟာက နွားကစားတာ'

ခေါင်းခါပြီး ပါးစပ်ထဲတွေ့ကရာ လျှောက်ပြောပစ်လိုက်ပါသည်။ ဘကြီးခိုင် မချိုမချဉ်ပြုံးလိုက်ပြီး ခေါင်းတဆတ်ဆတ်ညိတ်မိသည်။

'သြော်… သိပြီသိပြီ၊ ညည်းက… အလားကားရတဲ့နွားအားဖြကြည့်တဲ့ နွားပွဲစားနဲ့ တွေ့နေတာကိုး'

'အား… ဘကြီးကလည်း မိဝေက နွားလုံးလုံးဖြစ်ပြီ၊ ဘကြီးမျိုးရိုးတွေပဲ ဒီလောက်တော့ရှိမှာပေါ့'

ဘကြီးက သူ့ခေါင်းသူ့ ပြန်ပွတ်ပြီး ဦးချိုစမ်းဟန်လုပ်ပြလေသည်။ ထိုအမူအရာကိုကြည့်ပြီး သူမရယ်မိသည်။

'ငါ… ဂျို(ချို) ဘယ်သူဖြတ်သွားတယ်မသိဘူး၊ ဒါနဲ့ ညည်းတွေ ဘယ်မှာချွတ်ထားလဲ'

ကြုံကြုံဖန်ဖန် တူဝရီးနှစ်ယောက်ထိုင်ပြီး နွားအမျိုးငှိကာနေမိပြန်သည်။ အကြွေလောင်းလှူပြီးပြန်ဝင်လာသော ဒေါ်ကြီးအေးကြွေကို ဘဘကြီးက ရုတ်တရက်လှမ်းမေးသည်။

'ဟဲ့… အေးကြွေ နင့် အမြီးရော ဘယ်မှာဝှက်ထားလဲ'

'ရှင်…'

ကြောင်စီစီဖြစ်ကာ နားမလည်ပါးမလည် ဖြစ်သွားသော ဒေါ်ကြီးပြုံးကြောင် ဒေါ်အေးကြွေအမူအရာကြောင့် သူမဘယ်လိုမှ တည်တည်မနေနိုင်တော့ပေ။

'ဘာမှ… မဟုတ်ဘူး၊ သွား… လုပ်စရာရှိတာလုပ်၊ နင့်အမြီးကိုတော့ ငါတို့ဟင်းအိုးထဲ ဖြတ်မထည့်နဲ့နော်'

www.burmeseclassic.com

www.burmeseclassic.com



ယောင်ပေပေဖြင့် ခေါင်းကုတ်ကာ ဒေါ်အေးကြွေက မီးဖိုခန်း ထဲဝင်သွားတော့သည်။ ဘဘကြီးနိုင်က အခဲမကျေပုန်ဖြင့် ကား သမားကိုပါ လှမ်းအော်သေးသည်။

'ကားဆရာ… ခင်ဗျာဘို့ကြီး ဘယ်နားမှာ သွားထားလဲ'

'တော်ပါတော့… ဘကြီးနိုင်ရယ်၊ တစ်ခြံလုံးလည်း နွားခြံ ကြီးဖြစ်တော့မယ်၊ နွားနို့ကုလား မျက်စိကျနေဦးမယ်'

ဘာတွေ ဓာတ်ပေါက်သွားသည်မသိ။ အဲ့ဒီနေ့က ဒေါ်ကြီး ငါးမြီးဟင်းချိုချက်ကျွေးသည်။ ထမင်းဝိုင်းမှာ ဘကြီးနိုင်က အစား အသောက်ပျက်အောင် ပြောပြီးနောက်ပြောင်သည်။

'ကျုပ်က… ငါးခေါင်းစားချင်တာဗျ ဒေါ်အေးကြွေရ'

သူပြောပုံအရဆိုရင် ကံစမ်းမဲပေါက်အောင် မိကျောင်း၊ ငါး မန်းတွေ အကောင်လိုက် ဝယ်စားရမလိုဖြစ်နေပြီ။

'ဘကြီးနိုင်… ထမင်းစားပြီးရင် လက်ကိုပြောင်အောင်ဆေး နော်၊ ဆပ်ပြာနဲ့… စင်ကြယ်အောင်၊ လူလစ်တုန်း ပါးစပ်နဲ့စုတ်ပြီး ပုဆိုးနဲ့မသုတ်နဲ့'

' မလုပ်ပါဘူး… အဲဒါမျိုး၊ မြက်ပင်နဲ့… သုတ်ရုံပါပဲ'

'အဲဒါမှ… ကြွက်ကိုက်လို့ အင်္ဂါမစုံဖြစ်နေဦးမယ်၊နောက် အိမ်ထောင်ထပ်ပြုမယ့် ရေရှည်စီမံကိန်းကြီး ဖျက်နေရဦးမှာ မြင်ယောင် သေးတယ်'

ဘဘကြီးက အေးဆေးသော အမူအရာဖြင့် အသောက်အစား မပျက်ပြန်ပြောပါသည်။

'အဲဒါတော့… မပူပါဘူး၊ တောင်ပေါ်ကရှမ်းကလေးတို့ လျှော်ထမ်းပြီး ပြေးမှာပေါ့၊ တိုတဲ့နေရာတို၊ ရှည်တဲ့နေရာ ရှည်ပဲ'

ပေါက်တိပေါက်ရှာ ပြောရမှာတော့ ဘကြီးနိုင်ကို တော်ရုံ ပြောမနိုင်ပေ။ အသက်ကြီးပေမယ့် မပျက်စီးသူလိုပင်။ လျှော့ပေါက်လို့ မရပေ။ ကိုယ့်ထက်တောင် သူက ပိုပြီးဗရုတ်ဗရက်ကျလို့နေသေးသည်။

'မိဝေ… ညည်းလည်း ထမင်းအများကြီးမစားနဲ့နော်၊ ဗိုက် ကြီးပူနေရင် ဗိုက်ခေါက်ထူလို့ ဂေါ်မစွံဖြစ်နေဦးမယ်'

www.burmeseclassic.com

www.burmeseclassic.com



'အယ်... ရပါတယ် နောက်အိမ်ထောင်ပြုဖို့ ကြိုးစားနေတဲ့ ...ကြီးသာ ကိုယ့်ကိုယ်ကို ဂရုစိုက်ပါ'

'လေသံကတော့ အိမ်ထောင်ရေးကိုစိတ်ကုန်သွားတဲ့ ဘာသာ ...ရေးသမား လေသံပဲ၊ ဟေး... ဟေး... ကြည့်ရသေးတာပေါ့'

တူဝရီးနှစ်ယောက်ဟာ အဲလိုပဲ အိမ်မှာနေရင်း လှည့်ပတ် ...ောင်းမြောင်းပြီး နှိပ်ကွပ်စကားနိုင်လုနေကြပင်။ အိုးပင်ပြိုင်ပွဲ တစ်ရပ် ...မှာ စကားနာထိုးမိကြသည်။ အကြောင်းမသိသူတွေအဖို့ စိတ်ပျက် ...သွားရလောက်သည်။

'ဘကြီး... ဘုန်းကြီးဝတ်ပါလား၊ မိဝေ... ရဟန်းဒါယိကာမ ...ဖြစ် ကုသိုလ်လိုချင်လို့ပါ'

'ရှာက... နင့်အစ်ကိုတွေ မောင်တွေလှမ်းခေါ်လိုက်လေ၊ ...ကြီးက... ကုသိုလ်အဖို့ဘာဂ ယူသွားစရာတွေများနေပြီး မနိုင်ဝန် ...ပြီး ခရီးဖင့်နေမှာစိုးရတယ်၊ လူငယ်တွေကို အလှည့်ပေးရမယ်၊ ...သိုလ်တွေ မျှဝေပေးရမယ်လေ'

အပြောကတော့ တစ်ပြားမှ မလျှော့သော သူမဘကြီးပင်။ ...ချာတိတ်တွေ သီချင်းပိုင်းက အဆိုအရဆိုရင် မူပိုင်ရှင်အဘကြီး ...ဘခိုင်ပေါ့။ အာဂ ဘကြီးခိုင်ပါလားနော်။ သူဘုန်းကြီး မဝတ်ချင် ...ာနဲ့ဘဲ တောင်ပြောမြောက်ပြော လျှောက်ပြောလို့နေသည်။

'အံမယ်... ကျုပ်ကိုကျတော့ ဘုန်းကြီးဝတ်ပါလားတဲ့၊ ဒီမှာ ...ဝေ... ညည်းသီလရှင်ဝတ်ရင်လည်း ကျုပ် အကုန်အကျခံနိုင်ပါတယ်၊ ...တ်လိုက်ပါလား... တစ်သက်လုံး'

အမှန်တကယ်တော့ ထိုအရာအားလုံးကို စွန့်လွှတ်နိုင်ရင် ...ားမှ သူမ ခေါင်းတုံးမကြီး မဖြစ်လိုပေ။ ဖြူပြာစွန် ခေါင်းတုံးမ ...ဖြစ်နေတာကို အပြတ်အသတ်လျှောင်ခဲ့မိ၍ ယခုအခါ ပြန်ပြီးဝဋ်လည် ...မှာ စိုးရိမ်မိနေသည်။ ကိုယ့်အလှည့်ကျမှ သူ့ကို အပြင်မှာ တကယ် ...တွေ့လာပြီး လက်စားချေနေရင်မခက်လား။ သူ့ရုပ်က တကယ် ...ခေါင်းလိမ်းဆီ၊ ဘီးနဲ့မှန်၊ ရွှေပြည်နန်းဘူးနဲ့ နှုတ်ခမ်းနီ ဝေရာဝစ္စအကုန် ...အကျခံ လှူလောက်သည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၃)

'မမကြီး...'

ရုတ်တရက် ခေါ်ဝေါ်လိုက်တဲ့ အသုံးအနှုန်းကြောင့်တုန်လှုပ်သွားပြီး သူမ ထင်လင်းအောင်ကိုကြည့်မိသည်။ မျက်ဝန်းတွေ အရောင်လက်သွားခဲ့ပါသလား။ မယုံမရဲမသင်္ကာသော အကြည့်ကို ပုဒ်မတပ်လို့ရသွားခဲ့ပြီလား။

'မမကြီးလို့... ခေါ်ရင် အနှံတီဝေစိတ်ဆိုးမှာလား'

သူမဘာမှ ပြန်မပြောမိသေးပေ။ ထင်လင်းအောင် တစ်ယောက် စိတ်ရှုပေါက်ပြီး သူမအနားရောက်လာတာကိုလည်း အံ့ဩနေမိသည်။ ဘယ်လိုမှ အချိုးမပြေ ထောင့်မကျိုးသော လူငယ် တစ်ယောက်ဟာ တစ်ဖက်သားကို လှည့်ဖြားစေနိုင်ဖို့ အစပျိုးနေတာလား။ မေးခွန်းပေါင်းများစွာ နားမလည်နိုင်ဖြစ်ရသည်။

'မမကြီး... စိတ်ဆိုးလည်း မတတ်နိုင်ဘူး၊ ကျွန်တော်က တော့... ခေါ်သင့်တယ် ထင်တာပဲ၊ တကယ်ဆို ကျွန်တော် ဆွေမျိုးတော်စပ်ပုံအရ အနှံတီအရွယ်ဖြစ်နေခဲ့တာပါ'

'နေပါဦး... မင်းဘာတွေလာပြောနေတာလဲ၊ မင်းက... ငါ့ကို မလေးမခန့် အထင်သေးချင်နေတာလား'

သူမ ဘုတောပြီး ကိုလူချောလေးကို စူးစမ်းကြည့်လိုက်ပါသည်။ သူက ဟန်ပါပါ တစ်ချက်ရယ်လိုက်ပြီး ခေါင်းခါသည်။

www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ဘူး… အထင်ကြီးတာ၊ မမဝေပဲ စဉ်းစားကြည့်လေ တကယ်ဆိုရင် ကျွန်တော်နဲ့ အသက်က ဆယ့်ငါးနှစ်ပဲ ကွာတာပါ၊ အဲဒီလောက်ကြီးရုံနဲ့ အသက်ကြီးပုဂ္ဂိုလ် အိုပယ်စာရင်းထဲထည့်လို့ ဘယ်ရမလဲ မမကြီးလို့ ခေါ်ခွင့်ပြုပါ'

'မင်းခေါ်ပုံကိုက… ငါအတော်ကြီးနေပြီ ထင်လင်းအောင်'

ရှသိုးသိုးဖြင့် ကမူးရှူးထိုးပြန်ပြောလိုက်တော့ သူအရှိန်တန့်သွားတယ်။ ခေါင်းကုပ်ပြီး ပြုံးဖြဲဖြဲရယ်သည်။

'ဆောရီးပဲဗျာ၊ ကျွန်တော်က… အဲဒီလိုခေါ်လိုက်ရမှ အားပါးတရ ရှိတာလို့ ယူဆမိလို့ပါ၊ တကယ်… ကျွန်တော့် မမကြီးအရွယ်မို့ ရှိတသေခေါ်တာပါ'

သူ့မဘာပြန်ပြောရမှန်းမသိအောင် အကျပ်ရိုက်သွားရပါသည်။ သူ့အလွန် မဟုတ်သလို ကိုယ့်အလိုလည်း မဖြစ်သေးပေ။ ဟိုမရောက် ဒီမရောက် ကတုံးကတ့ိုက် အခြေအနေကို ခေါင်းတုံးမတုံးရဘဲရောက်နေသည်။

'မမကြီးမှာ… အရွယ်တင်ငယ်နတဲ့ ဂုဏ်ပုဒ်၊ ငယ်မူ ငယ်သွေး၊ ငယ်ဂုဏ်ရှိတယ်၊ တကယ်ဆို… မမကြီးက လူကြီးအဆင်တွေ ဆောင်ပြီး မျက်မှန်ကြီးတပ်ထားလို့ပါ၊ မမကြီးက ကျွန်တော်မျက်လုံးထဲမှာ အသက်သိပ်မကြီးသေးတဲ့ မမကြီးပါဗျာ'

အရေးထဲ အချိုကြိုက်တဲ့ အမျိုးကိုလာပြီး မြှောက်နေပြန်ပါသည်။ ချတ်ဗရက် ပြောင်စပ်စပ်ကောင်လေးကို ဘယ်လိုတန်ပြန်ပြီး ရှက်ရမ်းရမ်းရရင် ကောင်းလေမလဲ တွေးတော အစရှာမရနိုင်ပေ။ ခေါင်းခါပြီး စုပ်တစ်ချက်သပ်ကာ စိတ်ပျက်လက်ပျက် ဖြစ်ရပါသည်။

'မမကြီးကို… အန်တီလို့ခေါ်ရတာ ကျွန်တော့်အနေနဲ့ စိတ်သေန့်ဘူး၊ အသက်အရွယ် ပိုင်းခြားပြီး ဘယ်လိုပြောရမလဲဗျာ၊ လူအတော်များများက အသက်ကြီးပြီ အိုပြီ၊ မနုပျိုတော့ဘူး ပြောရင် ကြိုက်သလိုပေါ့ မမကြီးကို… မမကြီးလို့ မခေါ်လိုက်ရရင် အားနာနေတော့မှာ'

www.burmeseclassic.com

www.burmeseclassic.com



သူမကို လူချောလေးကို မတတ်သာတောသည့်ဟန်ဖြင့် စိတ်လျှော့ကာ ရယ်ပြုံးမိတော့သည်၊ မိုးကျောင်းသားက လျှာရှည်ဖြင့် သာလိကာက စကားတတ်နေမှုကိုး။

'မင်း… အဲဒီလိုခေါ်လိုက်ရမှ တကယ်ကျေနပ်တာလား'

'ခေါ်သင့်ခေါ်ထိုက်လို့ သုံးနှုန်းခေါ်ဝေါ်ရမှ ကျေနပ်မှာပေါ့'

သူ့မဘာဝမှာ မလုပ်သင့်တဲ့ အလုပ်တွေလုပ်ရမှာ၊ လုပ်သင့် လုပ်ထိုက်တာတွေ မလုပ်ရမှာကို အများကြီးကြုံရမှာပါ။ သူမ နှလုံး သားကို ကိုင်လှုပ်ပြီး မသတ်သင့်ဘဲ အချစ်နဲ့ ထိုးစိုက်သက်သွားမှာကို စိုးရိမ်ကြောက်ရွံ့သလို ဖြစ်လာသည်။ အခြားတစ်ဖက်သော စိတ် အတွေးမှလည်း ရင်ခုန်တပ်မက်စွာ လိုလားခြင်းဖြစ်ပေါ်သည်။

'ဒါဆို… ဆန္ဒအမှန် မဟုတ်ဘဲ မြှောက်ပင့်တဲ့သဘောပေါ့ စိတ်ထဲက မပါဘဲ ပါးစပ်ဖျား လျှာဖျားလေးနဲ့ ခေါ်လိုက်တယ်ပေါ့လေ'

'ဟာ… မဟုတ်ဘူး မမကြီး၊ ကျွန်တော့်စိတ်ရဲ့ အတွင်းပိုင်း အနက်ရှိုင်းဆုံးက စိတ်ပါလက်ပါလာတဲ့ အမည်နာမပါ၊ နှလုံးသားထဲ က သိမ်မွေ့စွာ အမွှန်းတင်လိုက်တဲ့ ဂုဏ်ပုဒ်ပါဗျာ'

'မမဝေတော့… သိပ်မယုံချင်ဘူး အပြောလေးချိုပြီး မြှောက် ပင့်နေပြီဆို ဘာဝယ်ကျွေးခိုင်းမလဲလို့ သံသယဝင်တာ အကျင့်ပါနေဗျာ'

'အဲဒီလို… အကျိုးရလဒ်တွက်ချက်ပြီး ထိထိုးတဲ့ လူတွေ ထဲမှာ ကျွန်တော်မပါဘူး ကျွန်တော်က ထိပေါက်ချင်လို့ပါ၊ အဲ… အဟဲ ကံစမ်းချင့်ရုံ သက်သက်ပါ၊ မမကြီးကို… ခေါ်မိတာကလည်း လျှုဒါန်းချင်တဲ့သဘောနဲ့ ထိလက်မှတ်ဖြတ်လိုက်တာပါ'

ကြံကြံဖန်ဖန်တွေပြောတဲ့ နေရာမှာတော့ သူနဲ့ဘကြီးခိုင် အဆို တော် ခင်မောင်ထူးတို့ကို သီးသန့် အကြံဖန်ဂုဏ်းဖွဲ့ပေးရမလိုဖြစ် နေပြီ။ ကြံရည်ဖန်ရည်ရှိလွန်းလို့ ဘုရားပွဲဈေးမှာ ကြံရည်နှင့် ရေခဲ ကြမ်းရပြီလို့ အော်ရောင်းခိုင်းရမည်။

'ဒီနေ့ကစပြီး… အသက်ကြီးကြီး အပျိုဟိုင်းကြီးအန်တီဆေ မဟုတ်တော့ဘူး မမကြီးလို့ ခေါ်မယ်နော်'

www.burmeseclassic.com

www.burmeseclassic.com



'ခေါ်ချင်သလိုခေါ်… သဘောပဲ၊ တစ်ခုတော့ရှိတယ် မမ အောက်မှာ ဝဆွဲမတပ်ကြေး'

မနေတတ် မထိုင်တတ် အနေခက်လာသလိုလို ဖြစ်လာ၍ အရှက်ပြေ ပြောရင်း ပြီးပြီးရော သဘောထားလိုက်ရသည်။ စိတ်ကျေ နပ်ချမ်းမြေ့သွားရသူ တစ်ယောက်လိုသူက သဘောတကျပြုံးပါသည်။ သူ့မျက်ဝန်းတွေက လင်းလက်အေးမြလို့ ကျေးဇူးတုံ့ပြန်အရိပ်တွေ ဆင်ဟပ်ကာ ကြည့်သည်။ ဘယ်လိုအကြည့်မျိုးလဲ။ စူးရှလက်ပလိုက် တာ။ ဒီလို အကြည့်မျိုး သူ့ဘဝမှာ ပျောက်ရှနေခဲ့တာလည်း ကြာချေပြီ။ အကြည့်သူခိုးလည်း မဟုတ်လို့ ရှက်ရွံ့ရင်ဖိုဖွယ်ရာ သင်္ကာမကင်းဖြစ် ရလည်း မလို။ မျက်လုံးကျွတ်ကျမတတ် ခေါ်တောအကြည့်လည်း မဟုတ်လို့ စက်ဆုပ်မြင်ပြင်းကပ်ဖွယ်ရာလဲ မကောင်းလှပေ။ သူ့ အကြည့်တွေက ကြယ်အလင်းတန်းကလေး ဖြတ်ကြွေသွားသလို၊ တတိဖြူစင်တောက်လက်လို့ ရင်ဖိုလှိုက်မောစေရသည်။

'မမကြီးနဲ့… မောင်လေးဖြစ်သွားပြီဆိုတော့ ပိုပြီးရင်းနှီး တွေးနွေးတာပေါ့၊ လွန်တာရှိရင် ဝန္ဒာမိဆုံးမလို့လည်းရတယ်၊ ပြီးရင် စိတ်ဆိုးစရာ ဒေါသဖြစ်စရာရှိရင်လည်း ခွင့်လွှတ်ပေးလို့ရတာပေါ့'

ရယ်ဖြဲဖြဲနဲ့ကိုယ်တော်ချောက လိုရာဆွဲ၍ ပြောနေခြင်းဖြစ် သည်။ လက်စသတ်တော့ လျှာဒါန်းဖို့၊ ကံစမ်းချင်လို့မဟုတ်ဘဲ သိန်းဆု ကြီးမျှော်မှန်းပြီး ထီလက်မှတ်ဖြတ်နေတာပဲ။ ဒီယုန်မြင်လို့ ဒီချုံထွင် နေတာပဲ မဟုတ်လား။ ဘာထူးသေးလဲ။ လူကြားကောင်းအောင် အမင်းစားတယ် ပြောရတာ။ တကယ်တော့ ဆန်စေ့၊ စပါးစေ့ကို ဖြုတ်စားနေရတာပဲ။ ငါးပိရည်နဲ့ တို့စရာလို့သာ ပြောနေကြတာ။ တကယ်တမ်းကျတော့ ငပိပုပ် အရည်ကျိုသောက်နေတာ။ အသီးအရွက် နုယ်၊ အမှိုက်တွေ ဝါးစားနေကြတာ။ လူကြားကောင်းအောင် လူကြား ကောင်းအောင်တွေ အများကြီးရှိသေးတယ်၊ ပြောရရင် ကုန်မှာမဟုတ် ဘူး။ လူကြားကောင်းအောင် ပိုက်ဆံလှည့်ချေးကြသည်။

'ထင်လင်းအောင်… ထင်လင်းအောင်… လက်စသတ်တော့

www.burmeseclassic.com

www.burmeseclassic.com



မင်းဟာ ဆိုးချင်၊ ပွေလီချင်လို့ မမဝေကို လာဖားနေတာပဲကိုး၊ မင်း မေမေကို… ပြန်တိုင်မှာ မင်းစိုးရိမ်လို့မို့လား'

'ကျွန်တော် အဲလိုတော့ မလိမ်တတ်ပါဘူး၊ ပွင့်ပွင့်လင်းလင်း ပဲ၊ မှားရင်မှားတဲ့ အတိုင်းဝန်ခံရဲတယ်၊ မမကြီးကို တကယ်ရိုသေလို့ အမကြီးအရာမှာ ထားပြီးခေါ်တာပါ'

'ဖြစ်မှဖြစ်ရလေ၊ မင်း… အစ်မတစ်ယောက်အနေနဲ့ မင်း ပြဿနာတွေကို မမဝေက လိုက်ရှင်းရမယ့် သဘောလား'

'ထမင်းစားရေသောက် နည်းနည်းပါးပါးပါ မမကြီးကလဲ ဒါတွေက… မိုင်နာလောက်ပဲရှိမှာပေါ့'

နှာခေါင်းလေး ရှုံ့ကာ သူပြောလာသည်။ ပုံစံကြည့်ရတာတော့ ဂျင်မီအောင်နက်ထက် နှစ်ဆ ပိုမိုကိုင်တွယ်ရခက်မည့်သဘောပင်။ အောင်နက်မှန်သမျှ တော်တော်ဆိုးကြသည်။ ထိန်းသိမ်းရခက်တာချင်း အတူတူ အမြီးထွက်သည့် အောင်နက်ကမှ ချည်ထားတုပ်ထားလို့ရ သေးသည်။ ရိုက်မောင်းပုတ်မောင်း လုပ်ရင်စကားနားထောင်သေး သည်။ သူကတော့ ပြန်မပြောနားမထောင် ဖွတ်တရွတ်လုပ်မည့်ဟန် အရိပ်အယောင် ကိုယ်ရှိန်ကိုယ်ဝါတွေ တောက်လို့နေပါသည်။

'ကျွန်တော်ရဲ့… မမကြီးလို့ ပထမဆုံးစတင်ပြီး အမည်ပေး ကင်ပွန်းတပ်မှာ တစ်ခုခုကျွေးရမှာပေါ့၊ မီးဖိုထဲမှာ ဘာစားစရာရှိလဲ မိုက်ဆာလို့'

'အောင်မာ… မင်းကကျွေးရမှာလား မမဝေက ကျွေးရမှာ လား၊ မင်းဟာမင်း… လူကိုလာခေါ်ပြီးတော့ ထမင်းစားမလား ခေါက်ဆွဲစားချင်လား၊ ခေါ်ကြီးကို… ပြင်နိုင်းလိုက်မယ်'

'တကယ်… ခေါက်ဆွဲကို ပြောတာနော်'

သူက ခေါင်းကို ခေါက်ပြပြီး ဆံပင်ကိုဆွဲလေဟန် ပြသပြီး ပြုံးဖြီးဖြီးနဲ့ ရယ်မိသေးသည်။

'တကယ်… ခေါက်ဆွဲပါဟဲ့၊ လက်ဆစ်နဲ့ခေါက်ပြီး ဆံပင် ကို မဆွဲပါဘူး၊ သူ့အတွက်ကျ စိုးရိမ်တတ်လိုက်တာ ယောက်ခဲ့ ခေါက်ပြီး မီးညှပ်နဲ့ ဆွဲရုံပဲဆွဲမှာ'

www.burmeseclassic.com

www.burmeseclassic.com



တည်တည်ခန့်ခန့် ပိပိရိရိပင် ပြန်ကျပ်လိုက်သည်။ သတော့ ကောင်းသူကို အစိုးရိမ်ကြီးအောင် ခြောက်လှန့်တာ အရသာမြိန်လှသည်။

'မမကြီးက… ဟိုဒင်းလား…'

လက်ညှိုးက တောင်ထိုးမြောက်ကော်နဲ့ အရင်းမရှိအဖျားမရှိ ပြောလာပြန်သည်။ စိတ်ပျက်လက်ပျက် အမူအရာဖြင့် သူမကမန်းကတန်းငြင်းဆန် ဟိန်းဟောက်မိတော့သည်။

'ဟဲ့… ဘာဟိုဒင်းလဲ၊ မင်းနော်… ငါ့ကို တောင်ပြောမြောက်ပြောနဲ့ ပေါက်တတ်ကရ ပြောဖို့ မကြိုးစားနဲ့၊ အစ်မကြီးကို မစော်ကားနဲ့ အရောဝင်တိုင်း ရောင့်မတက်နဲ့'

တကယ်က ခွေးလေးအရောဝင်နိုင်းပြီး ပါးလျက်နားလျက် တယ်ပြောမလို့ပဲ။ အလျင်အမြန် စကားလမ်းကြောင်းလွှဲပြီး စကားမှုပြောင်းလိုက်ရတယ်။ မလှုပ်သာ မလူးသာ လက်မတင်လေး ကပ်လွတ်သွားလို့ အသက်ရှုချောင်ရတာ။ မာန်တင်းကာ မျက်စောင်းချိပြီး သူ့ကို ရင်ဆိုင်လိုက်ပါသည်။ သူ့ကတော့ အပြုံးမပျက် ကတုံးလက်ဖက်လေးကို အလှူပွဲမှာ တင့်တယ်နေဆဲပင်။

'ဩော်… မဟုတ်ပါဘူး၊ ကျွန်တော်ပြောချင်ဖော မျှားသွားလို့ လောသွားတာ မမကြီးက ဘွဲ့လွန်နဲ့ ကျောင်းပြီးထားတာလားလို့၊ ဟဲ… ဟဲ…'

ယခုမှပဲ နံရံမှာချိတ်ထားသော ဘွဲ့ရဓာတ်ပုံကိုကြည့်ပြီး သူ အမောတကော မေးတာမှန်း သိရတော့သည်။

'ဟဲ့… ငါက အခုမှ(၃၅)ပဲရှိသေးတာ၊ လူလတ်ပိုင်း၊ လူငယ်ပဲ လူငယ်၊ ပြောတတ်ဆိုတတ် အမှားတွေနဲ့ အမှန်ပြန်ပြီး ရင့်ကျက်နေတဲ့ လူငယ်၊ ဘာလို့လူကြီး ဗီသရုမှာလဲ'

သူမကလည်း သဘာဝအတိုင်းပင်။ လူကြီးလို့ ခေါ်ဝေါ် သမုတ်ကာ ရိုးလိမ်မြင့်လျှင် လုံးဝမကြိုက်ပေ။ အမြဲတမ်း(၁၈)နှစ် အပျိုလေးအဖြစ်သာ နုနယ်ပျိုမျစ်ချင်တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



'မမကလည်း… ဒါဆို ဆယ်ကျော်သက်တွေ အောင်မြင်မှု ရနေတာကျတော့ ဘာသွားပြောမလဲ၊ သူတို့က လူငယ် မဟုတ်ဘူး လား'

'မဟုတ်ဘူး၊ သူတို့က… သိပ်နားမလည်သေးဘဲ မှားဆဲ ဖြစ်နေကျတဲ့ ကလေးတွေ၊ လူငယ် မဟုတ်သေးဘူး'

ကပ်ကပ်သတ်သတ် အခြေအတင် ပြောလိုက်တော့ သူ ခေါင်းရှုပ်သွားဟန်ဖြင့် ခေါင်းကုပ်ပါသည်။ မအိမသာ မျက်နှာထားမှာ အကျပ်ရိုက် စိတ်ရှုပ်နေဟန်ပေါ်လွင်သည်။

'ငါ့မှာ… နဂိုရ်အနေ အရွယ်ဆိုပြလို့ အားကျငေးမောပြီး လှတကာက မမဝေလို့ပဲ ခေါ်ကြတာ၊ မင်းနဲ့တွေ့မှပဲ မမကြီးဖြစ်ရတာ မင်းပါးစပ်ဆော့လို့ ငါတော်တော်ကြီးသွားပြီ'

အပြစ်တင်လေဟန် ရေရွတ်အပြစ်ဖို့ စကားဆိုလိုက်တော့ သူက ဝမ်းသာကျေနပ်သွားပုံရသည်။ ဘယ်လို လူစားနဲ့မှ လာတွေ့နေ ရပြန်သည် မသိပေ။ တွေ့လိုက်၊ ကြုံလိုက်ဆုံလိုက်ရသမျှ ဇော်ထွေ ချည်းပင် ဖြစ်လို့နေသည်။

'ဩော်… မမကြီးက အကြီးကြီးပဲကိုး၊ သေမင်းကြားသွားရင် သတိထားတော့မှာ'

'မကြောက်သေးဘူး၊ သေမင်းက… အသက်ကြီးလို့ ဇရာအိုလာခေါ်တာမှ မဟုတ်တာ၊ မင်း… အသက်ဘယ်လောက်ပဲငယ်ငယ် ရောဂါကြီးရင် စိတ်တွေအိုရင် လာခေါ်မှာပဲ'

ထင်လင်းအောင်က သူမပြောဆိုသည့် အမူအရာကိုကြည့်ပြီး မျက်လုံးပြူးပြသည်။ ကြောက်ချင်ဟန်ဆောင်ပြသည်။

'ဘာလဲ… သေရမှာ၊ သေမျိုးကြီးပဲ ကြောက်သွားပြီးလား'

'မကြောက်ပါဘူး၊ အခုချိန်မှာသေသွားလည်း ကောင်းတာပဲ လေးလေးလို ငယ်ငယ်ရွယ်ရွယ် သေသွားတော့ ကိုယ့်အောက်က ချာတိတ်တွေက ကိုကိုကြီး မမကြီး ခေါ်တာမခံရတော့ဘူးပေါ့'

မထိခလုတ်စကားကြောင့် သူမ ဆွေ့ဆွေ့ခုန်ကာ ခြေဆောင့်

www.burmeseclassic.com

www.burmeseclassic.com



လသည်။ သူဟာသူ သေတာ အေးဆေးမသေဘူး သူ့မ အသတ် ပြီး အိုမင်းတာကိုပါ ဆွဲထည့်သွားသေးသည်။

'သနားစရာပဲ၊ ဂျပန်ပြည်မှာ အသက်ရှည်ဖို့ စီမံကိန်းချမှတ် ပြီး အကောင်အထည်ဖော်နေတာ မင်းမသိဘူး၊ ကမ္ဘာ့အသက်ရှည် လူမျိုး၊ အသက်အရှည်ဆုံး လူသားတွေ ဘယ်လောက်ဂုဏ်ယူစရာ ကောင်းလဲ'

'အလကားပါဗျာ၊ သဲသရာဝဋ်ဆင်းရဲက မလွတ်ကျွတ်နိုင်တာ ဝဋ်ခင်းရဲ့ကာလယန္တရား ပိုမိုရှည်လျားတာကြီး'

ခက်ပါပြီကော။ အခုမှ အသက်ရှည်တာနဲ့ အသက်တိုခြင်းကို သူမသာ ကိုယ်အသုဘ အနိုင်ကျဲလုပြောနေမိသည်။ အပြိုင်အဆိုင် အနိုင်လုလို့ ပြိုင်ဆိုင်နေပါသည်။

'သက်ကြီးပူဇော်ပွဲပဲ ရှိတယ်၊ အသက်ငယ် ပူဇော်ပွဲဆိုတာ မရှိဘူး၊ မင်းမှတ်ထားစမ်းပါ'

'လူငယ်ဝဲလ်ကမ်းပွဲ ရှိတယ်၊ လူကြီးဝဲလ်ကမ်းပွဲ မရှိဘူး၊ ထိုသေမင်းက... သင်္ချိုင်းကုန်းက ကြိုဆိုလိမ့်မယ်'

'ဘာရယ်... လူငယ်တွေက ဝဲတွေကိုလက်ဆင့်ကမ်းပြီးပွား အောင် တာဝန်ယူနေတယ်လား'

'ဟာဗျာ... ဘယ်ကလာ၊ ဝဲလ်ကမ်း... ကြိုဆိုတာပါဗျာ'

ခန့်တဲ့တဲ့လောင်၍ ကပ်ကပ်ဖွဲ့ဖွဲ့ ပြောကာရယ်လိုက်ပါသည်။ အားအေး စစ်ပွဲကတော့ သိပ်အစာမကြေချင်သေးပေ။ လူကြီးသူမ ကို ထိုင်စော်ကားနေသော သူနှင့်မှ ထိပ်တိုက်လာတွေ့နေရသည်။ အသက်ကြီးရင့်ကျက်ဖို့ ရှည်လျားဖို့ဆိုတာ လွယ်တယ်မှတ်လို့။ ပါရမီ ရှိလို့ ကြီးရတာ။ တစ်နေ့ သူကလည်း လူအိုဖြစ်လာကာမှ အိုမင်း ရင့်ရော်ခြင်းဇရာကို ကိုယ့်ချင်းစာ နားလည်ပေလိမ့်မည်။

'ဘာပဲဖြစ်ဖြစ် ခင်းလည်း တစ်နေ့တော့ ငယ်ငယ်ရွယ်ရွယ်နဲ့ မသေဘူး ဆိုရင်ပေါ့ ငါ့လို အသက်ကြီးရင့်ခြင်းကို မလွဲမသွေကြုံရမှာ ပဲ ထက်လင်းအောင်ရယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ်… ကြုံရမှာပါ၊ လူအိုတွေကို… ကျွန်တော် တရားဟောမှ အကြောင်းနားမထားလို့ ပြောတာမဟုတ်ပါဘူး၊ ကျွန်တော်က ပိုတောင်ထားနိုင်သေးတယ်၊ ဘာဖြစ်လို့လဲဆိုတော့…'

သူကစကားကိုတစ်ဝက်တစ်ပျက်နဲ့ ဖြတ်ထားလိုက်ပြီး သူ မျက်ဝန်းတွေကို လှမ်းကြည့်တယ်။ အကြည့်ချင်းအဆုံမှာ မလုံသေ မျက်ဝန်းစိတ်တံခါးကို လိုက်ကာချသွားတယ်။ မျက်လွှာချပြီး ခေါင် ငိုက်စိုက်ချပစ်လေရဲ့။

'ဘာဖြစ်လို့လဲဆိုတော့ ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား ငယ်သူကိုသနား၊ ညာတာတတ်တဲ့ ဗုဒ္ဓဘာသာဝင်တစ်ယောက်မို့ပါ မမကြီးရယ်'

အတန်ကြာတဲ့ဆိုင်း စဉ်းစားနေပြီးမှ သူ့ပါးစပ်က ထွက် လာတဲ့စကားပင်။ သူ့မှာ အသက်ကြီးရွယ်အိုတွေကို စောင့်ရှောက် ဖေးမကူညီရမယ်၊ ပစ်ပယ်မထားရဘူးဆိုတဲ့ အသိကလေးတော့ ရှိ သားပဲ။

'မမကြီးသိလား၊ တစ်နေ့ ငါသည်မလွဲအိုရမည်၊ နာရမည် သေရမည်ဆိုတာ၊ ကျွန်တော့်… လေးလေးဆုံးပြီးကတည်းက ရေ မှာဖတ်ခဲ့ရတယ်၊ ယခင်တောင်တွေမှာ ဖတ်ခဲ့ရတယ်၊ ကျွန်တော် သိ တယ်၊ ကျွန်တော်လည်း… အိုရ သေရ နာရမယ့်သူပါ'

'သံဝေ… အကျွတ်တရားတွေ ဆင်ခြင်မိပြီပေါ့'

'မသေခင်… မိန်းမလေးတော့ ယူသွားချင်သေးတယ်၊ ဒါ ပြည့်ပြည့်ဝဝ… အိုလို့ရမှာလေ'

မြင်ပြင်းကတော်မွှယ်ရာ အပြုံးကို မျက်စောင်းလက်နက်သုံး လိုက်ပါသည်။ မုန်းစရာကောင်းလိုက်တာ။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၄)

ပန်းအလှကို မြတ်နိုးသော၊ ဝတ်ရည်ကို ခုံမင်သော ကိုရွှေ ယိမ်ပြာဟာ မမျှော်မခေါ်ဘဲ ဝဲလည်လှည့်လို့ လာရောက်နားခိုလေပြီ။ ဆေးစောင်းစောင်း ရစ်ဝဲဝဲဖြင့် ထင်လင်းအောင် သူမထံပါး ချဉ်းကပ် ရောက်ရှိလာသည်။

'မမကြီး… နေကောင်းလား'

ရိသွဲ့သွဲ့ ပြုံတီတီနဲ့ ကလေးဆိုးလေးလို ချွဲနွဲ့ဖို့ဟန်ပြင်ကာ သူရောက်လာခြင်းပင်။ စိတ်ကသိကအောင့် ဖြစ်ရအောင် ဘာတွေ လုပ်တိုက်ဖို့ ဟန်ပြင်လာလေသည် မသိပေ။

'နေကောင်းကောင်း… မကောင်းကောင်း… နင့်အပူပါလား'

'သက်ကြီးရွယ်အိုကို ဂရုစိုက် ဖေးမရမယ်လေ၊ မမကြီး… မြို့ထဲကို တစ်ယောက်တည်းလျှောက်မသွားနဲ့နော်၊ ဆူးလေ မသွားနဲ့'

'ဘာဖြစ်လို့လဲ… သွားရမှာပဲ၊ မွေးကတည်း တစ်ယောက် တည်း မွေးလာတာပါ အောင်ရယ်၊ မင်းသတိပေးစရာ မလိုပါဘူး'

'မဟုတ်ပါဘူး… မမကြီးရဲ့၊ ခိုတွေ တက်နင်းတာခံရလိမ့် မယ်၊ မျဉ်းကျားကူးရင်လည်း ကျွန်တော့်လက်မောင်းကို ကိုင်ကူးမှ စိတ်ချရမှာပေါ့'

'သေလိုက်ပါလား… နင့်လက်မောင်းကို မှီခိုမဲ့အစား မော် ဆော်ပီကယ် ကူညီပါရစေပဲ အားကိုးလိုက်မယ်'

www.burmeseclassic.com

www.burmeseclassic.com



ဆတ်ဆတ်ကြဲ အထိမခံဘဲ ပြန်ပြောလိုက်၊ မခံချိမခံသာ အောင် အနိုင်လုပြောလိုက်၊ သူတင်ပြန် ကိုယ်တစ်လှည့်ပင်။ အဲဒီ ငြိမ်းချမ်းနွေးထွေးသော အရောင်က ထင်လင်းတောက်လဲ့တာ။

'အဲဒါတွေ… ခက်တာပေါ့ မမကြီးကလဲ၊ အိုင်ဒီယာတွေ ပြီး အန်းတိတ်ဖြစ်နေပြီလို့ ပြောရင်လည်း မကြိုက်ဘူး၊ လူရင်း ယုံစမ်းပါ'

'ဘာလာလုပ်ပြန်ပြီလည်း… အောင်ရယ်၊ နင်လာရင် လန့်တယ်၊ နင်က ဂဂျိဂဂျောင်ကောင်'

'မမကြီးကလည်းဗျာ၊ ပြေးကြည့်မှ ဒီလူပဲရှိတာ၊ မကြော ပါနဲ့၊ ကျွန်တော့်လက်ထဲမှာ လေးခွရှိရင်တောင်မှ မိုးပေါ်ထောင်ပစ် ပါဗျ'

အမြင်ကတ်ကတ်ဖြင့် မျက်စောင်းလှလှလေး ထိုးပစ်လို ပါသည်။ ဟိုတစ်လောကလည်း အင်ဂျင်နီယာ လူပျိုသိုးကြီး တစ်ယောက်နှင့် မိတ်ဆက်ပေးပြီး သူကကြားထဲက ပိုးကြေးပန်းကြေး အဖြစ် BMX တစ်စီး အချောင်အုပ်ကာ စီးသွားသည်။ အဲဒါကြော သူလာရင် သတိထားဆင်ခြင်နေရတာ။ သိပ်ယုံရတာ မဟုတ်ဘေ စပ်ဖြီးဖြီးမျက်နှာ အမူအရာက ဆင်ကြံကြံလာပုံပေါက်နေ၍ ခပ်လ လန့်ပင် ရှိန်နေရသည်။

'မမကြီးနဲ့… အောင်က မောင်နှမအရင်းတွေ မဟုတ်ပေမ မောင်နှမထက်မက ခင်မင်လေးစားပါတယ်'

'မလွဲမရှောင်သာပါဟယ်၊ နင့်အမေရှေ့… ငါမျက်နှာမပျ ချင်လို့၊ နင့်မှာ ခင်မင်စရာ တစ်စက်မှ ရှိတာမဟုတ်ဘူး၊ အော်ကြေ လန်'

'ဘယ်ဆိုးလို့လည်း… မမကြီး ခေါ်သလို ကျွန်တော့်အမ ကို အောင်ကြောလန်လို့ ပြောင်းရမယ်'

ထင်လင်းအောင်က အင်္ကျီကော်လံလေးကို ကိုင်ကာ ဂုဏ် ဝံ့ကြွားဟန်ဖြင့် ပြန်ပြောသည်။ သူ ကျေနပ်နေတာ မြင်ရင်လည်

www.burmeseclassic.com

www.burmeseclassic.com



မှုမပျော်ပါသည်။ ကြည်နူးရင်ခုန်စိတ်တွေ ပြည့်ဝစွာဖြင့် ပီတိဖြာဝေ ပြီး သူ့အပျော်ကို မိတ္တူကူးယူနိုင်ပါသည်။

'ကဲ… ဆို၊ ဘာကိစ္စလဲ၊ ဒီတစ်ခါ… ဘယ်သင်္ဘောသားနဲ့ အောင်သွယ်တော်မြားနတ်မောင် လုပ်ဦးမလို့လဲ'

သူက မျက်နှာလေးတည်ကာ စကားပြောဖို့ အရှိန်ယူလေ သည်။ နှုတ်ခမ်းတစ်ချက်ပြင်ပြီးကာမှ မပြောသေးဘဲ နှုတ်ခမ်းစေ့ကာ မှုမ အရိပ်အချည်မျက်နှာကို အကဲခတ်သေးတယ်။ ပြီးမှ ပိုင်ပိုင်နိုင်နိုင် ပြောတော့သည်။

'ဘယ်သင်္ဘောသားနဲ့မှ… မဟုတ်ပါဘူး၊ မာလသားနဲ့လေ၊ ဟဲ… ဟဲ… အလကားနောက်တာပါ၊ အောင်သွယ်တော်မြားနတ် မောင်လုပ်ရမှာပေါ့ဗျာ၊ မမကြီးကို အစွံထုတ်ပေးရမှာ'

'မလိုပါဘူး အောင်ရယ်… မမဝေက နေသားကျနေပါပြီ'

ရတာမလို လိုတာမရခဲ့ပေါင်းလည်း များပြီ။ ဓိဇာကြောင်ချေး ကြီး)များတယ်ပဲဆိုဆို ဒီအတိုင်း စိတ်အေးလက်အေး နေချင်မိတော့ သည်။

'သံသရာ ဘဝရထားကြီး တစ်ယောက်တည်း စီးသွားမလို့ လား မမကြီးရယ်၊ မလုပ်လိုက်ပါနဲ့၊ ကူဖော်လောင်ဖက် ဆေးပေး သူဆိုတာ လိုအပ်တယ်လေ'

'ဘာလဲ… မမကြီးက အပျိုကြီးများ လူအိုရုံရိပ်သာ တည် ထောင်မလို့လား၊ မမကြီးကို… အောင်က အန်တီဝေလို့ မခေါ်တော့ ဘာကြည့်တော့၊ မမဝေ… အသက်က အဲလောက်ကြီး မကြီး သေးပါဘူး၊ စိတ်မလျှော့ပါနဲ့၊ အရွယ်လက်ကျန်ရှိတုန်း နောက်ဆုံးပိတ် စီတ်နဲ့ လွှယ်စမ်းပါ'

အခုမှ အချစ်ပွဲစား မြားနတ်မောင်နဲ့ လာတွေ့နေရတယ်။ ကြုံဖူးပါဘူး။ နေမင်းက ကိုယ့်အပေါ် အလင်းပေး ပူလောင်စေသည်။ ထိုယ်က ပြန်ပြီး အလင်းပေးပူလောင်အောင် လက်စားချေခွင့်ကတော့ မှုတွေ မရရှိနိုင်ပေ။ သဘာဝဘက်မျှမှုကို ညအခါ လသာသာမှာ

www.burmeseclassic.com

www.burmeseclassic.com


ပြန်ရှာယူရမည်။ နယူတန်၏ အပြန်အလှန် တန်ပြန်နိယာမကို ဘယ်
သက်သေပြရမှာလဲ။ အကောင်းဆုံး အထိရောက်ဆုံးနဲ့ ပေါ်လွ
ထင်ရှားဆုံး ဖြစ်ရအောင်။

သူမကတော့ သူ ပြောနေသော စကားကို မကြားလေဟ
မျက်နှာလွှဲထားကာ နားထောင်နေမိသည်။

'ဘာပဲဖြစ်ဖြစ်… ကျွန်တော်ကတော့ အောင်သွယ်တော် မြ
နတ်မောင်လုပ်မှာပဲ၊ မမကြီးကို အပျိုကြီးအဖြစ်က ကျွတ်လွတ်ပြ
အရောင်းစွံအောင် ပွဲထုတ်ပေးရမှာပဲ'

'ခက်တော့တာပဲ… အောင်ရယ်၊ မင်းကို့သားအမိတွေ ငါ့
အနေကျပ်အောင် သိပ်လုပ်တာပဲ၊ စင်သီကလည်း မြှောက်ပေးတယ်
မင်းကလည်း ကြေးစည်ထုပြီး အရောက်ပို့တယ်'

သူမ စိတ်ပျက်စိတ်ရှုပ်ဟန်ဖြင့် ညည်းညူပြီး ပြုံးစစ ရ
အမ်းအမ်းကာ ပြောလိုက်သည်။ သူမရဲ့ စိတ်အကွင်းကို ထွင်းဖော
မြင်လေပြီလား မသိပေ။ ထင်လင်းအောင်က သူမကို မသိကျိုးကျွ
ပြုကာ ဖွတ်တရွတ်ပင် အောင်သွယ်တော် ဖူးစာရေးနေတော့သည်
အောင်သွယ်တော်မြားနတ်မောင် ဖူးစာနတ်က သူကိုယ်တိုင်ပင်။ သ
ပစ်မည့်မြားက မည်သူ့ကို ချိန်ရွယ်ထားသည် မသိပေ။

ချဉ်ချဉ်တူးတူး မူးရင်ပြီးရောလား။ အိုနှာကျိုးကန်းကြီးလာ
အကျနာသော လက်ရွေးစင်လက်ဖွဲ့သမားကြီးလား။ စိုးရိမ်ဗျာပါဒဖြ
သောကများ ရင်ခုန်ရပါသည်။ မဟုတ်တရုတ်၊ မတော်ကရော်တွေ
ဇာတ်လမ်းဆင်ပြီး အကွက်ဆန်းထွင်လာမှ ခက်ပေဦးတော့မည်
ခုနစ်အို ရှစ်အိုကြီးဖြစ်နေရင် မခက်ပေဘူးလား။ ကြောင်ခံတွင်းပျ
ကြီး ဖြစ်နေမှာလား။

'မင်း… ပေါက်ကရတွေ လျှောက်ကြံမနေနဲ့၊ ငါက သိပ်
ဝင်စားတာ မဟုတ်ဘူး'

'ပေါက်ကရ… လုံးဝမဟုတ်ဘူး၊ ထူးရှယ်ဖြစ်စေရမယ်
လူငယ်ခြေတက်ထဲက နုနုထွတ်ထွတ်ကလေး'

www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒါတွေက ပိုဆိုးတယ်၊ အခုခေတ်က လူသာငယ်တာ သိပ်တတ်ကြတာ၊ လူကြီးလေး ကျနေတာပဲ။ ငယ်ငယ်ရွယ်ရွယ်နဲ့ ကျယ်တဲ့ စကားတွေပြောပြီး ကြော်ငြာရိုက်နေတဲ့ ခေတ်ပင်။ လူတောသားလေးကို စားချင်ရင် ဗိုက်ဖောက်မနေပါနဲ့၊ ယိုကျွေးမှာပေါ့ဆိုတာချည်းပဲ။

'မမကြီးကို… ဒီတစ်ခါ အောင်သွယ်တော်လုပ်ပေးမယ့်သူ ဘယ်သူလဲဆိုတော့'

'တော်ပါတော့ဟယ်… နင်ကြိုးစားတာလည်း အလကားပဲ၊ ဝေက ဘာမှ စိတ်မဝင်စားဘူး'

စိတ်အိုက်လှသဖြင့် သူမတားယူသည်။ သူမကို တည်တည်ကြည့်ကြည့်ကာ သူက အရေးမစိုက်ဟန်ဖြင့် ဆက်ပြောပါသည်။

'မမကြီးကို… အောင်သွယ်တော်မြားနတ်မောင်လုပ်ပေးရမယ့်သူတာ ကျွန်တော်ကိုယ်တိုင်ပဲ'

'ဘာရယ်… '

သူမ ရုတ်တရက် ကုန်လှုပ်အံ့သြစိတ်ဖြင့် ပြူးကြောင်ကာ ထင်လင်းအောင်ကို ကြည့်မိသည်။ ရိုးသားရိုဝေသော ရွှန်းရွှန်းလဲ့လဲ့ မျက်ဝန်းတစ်စုံဖြင့် သူရင်ဆိုင်နေသည်။

'ဟုတ်တယ်… မမကြီး၊ အောင့်ကို ချစ်ခွင့်ပေးပါ၊ အောင် မမကြီးရဲ့ သင်းကွဲအဖော်မဲ့နေတဲ့ဘဝကို ကြည့်ပြီး သနားလည်း သနားတယ်၊ ပြီးတော့ မမကြီးကို ချစ်မိလို့ ခံစားပူလောင်ရတာအတွက် ကျွန်တော့်ကိုယ် ကျွန်တော် ပြန်သနားမိတယ်၊ အောင့်ကို ချစ်ပါနော်'

သူမမျက်ဝန်းထဲ ကြေကွဲစွာ ဝမ်းသာအရည်လဲ့သွားသည်။ ရိပ်စွန်းခိုနေသော မျက်နှာကို လွှဲဖယ်ငုံ့ဝှက်မိသည်။ တဆတ်ဆတ် တုန်ယင်နေသော နှုတ်ခမ်းသားလေးကို တင်းတင်းစေ့ပြီး ခေါင်းခါမိသည်။ သူမ ထင်လင်းအောင်ကို မမြင်တော့ဘူး။ ဒါပေမဲ့ အိပ်မက်ထဲက ထင်လင်းအောင်ကို မြင်နေရသည်။ သူမ သုံးဝ မယုံဘူး။

www.burmeseclassic.com

www.burmeseclassic.com



လုံးဝ မဖြစ်နိုင်တာပဲ။ ဒါဟာ သူမကို အောင်က ညာနေတာ။ လိမ်
တာ။

အသုံးချနေတာပဲ။ ရှေ့ပြေးအိမ်မက်နိမိတ်တွေက တကယ်ထ
ဟပ်လာပြီ။ နောက်ဆုံးမှာ သူမကို ညာပြီးသွားပြီ။ ရက်ရက်စက်စ
စွန့်ခွာပစ်ပေးသွားမှာ။

'မမကြီးကို··· ကျွန်တော့်နှလုံးသားနဲ့ တမ်းတမ်းမက်မ
ခေါ်တာပါ၊ ဒါဟာ··· ဘာမှ မဖြစ်နိုင်စရာမရှိပါဘူး၊ ဖျားနာနေ
ကမ္ဘာကြီးရဲ့ အလွမ်းတွေ ပြေပျောက်ဖို့ ကျွန်တော်တို့ ချစ်လိုက်ကြ
စို့ မမကြီးရယ်'

'မချစ်ဘူး··· ငါကြောက်တယ်'

သူမ ရှုးရှူးဝါးဝါးအော်ဟစ်ကာ အကြောက်အကန်ငြင်းသည်
မိန်းမတစ်ကောင်ကို အလိုမရှိသည့်နှယ် ကြောက်လန့်ထိတ်ရွံ့နေပုံဖြ
ခေါင်းခါငြင်းဆန်သည်။

'မကြောက်ပါနဲ့··· မမကြီးရယ်၊ ခေါင်းမာပြီး ငြင်းမနေပါ
မမကြီးရဲ့ မျက်ဝန်းတွေကို အောင်မြင်နိုင်ပါတယ်၊ အချစ်နဲ့ ချော
ဆိုးတာ ညာမရဘူး'

တစ်ယောက်ကို တစ်ယောက်က ချစ်တယ်ဆိုတာ အပြ
မဖြစ်ပါဘူး၊ တားမြစ်လို့လည်း မရဘူး။ ကန့်သတ်လို့လည်း မဖြစ်
ဘူး။ ချစ်လို့ ဖြစ်သမျှဟာ မုန်းလို့ဖြစ်သမျှထက် ပိုမိုတောက်ပ
မြတ်ပါသည်။

'မမကြီး··· အောင့်ကို မုန်းသလား ပြောစမ်းပါ'

သူမ နှုတ်က မထွက်ပေမယ့် ရမ်းယောင်ပြီး ခေါင်းညိတ်
လိုက်မိသည်။ ထင်လင်းအောင်က သူမရှေ့မှာ ဒူးထောက်ပြီး တိုး
ကာ မယုံမရဲမေးသည်။ မျက်ဝန်းရီဝေလဲ့တောက်စွာ အကြည့်ချ
ဆုံကြသည်။

'ပြောပါ··· မမကြီး၊ အောင့်ကိုကြည့်ပြီး မုန်းတယ်လို့
လိုက်စမ်းပါ'

www.burmeseclassic.com

www.burmeseclassic.com



သူမ မပြောပဲ မျက်လွှာချထားလိုက်မိသည်။ သူက နှုတ်ခမ်းဆောင့်စွန်းကွေး၍ မချိုပြုံး ပြုံးပါသည်။

'ရှက်မနေပါနဲ့… မမကြီးရယ်၊ မူနေလို့ ကျန်ခဲ့ပေါင်းလည်းများနေပြီ မဟုတ်လား၊ မမကြီး… မုန်းလို့ မရရင် အောင့်ကို ချစ်လိုက်ခမ်းပါ'

သူမ ရင်ငုံနှုတ်ပိတ်ပြီး အနေရခက်စွာ သူ့ကို ငေးကြည့်နေမိသည်။ တကယ့်ကို မလှုပ်သာ မလူးသာ၊ အကျပ်အတည်း ရောက်ရပါသည်။ နှလုံးသား အကျပ်ကိုင်ခံရခြင်းပင်။

'မမဝေ… အောင့်ကို ကြောက်တယ်'

တီးတိုး သဲ့သဲ့လိုက်လိုက်လှဲ့လှဲ့ ရေရွတ်မိသည်။ သူက သက်ပြင်းတစ်ချချပြီး ခေါင်းတဆတ်ဆတ်ညိတ်သည်။ ပြီးတော့ ခါးစပ်ကို လက်ညှိုးနဲ့ ဖြဲကာပြသည်။

'ဒီမှာကြည့်… အစွယ်လည်း မပါဘူး၊ အောင်က… ဘီလူးမဟုတ်ဘူး၊ မမကြီးကို ကိုက်မစားဘူး'

စိတ်မရှည်စွာ ဘုတောဂျစ်တိုက်ပြီး သူပြောသည်။ မျက်ဝန်းတွေကို လက်ညှိုးနဲ့ ထိုးပြသည်။

'ဒီမျက်ဂန်းတွေကို… အသေအချာကြည့်စမ်းပါဗျာ၊ အောင်ညာနေသလား၊ မရိုးသားခဲ့လို့လား၊ မမကြီးကို အမြတ်တနိုး လေးစားတဲ့စိတ်နဲ့ ချဉ်းကပ်ပြီးတော့ ချစ်ခဲ့ရတာ၊ အရှုးလုပ်ဖို့မဟုတ်ဘူး၊ မမကြီးတလွဲပြီး ဘာမှမမက်မောလို့ မမကြီးရင်ထဲကအချစ်ကို ကောင်းခံတာ'

အော်ဟစ်မြည်တမ်း ရေရွတ်ကာ သူပြောသည်။ သူမကလည်း အိပ်မက်ရဲ့အရိပ်တွေ စိုးမိုးပြီး အခက်ကြုံကာ ထိတ်ပျာနေရသည်။ သူမ သူ့ကို မချစ်ရဲဘူး။

'မမဝေ… ကြောက်တယ် အောင်၊ မမဝေကို ထားခဲ့ပါ အကြောက်ဆုံးပဲ'

သူ ခေါင်းကုတ်ပါသည်။ အခုမှ အခြေအတင်းထော်လော်တန့်လန့် ဟိုမရောက် ဒီမရောက်။

www.burmeseclassic.com

www.burmeseclassic.com



'ခက်တော့တာပဲ···· မမကြီးရယ်၊ သူ့ရဲ့ခြောက်နေတာ မဟုတ်ဘူး၊ ချစ်လား···၊ မုန်းလား ·· ···· မေးနေတာ၊ ကြောက် တယ်ကြီးပဲ ပြောနေတော့တာပဲ၊ မမကြီးကို လုံးဝမထားခဲ့ဘူး'

'ငါ··· ကြောက်လို့ပါ အောင်ရယ်၊ ငါ့ကို ခွင့်လွှတ်ပါ'

သူ့ အသေအချာ တွေဝေကာ စဉ်းစားတယ်။ သူမကိုလည်း နားမလည်နိုင်စွာ ကြောင်စီစီမျက်ဝန်းတွေနဲ့ ခြေဆုံးခေါင်းဆုံး ကြည့် လေသည်။ ချစ်ရမှာကို ကြောက်နေတဲ့ အထူးအဆန်းသတ္တဝါကို တွေ့နေရလို့ သူ အံ့သြနေပုံရလေသည်။ ခေါင်းတခါခါ လည်တဆန့် ဆန့် ဆောင်းတကြည့်ကြည့် လုပ်နေသည်။

ကိုယ်တော်ချောက စိတ်အလို မကျချင်ပေ။ သူမရဲ့ လက် မောင်း နှစ်ဖက်ကို ဆွဲကိုင်ပြီး အသေအချာကြည့်ကာ ရင်ဆိုင်ပါသည်။ တပ်မက်မြတ်နိုးစိတ်ဖြင့် နှုတ်ခမ်းသားတွေ လှုပ်ဟပြီး ဖွင့်ဆိုပြော သည်။

'မမကြီးကို··· ကျွန်တော် တကယ်ချစ်တာပါ၊ အောင့်ကို ယုံပါဗျာ၊ ချစ်ခွင့်ရရုံပြီးရောသဘောနဲ့ ပစ်မသွားပါဘူး၊ စိတ်ချပါ၊ တကယ်ပြောတာပါ'

ဘုရားစူးတော့၊ မုန်တာပြောရင် ချမ်းသာပါစေ၊ သီပေါက်ပါ စေ၊ ညာပြောရင် ဂဟားတိုက်ပြီး အစိမ်းသေပါစေ၊ အသေဆိုးနဲ့ အမိုး တွေ့ပြီး သေပါစေ စသည်ဖြင့် အရပ်သုံးစကားတွေနဲ့ ကျိန်ဆိုခြင်းမှ မရှိဘဲ။ သူမက ဘယ်လိုလုပ်ပြီး ယုံကြည်ရပါ့မလဲ။

'အောင့်အကြောင်းကို··· မမဝေမှ တိတိကျကျ မသိရသေး တာ၊ အောင်က··· သရုပ်ဆောင် ကောင်းကောင်းနဲ့ ညာပြီး ထားခဲ့ရင် အရှက်ကွဲရမှာလေ'

'ဟား··· ဟား··· မမကြီးရယ်၊ ရတယ်လေ၊ အဲဒါဆိုလည်း မမကြီး စိတ်ချယုံကြည်သွားအောင် ဝါမဝင်ခင် အောင်တို့လက်ထပ် ကြမယ်၊ အသက်မကြီးခင် စိတ်ကူးမလွဲနဲ့နော်၊ ကျွန်တော် စိတ်မကုန် ခင် မြန်မြန်လေး'

www.burmeseclassic.com

www.burmeseclassic.com


'ဒါဖြင့်ရင်… အောင်က အသက်ကြီးတာနဲ့ စိတ်ကုန်ပြီး ရှုံ့သွားမယ်ဆိုတဲ့ သဘောလား'

'မဟုတ်ပါဘူး… သဘောပြောတာ မြန်မြန်လက်ထပ်ရအောင်၊ မမကြီး… ယုံကြည်ရအောင် ပြောတာပါ၊ အောင်က သစ္စာရှိ အသက်ထက်ဆုံး လူပျိုဘဝကို အဆုံးရှုံးခံပြီး အနစ်နာခံရမှာလေ'

သူမ ခိုးကြောင်ခိုးဝှက် လှစ်ကနဲ တစ်ချက်ပြုံးလိုက်မိတာကို သူရိပ်မိသွားသည်။ အပြုံးသူခိုးလေးကို အကြည့်သူခိုးလေးက ဘူဘူ ချင်း တစ်ကြောသွားပေါ့။

'ကဲ… ပြော အောင့်ကို ချစ်လားဟင်'

'ကြောက်တယ်…'

'လာပြန်ပြီ… အခုထိ ကြောက်တုန်းပဲလား၊ မရဘူး ချစ်တယ်လို့ ပြော…'

သူက ပိုင်စိုးပိုင်နင်း သူမကိုဖက်လိုက်သည်။ သူမ အကြောက်အကန် အညာကိုင်ခ်ရသူပမာ ရုန်းလိုက်သည်။ သူ အလျှော့မပေးစတမ်း တင်းကျပ်စွာ ပွေ့ဖက်ထားဆဲပင်။

'ဖယ်နော်… လွှတ်နော်၊ မုန်းလိုက်မှာ သိလား'

'မရဘူးဗျာ… မလွှတ်ဘူး၊ မမကြီး ချစ်တယ်လို့ ပြောမှ လွှတ်ပေးမယ်'

'လွှတ်နော်… အောင် အဲဒီလို အနိုင်မကျင့်နဲ့နော်၊ မမဝေကို ပြောင်းအမေနဲ့ တိုင်မှာနော်'

'တိုင်ပေါ့ဗျာ… မေမေ့ဆီက ခွင့်ပြုချက်ရပြီးမှ မမဝေကို ပြောတာ၊ ဟား… ဟား…'

အကြံပိုင်သောမြွေခွေးတစ်ကောင်လို ရေရွှတ်ကာ အားပါးတရ သူရယ်ပါသည်။ သူ့အမူအရာက ကောက်ကျစ်စဉ်းလဲမှုမရှိဘဲ ဖြူစင် ဖြောင့်မတ်နေပါသည်။

'ကဲ… ပြောလေ၊ ပြောရင်… လွှတ်ပေးမယ်'

'လွှတ်ပါကွာ… ဘကြီးခိုင် ပြန်လာရင် မကောင်းပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါဆိုလည်း… အမြန်ပြောလိုက်လေဗျာ'

သူကလည်း အလျှော့မပေးစတမ်း အကျပ်ကိုင်ကာ သူ
လည်း ခေါင်းမာစွာ ငြင်းကွယ်နေမိသည်။

'မင်းကို… ပြောပြီးပြီလေ၊ ကြောက်တယ်လို့'

'ကြောက်တယ်ဆိုတာက… ချစ်တယ်မှ မဟုတ်ဘဲ၊ မရ
ချစ်တယ်လို့ ပြောရမယ်'

သူမမျက်နှာငယ်လေးဖြင့် သူ့ကို မကြည်ကြည့် ကြည့်လို
မိပါသည်။ စိုးမိုးအနိုင်ယူ မင်းမူလွန်းသော အချစ်လူဆိုးလေးပ
ဒီလို အသဲအမဲအချစ်ကဲပုံမျိုးနဲ့ သူမဘယ်လိုများ အလွက်အကွ
ရုန်းထွက်နိုင်ပါ့မလဲ။

'ပြောပြီးပြီလေ… အောင့်ကို မမုန်းဘူး၊ ကြောက်တယ
ဘာဆက်ပြောဖို့ လိုသေးလဲ'

'မမုန်းဘူး… ကြောက်တယ်ဆိုတော့ မမုန်းဘူး၊ ချစ်တ
ပေါ့ ဟုတ်လား'

'မသိဘူး…'

ကောင်းကင်ကြီးပြာနေတာကို သိရဲ့နဲ့ ဘာအရောင်ထင်ဟ
နေပါလိမ့်၊ မေးစမ်းရက်သော ကောင်လေးပင်။

'မသိဘူးဆိုတာက… ချစ်တယ်၊ ချစ်တယ်ဆိုတာကမသိ
ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်'

ပြုံးရွှင်ကြည်နူးစွာ သူက သိုင်းဖက်ထားသော လက်များ
ဖြေလျှော့ပေးလိုက်သည်။ သူမက ပျက်ယွင်းသွားရသော ဣန္ဒြေ
တည်တည်ကြည်ကြည်ဖြစ်အောင် ပြန်လည်ပြင်ဆင်ယူလိုက်သည
မျက်နှာထားကိုပြင်ကာ မကြည်ကြည့်ဖြင့် ကြည့်လိုက်သည်။ အချစ်
အနိုင်ရသိမ်းပိုက်လိုက်သော သူ့ရဲကောင်းတစ်ယောက်လို
အချစ်လျှမ်းဝေစွာ သူကြည့်နေသည်။ သူမ အနေရခက်လာပြန်သည

'မမကြီး… အောင့်ကို ခွင့်လွှတ်ပါနော်၊ အောင်… အရ

www.burmeseclassic.com

www.burmeseclassic.com



လွန်းလို့ ကြံမိတာ၊ ကြီးသူအပေါ် အကျပ်ကိုင်မိပြီး ဖက်ထားလိုက်တာ ရှင်းရာကျသွားတယ်'

သူမ မျက်စောင်းလှလှလေးသာ တွင်တွင်ထိုးပြီး စိတ်ဆိုးဟန်မျက်နှာပြင်ထားမိသည်။

ჯჯ ჯჯ ჯჯ

စိတ်နာနာဖြင့် မရောက်တာကြာပြီဖြစ်သော ဘိုးဘွားရိပ်သာသို့ ယခုအခါမှာ ပြန်လည်ရောက်ရှိလာပါသည်။ အိုနာသေဘေးကို ကြောက်လန့်ရွံ့ရှာစွာ မေ့လျော့ပြီး စိတ်နာနာဖြင့် ဝေးကွာအောင် ရှစိုက်ပြီး ခပ်ခွာခွာ နေခဲ့ပါသည်။ ဘိုးဘွားရိပ်သာမှာမှ အဟုတ်၊ ဘယ်မှာပဲ မင်္ဂလာဆောင်ဆောင် လက်ဖွဲ့ကို လှူကြုံဖြင့်သာ ပို့ဖြစ်သည်မှာလည်း ကြာပြီ။ ကိုယ်တိုင်ကိုယ်ကျ မအိုရဘဲ ဂေါ်မစွံ ဖြစ်နေပြီး သူများတွေ အစွဲထုတ်ကာ အိုရဖို့အရေး မင်္ဂလာပွဲ ဝှဲချီးကျင်းပသာကို မလိုဖြစ်ခဲ့မိသည်။

ကိုယ်ကချည်း လက်ဖွဲ့မခံရပေ။ ဒီတော့ကာ စိတ်နာမယ်ဆိုသည်း နာလောက်စရာ အကြောင်းလုံလောက်နေချေပြီ။ အဲဒီလို တမျှော်မျှော် ကင်းကွာနေရာမှ ယခုတော့ လူအိုရဲ့ ဘိုးဘွားရိပ်သာကို ခြေပြန်ချဖြစ်သည်။ ဘိုးဘွားများကို သနားကြင်နာ၊ စောင့်ရှောက်၊ ဖေးမလိုစိတ်ရှိသော ထင်လင်းအောင်၏ ဆန္ဒပင်။

ဘိုးဘွားရိပ်သာရှိ ခန်းမကြီးမှာ မင်္ဂလာညှေ့ခံပွဲကို ခြိမ့်ခြိမ့်သဲ ဆင်ယင်နွှဲလိုက်ကြသည်။

**မောင်ထင်လင်းအောင် နှင့် မပန်းပွင့်**
**တို့၏**
**လက်ထပ်မင်္ဂလာပွဲ**

www.burmeseclassic.com

www.burmeseclassic.com



အခုတော့ သူမတကယ်စိတ်အေးရပါပြီ။ တစ်ခါသေဖူး ...
ဖိုးနားလည်သူပမာပင်။ တစ်ခါ အိပ်မက်ဖူးတော့ ထိတ်လန့်ဆင်...
ခဲ့ရသည်။ မြန်မြန်ကြီး၊ မြန်မြန်သီးခေတ်ကြီးထဲ အချိန်မဆွဲဘဲ သူမ...
လက်ထပ်ကြသည်။

အိပ်မက်တွေ လက်တွေ့ဖြစ်ကာ အကောင်အထည်ပေါ်လာ...
ချေပြီ။ လက်ထပ်မင်္ဂလာပွဲကတော့ ထင်လင်းအောင်နှင့် ဖြူပြာနွှန်...
လက်ထပ်ပွဲ မဟုတ်တော့ပေ။

အနိုင်ရသူက သူမပင်ဖြစ်လို့သွားသည်။ သူမနှင့် ကိုလူ...
လေး၊ လူဆိုးချာတိတ်လေး ထင်လင်းအောင်ပင်။ မမကြီး တစ်ယော...
နှင့် မောင်ငယ်လေးတို့၏ သံယောဇဉ် နှောင်ဖွဲ့မှုက တိုးလို့ချည်...
ရစ်သိုင်းဖွဲ့နှံ့ခဲ့ပြီ။ တကယ်လက်တွေ့မှာ ကံကြမ္မာက တရားမျှတ...
ဂျင်မီအစား ထင်လင်းအောင်ကို အလျော်ပေးသွားသည်။ နားလည်...
ရှိရှိ ဖေးမစာနာစွာ နှစ်သိမ့်ရင်း အနှိုင်းအဆမဲ့ ချစ်မိကြသည်။ အဲဒီ...
သိပ်ချစ်မိကြတာပဲ၊ သူမတို့နှစ်ယောက်ကို အမြန်ဆုံးလက်ထပ်...
သွားစေခဲ့သည်။ မချစ်မိခင်ကပင် အကျိုးသင့်အကြောင်းသင့် လ...
ထပ်ဖြစ်ဖို့ လှေကားတွေ ဆင့်ကဲ တပ်ဆင်ထားနှင့်ပြီ ဖြစ်သည်။

မင်္ဂလာပွဲကို ဆံပင်ကုပ်ဝဲကလေးဖြစ်အောင် ရှည်လာပြီ...
သော ဆံတိုကုပ်ဝဲလေးဖြင့် ဖြူပြာနွှန် ရောက်လာသည်။ ပြုံးရွှင်ကြည်...
မောစွာ ဝမ်းသာအယ်လဲ တက်ရောက်ပြီး လက်ဖွဲ့ချီးမြှင့်ပေးသည်...
မင်္ဂလာလက်ဖွဲ့သီချင်းပင် ဆိုပေးသွားသေးသည်။ အခုမှပဲ ကြိုး...
လေးနဲ့ တူပြီး ကျက်သရေရှိသွားတာ။

စည်စည်ကားကား ပြုံးရွှင်စွာ ကြည်မောတင့်တယ်စွာ လို...
ဖက် ညီမျှစွာ။ နေအရောင်က ရွှေရောင်လိုဝင်းလက်တောက်ပ ခန်...
လှိုင်းတွန့်နေသည်။

'ကဲ... မမကြီး အောင့်ကို ယုံပြီလား၊ ချစ်တယ်နော်'

သူမလက်ဖဝါးကို တင်းကျပ်စွာ ဆုပ်ကိုင်ဖျစ်ညှစ်၍ သူ...
တီးတိုးကပ်မေးသည်။

www.burmeseclassic.com

www.burmeseclassic.com


'အင်း… ရှက်တယ်'

သူမ ရှက်ရွံ့စွာ တီးတိုးမပွင့်တပွင့် ပြန်ပြောမိသည်။ သူ့ဟာ ရှက်တာကို ရှစ်တာတွေ ချစ်တာတွေ ကြားသွားတာတော့ မတတ်နိုင်ဘူး။

သူမ မျက်ဝန်းလေးရွှန်းလဲ့တောက်ပစွာ တိတ်တခိုး ချစ်ရည်လဲ့စိုနေတာ သူသိပြီးသားဖြစ်မှာပါ။ မသိလည်း နေပေါ့။ သူ့ကို ဘယ်လောက်ထိ ချစ်ပြီး ဘယ်လိုရူးသွပ်စွာ အိပ်မက်တွေမက် စွဲလမ်းနေသဲဆိုတာ ကိုယ့်ကိုယ်ကိုယ် အသိဆုံးပင်။ တစ်နေ့မှာ သူသိရှိနားလည်လာအောင် အိပ်မက်ထဲက သူမချစ်သူအကြောင်း ပြောပြရဦးမည်။

'ချစ်လို့… ဘဝကို ပုံအပ်ပြီး လက်ထပ်ခဲ့တာပေါ့ အောင်မည်၊ သိရက်သားနဲ့'

မင်္ဂလာပွဲအပြီးမှာ ဘကြီးခိုင်နှင့် စင်သီတို့ကို ကန်တော့ရသည်။ ရယ်ကျဲကျဲဖြင့် အကန်တော့ခံကြပါသည်။ ပြောင်သလိုလို ရက်သလိုလိုကြီး ဖြစ်နေသည်။ ကိုယ့်ထက် အသက်ငယ်ပေမယ့် တော်လိုက်ရတဲ့ ယောက်မက တော်လိုက်ရတဲ့ ချွေးမဖြစ်နေတာကိုး။

ဘကြီးခိုင်က ခေါင်းတညိတ်ညိတ်ဖြင့် စိတ်အေးလက်အေး ရှိရှင်လို့။ ကောင်းချီးသြဘာပေးကာ မင်္ဂလာဆုတွေ တောင်းပေးသည်။

'ဘကြီး တူမကြီးအတွက် စိတ်အေးရပါပြီ၊ ညည်း… မျိုးရိုးတိမ်ကောတော့ဘူး၊ မိဝေရဲ့ အမွေတွေလည်း ဘကြီးဆက်ခံဖို့ မလိုတော့ဘူး'

နောက်တီးနောက်တောက် ပြောင်းပြန်တွေ ပြောနေသဖြင့် ရယ်ရသေးသည်။

'ဘကြီးလည်း… စိတ်အေးရပြီ၊ နောက်အိမ်ထောင် မပြုတော့ပါဘူး၊ အသက်ရှည်ဆေးမှ မလိုတော့ဘဲ ရွာပြန်ပြီး ဘုန်းကြီးဝတ်မယ်၊ တရားအမြိုက်ဆေးပဲ မှီဝဲတော့မယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဘကြီးခိုင်အတွက်… သက်န်းပရိက္ခရာ အစုံအလင် အဆ
သင့်ပြင်ပြီးသားပါပဲ'

ဘကြီးက သူမကို ကြည့်ကာ ပြုံးပြသည်။ အပြုံးသည
ရေစင်တမျှ အေးမြငြိမ်းချမ်းသည်။ မီးလျှံအသွင်ကို မဆောင်ဘဲ
လောင်ခြင်း အလျဉ်းမရှိပေ။

'အေးပေါ့လေ… ညည်းက ပွဲပြီးတော့ မီးသတ်၊ ငြမ်းဖျ
တာပေါ့၊ ရပါတယ်… ရပါတယ်'

သူမ ရှက်ရွံ့ကာ ပြုံးတုံ့တုံ့လေး ရယ်မိပါသည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၅)

## အိပ်မက် နောက်ဆက်တွဲ (က)

ထိုညက မိုးရွာ၊ လျှပ်ပြက်လာလေမလား၊ သူမ အရိပ်အခြေ ကြည့်ခဲ့ပါသည်။ ကောင်းကင်တစ်ခုလုံး ကြယ်အပေါင်း ဝန်းရံစုံညီ သော ပန်းရောင်ရွှန်းပလပြည့်ဝန်းရဲ့ ညတစ်ညပင်။

လက်ဖွဲ့ပါဆယ်များကို ကားဆရာကိုဘသောင်းအား ရာဘာ သက်အိတ်စွပ်၍ ဖွင့်ခိုင်းပါသည်။ လက်ဖွဲ့ပုံကြားမှာ သူမတို့ မရှုံ့မရဲ ရှုတ်သွေးဖြာရင်း ပျော်ခဲ့ကြသည်။ နေရာတကာ ဝင်ပါသူ ဘကြီးခိုင် က ကားဆရာကို သတိပေးစကားပြောသည်။

'ကိုဘသောင်း… ရေနဲ့ ဘီယာများများ သောက်ထား၊ ဆီမရှိ တဲ့အခါ အသုံးတည့်တာပေါ့'

မှူဝေ(ဥက္ကံ)က တောကြက်ဥလက်ဖွဲ့သည်။ ဖြူပြာရွှန်၏ လက်ဖွဲ့ပါဆယ်ထုပ်ထဲမှ မြွေနှစ်ကောင် ထွက်လာသည်။ အဆိပ်ပြင်း မြွေတွေတော့ မဟုတ်ချ။ မြွေနှစ်ကောင်ပွေးဝဲယားနာ ဆေးဗူးပင်။

ဆေးဘူးမြင်မှ ထင်လင်းအောင် ပွေးဝဲထူမှန်း သိရတော့သည်။ ရှက်ဖြဲဖြဲဖြင့် ရှုံ့မဲ့သွားရသော သူမကို ရယ်ပြလေသည်။

ထိုညက ပြတင်းတံခါးမှန်သားပြင်မှာ ထင်ဟပ်လာသော ကြယ်ပန်းကုံးသီ ဆင်မြန်းထားတဲ့လမင်း ကပွဲကို ကြည့်ရှိကြသည်။ ညဓာတ်ခုံကြီးက တပြန့်တပြော ရှုမျှော်မဆုံး လှပငြိမ်းချမ်းနေပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကြယ်စင်တွေရဲ့ သတို့သမီးက ညရဲ့ကကြိုးကို ဆင်ယင်လှ
လို့ နေသည်။ တောက်ပရွှန်းစိုမျက်နှာတွေ ရှင်သန်လန်းဖြာ အေး
သွားတော့သည်။

ထင်လင်းအောင် ကဗျာတစ်ကြောင်းရွတ်ဆိုပြတော့ စိတ်ဆိုး
သေးသည်။

*'မမ ဝဝ ထထက xxx အက မထမ xxx ကပါက
မမရာ ညညလသာသာ xxx ညအခါ မိန်းမရ xxx မမ ထ
ထထက'*

အနားမှာ ဘကြီးမရှိတာ ခပ်ကောင်းကောင်းပဲ။ တော်နေကြ
နားစွန်နားဖျားကြားပြီး ဘဘက ထထ ကလို့ ကွကွ တတ ဖြစ်
မှာ စိုးလို့ပါပဲ။

သူမ အဖို့ရာလည်း မမဝက်မအဖြစ်မှ ပွတ်ကာသီကာ ကင်
လွတ်ရလို့ အသက်ရှူချောင်ခဲ့ရသေးသည်။ အသွားမလွတ် အနောင်
မလွတ် ချစ်ရတာကလည်း တက်ဒုက္ခ။ အချစ်ဟာ အကျပ်ရိုက်အောင်
ဖန်တီးလို့ ဦးနှောက် သွပ်သွပ်ချောင်မတတ် အကျပ်ခံနေရလေတော့
ပါတကား။

❧ ❧ ❧

## နောက်ဆက်တွဲ (၁)

မီးသွေးခဲလေးတစ်ခဲကို ဘကြီးအောင်က ပေးသည်။ နာ
မလည် ပါးမလည်ဖြင့် နံရံမှာ အနံကယ်လ်ထင်လင်းအောင် + မဟ
ပွင့်ဝေဟု ရေးခြစ်မိသည်။

မကျေမချမ်းဖြင့် အလျှော့ပေးကာ သူကမီးသွေးခဲကို ယူ
သွားတိုက်ပစ်လိုက်သည်။

သူမ ညတိုင်း တံခါးကို လုံအောင်စေ့ပိတ်၍ လေ ချခဲ့
သည်။ ထင်လင်းအောင်ရဲ့ ရင်ခွင်မှာ လုံခြုံနွေးထွေး အသ
အန္တရာယ် မစိုးရိမ်ရဘဲ နားခိုခွင့်ရခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်တွေ လှစေဖို့၊ လှသောအိပ်မက်တွေ လက်တွေ့ ကောင်အထည် ပေါ်ဖို့ သူမ ဆုတောင်းမိသည်။ သတ္တဝါအပေါင်း ည်း အိပ်မက်တွေ လှစေဖို့ ဆုခြွေတောင်းနေသည်။

တကယ်ဖြစ်သွားတဲ့ အိပ်မက်လေးကို ကျေးဇူးတင်မိသည်။ ကိုယ့်ကိုယ်ကို အောင်သွယ်တဲ့ မြားနတ်မောင်လေးကိုလည်း ကျေးဇူး င်မိလေသည်။ တကယ်တော့ မြားနတ်မောင်ချာတိတ်လေးဟာ မြားဖြင့် သူ့ကိုယ်သူ ပြန်ထိုးစိုက်လိုက်ခြင်းဖြစ်သည်။ ဘယ်သူမှ ချစ်ချင်တော့သော အပျိုကြီးအတွက် ကိုယ့်ကိုယ်ကို စတေးကာ စ်နာခံလိုက်ခြင်းသာ ဖြစ်တော့သည်။

## နောက်ဆက်တွဲ (၈)

ပုံပြင်လေးအဆုံးမှာ မြားပလိုင်းထဲ မြားကုန်သွားတဲ့ မြားနတ် ောင်ဟာ လေးကို ပစ်ချပြီးလွတ်ရာကျွတ်ရာ ကသောကမျော ပြေးရ သည်။ သူ့နောက်မှာ အပျိုကြီးတွေ တစ်သီတစ်တန်း ပြေးလိုက်နေ ကြသည်။

အပျိုကြီးမမများ အမိဖမ်းနိုင်စေရန် ရည်သန်၍ အိပ်မက် ချာတိတ်တဘောင်ကို နိမိတ်ဆောင်ကာ ရေးသားလိုက်သော သူမ၊ အပျိုကြီးမမ၊ ပန်းပွင့်ဝေ၏ ဇာတ်လမ်းကြီးမှာ ချစ်သူနှင့် စုံဖက်ခွင့် ရခြင်းဖြင့်သာ··· ။

ဆက်လက်ကြိုးစားလျက်···

www.burmeseclassic.com